www.dhammaransi.com

ဓမ္မစကူးလ်ဖောင်ဒေးရှင်း

ဗုဒ္ဓဘာသာသင်ခန်းစာ

ပဉ္စမတန်း

Grade 5

ဆရာလမ်းညွှန်

www.dhammaransi.com

ဓမ္မစကူးလ်ဖောင်ဒေးရှင်း

ဗုဒ္ဓဘာသာသင်ခန်းစာ

ပဉ္စမတန်း

Grade 5

ဆရာလမ်းညွှန်

www.dhammaransi.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ်	။	၆၀၀၃၁၀၀၁၁၅
မျက်နှာဖုံးနှင့် အတွင်းအပြင်အဆင်	။	ဓမ္မစကူးလ်ဖောင်ဒေးရှင်း
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်	။	Myanmar Media Star (Printing & Advertising) ဖုန်း ၀၉ ၅၁၅ ၇၂၄၇၊ ၀၉ ၅၁၈ ၄၈၄၈။
ထုတ်ဝေသူ	။	ဦးဇော်မိုးလွင် (၂၁၄၅) ဓမ္မစကူးလ်ဖောင်ဒေးရှင်းစာပေ (ဘာသာရေး၊ ဗုဒ္ဓဘာသာ)၊ မြိတ်ကျားကျောင်း၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။
ဖြန့်ချိရေး	။	ဓမ္မစကူးလ်ဖောင်ဒေးရှင်း မြိတ်ကျားကျောင်း၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း ၀၁ ၃၇၇ ၂၆၇၊ ၀၁ ၃၉၅ ၁၈၀။
တန်ဖိုး	။	၁၅၀၀ ကျပ်
ထုတ်ဝေသည့်အကြိမ်	။	ဆဋ္ဌမအကြိမ်၊ အုပ်ရေ ၃၀၀၀၊ ၂၀၁၅ ခုနှစ် ဇူလိုင်။

"ထုတ်ဝေသည့်စာအုပ်ကတ်တလောက်အညွှန်း" (CIP)

ဓမ္မစကူးလ်ဖောင်ဒေးရှင်း
ဗုဒ္ဓဘာသာသင်ခန်းစာ၊ ပဉ္စမတန်း၊ ဆရာလမ်းညွှန်/ ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ ရန်ကုန်။
ဓမ္မစကူးလ်ဖောင်ဒေးရှင်းစာပေ၊ ၂၀၁၄။
စာ - ၁၇၂၊ ၂၁ x ၂၉.၇ စင်တီ။
(၁) ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ ဗုဒ္ဓဘာသာသင်ခန်းစာ

www.dhammaransi.com

ဗုဒ္ဓဘာသာသင်ရိုးညွှန်းတမ်း အမှာစာ ကာ

သင်ခန်းစာ (၁) ဘုရားဖြစ်တော်မူခြင်း ၁

သင်ခန်းစာ (၂) သာသနာပြုလုပ်ငန်း စတင်တော်မူခြင်း ၅

သင်ခန်းစာ (၃) ရသေ့ညီနောင် ရှင်တစ်ထောင်ကို ချေချွတ်တော်မူခြင်း ၉

သင်ခန်းစာ (၄) မြတ်စွာဘုရားနှင့် ဗိမ္ဗိသာရမင်းကြီး တွေ့ဆုံခြင်း ၁၃

သင်ခန်းစာ (၅) မြတ်စွာဘုရား ပရိနိဗ္ဗာန် စံဝင်တော်မူခြင်း ၁၇

သင်ခန်းစာ (၆) အသက်နှင့်လဲ၍ သီလစောင့်သူ ၂၁

သင်ခန်းစာ (၇) အင်္ဂုလိမာလ မထေရ် ၂၈

သင်ခန်းစာ (၈) မဟာဓမ္မိက ဥပါသကာ ၃၃

သင်ခန်းစာ (၉) လူကောင်းလူတော်ဖြစ်ရေး မင်္ဂလာ ၃၇

သင်ခန်းစာ (၁၀) အောင်မြင်ရေး မင်္ဂလာ ၄၄

သင်ခန်းစာ (၁၁) ဗုဒ္ဓဘာသာနိုင်ငံများ ၄၈

သင်ခန်းစာ (၁၂) သီလဝတီမိဖုရား ၅၁

သင်ခန်းစာ (၁၃) အရှင်သောဏနှင့် အရှင်ဥတ္တရ သာသနာပြုကြွတော်မူခြင်း ၅၄

သင်ခန်းစာ (၁၄) ဓမ္မစေတီမင်း ၅၇

သင်ခန်းစာ (၁၅) ကာလသူဌေးသား ၆၀

သင်ခန်းစာ (၁၆) ဖခင်မေတ္တာ ၆၃

သင်ခန်းစာ (၁၇) မတူသည်ကို တူမိသူ ၆၇

သင်ခန်းစာ (၁၈) ဆရာ့ကျေးဇူး ကန်းသူ ၇၁

သင်ခန်းစာ (၁၉) ပန်း ကပ်လှူမယ် ၇၅

သင်ခန်းစာ (၂၀) ဆီမီး ကပ်လှူမယ် ၇၈

www.dhammaransi.com

သင်ခန်းစာ (၂၁) ဖိနပ်လျှာသည့် သူဌေးကြီး ၈၁

သင်ခန်းစာ (၂၂) ဩကာသ ကန်တော့ချိုးဆိုင်ရာ သိမှတ်ဖွယ်ရာများ (၁) ၈၅

သင်ခန်းစာ (၂၃) ဩကာသ ကန်တော့ချိုးဆိုင်ရာ သိမှတ်ဖွယ်ရာများ (၂) ၈၈

သင်ခန်းစာ (၂၄) ပေါက်ပင်နှင့် ညောင်ပင် ၉၂

သင်ခန်းစာ (၂၅) မဟာဓန သူဌေးသား ၉၅

သင်ခန်းစာ (၂၆) အချိန်ကို စီမံခြင်း ၉၉

သင်ခန်းစာ (၂၇) လုံ့လဝီရိယ ထားကြမယ် ၁၀၃

သင်ခန်းစာ (၂၈) လောကကို စောင့်ရှောက်သော တရား ၁၀၆

သင်ခန်းစာ (၂၉) သေးတာမက်လို့ ကြီးတာပျောက် ၁၁၀

သင်ခန်းစာ (၃၀) ဆုံးဖြတ်ချက် မခိုင်မာသူ ၁၁၃

သင်ခန်းစာ (၃၁) ပညာရှိခေါင်းဆောင် ၁၁၇

သင်ခန်းစာ (၃၂) ဒေါ်ဦးဇွန်း ၁၂၀

သင်ခန်းစာ (၃၃) သီလကို ချစ်မြတ်နိုးသော လုလင်ပျို ၁၂၄

သင်ခန်းစာ (၃၄) ပေးအပ်သော တာဝန် ၁၂၇

သင်ခန်းစာ (၃၅) အကြံကောင်းက အများချမ်းသာ ၁၃၁

သင်ခန်းစာ (၃၆) အရာရာကို ချင့်ချိန်ပါ ၁၃၅

သင်ခန်းစာ (၃၇) မကောင်းမှုဒဏ် ကိုယ့်ထံပြန် ၁၃၈

သင်ခန်းစာ (၃၈) စဉ်းလဲသော ဗျိုင်း ၁၄၁

သင်ခန်းစာ (၃၉) အဘိဓမ္မာ အခါတော်နေ့ ၁၄၅

သင်ခန်းစာ (၄၀) ကထိန်ပွဲ ၁၅၀

www.dhammaransi.com

ဓမ္မစကူးလ်ဖောင်ဒေးရှင်း

ဗုဒ္ဓဘာသာသင်ရိုးညွှန်းတမ်း အမှာစာ

၁။ နိဒါန်း

မြန်မာနိုင်ငံသူ နိုင်ငံသားတို့သည် ရှေးနှစ်ပေါင်းများစွာကတည်းက ဗုဒ္ဓသာသနာကို ယုံကြည်သက်ဝင်လာခဲ့ကြသည်။ အုပ်ချုပ်သူမင်းများမှစ၍ အောက်ခြေလူတန်းစားများအဆုံး တစ်နိုင်ငံလုံးက ဗုဒ္ဓဘာသာကို အမြတ်တနိုး တန်ဖိုးထား ကိုးကွယ်ကျင့်သုံးခဲ့ကြသည်။ ရှေးမြန်မာမင်းများ၏ နိုင်ငံတော်တည်ဆောက်ရေးတွင် ဗုဒ္ဓဘာသာ၏ အခန်းကဏ္ဍမှာ အဓိကနေရာမှ ပါဝင်ခဲ့ပေသည်။ နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေးနှင့် နိုင်ငံရေးစသော ကဏ္ဍများစွာတို့ကို ဆောင်ရွက်သည့်အခါတိုင်း မြတ်ဗုဒ္ဓ၏ အဆုံးအမပေါ်ကြားချက်များကို အခြေခံ၍ လုပ်ဆောင်ခဲ့ကြသည်ကို တွေ့ရသည်။ သို့အတွက်ကြောင့် မြန်မာ့ယဉ်ကျေးမှု ထုံးတမ်းစဉ်လာများ၊ စာပေ၊ အနုပညာဆိုင်ရာ တိုးတက်ဖြစ်ထွန်းမှုများသည် ဗုဒ္ဓဘာသာအပေါ်တွင် အခြေပြုခဲ့ပါသည်။ ဤသို့အားဖြင့် ဗုဒ္ဓယဉ်ကျေးမှုနှင့် မြန်မာနိုင်ငံသည် တစ်သားတည်း ခွဲခြားမရအောင် ဖြစ်ခဲ့ပါသည်။

ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းများသည် ရှေးမြန်မာတို့၏ ပညာရင်နှံသောက်စို့ရာ ပင်မဌာနကြီး ဖြစ်ခဲ့ကြသည်။ သို့ဖြစ်၍ ရှေးမြန်မာလူမှုဘဝများသည် ဘာသာရေးနှင့် ဒွန်တွဲနေခဲ့သည်။ ရှေးမြန်မာလူငယ်တို့သည် ဘာသာတရားအပေါ်တန်ဖိုးထားကာ ဘုန်းတော်ကြီးကျောင်းများမှ သင်ကြားပေးလိုက်သော အသိပညာ၊ အတတ်ပညာများဖြင့် ရပ်ရွာအကျိုး၊ နိုင်ငံ့အကျိုး၊ သာသနာ့အကျိုးတို့ကို ဆောင်ရွက်ခဲ့ကြသည်။ ယနေ့ခေတ် အခါတွင် ဘုန်းတော်ကြီးကျောင်းများနှင့် ဗုဒ္ဓဘာသာမျိုးဆက်သစ်တို့ကြား ဆက်ဆံရေးမှာ ကင်းကွာလာပြီး တစ်စထက်တစ်စ အားနည်းလာသည်။ ထိုအားနည်းချက်ကို ပြန်လည်ဖြည့်ဆည်းရန်အတွက် ကလေးလူငယ်များ အပတ်စဉ် ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်သည့်အလေ့အထ ပြန်လည်ပေါ်ပေါက်ရေးအတွက် အရေးတကြီး ဆောင်ရွက်ရန် လိုအပ်နေပါသည်။

ကမ္ဘာပေါ်တွင် ထေရဝါဒဗဟိုနိုင်ငံ ရှိသည့်အနက် သီရိလင်္ကာနိုင်ငံ၌ အားကျအတုယူဖွယ် ကောင်းသော ဗုဒ္ဓဘာသာ ပညာရေးစနစ်တစ်ခု ရှိပါသည်။ ထိုပညာရေးစနစ်ဆိုသည်မှာ တနင်္ဂနွေနေ့တိုင်း ဘုန်းတော်ကြီးကျောင်းတွင် ဗုဒ္ဓဘာသာ ဘာသာရပ်ကို သင်ကြားပေးသော ဓမ္မစကူးလ်စနစ်ပင် ဖြစ်ပါသည်။ လွန်ခဲ့သော နှစ်များစွာကတည်းက သီရိလင်္ကာနိုင်ငံ၏ ဗုဒ္ဓဘာသာဝင် ကလေးလူငယ်များအားလုံးနီးပါးသည် ဓမ္မစကူးလ်ကျောင်းများတွင် လူငယ်တို့၏ နေ့စဉ်ဘဝအတွက် အကျိုးရှိစေမည့် ဗုဒ္ဓအဆုံးအမတရားတော်များကို သင်ယူခွင့် ရခဲ့ကြပါသည်။

လွတ်လပ်ရေးရပြီးနောက်ပိုင်း သီရိလင်္ကာနိုင်ငံကို အုပ်ချုပ်ဦးဆောင်ခဲ့သူ အဆက်ဆက်မှစတင်ပြီး လက်ရှိသမ္မတကြီးအထိ သီရိလင်္ကာနိုင်ငံခေါင်းဆောင်များသည် ဓမ္မစကူးလ်တွင် ဗုဒ္ဓဘာသာ ဘာသာရပ်ကို ဆည်းပူးသင်ယူခဲ့ကြပါသည်။ ထိုကဲ့သို့ အုပ်ချုပ်သူ လူတန်းစားမှစ၍ ပညာတတ်လူတန်းစားပါမကျန် အောက်ခြေလူတန်းစားအဆုံး တစ်နိုင်ငံလုံးကို လွှမ်းခြုံထားနိုင်သော ဓမ္မစကူးလ်စနစ်သည် သီရိလင်္ကာနိုင်ငံ၏ ဘာသာရေးရေသောက်မြစ်သဖွယ်ဖြစ်ပြီး ဗုဒ္ဓဘာသာ တည်တံ့မှုကို ပိုမိုခိုင်မာစေပါသည်။ သီရိလင်္ကာနိုင်ငံတွင် ရဟန်းသံဃာ၊ သီလရှင်အရေအတွက်မှာ မြန်မာနိုင်ငံထက် အဆများစွာ နည်းပါးပါသည်။ သို့သော်လည်း ထေရဝါဒဗုဒ္ဓဘာသာ

www.dhammaransi.com

နိုင်ငံများတွင် နိုင်ငံတကာသို့ ဗုဒ္ဓစာပေများ ရေးသားဖြန့်ဝေမှု၊ ဗုဒ္ဓဝါဒပြန့်ပွားစေရန် ကြိုးပမ်းအားထုတ်မှု အားအကောင်းဆုံးနိုင်ငံအဖြစ် အားကျဖွယ် ရပ်တည်နေဆဲဖြစ်သည်ကို တွေ့ရှိရပါသည်။

ယနေ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးတွင် ဗုဒ္ဓဘာသာဝင်များသည် ဘာသာရေး၊ လူမျိုးရေး၊ ယဉ်ကျေးမှုဆိုင်ရာ စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရပါသည်။ ထို့ကြောင့် ဘာသာရေး၊ လူမျိုးရေး၊ ယဉ်ကျေးမှုများကို အခြေခံကောင်းကောင်းနှင့် အုတ်မြစ်ချ တည်ဆောက်ထားနိုင်မည့် လူငယ်မျိုးဆက်သစ်များ မြန်မာနိုင်ငံတော်ကြီးတွင် လိုအပ်နေပါသည်။ အဆိုပါ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် သီရိလင်္ကာနိုင်ငံကဲ့သို့ တစ်နိုင်ငံလုံး လွှမ်းခြုံနေမည့် ဓမ္မစကူးလ်များ ဖွင့်လှစ်ဖို့ မဖြစ်မနေ ကြိုးစားရန် အချိန်တန်နေပြီ ဖြစ်သည်။ ပြုပြင်ပြောင်းလဲရေး လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေသည့် မြန်မာနိုင်ငံတော်ကြီးအတွက် ရေရှည်တည်တံ့မည့် ငြိမ်းချမ်းရေးကို ဓမ္မစကူးလ်ကျောင်းများက ကူညီဖော်ဆောင်ပေးကြပါလိမ့်မည်ဟု ယုံကြည်မိပါသည်။

၂။ အနာဂတ်မျှော်မှန်းချက်များ

(က) ခေတ်မီသင်ကြားနည်းစနစ်များပါဝင်သည့် အတန်းစဉ်အလိုက် ပြဋ္ဌာန်းထားသော သင်ရိုးညွှန်းတမ်းများဖြင့် သင်ကြားပေးမည့် ဓမ္မစကူးလ်ကျောင်းများ မြန်မာနိုင်ငံအနှံ့ ပေါ်ပေါက်လာပြီး မျိုးဆက်သစ်လူငယ်များ ဗုဒ္ဓတရားတော်များကို အခြေခံမှစ၍ လေ့လာသင်ကြားနိုင်စေရန်။

(ခ) ဗုဒ္ဓတရားတော်များကို သိရှိနားလည်ပြီး ဘာသာတရားကို တန်ဖိုးထားချစ်ခင်မြတ်နိုးကာ ယဉ်ကျေးငြိမ်းချမ်းသော လူ့အဖွဲ့အစည်း ဖြစ်ပေါ်လာစေရန်။

(ဂ) မိရိုးဖလာဗုဒ္ဓဘာသာဝင်မှ ဗုဒ္ဓတရားတော်များကို လက်တွေ့ဘဝတွင် အသုံးချနိုင်သော စစ်မှန်သည့် ဗုဒ္ဓဘာသာဝင်များ ဖြစ်ပေါ်လာစေရန်။

(ဃ) ဆရာနှင့် ဒကာ ညီညွတ်စွာ လက်တွဲ၍ သာသနာပြုလုပ်ငန်းများ လုပ်ဆောင်သွားစေရန်။

ဓမ္မစကူးလ်ဖောင်ဒေးရှင်းအနေဖြင့် ဓမ္မစကူးလ်သင်ရိုးညွှန်းတမ်းများ ပေါ်ပေါက်ရေး အကောင်အထည် ဖော်ရာ၌ ပထမတန်း (Grade 1) မှ ဆဋ္ဌမတန်း (Grade 6) အထိ ပေါ်ထွက်လာခဲ့ပြီး အထက်တန်းများအတွက် ဆက်လက်ရေးသားနေဆဲဖြစ်သည်။ တစ်ဖက်တွင်လည်း ရေးသားပြီးဖြစ်သော သင်ရိုးညွှန်းတမ်းများအတွက် ဓမ္မစကူးလ် ဆရာဖြစ်သင်တန်းများ ကျင်းပပြုလုပ်ပေးခဲ့ရာ ဓမ္မစကူးလ် အပတ်စဉ် ဗုဒ္ဓဓမ္မပညာရေးကျောင်းတော်များ မြန်မာနိုင်ငံအနှံ့အပြားတွင် အများအပြား ပေါ်ပေါက်လာခဲ့ပြီး ဖြစ်သည်။

ဓမ္မစကူးလ်ဖောင်ဒေးရှင်းသည် ၂၀၁၃ မေလမှစ၍ ဓမ္မစကူးလ် ဆရာဖြစ်သင်တန်းများ ကျင်းပလာခဲ့ရာ ၂၀၁၄ ခုနှစ် ဇူလိုင်အထိ ဗဟိုအဆင့် ဆရာဖြစ်သင်တန်း (၁၃) ကြိမ်၊ ဆင့်ပွားဆရာဖြစ်သင်တန်း (၁၀၆) ကြိမ် ကျင်းပနိုင်ခဲ့ပြီး ဖြစ်သည်။ ယခုအခါတွင် မြန်မာနိုင်ငံအနှံ့အပြား၌ ဓမ္မစကူးလ်ကျောင်းပေါင်း (၁၅၀၀) ကျော်နှင့် ကျွမ်းကျင်သော ဓမ္မစကူးလ်ဆရာ၊ ဆရာမပေါင်း (၄၅၀၀) ကျော် ပေါ်ထွက်လာပြီ ဖြစ်သည်။ ဤသို့ဖြင့် နောင် (၅) နှစ်ကို မျှော်မှန်းကြည့်ပါက မြန်မာနိုင်ငံအနှံ့အပြားတွင် တနင်္သာရီနေ့တိုင်း ဗုဒ္ဓဘာသာ သင်ခန်းစာများကို စနစ်တကျ သင်ကြားပေးနိုင်မည့် ဓမ္မစကူးလ်ကျောင်းပေါင်း (၁၅,၀၀၀) ခန့်နှင့် သင်ကြားရေးနည်းစနစ်များ ကျွမ်းကျင်

www.dhammaransi.com

သော ဓမ္မစကူးလ် ဆရာ၊ ဆရာမပေါင်း (၁၀၀,၀၀၀) ခန့်အထိ ပေါ်ပေါက်လာနိုင်ပါသည်။ မျိုးဆက်သစ် ဗုဒ္ဓဘာသာ ကလေးသူငယ်ပေါင်း (၄) သန်း ကျော်သည် ထိုဓမ္မစကူးလ် ဆရာ၊ ဆရာမများထံမှ ခေတ်မီသင်ကြားနည်းစနစ်များ ပါဝင်သော ဗုဒ္ဓဘာသာသင်ခန်းစာများကို လေ့လာသင်ယူခွင့် ရရှိကြမည်ဖြစ်သည်။

၃။ ရည်ရွယ်ချက်များ

(က) ကျောင်းသားကိုင်စာအုပ်များ၊ ဆရာလမ်းညွှန်စာအုပ်များနှင့် သင်ကြားသင်ယူမှုဆိုင်ရာ နည်းစနစ်အမျိုးမျိုး၊ သင်ထောက်ကူပစ္စည်း အမျိုးမျိုးပါဝင်သော ကလေးဗဟိုပြုချဉ်းကပ်နည်းဖြင့် ရေးဆွဲထားသည့် ဗုဒ္ဓဘာသာသင်ရိုးညွှန်းတမ်းများ ပေါ်ပေါက်လာစေရန်၊

(ခ) ဓမ္မစကူးလ်ဗုဒ္ဓဘာသာ သင်ရိုးညွှန်းတမ်းများကို ထိရောက်စွာ အကောင်အထည်ဖော် သင်ကြားပေးနိုင်မည့် ဆရာ၊ ဆရာမများ ဖွေးထုတ်ရန်၊

(ဂ) တူညီသော ရည်ရွယ်ချက်များဖြင့် ပါဝင်ဆောင်ရွက်လိုကြသည့် ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများ၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၊ ဗုဒ္ဓဘာသာအသင်းအဖွဲများနှင့် ပူးပေါင်း၍ ဓမ္မစကူးလ်ကွန်ရက်ကို ထည်ထောင်ပြီး နိုင်ငံအနှံ့ ဓမ္မစကူးလ်များ တည်ထောင်ဖွင့်လှစ်ရန်၊

(ဃ) ဓမ္မစကူးလ်လုပ်ငန်းများတွင် စိတ်ပါဝင်စားကြသည့် ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများ၊ ဗုဒ္ဓဘာသာ အသင်းအဖွဲများ၊ ပရဟိတ အသင်းအဖွဲများ၊ တစ်သီးပုဂ္ဂလ စေတနာရှင်များ၊ ရပ်ရွာလူထုအခြေပြု အသင်းအဖွဲများ၊ လူထုဆက်သွယ်ရေး လုပ်ငန်းများနှင့် ပူးပေါင်းလျက် ဓမ္မစကူးလ်ကျောင်းများ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျယ်ပြန့်သည့် ပံ့ပိုးမှုများ ရရှိစေရေး လုပ်ဆောင်သွားရန်။

၄။ ဓမ္မစကူးလ်သင်ရိုးညွှန်းတမ်း

(က) သင်ရိုးညွှန်းတမ်း၏ ရည်ရွယ်ချက်များ

၁။ ဗုဒ္ဓသာသနာဖြစ်ထွန်းပေါ်ပေါက် ပြန့်ပွားလာခြင်းနှင့် စပ်လျဉ်းသည့် ဗုဒ္ဓဝင်၊ သာသနာဝင်၊ သမိုင်းဝင်အဖြစ်အပျက်များ၊ ပုဂ္ဂိုလ်ထူးများအကြောင်းကို သိရှိပြီး ဗုဒ္ဓ၊ ဓမ္မနှင့် သံဃာတည်းဟူသော ရတနာသုံးပါးကို ပိုမိုသက်ဝင်ယုံကြည် လေးစားကြည်ညိုလာစေရန်၊

၂။ ဗုဒ္ဓဘာသာဝင်တစ်ဦး၏ နေ့စဉ်အလုပ်ဖြစ်သည့် ဒါန၊ သီလ၊ ဘာဝနာအလုပ်များကို စနစ်တကျနှင့် မှန်ကန်စွာ ကျင့်ကြံအားထုတ် လုပ်ဆောင်တတ်လာစေရန်၊

၃။ ဗုဒ္ဓ၏အဆုံးအမများကို မှန်ကန်စွာ နားလည်လက်ခံကျင့်သုံးပြီး လူ့အဖွဲအစည်းအတွင်း တန်ဖိုးရှိသော လူသားတစ်ဦးအဖြစ် နေထိုင်တတ်စေရန်။

www.dhammaransi.com

၄။ မြန်မာနိုင်ငံအတွင်းရှိ ထင်ရှားသော ဘုရားပုထိုးများ၊ ဗုဒ္ဓဘာသာပွဲလမ်းသဘင်များ၊ နေ့ထူးနေ့မြတ်များနှင့် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များအကြောင်းကို သိရှိပြီး ထေရဝါဒဗုဒ္ဓဘာသာ အဓွန့်ရှည်တည်တံ့ရေး၊ ပြန့်ပွားရေး တို့အတွက် ပါဝင်ကူညီ ဆောင်ရွက်လာစေရန်။

(ခ) သင်ရိုးညွှန်းတမ်း၏ အခြေခံမူများ

၁။ ထေရဝါဒဗုဒ္ဓဘာသာဆိုင်ရာ သက်ဝင်ယုံကြည်မှု၊ အတွေးအခေါ် အယူအဆများ၊ အဆုံးအမများနှင့် မြန်မာ့ယဉ်ကျေးမှု ထုံးတမ်းဓလေ့များကို အခြေခံထားသည်။

၂။ ထေရဝါဒဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ကိုးကွယ်အားထားရာ ဘာသာရေးသက်သက် သဘောထားရုံမျှ မဟုတ်ဘဲ နေ့စဉ်လူမှုဘဝတွင် လူသားတစ်ဦးအတွက် တန်ဖိုးရှိသော ဘဝနေနည်းလမ်းညွှန်အဖြစ်ကိုပါ အခြေခံထားသည်။

၃။ အသိပညာပေးသက်သက်၊ ဝဟုသုတရရှိရုံသက်သက်မဟုတ်ဘဲ ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးလုံး၏ အပြုအမူ၊ အလေ့အထနှင့် ကျွမ်းကျင်မှုများ ဖြစ်ထွန်းရေးအတွက် ရည်ရွယ်ထားသည်။

၄။ သင်ရိုးဝင်အကြောင်းအရာများကို လွယ်ရာမှ ခက်ရာသို့၊ ရိုးရှင်းရာမှ ရှုပ်ထွေးနက်နဲရာသို့၊ ဒြပ်ရှိအသိမှ ဒြပ်မဲ့အသို့ အဆင့်ဆင့် ချဲ့ထွင်သင်ယူနိုင်ရန် အထောက်အကူပြုသည့် ခရုပတ်နည်း (Spiral Method) ဖြင့် ဖွဲ့စည်းထားသည်။

၅။ သင်ကြားသင်ယူမှု လုပ်ငန်းစဉ်တွင် အပြန်အလှန်ပြောဆို ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်လုပ်ဆောင်ခြင်း စသော တက်ကြွစွာသင်ယူသည့်နည်းများ ပါဝင်သော ကလေးဗဟိုပြုချဉ်းကပ်နည်းဖြင့် စီစဉ်ထားသည်။

(ဂ) သင်ရိုးညွှန်းတမ်း ပွဲစဉ်းပုံ

မူလတန်းအဆင့်အတွက် သင်ရိုးညွှန်းတမ်း ရေးဆွဲရာတွင် ယေဘုယျအားဖြင့် သင်ခန်းစာခေါင်းစဉ် တစ်ခုလျှင် တစ်ရက်၊ စာသင်ချိန် (၄) ချိန်၊ တစ်ချိန်လျှင် မိနစ် (၃၀) နှုန်းဖြင့် စုစုပေါင်း နှစ်နာရီစာ ရေးဆွဲထားပါသည်။ အတန်းအဆင့် တစ်ဆင့်ချင်းစီအတွက်လည်း စုစုပေါင်းသင်ခန်းစာ (၄၀) စီ ပြင်ဆင်ထားပါသည်။ မူလတန်းအဆင့် သင်ရိုးညွှန်းတမ်း တစ်ခုလုံးကို ခြုံကြည့်လျှင် အောက်ပါအတိုင်း အဓိကနယ်ပယ်ကြီးခြောက်ခု ပါဝင်နေသည်ကို တွေ့ရှိရမည် ဖြစ်သည်။

(၁) ရတနာသုံးပါး ။ ။ ဘုရား၊ တရား၊ သံဃာတည်းဟူသော ရတနာသုံးပါးကို သက်ဝင်ယုံကြည်ပြီး ကိုးကွယ်ဆည်းကပ်ခြင်းနှင့် ဆိုင်သည့် အကြောင်းအရာများ။

(၂) ဗုဒ္ဓဝင် ။ ။ ဘုရားဆုပန်သည်မှအစ ဖွားတော်မူခန်းမှသည် ပရိနိဗ္ဗာန်ပြုသည်အထိ ဗုဒ္ဓ၏ဘဝဖြစ်တော်စဉ်များ။

www.dhammaransi.com

(၃) မင်္ဂလာတရားတော်များ။ ။ မင်္ဂလသုတ်တရားတော်လာ မင်္ဂလာတရား (၃၈) ပါးနှင့် ဆက်နွယ်နေသည့် ဇာတက ဝတ္ထုများ။

(၄) ဗုဒ္ဓဘာသာဝင်တစ်ဦး၏ ဘာသာရေးလုပ်ငန်းစဉ်များ ။ ။ ဗုဒ္ဓဘာသာဝင်တစ်ဦးအနေဖြင့် နေ့စဉ်ကျင့်ကြံအားထုတ်လုပ်ဆောင်ရမည့် ဘာသာရေးအလေ့အထများ (ဥပမာ- ဘုရားရှိခိုးခြင်း၊ မေတ္တာပို့ခြင်း၊ ဘာဝနာပွားခြင်း၊ တရားထိုင်ခြင်း . . . စသည်)။

(၅) ဗုဒ္ဓဘာသာပုဂ္ဂိုလ်ထူးများနှင့် နေ့ထူးနေ့မြတ်များ ။ ။ သာသနာဝင်၊ သမိုင်းဝင်ပုဂ္ဂိုလ်ထူးများနှင့် ဗုဒ္ဓဘာသာဝင်တို့ အလေးအမြတ်ထား ကျင်းပပြုလုပ်သည့် နေ့ထူးနေ့မြတ်များ၊ ပွဲတော်များ။

(၆) ဗုဒ္ဓဘာသာဝင်တစ်ဦး၏ လူမှုရေးကျင့်ဝတ်များ ။ ။ ယဉ်ကျေးလိမ္မာပြီး ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံသော လူသားတစ်ဦးအဖြစ် ဘဝတွင် ကျင့်ကြံနေထိုင်နိုင်ရေးအတွက် ဗုဒ္ဓ လမ်းညွှန်ခဲ့သည့် အဆုံးအမများ (ဥပမာ- မှန်မှန်ကန်ကန် ပြောဆိုခြင်း၊ အကျိုးရှိစွာပြောဆိုခြင်း၊ ယဉ်ကျေးချိုသာစွာပြောဆိုခြင်း၊ မေတ္တာထားခြင်း၊ မုဒိတာပွားခြင်း . . . စသည်)။

အထက်ဖော်ပြပါ အကြောင်းအရာအားလုံးကို အတန်းတိုင်းတွင် အတိုင်းအတာတစ်ခုအထိ လွှမ်းခြုံမိအောင် သင်ကြားနိုင်ရန် စီစဉ်ထားပါသည်။ မူလတန်းဆင့် ပြီးဆုံးသည်နှင့် ကလေးများအနေဖြင့် အထက်ဖော်ပြပါ အဓိကနယ်ပယ်ကြီးခြောက်ခု၏ အခြေခံအကြောင်းအရာများနှင့် အရေးကြီးသောအလေ့အထများ၊ ကျွမ်းကျင်မှုများကို သင်ယူရရှိသွားရန် မျှော်လင့်ထားပါသည်။

(ဃ) သင်ခန်းစာများ စီစဉ်ထားပုံ

မူလတန်းဆင့် ဗုဒ္ဓဘာသာသင်ခန်းစာများကို တစ်ချိန်လျှင် မိနစ် (၃၀) နှင့် သင်ချိန်လေးချိန်၊ စုစုပေါင်းသင်ကြားချိန် (၂) နာရီစာစီ ရေးဆွဲထားပါသည်။ သို့ဖြစ်ရာ တစ်ရက်လျှင် အဆိုပါသင်ချိန် (၄) ချိန်လုံး အပြည့်အဝ သင်ကြားပေးမှသာ သင်ခန်းစာ၏ ရည်ရွယ်ချက် ပေါက်မြောက်နိုင်မည် ဖြစ်ပါသည်။ သင်ချိန်တစ်ချိန်စီအတွင်း လုပ်ဆောင်ရမည့် သင်ယူမှုလုပ်ငန်းများကိုလည်း ဆရာလက်စွဲများတွင် တစ်ဆင့်ချင်းစီ ရှင်းလင်းဖော်ပြထားပါသည်။ သင်ကြားပြသကြမည့် ဆရာ၊ ဆရာမများ အနေဖြင့် ဆရာလက်စွဲပါ လမ်းညွှန်ချက်များကို သေသေချာချာ လေ့လာဖတ်ရှုပြီး သင်ခန်းစာများကို ကြိုတင်ပြင်ဆင်ပြီးမှ သင်ကြားကြရန် အထူးတိုက်တွန်းပါသည်။ ဆရာ လမ်းညွှန်ကို လေ့လာဖတ်ရှုခြင်းမပြုဘဲ သင်ကြားခြင်းမျိုး လုံးဝမပြုလုပ်ကြရန်လည်း မေတ္တာရပ်ခံပါသည်။

စာသင်ချိန် (၁) ကို စီစဉ်ရာတွင် ယေဘုယျအားဖြင့် သင်ကြားမည့်အကြောင်းအရာသစ်ကို မိတ်ဆက်ပြီး နိဒါန်းပျိုးသည့် သဘောဖြင့်သာ စီစဉ်ထားသည်။ သို့ဖြစ်ရာ ယခင်ရက်များတွင် သင်ကြားခဲ့သော သို့မဟုတ် ယခင်အတန်းများတွင် သင်ကြားပြီးခဲ့သော အကြောင်းအရာများနှင့် ချိတ်ဆက်ပြီး နိဒါန်းပျိုးရသည့် သင်ခန်းစာများအများအပြား ပါဝင်ပါသည်။ တတ်နိုင်သမျှ ချိတ်ဆက်သင်ကြားကြရန်လည်း တိုက်တွန်းပါသည်။

စာသင်ချိန် (၂) နှင့် (၃) မှာမူ အဓိကအကြောင်းအရာများ၊ အလေ့အထများကို ကောင်းစွာ နားလည်သဘောပေါက်ပြီး ခံယူကျင့်သုံးတတ်စေရန် ရည်ရွယ်လျက် စီစဉ်ထားခြင်းဖြစ်သည်။ အဆိုပါ သင်ချိန်များတွင်

www.dhammaransi.com

အဓိကအကြောင်းအရာများကို ရုပ်ပုံများ၊ ပုံပြင်များ၊ ဇာတကဝတ္ထုများ၊ စာပိုဒ်များဖြင့် တင်ပြမိတ်ဆက်ပေးထားသည်ဖြစ်ရာ အဆိုပါ ရုပ်ပုံများ၊ ပုံပြင်ဝတ္ထုများကို ထိထိရောက်ရောက်အသုံးပြုပြီး သင်ကြားစေလိုပါသည်။ အထူးသဖြင့် ကျောင်းသားကိုင်စာအုပ်များကို ထိရောက်စွာ အသုံးပြုရမည့် သင်ကြားချိန်များလည်း ဖြစ်ပါသည်။ ပုံပြင်များ၊ ဇာတကဝတ္ထုများကို ဆရာ၊ ဆရာမများက ပြောပြရုံသက်သက် မဟုတ်ဘဲ ကလေးများအနေဖြင့် ကျောင်းသားကိုင်စာအုပ်ကို ကြည့်ရှုရင်း နားထောင်စေခြင်း၊ ဆရာနှင့်အတူ ဖတ်စေခြင်း၊ အထူးသဖြင့် ဒုတိယတန်းနှင့်အထက် ကလေးများအား ၎င်းတို့ကိုယ်တိုင် ဖတ်ရှုစေခြင်းများ ပြုလုပ်စေနိုင်ပါသည်။ အဆိုပါ ပုံပြင်များ၊ ဇာတကဝတ္ထုများကို နားထောင်ပြီး နောက်ဆက်တွဲအနေဖြင့် ပြုလုပ်ရန် စီစဉ်ထားသည့် မေးခွန်းများဖြေဆိုခြင်း၊ ပုံဆွဲခြင်း၊ ဆေးရောင်ခြယ်ခြင်း၊ သရုပ်ဆောင်ခြင်း စသော လုပ်ငန်းများကိုလည်း မလွဲမသွေ စီစဉ်လုပ်ဆောင်ကြရန် တိုက်တွန်းပါသည်။

နောက်ဆုံးသင်ကြားချိန်ဖြစ်သည့် သင်ကြားချိန် (၄) တွင်မူ အဓိကအကြောင်းအရာမှ အတုယူစရာ၊ သင်ခန်းစာယူစရာ၊ လက်ခံကျင့်သုံးစရာများကို ထုတ်ယူပြီး ကိုယ်တိုင်ဆင်ခြင်သုံးသပ် ကျင့်သုံးလိုက်နာလာစေရေးအတွက် ရည်ရွယ်သည့် သင်ယူမှုလုပ်ငန်းများဖြင့် စီစဉ်ထားပါသည်။ အဓိကအားဖြင့် ဗုဒ္ဓ၏အဆုံးအမများကို အသိပညာဗဟုသုတရရုံသက်သက် မဟုတ်ဘဲ မိမိဘဝနှင့်ဆက်စပ်ပြီး လက်တွေ့ကျင့်သုံးနိုင်မည့် နည်းလမ်းများ၊ လုပ်ငန်းများကို ကလေးများကိုယ်တိုင် ရှာဖွေဖော်ထုတ်ကြစေသည့် အချိန်လည်းဖြစ်သည်။ ကလေးတစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ မိမိတို့၏ကိုယ်ပိုင်အကျင့်၊ ကိုယ်ပိုင် အလေ့အထအဖြစ် ခံယူရရှိသွားစေရေးအတွက်လည်း ရည်ရွယ်ပါသည်။ သို့ဖြစ်ရာ သင်ကြားချိန် (၄) သည် အထူးအရေးကြီးသော သင်ချိန်တစ်ခုလည်းဖြစ်သည်။

အထက်ဖော်ပြပါ သင်ကြားချိန် (၄) ချိန်အတွင်းတွင် ဆရာ၊ ဆရာမများအနေဖြင့် ကလေးများ၏ နားလည်သဘောပေါက်မှုကို စဉ်ဆက်မပြတ် စောင့်ကြည့်လေ့လာ အကဲဖြတ်ရန်လိုပါသည်။ စာသင်ကျောင်းများမှာကဲ့သို့ မေးခွန်းများရေးဖြေပြီး အမှတ်ပေးခြင်း၊ စာမေးပွဲစစ်ဆေးခြင်းများ ပြုလုပ်ရန် မလိုအပ်ပါ။ အမှန်တကယ် နားလည်သဘောပေါက်ခြင်း ရှိမရှိအတွက်သာ မေးမြန်းဆွေးနွေးရန်ဖြစ်ပြီး နားမလည်သည့်အချက်များကို ဆရာနှင့်တပည့်သော်လည်းကောင်း၊ တပည့်အချင်းချင်းသော်လည်းကောင်း အပြန်အလှန် မေးမြန်းဆွေးနွေးစေခြင်းကိုသာ အဓိကထား လုပ်ဆောင်စေမည် ဖြစ်ပါသည်။

သင်ခန်းစာများကို သင်ကြားပေးရာတွင် အသိပညာပေးသက်သက်၊ ဗဟုသုတရရုံသက်သက်မဟုတ်ဘဲ ကိုယ်၊ နှုတ်၊ နလုံး သုံးပါးလုံး၏ အပြုအမူ၊ အလေ့အထနှင့် ကျွမ်းကျင်မှုများ ဖြစ်ထွန်းရေးအတွက် ရည်ရွယ်ထားသည်ဖြစ်ရာ စာသင်ချိန် (၄) ချိန် သင်ပေးလိုက်ရုံမျှဖြင့် အဆိုပါ အလေ့အထများ၊ ကျွမ်းကျင်မှုများ ခိုင်မြဲစွာ ရရှိသွားပြီဟု မဆိုနိုင်ပါ။ ဆရာ၊ ဆရာမများအနေဖြင့် စဉ်ဆက်မပြတ် လေ့လာပြီး ပံ့ပိုးပေးရန် လိုအပ်မည် ဖြစ်ပါသည်။ ဗုဒ္ဓဘာသာဝင်တစ်ဦးအနေဖြင့်ဖြစ်စေ၊ လိမ္မာယဉ်ကျေးပြီး ဆင်ခြင်ဉာဏ်နှင့် ပြည့်စုံသော လူသားတစ်ဦးအနေဖြင့်ဖြစ်စေ၊ အမြဲကျင့်ကြံအားထုတ် လုပ်ဆောင်ရမည့် အလေ့အထကောင်းများ ဖြစ်ထွန်းရေးမှာ စာသင်ခန်းအတွင်းတွင် သင်ယူရုံဖြင့် မလုံလောက်ဘဲ စာသင်ခန်းပြင်ပတွင်ပါ လက်တွေ့ကျင့်သုံး နေထိုင်သွားရန် ဝိုင်းဝန်းလုပ်ဆောင်ပေးရန် လိုအပ်မည်ဖြစ်ပါသည်။

www.dhammaransi.com

၅။ ဗုဒ္ဓဘာသာသင်ရိုးညွှန်းတမ်းနှင့် ကလေးဗဟိုပြုချဉ်းကပ်နည်း

(က) ကလေးဗဟိုပြုချဉ်းကပ်နည်းဖြင့် စီစဉ်ဆောင်ရွက်ရသည့် အကြောင်းရင်းများ

ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ ဗုဒ္ဓဘာသာသင်ရိုးညွှန်းတမ်းနှင့် သင်ခန်းစာများကို စီစဉ်ရေးဆွဲရာတွင် ကလေးဗဟိုပြုချဉ်းကပ်နည်းဖြင့် စီစဉ်ရေးဆွဲထားသည်ဖြစ်ရာ သင်ကြားပြသသည့်အခါတွင်လည်း ကလေးဗဟိုပြုချဉ်းကပ်သင်ယူနည်းများကို အသုံးပြုပြီး သင်ကြားပြသကြရန် ဖြစ်ပါသည်။ ကလေးဗဟိုပြု ချဉ်းကပ်နည်းသည် ကလေးများ၏ အသက်အရွယ်၊ ဖွံ့ဖြိုးရင့်ကျက်လာသည့် အဆင့်တို့နှင့်အညီ လိုအပ်ချက်များ၊ စိတ်ဝင်စားမှုများကို အလေးထားထည့်သွင်းစဉ်းစားကာ သင်ကြားပေးရသည့် ချဉ်းကပ်နည်းဖြစ်သည်။ ဗုဒ္ဓဘာသာသင်ခန်းစာများကို ကလေးဗဟိုပြုချဉ်းကပ်နည်းဖြင့် စီစဉ်ဆောင်ရွက်ရသည့် အကြောင်းရင်းများစွာ ရှိသည့်အနက် အောက်ဖော်ပြပါ အကြောင်းရင်း (၃) ခုကို အလေးထား စဉ်းစားဆောင်ရွက်ခြင်း ဖြစ်သည်။

(၁) ဗုဒ္ဓဘာသာသည် ဖန်ဆင်းရှင်၊ တန်ခိုးရှင်တစ်ဦးတစ်ယောက်အပေါ် ကိုးကွယ်ယုံကြည် မှီခိုအားထားပြီး နေထိုင်သွားရသည့် ဘာသာတရား မဟုတ်ဘဲ သံသရာမှ လွတ်မြောက်ရန်အတွက်ဖြစ်စေ၊ မျက်မှောက်ဘဝတွင် ကောင်းကျိုးချမ်းသာ မင်္ဂလာများဖြင့် ပြည့်စုံစွာ နေထိုင်ရှင်သန်နိုင်ရေးအတွက်ဖြစ်စေ၊ ကာယကံရှင်က မိမိကိုယ်တိုင် ကောင်းမြတ်သော အကျင့်များကို နေ့စဉ် ကျင့်ကြံနေထိုင် လုပ်ကိုင်သွားရသည့် ဘာသာတရားဖြစ်သည်။ သို့ဖြစ်ရာ ဗုဒ္ဓဘာသာသည် ဖန်ဆင်းရှင်၊ တန်ခိုးရှင်ကို ဗဟိုမပြုဘဲ လူသားကိုသာ ဗဟိုပြုထားသော ဘာသာတရား၏ အယူအဆများ၊ အဆုံးအမများ၊ အလေ့အကျင့်များကို သင်ကြားပေးရာတွင် သင်ယူသူကို ဗဟိုပြုခြင်း တစ်နည်းအားဖြင့် ကလေးကိုဗဟိုပြု၍ သင်ကြားပေးခြင်းသည် အသင့်လျော်ဆုံး ချဉ်းကပ်နည်းဖြစ်မည်ဟု ယူဆပါသည်။

(၂) ဗုဒ္ဓဘာသာသည် ကိုယ်တိုင်ကျင့်ကြံအားထုတ် လုပ်ဆောင်ခြင်းဖြင့်သာလျှင် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်နိုင်မည်။ မျက်မှောက်ဘဝတွင် ရင်ဆိုင်နေရသော ဆင်းရဲဒုက္ခများကို ကျော်လွှားနိုင်မည်ဟု ယုံကြည်သည့်ဘာသာ ဖြစ်သည်နှင့်အညီ ဗုဒ္ဓဘာသာဝင်များအနေဖြင့်လည်း မိမိကိုယ်ကျင့်ကိုသာ အားကိုးပြီး မိမိကိုယ်တိုင် ကျင့်ကြံလုပ်ဆောင်ကြရမည် ဖြစ်သည်။ ဤနေရာတွင်လည်း ဗုဒ္ဓဘာသာဝင်တို့၏ ယုံကြည်မှုသည် ကလေးဗဟိုပြုချဉ်းကပ်နည်း၏ သဘောတရားနှင့် တစ်ထပ်တည်းကျသည်ဟု ဆိုရမည်ဖြစ်သည်။ သင်ယူသူသည် ကိုယ်တိုင်သင်ယူပါမှ သင်ယူမှုပြီးမြောက်သည်ဟူသော ဥပဒေသနှင့်အညီ ကလေးဗဟိုပြု ချဉ်းကပ်နည်းတွင် ကလေးများကို မိမိတို့ကိုယ်တိုင် လွတ်လပ်စွာ တွေးတောကြံဆ၊ ဆွေးနွေးမေးမြန်း၊ စူးစမ်းလေ့လာ၊ လုပ်ကိုင်ဆောင်ရွက်ရင်းဖြင့် သင်ယူကြစေရန် အားပေးပါသည်။

(၃) ဗုဒ္ဓဘာသာ အတွေးအခေါ်၊ အယူအဆ၊ အဆုံးအမနှင့် အလေ့အထများသည် အဓိပ္ပာယ် လေးနက်သည်ဖြစ်ရာ ကလေးငယ်များ နားလည်နိုင်ရန်အတွက် လွယ်ကူရိုးရှင်းရာမှ ခက်ခဲနက်နဲရာသို့၊ ဒြပ်ရှိသဘောမှ ဒြပ်မဲ့သဘောသို့ အဆင့်ဆင့် မွမ်းမံချဲ့ထွင်သင်ကြားပေးရန် လိုပါသည်။ သို့ဖြစ်ရာ ဓမ္မစကူးလ်သို့ လာရောက်ကြမည့်ကလေးများ၏ အသက်အရွယ်၊ ဖွံ့ဖြိုးရင့်ကျက်မှုအဆင့်အလိုက် လိုက်လျောညီထွေရှိသည့် အကြောင်းအရာများ၊ ဥပမာများဖြင့် စီစဉ်ရေးဆွဲကြရပါသည်။ ထိုသို့ စီစဉ်ရေးဆွဲသည့်အခါ ကလေးဗဟိုပြုချဉ်းကပ်နည်းကို အသုံးပြုရန် မလွဲမသွေ လိုအပ်ပါသည်။

www.dhammaransi.com

ကလေးဗဟိုပြု ချဉ်းကပ်နည်းသည် ပညာသင်ကြားရေးလုပ်ငန်းများနှင့် ပတ်သက်ပြီး နှစ်ပေါင်းများစွာ သုတေသနပြု တွေ့ရှိချက်များကို အခြေခံပြီး ပေါ်ထွက်လာသည့် ချဉ်းကပ်နည်းဖြစ်သည်။ ယနေ့ကမ္ဘာကြီး၏ စီးပွားရေး၊ လူမှုရေး အပြောင်းအလဲများကို ရင်ဆိုင်နိုင်စေရန် ရည်ရွယ်လျက် ပညာသင်ကြားရေးနယ်ပယ်တွင် နိုင်ငံအများအပြားတွင် အသုံးပြုနေသောနည်းလည်း ဖြစ်ပါသည်။ ဤနည်းကိုပင် တက်ကြွစွာသင်ယူခြင်း (Active Learning)၊ ပါဝင်လုပ်ဆောင်သင်ယူခြင်း (Participatory Learning)၊ ထိရောက်သောသင်ကြားသင်ယူမှု (Effective Teaching and Learning) စသည်အားဖြင့် အမည်အမျိုးမျိုးဖြင့် ခေါ်ကြသည်လည်း ရှိပါသည်။ အခြေခံအားဖြင့်မူ သမားရိုးကျသင်ကြားနည်းဖြစ်သည့် ဆရာဗဟိုပြုသင်ကြားနည်းမှ ခွဲထွက်ကာ ကလေးများအနေဖြင့် တစ်စုံတစ်ယောက်က ပေးဝေသော အသိပညာကို အရှိအတိုင်း လက်ခံရယူရုံသက်သက် မဟုတ်ဘဲ ၎င်းတို့ကိုယ်တိုင် လွတ်လပ်စွာ တွေးတောကြံဆခွင့်၊ မေးမြန်းဆွေးနွေးခွင့်၊ မေးခွန်းထုတ်ခွင့်၊ စူးစမ်းလေ့လာခွင့်များ ရရှိကြပြီး အသိပညာကို ဖြန့်ကြက်တည်ဆောက်သွားစေနိုင်မည့်နည်း ဖြစ်သည်။

(ခ) ကလေးဗဟိုပြုချဉ်းကပ်နည်း၏ အခြေခံသဘောတရားများ

ကလေးဗဟိုပြုချဉ်းကပ်နည်းသည် ကလေးများ၏ သင်ယူမှုနှင့်သက်ဆိုင်သည့် အောက်ပါသဘောတရား အယူအဆများအပေါ်တွင် အခြေခံထားသည်။

ကလေးများသည် သင်ယူမှုလုပ်ငန်းများတွင် တက်ကြွစွာပါဝင်လုပ်ဆောင်ရင်း မိမိတို့၏ ရှိရင်းစွဲအသိပညာများ၊ ကျွမ်းကျင်မှုများအပေါ်တွင် အသိပညာအသစ်များ၊ ကျွမ်းကျင်မှုအသစ်များကို ထပ်ဆင့်ဖြန့်ကြက်တည်ဆောက်ယူကြသည်။ သို့ဖြစ်ရာ ကလေးများအနေဖြင့် ဆရာပြောသမျှကို နားထောင်ပြီး ရယူရုံသက်သက် မဟုတ်ဘဲ သင်ယူမှုတွင် ကိုယ်ရောစိတ်ပါ နှစ်ပြီး ဉာဏ်ဖွင့်စဉ်းစားခြင်း၊ ပြဿနာဖြေရှင်းခြင်း၊ မေးခွန်းများဖြေဆိုခြင်း၊ သိလိုသည်များကို မေးခွန်းထုတ်ခြင်း၊ ဆွေးနွေးခြင်း၊ ရှင်းပြပြောဆိုခြင်း၊ငြင်းခုံခြင်း (Debate) စသည့် တက်ကြွစွာ ပါဝင်လုပ်ဆောင်သင်ယူမှုကို ပြုလုပ်ကြရသည်။

ကလေးများသည် အများနှင့်ပူးပေါင်းလုပ်ဆောင်ရင်းဖြင့်လည်း ပိုမိုသင်ယူတတ်မြောက်နိုင်ကြသည်။ အချင်းချင်း အပြန်အလှန် ဆက်သွယ်ပြောဆိုခွင့်ရသော ကလေးများအနေဖြင့် အသိပညာကိုသာမက လူမှုဆက်ဆံရေးဆိုင်ရာ စွမ်းရည်များကိုပါ ပိုမိုရရှိစေနိုင်ပါသည်။ ကလေးများအနေဖြင့် နှစ်ယောက်တစ်တွဲ သို့မဟုတ် အုပ်စုအလိုက် လုပ်ကိုင်ဆောင်ရွက်ရသော လုပ်ငန်းများ၊ အုပ်စုအလိုက် ဖြေရှင်းရမည့် မေးခွန်းများနှင့် ပြဿနာများ၊ ပရောဂျက်လုပ်ငန်းများ စသည်တို့ကို အတူတကွ လုပ်ကိုင်ဆောင်ရွက်ရင်းဖြင့် ပူးပေါင်းလုပ်ဆောင်သင်ယူနိုင်ပါသည်။

ထို့အပြင် ကလေးဗဟိုပြုချဉ်းကပ်နည်းတွင် ခြုံယူဆင်ခြင်သင်ယူနည်း (Inductive Learning) ကိုလည်း အသုံးပြုကြသည်။ ကလေးများအား ပြဿနာတစ်ခုပေးပြီး အရင်စဉ်းစားကြစေကာ အဖြေနှင့်ပတ်သက်သည့် အကြောင်းအရာများကို နောက်မှလေ့လာစေသည့်နည်း ဖြစ်သည်။ ကလေးများအနေဖြင့် စူးစမ်းလေ့လာခြင်း၊ ရှာဖွေခြင်း၊ ပြဿနာအခြေပြု စဉ်းစားခြင်း၊ ပရောဂျက်လုပ်ငန်းအခြေပြု စဉ်းစားလုပ်ဆောင်ခြင်း စသည့်နည်းများဖြင့် သင်ယူလျှင် မွေးရာပါဗီဇနှင့် စွမ်းရည်များကို အကန့်အသတ်မဲ့ အသုံးပြုနိုင်ပြီး မိမိကိုယ်မိမိ ယုံကြည်မှုတိုးပွားစေနိုင်ပါသည်။

www.dhammaransi.com

မမွေစကူးလ်ဖောင်ဒေးရှင်း ဗုဒ္ဓဘာသာသင်ခန်းစာများတွင် သင်ယူမှုလုပ်ငန်းများကို စီစဉ်ရေးဆွဲရာ၌ အထက်ဖော်ပြပါ သဘောတရားများကို အခြေခံပြီး သင့်လျော်သည့်နည်းများကို လုပ်ငန်းအလိုက် စီစဉ်ထားပါသည်။ မမွေစကူးလ် ဆရာ၊ ဆရာမများအနေဖြင့် ဆရာလမ်းညွှန်စာအုပ်တွင် ဖော်ပြထားသည့်အတိုင်း လုပ်ဆောင်သွားမည်ဆိုလျှင် ထိရောက်သော သင်ကြားသင်ယူမှု ဖြစ်ထွန်းမည်ဟု ယုံကြည်ပါသည်။ အထူးသဖြင့် ကလေးများကို ၎င်းတို့ကိုယ်တိုင် စဉ်းစားတွေးတော စိတ်ကူးတတ်လာအောင်၊ မိမိတို့၏ စိတ်ကူးထင်မြင်ချက်များကို အခြားသူများနှင့် ဆွေးနွေးဖလှယ်ရင်း အဖြေရှာတတ်အောင်၊ သိလိုသည်များကို စူးစမ်းလေ့လာ တတ်အောင် ဆရာ၊ ဆရာမများက လမ်းညွှန်ပံ့ပိုးပေးမည်ဆိုပါက ကလေးများအနေဖြင့် ဗုဒ္ဓ၏ အဆုံးအမများကို နားလည် သဘောပေါက်ရုံသာမက နေ့စဉ် လိုက်နာကျင့်ကြံနေထိုင်သွားနိုင်သည့် အဆင့်သို့ပါ ရောက်ရှိမည် ဖြစ်ပါသည်။

(၈) ဆရာ၊ ဆရာမများ၏ အခန်းကဏ္ဍ

ကလေးဗဟိုပြုချဉ်းကပ်နည်းဟု ဆိုသည့်တိုင် ဆရာသည် အရေးပါသော အခန်းကဏ္ဍတွင် ရှိနေမြဲ ဖြစ်သည်။ စင်စစ်မှာ ကလေးဗဟိုပြု စာသင်ခန်းများတွင် ဆရာသည် ပို၍အရေးပါသည်ဟု ဆိုနိုင်ပါသည်။ ကလေးများအား အကြောင်းအရာအသစ်၊ အယူအဆအသစ်များကို ရှင်းလင်းပြောပြပေးရန် လိုအပ်မည်ဖြစ်ရာ ဆရာကိုယ်တိုင် သင်ကြားပြသသူအဖြစ် ရှိမြဲရှိနေမည် ဖြစ်သည်။ ထို့အပြင် ကလေးများသိလိုသည့် အကြောင်း အရာအချက်အလက်များကို သိနိုင်မည့်နည်းလမ်းများ ညွှန်ပြပေးနိုင်သူ သို့မဟုတ် မိမိကိုယ်တိုင်က ဖြန့်ဝေပြောပြ ပေးနိုင်သူအဖြစ်လည်း လုပ်ဆောင်ပေးနေရပါမည်။

ကလေးဗဟိုပြုချဉ်းကပ်နည်းတွင် ဆရာဗဟိုပြုနှင့် ကွဲပြားသည့် အဓိကအချက်မှာ ဆရာက သင်ယူမှုလုပ်ငန်းကို ပံ့ပိုးပေးသူ (Facilitator) ဖြစ်သည်ဟူသောအချက် ဖြစ်သည်။ ကလေးများကို တစ်ဦးချင်းဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ မေးခွန်းများ၊ ပြဿနာများကို ကြုံဆတွေးတော အဖြေရှာနိုင်အောင်၊ မေးမြန်းဆွေးနွေး နိုင်အောင် ဆရာက ကူညီပံ့ပိုးပေးရမည် ဖြစ်သည်။ အဖြေကို ဆရာကမပေးဘဲ တပည့်များ အဖြေရှာနိုင်အောင် ပံ့ပိုးကူညီခြင်းသာ ဖြစ်သည်။ ဤသို့ လုပ်ဆောင်ပေးခြင်းကို ငြမ်းဆင်ပေးခြင်း (Scaffolding) ဟု ခေါ်ပါသည်။ အပေါ်တစ်ဆင့်သို့ တက်လိုသည့်ကလေးကို မ ချီသွားခြင်းသည် ကူညီခြင်း မဟုတ်ပါ။ ငြမ်းဆင်ပေးခြင်း မဟုတ်ပါ။ ကလေးတက်နိုင်အောင် ဘေးမှ ပံ့ပိုးကူညီပေးခြင်း၊ လက်တွဲပေးခြင်းကသာ ငြမ်းဆင်ပေးခြင်း ဖြစ်သည်။ ဆရာ၊ ဆရာမများသည် ဤသဘောကိုယူကာ သင်ယူမှုလုပ်ငန်းများတွင် ပံ့ပိုးပေးရမည် ဖြစ်သည်။

ထို့အပြင် ဆရာ၊ ဆရာမများသည် မိမိသင်ကြားမည့် သင်ခန်းစာနှင့် သင်ယူမှုလုပ်ငန်းများကို စနစ်တကျ စီမံခန့်ခွဲရန်လည်း လိုအပ်ပါသည်။ ကလေးဗဟိုပြု စာသင်ခန်းများတွင် မကြာခဏ နေရာထိုင်ခင်း အပြောင်းအလဲများ၊ သင်ထောက်ကူပစ္စည်း ပြောင်းလဲအသုံးပြုမှုများရှိရာ ကလေးများကို စနစ်တကျ တာဝန်ယူဆောင်ရွက်တတ်စေရန် လမ်းညွှန်ပေးနိုင်သည့် စီမံခန့်ခွဲသူကောင်းလည်း ဖြစ်ဖို့လိုပါသည်။ အလားတူပင် မိမိတပည့်များ၏ သင်ယူမှု၊ လုပ်ဆောင်မှုတို့ကို အမြဲမပြတ် စောင့်ကြည့်လေ့လာပြီး အကဲဖြတ်သုံးသပ်နေသူလည်း ဖြစ်ရပါမည်။ သို့မှသာ တပည့်များ၏ အခြေအနေကို သိရှိပြီး လိုအပ်သလို တုံ့ပြန်ဖြည့်ဆည်းပေးနိုင်မည် ဖြစ်သည်။

www.dhammaransi.com

(ဃ) စစ်ဆေးအကဲဖြတ်ခြင်း

ကလေးများ၏ သင်ယူတတ်မြောက်မှုကို စစ်ဆေးအကဲဖြတ်ရာတွင် သင်ပြဆဲစစ်ဆေးအကဲဖြတ်ခြင်း (Formative Assessment) နှင့် သင်ပြပြီး အချုပ်စစ်ဆေးအကဲဖြတ်ခြင်း (Summative Assessment) ဟူ၍ အမျိုးအစားနှစ်မျိုးဖြင့် စစ်ဆေးအကဲဖြတ်လေ့ရှိရာတွင် ဓမ္မစကူးလ်ဗုဒ္ဓဘာသာသင်ခန်းစာများကို ယေဘုယျအားဖြင့် သင်ပြဆဲစစ်ဆေးအကဲဖြတ်မှုပုံစံဖြင့်သာ လုပ်ဆောင်ရန် စီစဉ်ထားပါသည်။ ဆရာ၊ ဆရာမများအနေဖြင့် ကလေးများ၏ သင်ယူတတ်မြောက်မှုကို ပုံမှန်သင်ကြားနေစဉ် အချိန်အတွင်းမှာပင် စောင့်ကြည့်လေ့လာခြင်း၊ မေးခွန်းများမေးမြန်းခြင်း၊ ကလေးများ ရေးသားဖြေဆိုထားသော မှတ်စုစာအုပ်များ၊ လုပ်ဆောင်ထားသော အရာများကို ကြည့်ရှုပြီးလေ့လာခြင်း စသည့်နည်းများဖြင့် ကလေးများ၏ သင်ယူတတ်မြောက်မှုကို အကဲဖြတ်နိုင်ပါသည်။

ဓမ္မစကူးလ် ဗုဒ္ဓဘာသာသင်ရိုးညွှန်းတမ်း အဆင့်အလိုက် ထူးချွန်စွာ တတ်မြောက်ကြသူများအတွက်ကိုမူ နိုင်ငံလုံးဆိုင်ရာ ဓမ္မစကူးလ်ထူးချွန်စာမေးပွဲများ ကျင်းပပြီး ရွေးချယ်နိုင်ပါသည်။ အဆိုပါစာမေးပွဲများမှ ရလဒ်များကိုမူ သင်ရိုးညွှန်းတမ်းကို ပြန်လည်သုံးသပ် ပြင်ဆင်နိုင်ရေးအတွက် တစ်စိတ်တစ်ပိုင်းအားဖြင့် အသုံးပြုနိုင်မည်ဖြစ်သည်။

www.dhammaransi.com

(ဂ) သမားရိုးကျစဉ်းကပ်နည်းနှင့် ကလေးဗဟိုပြုစဉ်းကပ်နည်း ကွာခြားမှု

	သမားရိုးကျနည်း (ဆရာဗဟိုပြု)	ကလေးဗဟိုပြုနည်း
သင်ယူမှု အဓိကရည်ရွယ်ချက်	အကြောင်းအရာ အချက်အလက်များကို မှတ်မိစေရန်	အကြောင်းအရာ အချက်အလက်များကို နားလည် သဘောပေါက်ပြီး လက်တွေ့ အသုံးပြုတတ်စေရန်
သင်ကြားသင်ယူနည်း	➢ အချက်အလက် မှတ်မိစေရန် အလေးပေး ➢ ဟောပြောရှင်းလင်း ➢ အလွတ်ကျက်မှတ်	➢ ကလေးများ ရသွားစေလိုသည့်အချက်ကို သာမက မည်သို့ သင်ယူကြသည်ကိုပါ အလေးထား ➢ လွတ်လပ်စွာ ကြံဆ၊ ပြောဆို၊ လုပ်ကိုင်ခွင့်ပေး ➢ နားလည်သဘောပေါက်မှုကို အလေးထား ➢ ကလေးတစ်ဦးချင်းစီ၏ ဘဝနှင့် ဆက်စပ်မိစေ (Personalize)
ဆရာ၏ အခန်းကဏ္ဍ	➢ အသိပညာဖြန့်ဝေသူ ➢ ဟောပြောပို့ချသူ	➢ ကလေးများ၏ သင်ယူမှုကို ပံ့ပိုးကူညီသူ ➢ ကလေးများအတွက် အသိပညာပင်မအဖြစ် သိလိုသည့် အချက်များရှိက ရှာဖွေကူညီပေးနိုင်သူ
ကျောင်းသား၏ အခန်းကဏ္ဍ	➢ အသိပညာအချက်အလက်များကို လက်ခံရယူ မှတ်သားသူ	➢ ကိုယ်တိုင်တက်ကြွစွာ ပါဝင်လုပ်ဆောင်သူ ➢ သိလိုသည်ကို မေးမြန်းစူးစမ်းတတ်သူ ➢ ထင်မြင်ချက်ကို ပြောဆိုတတ်သူ
သင်ယူမှုဝန်းကျင်	➢ ငြိမ်သက်တိတ်ဆိတ်ပြီး တစ်ဦးချင်း အာရုံစိုက်မှုကို အလေးထား ➢ စည်းကမ်းသေဝပ်မှု အဓိက ➢ အတန်းလိုက် စနစ်တကျ ထိုင် ➢ ကျား၊ မ သီးသန့် ➢ အမှားကို ပြစ်ဒဏ်ဖြင့် ပြင်ဆင်	➢ သက်ဝင်လှုပ်ရှားမှုကို အလေးပေး ➢ စည်းကမ်းကို တစ်ဦးချင်း တာဝန်ယူမှုဖြင့် ထိန်း ➢ သင်ယူမှုလုပ်ငန်းအပေါ် မှုတည်၍ နေထိုင်ပုံ ပြောင်းလဲ ➢ ကျား၊ မ ရောနှောသင်ယူမှုကို အားပေး ➢ အမှားကို သင်ခန်းစာအဖြစ် ယူစေပြီး အမှန်ကို ပို၍ အလေးပေး ➢ ပျော်ရွှင်တက်ကြွစွာ သင်ယူနိုင်သောဝန်းကျင် ဖန်တီး

www.dhammaransi.com

၆။ ဓလ့လာကြီးကြပ်ခြင်း

ဓမ္မစကူးလ်ဖောင်ဒေးရှင်း၏ ဗုဒ္ဓဘာသာသင်ရိုးညွှန်းတမ်းများကို အသုံးပြုပြီး ဓမ္မစကူးလ်များ အကောင်အထည်ဖော်မှု အခြေအနေကို ပုံမှန်လေ့လာ ကြီးကြပ်နိုင်ရန်အတွက် ဗဟိုအဆင့် ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ရန် ဖြစ်သကဲ့သို့ သက်ဆိုင်ရာနယ်မြေ၊ ဒေသအလိုက် ကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်သွားရန် ဖြစ်သည်။ လေ့လာကြီးကြပ်ရာတွင် အပိုင်းနှစ်ပိုင်း ပါဝင်မည်ဖြစ်သည်။

(က) လုပ်ငန်းအကောင်အထည်ဖော်မှု အခြေအနေကို ကြီးကြပ်ခြင်း

(ခ) သင်ရိုးညွှန်းတမ်းနှင့် သင်ကြားနည်းပညာအပိုင်းကို လေ့လာကြီးကြပ်ခြင်း ဖြစ်သည်။

သို့ဖြစ်ရာ လေ့လာကြီးကြပ်ရေးအဖွဲ့များတွင် ဦးဆောင်ဆရာတော်များအပြင် ဗဟိုအဆင့် ဓမ္မစကူးလ် သင်ရိုးညွှန်းတမ်း ကျွမ်းကျင်သူများ (Dhamma School Resource Team) မှ ကျွမ်းကျင်သူ အဖွဲဝင်များ၊ သင်တန်းနည်းပြများလည်း ပါဝင်သင့်ပါသည်။ ကြီးကြပ်သူများအနေဖြင့် ကွင်းဆင်းလေ့လာမှုများ ပြုလုပ်ရန် လိုအပ်ပြီး၊ ကွင်းဆင်းသည့်အခါ အသုံးပြုရန် စစ်ဆေးချက်စာရင်း (Check List) ကို ပြုစုအသုံးပြုရန် ဖြစ်သည်။ လေ့လာ ကြီးကြပ်မှု ရလဒ်များကို စုစည်းပြီး နှစ်လယ်နှင့် နှစ်ဆုံး သုံးသပ်ညှိနှိုင်း အစည်းအဝေးများတွင် တင်ပြဆွေးနွေးကာ ပိုမိုကောင်းမွန်ရေး အကြံပြုဆွေးနွေးသွားရန် ဖြစ်သည်။

၇။ နိဂုံး

ဓမ္မစကူးလ်များ တည်ထောင်ဖွင့်လှစ်ပြီး ထေရဝါဒဗုဒ္ဓဘာသာ သင်ခန်းစာများကို သင်ကြားပေးခြင်းအားဖြင့် ကလေးဘဝမှ စတင်ကာ ဗုဒ္ဓဝါဒကို အမှန်တကယ် နားလည်သဘောပေါက်ပြီး ဗုဒ္ဓ၏အဆုံးအမအတိုင်း နေထိုင်ကျင့်ကြံအားထုတ် လုပ်ဆောင်လာနိုင်ကြမည်ဟု ယုံကြည်ပါသည်။ ထို့အပြင် ဗုဒ္ဓသာသနာ အဓွန့်ရှည်တည်တံ့အောင် ကာကွယ်ထိန်းသိမ်းရေးနှင့် ပြန့်ပွားထွန်းကားရေးအတွက် အားထုတ်လုပ်ဆောင်နိုင်ကြသည့် ဗုဒ္ဓဘာသာဝင်များ ပိုမိုများပြားလာနိုင်မည်ဟုလည်း မျှော်လင့်ပါသည်။

ထေရဝါဒဗုဒ္ဓဘာသာသည် ကိုယ်တိုင်ကျင့်ကြံအားထုတ်ခြင်းဖြင့် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်းကို လမ်းညွှန်ပြသသည့် ဘာသာတရားလည်း ဖြစ်သည်။ သို့ဖြစ်ရာ ကလေးဘဝမှ စတင်ကာ အရာရာကို မိမိကိုယ်တိုင် ပိုင်းခြားဝေဖန် ဆင်ခြင်သုံးသပ်ပြီး ကျင့်ကြံနေထိုင်နိုင်သည့် အလေ့အထများ ပျိုးထောင်ပေးရန် လိုအပ်ပါသည်။ ထိုသို့ ပျိုးထောင်နိုင်ရေးအတွက် ဓမ္မစကူးလ် ဗုဒ္ဓဘာသာသင်ခန်းစာများကို သင်ကြားရာတွင် ကလေးဗဟိုပြုချဉ်းကပ်နည်းသည် အဆီလျော်ဆုံးဖြစ်သည်ဟု ယူဆပြီး ဓမ္မစကူးလ် ဗုဒ္ဓဘာသာသင်ခန်းစာများကို ပြုစုရေးဆွဲထားခြင်း ဖြစ်သည်။ နေ့စဉ်ဘဝတွင် တွေ့ကြုံရမြဲဖြစ်သည့် အမှန်နှင့်အမှား၊ တရားမှုနှင့် မတရားမှု၊ အမှန်းနှင့် ချစ်ခြင်းမေတ္တာ၊ ပညာမဲ့ခြင်းနှင့် ပညာရှိခြင်းသဘော စသည်တို့ကို ကလေးများကိုယ်တိုင် ပိုင်းခြားဝေဖန် ဆင်ခြင်သုံးသပ်ပြီး မှန်ကန်သောလမ်းကို ရွေးချယ်လျှောက်လှမ်းနိုင်ရေးအတွက် ကလေးဗဟိုပြုချဉ်းကပ်နည်းက များစွာအထောက်အကူပြုမည်ဟုလည်း မျှော်လင့်ပါသည်။

www.dhammaransi.com

ဓမ္မစကူးလ်များတွင် သင်ကြားပို့ချကြမည့် ဆရာ၊ ဆရာမများအနေဖြင့် သမားရိုးကျ သင်ကြားနည်းများ မဟုတ်ဘဲ အစီအစဉ်အသစ်များ၊ သင်ကြားနည်းအသစ်များကို အသုံးပြုပြီး သင်ကြားကြရမည် ဖြစ်ပါသည်။ ကလေးများကို ဗုဒ္ဓဘာသာဝင်တစ်ဦး၏ အလေ့အထကောင်းများ စွဲမြဲစွာရရှိရေးအတွက် ပြုစုပျိုးထောင်ရန် ရည်ရွယ်ဖွင့်လှစ် သင်ကြားခြင်းဖြစ်ရာ တစ်ပတ်လျှင် တစ်ရက်ကျဖြင့် အပတ်စဉ် သင်ကြားပေးရန် စီစဉ်ထားသည်။ ထိုသို့ စီစဉ်ထားခြင်းအားဖြင့် ကလေးများအား ဗုဒ္ဓဘာသာသင်ခန်းစာများ၊ ဗုဒ္ဓဘာသာအလေ့အထများ၊ ဗုဒ္ဓဘာသာအဝန်းအဝိုင်းများနှင့် စဉ်ဆက်မပြတ် ထိတွေ့နေစေနိုင်မည်လည်း ဖြစ်ပါသည်။ အချိန်ကာလ အတိုင်းအတာတစ်ခုဖြင့် စခန်းသွင်းလေ့ကျင့် သင်ကြားပေးခြင်းမျိုး ဖြစ်နိုင်သည်ဆိုသည့်တိုင် အပတ်စဉ်အချိန်ပေး သင်ကြားခြင်းက ကလေးအတွက် ပိုမိုၑ အကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်ပြီး ဓမ္မစကူးလ်ရည်ရွယ်ချက်များကိုလည်း ပိုမို ပေါက်မြောက်စေမည် ဖြစ်သည်။ သို့ဖြစ်ရာ ဆရာ၊ ဆရာမများအနေဖြင့် ဆရာလမ်းညွှန်တွင် ဖော်ပြထားသော လမ်းညွှန်ချက်များအတိုင်း လေ့လာစီစဉ်ပြီး သင်ကြားပေးကြရန် မေတ္တာရပ်ခံ တိုက်တွန်းအပ်ပါသည်။

www.dhammaransi.com

သင်ခန်းစာ (၁)

သင်ခန်းစာခေါင်းစဉ် ။ ။ ဘုရားဖြစ်တော်မူခြင်း

သင်ယူမှုဦးတည်ချက် ။ ။ ဘုရားဖြစ်တော်မူခြင်းအကြောင်းကို သိရှိပြီး စရိယာသုံးပါး၊ ပါရမီဆယ်ပါးနှင့် စွန့်ခြင်းကြီးငါးပါးတို့ကို နားလည်သဘောပေါက်စေရန်။

စာသင်ချိန် (၁) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ကျောင်းသားကိုင်စာအုပ်ပါ ဘုရားဖြစ်တော်မူခြင်းအကြောင်း သရုပ်ဖော်ပုံများ။

သင်ယူမှုလုပ်ငန်းစဉ်

- ကျောင်းသားကိုင်စာအုပ်ပါ "ဘုရားဖြစ်တော်မူခြင်း"အကြောင်း ရုပ်ပုံများကို တစ်ပုံချင်းစီ ထောက်ပြပြီး အောက်ပါမေးခွန်းများကို မေး၍ သင်ခန်းစာကို စတင်ပါ။ ကလေးအားလုံးက စဉ်းစားပြီး ဖြေကြပါစေ။
  - ဒီရုပ်ပုံတွေကို မြင်ဖူးလား။
  - ဘယ်သူတွေလဲ၊ ဘာလုပ်နေကြတာလဲ။
  - ဒီပုံတွေကို ဆက်စပ်ပြီး ကြည့်ရင် ဘယ်သူ့အကြောင်းကို ပြောတယ်လို့ ထင်သလဲ။
- "အဲဒီပုံတွေက ဘုရားအကြောင်းကို ပြောတာဆိုတော့ ဘုရားအကြောင်းနဲ့ပတ်သက်ပြီး ဘာတွေ သိထားလဲ။ အရင်အတန်းတွေမှာ သင်ခဲ့ရတဲ့ သင်ခန်းစာတွေကိုရော မှတ်မိသေးလား။ မှတ်မိတယ်ဆိုရင် ပြောပြပါ"ဟု ပြော၍ ပြောလိုသော ကလေး ၃/၄ဦးက ပြောပြပါစေ။ ပြောသော အချက်များထဲတွင် အောက်ပါအချက်များ ပါလာစေရန် ဆရာက ဦးဆောင်ဆွေးနွေးပြီး သင်ပုန်းတွင် မှတ်တမ်းတင်ပါ။
  - ဘုရားဆုပန်တော်မူခြင်း
  - ဘုရားလောင်းဖွားတော်မူခြင်း
  - ဘုရားလောင်းငယ်စဉ်ဘဝ
  - ထီးနန်းစည်းစိမ်စံစားတော်မူခြင်း
  - တောထွက်တော်မူခြင်း
  - ဘုရားဖြစ်တော်မူခြင်း
- ထို့နောက် ကလေးများကို အုပ်စု (၆) စုဖွဲ့ပြီး အုပ်စုတစ်စုစီက အထက်ပါအကြောင်းအရာ တစ်ခုစီကို ဆွေးနွေးပြီး တင်ပြကြပါစေ။ ကိုယ်စားလှယ်တစ်ဦးစီက တင်ပြပြီးတိုင်း ကျန်အုပ်စုများက ဖြည့်စွက်စရာများကို ဖြည့်စွက်ပြောပြကြပါစေ။ လိုအပ်လျှင် ဆရာက ဖြည့်စွက်ဆွေးနွေးပါ။
- "သားတို့သမီးတို့ ဆွေးနွေးခဲ့တဲ့အကြောင်းအရာတွေထဲက ဘုရားဖြစ်တော်မူခြင်းအကြောင်းကို နောက်စာသင်ချိန်မှာ ဆက်ပြီးဆွေးနွေးမယ်"ဟု ပြော၍ စာသင်ချိန်ကို အဆုံးသတ်ပါ။

www.dhammaransi.com

စာသင်ချိန် (၂) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ကျောင်းသားကိုင်စာအုပ်ပါ ဘုရားဖြစ်တော်မူခြင်းအကြောင်းနှင့် သရုပ်ဖော်ပုံများ။

သင်ယူမှုလုပ်ငန်းစဉ်

- ဘုရားဖြစ်တော်မူခြင်းအကြောင်းကို ကလေးများအားလုံး ဖတ်ကြပါစေ။
- ပြီးလျှင် ကလေး၃/၄ဦးခန့်က နားလည်သည့်အတိုင်း ပြောပြကြပါစေ။

ဘုရားဖြစ်တော်မူခြင်း

ဘုရားအလောင်းတော်သည် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး လောကတ္ထစရိယာ (သတ္တဝါများ ချမ်းသာရေးကျင့်စဉ်)၊ ဉာတတ္ထစရိယာ (မိမိ၏ ဆွေမျိုး၊ မိမိ၏ အမျိုးအနွယ် ချမ်းသာရေးကျင့်စဉ်)နှင့် ဗုဒ္ဓတ္ထစရိယာ (သတ္တဝါများကို သံသရာဝဋ်ဆင်းရဲမှ ကယ်တင်နိုင်သော ဘုရားဖြစ်ရေးကျင့်စဉ်)ဟူသော ရည်မှန်းချက်ကြီး သုံးရပ်ကို ဦးထိပ်ပန်ဆင်၍ ပါရမီဆယ်ပါး၊ စွန့်ခြင်းကြီးငါးပါးတို့ကို ဖြည့်ကျင့်တော်မူခဲ့သည်။

ဘုရားဖြစ်မည့် နောက်ဆုံးဘဝ၌ ဘုရားအလောင်းတော်ကို မဟာသက္ကရာဇ် ၆၈ ခု၊ ကဆုန်လပြည့်၊ သောကြာနေ့တွင် ကပိလဝတ်ပြည်နှင့် ဒေဝဒဟပြည်အကြား လုမ္ဗိနီအင်ကြင်းဥယျာဉ်၌ ဖွားမြင်တော်မူခဲ့သည်။ အသက် ၁၆ နှစ် အရွယ်ရောက်သောအခါ ယသောဓရာမင်းသမီးနှင့် ထိမ်းမြားလက်ထပ်ခဲ့ပြီး ကပိလဝတ်ထီးနန်းကို ၁၃ နှစ်တိုင်တိုင် စိုးစံတော်မူခဲ့သည်။ အသက် ၂၉ နှစ် အရွယ်ရောက်သောအခါ သူဇာို၊ သူနာ၊ သူဃေ၊ ရဟန်းဟူသော နိမိတ်ကြီးလေးပါးကို မြင်တွေ့တော်မူပြီး သံဝေဂရကာ တောထွက်တော်မူခဲ့သည်။

တောထွက်တော်မူပြီးနောက် ဘုရားအလောင်းတော်သည် အာဠာရနှင့် ဥဒကဆရာကြီးနှစ်ဦးထံ ချဉ်းကပ်၍ ကျင့်ကြံအားထုတ်ခဲ့ရာ လောကီစျာန်တရားများ ရရှိခဲ့သည်။ သို့သော် ထိုလောကီစျာန်တရားမျှဖြင့် ကျေနပ်မနေဘဲ ဘုရားဖြစ်ရေးအကျင့်ကို ကျင့်ရန် ဆက်လက်ထွက်ခွာလာခဲ့ပြီးနောက် ဒုက္ကရစရိယာအကျင့် (လူသာမန်တို့ ကျင့်နိုင်ခဲသည့် ခက်ခဲပင်ပန်းသောအကျင့်)ကို ခြောက်နှစ်တိုင်တိုင် ကျင့်တော်မူခဲ့၏။ ထိုအကျင့်သည်လည်း ပင်ပန်းရုံသာဖြစ်ပြီး ဘုရားဖြစ်စေနိုင်သော အကျင့်မှန် မဟုတ်ကြောင်း သိရှိတော်မူခဲ့သည်။ နောက်ဆုံးတွင် မဇ္ဈိမပဋိပဒါ အကျင့်မြတ် (အလယ်အလတ်လမ်းစဉ်)ကို ရှာဖွေတွေ့ရှိခဲ့ပြီး ကျင့်တော်မူခဲ့ရာ မဟာသက္ကရာဇ် ၁၀၃ ခု၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့တွင် သတ္တဝါအားလုံးတို့၏ ကိုးကွယ်အားထားရာ မြတ်စွာဘုရားအဖြစ်သို့ ရောက်တော်မူခဲ့သည်။

မှီငြမ်း။ ။ မဟာဗုဒ္ဓဝင်၊ ပထမတွဲ (ပထမပိုင်း)၊ ၃၈-၈၀။ မဟာဗုဒ္ဓဝင်၊ ဒုတိယတွဲ။ ၁-၃၅၁။

- အောက်ပါမေးခွန်းများကို မေးပါ။
  - ဘုရားအလောင်းတော်ကို ဘယ်နေ့၊ ဘယ်ရက်၊ ဘယ်ဒေသမှာ မွေးဖွားခဲ့သလဲ။
  - ဘုရားအလောင်းတော်ဟာ ထီးနန်းကို ဘယ်လောက်ကြာအောင် စိုးစံခဲ့သလဲ။
  - ဘုရားအလောင်းတော်ဟာ ဘာကြောင့် တောထွက်ခဲ့တာလဲ။
  - ဘုရားအလောင်းတော်ဟာ ဘုရားဖြစ်ဖို့အတွက် ဘယ်လိုကျင့်ကြံ အားထုတ်ခဲ့ရသလဲ။
  - ဘယ်နေ့မှာ ဘုရားဖြစ်တော်မူခဲ့သလဲ။
  - ဘုရားအလောင်းတော်ဟာ ဘုရားဖြစ်ဖို့အတွက် ဘယ်လိုရည်မှန်းချက်တွေကို ချမှတ်ခဲ့သလဲ။
  - အဲဒီ ရည်မှန်းချက်အတိုင်း ရရှိအောင် ဘာတွေကို ဖြည့်ကျင့်ခဲ့ရလဲ။

www.dhammaransi.com

စာသင်ချိန် (၃) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ပါရမီဆယ်ပါးနှင့် စွန့်ခြင်းကြီးငါးပါး ရေးသားထားသော စာရွက်ကြီး။

သင်ယူမှုလုပ်ငန်းစဉ်

❁ "သားတို့သမီးတို့ . . . ဘုရားအလောင်းတော်ဟာ ဘုရားဖြစ်ဖို့အတွက် ပါရမီဆယ်ပါး၊ စွန့်ခြင်းကြီးငါးပါးတို့ကို ဖြည့်ကျင့်ခဲ့တဲ့အကြောင်း စတုတ္ထတန်းမှာ လေ့လာခဲ့ကြပြီးပြီ။ မှတ်မိတဲ့သူ ပြန်ပြောပြပါ"ဟု ပြော၍ စာသင်ချိန်ကို စတင်ပါ။ ကလေးများ ပြည့်စုံစွာ မဖြေနိုင်လျှင် ဆရာက ဖြည့်စွက်ပေးပါ။ ကလေးများ ပြောပြီးလျှင် ဆရာက ကြိုတင်ရေးထားသော ပါရမီ ဆယ်ပါးနှင့် စွန့်ခြင်းကြီးငါးပါး စာရွက်ကြီးကို သင်ပုန်းတွင် ကပ်ပါ။

ပါရမီ ဆယ်ပါး

၁။ ဒါနပါရမီ (အလှူဒါနပြုခြင်း)
၂။ သီလပါရမီ (ကိုယ်ကျင့်သီလဆောက်တည်ခြင်း)
၃။ နေက္ခမ္မပါရမီ (တောထွက်ခြင်း)
၄။ ပညာပါရမီ (အကြောင်းအကျိုးကို ဆက်စပ်မြော်မြင်နိုင်ခြင်း)
၅။ ဝီရိယပါရမီ (ကြိုးစားအားထုတ်ခြင်း)
၆။ ခန္တီပါရမီ (သည်းခံခွင့်လွှတ်ခြင်း)
၇။ သစ္စာပါရမီ (မှန်ကန်စွာပြောဆိုခြင်း)
၈။ အဓိဋ္ဌာန်ပါရမီ (အလုပ်ကိစ္စတစ်ခုကို ပြီးမြောက်အောင် ဆောင်ရွက်ရန် စိတ်ဆုံးဖြတ်ခြင်း)
၉။ မေတ္တာပါရမီ (ချစ်ခင်ကြင်နာစိတ်ရှိခြင်း)
၁၀။ ဥပေက္ခာပါရမီ (မချစ်မမုန်းဘဲ အသင့်အတင့်သဘောထားခြင်း)

စွန့်ခြင်းကြီး ငါးပါး
၁။ တိုင်းပြည်နိုင်ငံ၊ ထီးနန်းစည်းစိမ် ဥစ္စာပစ္စည်းများကို စွန့်လွှတ်ခြင်း။
၂။ သားသမီးတို့ကို စွန့်လွှတ်ခြင်း။
၃။ ဇနီးမယားကို စွန့်လွှတ်ခြင်း။
၄။ မိမိ၏ ခန္ဓာကိုယ်အစိတ်အပိုင်းများကို စွန့်လွှတ်ခြင်း။
၅။ မိမိအသက်ကိုပင် စွန့်လွှတ်ခြင်း။

❁ ထို့နောက် ဆရာက အောက်ပါမေးခွန်းများကို မေးပါ။
- စရိယာသုံးပါးက ဘာတွေလဲ။ (ကလေးများဖြေပြီးလျှင် စရိယာသုံးပါးကို သင်ပုန်းတွင် ရေးပါ။)
- လောကတ္ထစရိယာဆိုတာ ဘာလဲ။
- ဉာတတ္ထစရိယာဆိုတာ ဘာလဲ။
- ဗုဒ္ဓတ္ထစရိယာဆိုတာ ဘာလဲ။

❁ "အဲဒီစရိယာသုံးပါးဟာ ဘုရားအလောင်းတော်ရဲ့ ရည်မှန်းချက်ပန်းတိုင်ဖြစ်တယ်။ ဘုရားအလောင်းတော်ဟာ အဲဒီ ရည်မှန်းချက်တွေ ပြည့်ဝဖို့ ပါရမီဆယ်ပါးနဲ့ စွန့်ခြင်းကြီးငါးပါးတို့ကို လက်တွေ့ဖြည့်ကျင့်ခဲ့တယ်"ဟု ပြော၍ စာသင်ချိန်(၄)ကို ဆက်ပါ။

www.dhammaransi.com

စာသင်ချိန် (၄)	။	။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း	။	။ မရှိ။

သင်ယူမှုလုပ်ငန်းစဉ်

- "မြတ်စွာဘုရား ဖြည့်ကျင့်ခဲ့တဲ့ ပါရမီ ဆယ်ပါး၊ စွန့်ခြင်းကြီး ငါးပါး၊ စရိယာ သုံးပါးအကြောင်းကို သိခဲ့ရပြီးပြီ၊ ဒီတော့ သားတို့သမီးတို့က မြတ်စွာဘုရားကို အားကျပြီး ဘယ်အချက်တွေကို လိုက်လုပ်နိုင်မလဲဆိုတာ ဆွေးနွေးကြရအောင်"ဟု ပြော၍ အောက်ပါမေးခွန်းများကို မေး၍ အဖြေများကို မှတ်စုစာအုပ်တွင် ရေးကြပါစေ။
  - ပါရမီ ဆယ်ပါးထဲက ဘယ်အချက်တွေကို လုပ်နိုင်သလဲ။ ဘယ်လို လုပ်မလဲ။
  - စွန့်ခြင်းကြီး ငါးပါးထဲက ဘယ်အချက်တွေကို လုပ်နိုင်သလဲ။ ဘယ်လို လုပ်မလဲ။
  - စရိယာ သုံးပါးထဲက ဘယ်အချက်တွေကို လုပ်နိုင်သလဲ။ ဘယ်လို လုပ်မလဲ။
- ပြီးနောက် ကလေးတစ်ဦးစီက အလှည့်ကျ ပြန်လည်ပြောပြပါစေ။
- ကလေးများပြောသော အကြောင်းအရာများကို ဆရာက မှတ်သားထားပြီး "သားတို့သမီးတို့ . . . အခုပြောသွားတဲ့ အချက်တွေကို လက်တွေ့ဘဝမှာ တကယ်လုပ်နိုင်အောင် ကြိုးစားကြရမယ်"ဟု ပြော၍ သင်ခန်းစာကို အဆုံးသတ်ပါ။

www.dhammaransi.com

သင်ခန်းစာ (၂)

သင်ခန်းစာခေါင်းစဉ် ။ ။ သာသနာပြုလုပ်ငန်း စတင်တော်မူခြင်း

သင်ယူမှုဦးတည်ချက် ။ ။ ဘုရားရှင် သာသနာပြုခြင်းအကြောင်းကို သိရှိပြီး ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ သာသနာသုံးရပ်အကြောင်းကို နားလည်သဘောပေါက်စေရန်။

စာသင်ချိန် (၁) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ကျောင်းသားကိုင်စာအုပ်ပါ သာသနာပြု စေလွှတ်တော်မူခြင်းအကြောင်း သရုပ်ဖော်ပုံများ။

သင်ယူမှုလုပ်ငန်းစဉ်

- "သားတို့သမီးတို့ . . . ဘုရားအလောင်းတော်ဟာ ဘာကြောင့် ဘုရားဖြစ်အောင် ကြိုးစားခဲ့တာလဲ။ ဘယ်သူတွေ အတွက် အဲဒီလို ကြိုးစားခဲ့တာလဲ"ဟု မေး၍ စာသင်ချိန်ကို စတင်ပါ။
  (လောကတ္ထစရိယာ၊ ဉာတတ္ထစရိယာ၊ ဗုဒ္ဓတ္ထစရိယာစသော စကားလုံးများ၏ အဓိပ္ပာယ်နှင့် ချိတ်ဆက် ဆွေးနွေးပေးပါ။)
- ပြီးလျှင် ဆရာက အောက်ပါမေးခွန်းကို ဆက်၍မေးပြီး ကလေးများဖြေဆိုသော အချက်များကို သင်ပုန်းတွင် မှတ်တမ်းတင်ပေးပါ။

  - မြတ်စွာဘုရား ဘုရားဖြစ်တော်မူပြီးစ အချိန်မှာ ဘာတွေလုပ်ဆောင်ခဲ့သလဲ။
- "မြတ်စွာဘုရား သာသနာပြုလုပ်ငန်းတွေ လုပ်တဲ့အခါ သားတို့သမီးတို့ပြောသွားတဲ့ အချက်တွေ ပါ၊မပါ နောက် စာသင်ချိန်မှာ လေ့လာကြည့်ကြမယ်၊ အခု အဲဒီစာသင်ချိန်ကို မသွားခင် စကားလုံးတွေကို အရင်လေ့လာကြည့်ရ အောင်"ဟု ပြော၍ သာသနာပြုလုပ်ငန်း စတင်တော်မူခြင်းတွင် ပါဝင်သည့် ကောလွှာညာ၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိ၊ ပဉ္စဝဂ္ဂိ၊ မိဂဒါဝုန်၊ ဓမ္မစက္ကာ၊ အနတ္တလက္ခဏာသုတ်၊ ကပ္ပါသိက၊ ဘဒ္ဒဝဂ္ဂိ၊ ပြည့်တန်ဆာမ စသည့် စကားလုံး များကို သင်ပုန်းတွင် ဆရာက ရေးပြထားပါ။ (ထိုစကားလုံးများကို ကလေးများ မဖတ်တတ်လျှင် ဆရာက ဖတ်ပြ ပါ။)

ဥပမာ - ဘဒ္ဒိယ - ဘတ်ဒိယ
အဿဇိ - အတ်သဇိ
ပဉ္စဝဂ္ဂိ - ပင်စဝက်ဂီ
ကပ္ပါသိက - ကပ်ပါသိက
ဘဒ္ဒဝဂ္ဂိ - ဘတ်ဒဝက်ဂီ

- "အခုဖတ်ကြည့်ခဲ့တဲ့ စကားလုံးတွေ၊ အကြောင်းအရာတွေကို နောက်စာသင်ချိန်မှာ ဆက်ပြီးဆွေးနွေးကြမယ်"ဟု ပြော၍ စာသင်ချိန်ကို အဆုံးသတ်ပါ။

 www.dhammaransi.com

စာသင်ချိန် (၂) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ကျောင်းသားကိုင်စာအုပ်ပါ သာသနာပြုလုပ်ငန်း စတင်တော်မူခြင်း အကြောင်းနှင့် သရုပ်ဖော်ပုံများ။

သင်ယူမှုလုပ်ငန်းစဉ်

● သာသနာပြုလုပ်ငန်း စတင်တော်မူခြင်း အကြောင်းအရာကို ဖတ်ကြပါစေ။

သာသနာပြုလုပ်ငန်း စတင်တော်မူခြင်း

ဘုရားဖြစ်တော်မူပြီး ၄၉ ရက် ကြာသောအခါ ဘုရားရှင်သည် တရားဦးဒေသနာတော်ကို ဟောတော်မူရန် ဆုံးဖြတ်တော်မူသည်။ ထိုအခါ တရားကို လျင်မြန်စွာသိနိုင်မည့် အာဠာရနှင့်ဥဒက ဆရာဟောင်းကြီး နှစ်ဦးကို ရှေးဦးစွာ သတိရတော်မူသည်။ သို့သော်ဆရာကြီး အာဠာရသည် လွန်ခဲ့သော ခုနစ်ရက်က၊ ဆရာကြီးဥဒကသည် လွန်ခဲ့သော ညက ကွယ်လွန်ခဲ့ပြီဖြစ်ကြောင်းကို ဉာဏ်တော်ဖြင့် သိတော်မူသည်။ ထို့ကြောင့် ဒုက္ကရစရိယာကျင့်စဉ်အခါက မိမိအား လုပ်ကျွေးပြုစုခဲ့ကြသည့် ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိဟူသော ပဉ္စဝဂ္ဂိငါးဦးကို တရားဦးဟောတော်မူရန် မိဂဒါဝုန်တောသို့ ကြွတော်မူ၏။

မိဂဒါဝုန်တောတွင် ပဉ္စဝဂ္ဂိငါးဦးတို့အား တရားဦးဓမ္မစကြာနှင့် အနတ္တလက္ခဏသုတ်ကို ဟောတော်မူသည်။ အနတ္တလက္ခဏသုတ်တော်ကို ဟောတော်မူအပြီးတွင် ပဉ္စဝဂ္ဂိငါးဦးလုံး ရဟန္တာအဖြစ်သို့ ရောက်တော်မူသည်။ ထို့နောက် ယသသူဌေးသားနှင့်သူငယ်ချင်း ၅၄ ယောက်တို့အား တရားဟော ချဲ့ချွတ်တော်မူသည်။ ဝါကျွတ်သောအခါ ရဟန္တာအပါး ၆၀ ကို "ရဟန်းတို့ . . . အရပ်ဒေသ အသီးသီးသို့ လှည့်လည်၍ အစ အလယ် အဆုံး သုံးပါးလုံး ကောင်းမြတ်သည့် အနက်အဓိပ္ပာယ် ပြည့်စုံသော တရားတော်များကို ဟောကြချေ၊ တစ်ကြောင်းတည်းသောခရီးကို နှစ်ပါးမသွားကြနှင့်" စသည်ဖြင့် မိန့်ကြားကာ အနယ်နယ်အရပ်ရပ်သို့ သာသနာပြု စေလွှတ်တော်မူခဲ့၏။ မြတ်စွာဘုရားရှင်ကိုယ်တော်တိုင်လည်း ရသေ့ညီနောင်သုံးပါးနှင့် နောက်ပါတပည့်ရသေ့တစ်ထောင်တို့ကို ချဲ့ချွတ်တော်မူရန် ဥရုဝေလတောသို့ ကြွတော်မူသည်။

မြတ်စွာဘုရားရှင်သည် လမ်းခရီးအကြား၌ ကပ္ပါသိကတောအုပ်ရှိ သစ်ပင်ရင်းတွင် ခေတ္တခဏ သီတင်းသုံးနားနေတော်မူသည်။ ထိုအခါ ဘဒ္ဒဝဂ္ဂိမင်းသားညီနောင် ၃၀ တို့သည် ဇနီးမယားကိုယ်စီဖြင့် တောအုပ်ထဲတွင် ပျော်မြူးနေကြ၏။ သူတို့ထဲတွင် မင်းသားတစ်ယောက်သည် ဇနီးမယား မရှိသောကြောင့် ပြည့်တန်ဆာမတစ်ယောက်ကို ငှေပေး၍ ခေါ်လာခဲ့သည်။ မင်းသားတို့သည် အစားအသောက်ကောင်းများနှင့် အရက်တို့ကို အလွန်အကျွံ သောက်စားကာ မူးယစ်ပြီး အိပ်ပျော်နေစဉ် ပြည့်တန်ဆာမသည် ရွှေငွေပစ္စည်းများကို ခိုးယူ၍ ထွက်ပြေးသွားလေသည်။

မင်းသားတို့သည် ပြည့်တန်ဆာမ ထွက်ပြေးသွားကြောင်း သိသောအခါ တောအုပ်အနှံ့ လိုက်လံရှာဖွေကြ၏။ ဤသို့ ရှာဖွေရင်း မင်းသားတို့သည် မြတ်စွာဘုရားရှင် သီတင်းသုံးနေတော်မူသော သစ်ပင်အနီးသို့ ရောက်လာခဲ့ကြပြီး "မိန်းမတစ်ယောက်ကို တွေ့လိုက်ပါသလား"ဟု ဘုရားရှင်အား မေးမြန်း လျှောက်ထားကြသည်။ ထိုအခါ မြတ်စွာဘုရားရှင်က "မင်းသားတို့ . . . မိန်းမပျောက်ကို ရှာခြင်းနှင့် မိမိကိုယ်ကိုရှာခြင်း ဒီနှစ်မျိုးမှာ ဘယ်ရှာခြင်းက မြတ်တယ်လို့ ထင်သလဲ"ဟု မေးတော်မူလိုက်ရာ "မြတ်စွာဘုရား . . . မိမိကိုယ်ကို ရှာခြင်းကသာ မြတ်ပါတယ်ဘုရား"ဟု ပြန်လည် လျှောက်ထားကြသည်။ ထို့နောက် မြတ်စွာဘုရားရှင်သည် တရားတော်ကို ဆက်လက်ဟောတော်မူရာ ညီနောင် ၃၀ တို့သည် အရိယာအဖြစ်သို့ ရောက်ရှိသွားကြပြီး မြတ်စွာဘုရားထံတော်၌ ရဟန်းအဖြစ်ကို ခံယူခဲ့ကြလေ၏။

မှီငြမ်း။ ။ မဟာဗုဒ္ဓဝင်၊ ဒုတိယတွဲ။ ၎၁၁-၅၄၃၃။

www.dhammaransi.com

ခက်ဆစ်အဖွင့်

ချေချွတ် = အကျွတ်တရားရအောင် ဟောပြောသည်

ပြည့်တန်ဆာမ = ငွေကြေးယူ၍ အမျိုးသားများနှင့် ပျော်ပါးရသော မိန်းမ

- အောက်ပါမေးခွန်းများကို မေးပါ။
  - ဘုရားရှင်က ဘယ်သူတွေကို ဓမ္မစကြာတရားဦး ဟောခဲ့သလဲ။ ဘယ်ဒေသမှာ ဟောခဲ့သလဲ။
  - ဘုရားရှင် သာသနာပြုစေလွှတ်ရာမှာ ရဟန္တာဘယ်နှပါး ကြွရောက်ပြီး သာသနာပြုခဲ့သလဲ။
  - ဘုရားရှင်က ကပ္ပါသိကတောအုပ်ထဲမှာ ဘယ်သူတွေကို တရားဟောခဲ့သလဲ။ ဘယ်လို ဟောခဲ့သလဲ။ မင်းသားတွေက ဘယ်လိုပြန်လျှောက်သလဲ။
  - မင်းသားတွေ ဘာဖြစ်သွားကြသလဲ။
  - သားတို့သမီးတို့ ဖတ်ခဲ့တဲ့အကြောင်းအရာမှာ မြတ်စွာဘုရားရှင်ဟာ အုပ်စုသုံးခုကို တရားဟောတော်မူခဲ့တယ်။ အဲဒီ အုပ်စုသုံးခုက ဘာတွေလဲ။
    (ပဉ္စဝဂ္ဂိငါးဦး၊ ယသနှင့် သူငယ်ချင်း ၅၄ ဦး၊ ဘဒ္ဒဝဂ္ဂိမင်းသားညီနောင် ၃၀ ဦး။)
  - မြတ်စွာဘုရားရှင်က ဘာကြောင့် သာသနာပြုလုပ်ငန်းတွေကို လုပ်ခဲ့သလဲ။
- "နောက်စာသင်ချိန်ကျရင် သာသနာပြုလုပ်ငန်း စတင်တော်မူခြင်း အကြောင်းကို ပြန်ဖတ်ပြီး မေးခွန်းတွေ အပြန်အလှန် မေးကြမယ်"ဟု ပြော၍ စာသင်ချိန်ကို အဆုံးသတ်ပါ။

စာသင်ချိန် (၃) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ မရှိ။

သင်ယူမှုလုပ်ငန်းစဉ်

- ကလေးများကို အုပ်စု(၅)စု ဖွဲ့ပါ။
- "သားတို့သမီးတို့ မြတ်စွာဘုရားရှင် သာသနာပြုလုပ်ငန်း ဘယ်လို စတင်တော်မူခဲ့တယ်ဆိုတာ သိခဲ့ကြပြီ၊ အခု မေးခွန်းတွေ ဖြေကြည့်ကြရအောင်"ဟု ပြော၍ အောက်ပါမေးခွန်းများကို ဆွေးနွေးကြပါစေ။
  - သာသနာပြုတယ်ဆိုတာ ဘာလုပ်တာလဲ။

  (မျှော်မှန်းအဖြေ - ဘုရားရှင်၏ တရားတော်များကို သင်ကြားခြင်း၊ တရားဟောခြင်း စသည်ဖြင့် ရဟန္တာများကို စေလွှတ်ပြီး တရားဟောခြင်း၊ သာသနာတော်ပြန့်ပွားအောင် ပြုလုပ်ခြင်း။)
  - ဘာကြောင့် သာသနာပြု စေလွှတ်တာလဲ။

  (မျှော်မှန်းအဖြေ - အဓိကရည်ရွယ်ချက်က မြတ်စွာဘုရား၏ တရားတော်တွေ ပျံ့နှံ့စေရန်၊ တရားတော်တွေကို ကျင့်သုံးပြီး ကောင်းကျိုးချမ်းသာ ရရှိစေရန်)
  - သာသနာပြု ရဟန္တာတွေက ဘယ်လို သာသနာပြုမယ်လို့ ထင်သလဲ။

  (မျှော်မှန်းအဖြေ - ပရိယတ္တိ (စာပေသင်ကြားခြင်း)၊ ပဋိပတ္တိ (တရားတော်အတိုင်း ကျင့်ကြံအားထုတ်ခြင်း)၊ ပဋိဝေဓ (မဂ်ဖိုလ် နိဗ္ဗာန်တရားကို သိကြရခြင်း) နှင့် ဆက်စပ်သည့် လုပ်ငန်းမှန်သမျှသည် သာသနာပြုခြင်း ဖြစ်သည်။)
- ဆွေးနွေးရရှိသောအချက်များကို ကိုယ်စားလှယ်တစ်ဦးစီက တင်ပြပါစေ။
- ကလေးများ ပြောသမျှကို ဆရာက ပရိယတ္တိ၊ ပဋိပတ္တိနှင့် ပဋိဝေဓ ခေါင်းစဉ်အောက်တွင် အသီးသီး ထည့်သွင်းပါ။ ထို့နောက် သာသနာသုံးရပ် အကြောင်းအကျိုးဆက်စပ်ပုံကို အောက်ဖော်ပြပါ ပုံစံဖြင့် ထပ်မံရှင်းပြပါ။

www.dhammaransi.com



(ပရိယတ္တိ၊ ပဋိပတ္တိသာသနာ ဟူသော အကြောင်းလုပ်ငန်းနှစ်ရပ်ကို လုပ်ခြင်းကြောင့် ပဋိဝေဓသာသနာဟူသော အကျိုးကို ရရှိမည်ဟု ချုပ်၍ ရှင်းပြပါ။)

- ပြီးလျှင် "ကလေးတို့ ဓမ္မစကူးလ်မှာ တက်ရောက်ပြီး ဘုရားရှင်ရဲ့ အဆုံးအမတွေကို သင်ယူနေတာ၊ လက်တွေ့လိုက်နာကျင့်ကြံခြင်းဟာလည်း သာသနာပြုခြင်းဖြစ်တယ်"ဟု ဆရာက ရှင်းပြပါ။
- "နောက်စာသင်ချိန်ကျရင် ဗုဒ္ဓသာသနာ ထွန်းကားပြန့်ပွားအောင် ကလေးတို့ကိုယ်တိုင် ဘာတွေ လုပ်ဆောင်ကြမယ် ဆိုတာကို ဆွေးနွေးကြမယ်"ဟု ပြောပြီး စာသင်ချိန်ကို အဆုံးသတ်ပါ။

စာသင်ချိန် (၄) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ စာရွက်လွတ်များ။

သင်ယူမှုလုပ်ငန်းစဉ်

- စာသင်ချိန်(၃) အတိုင်း အုပ်စုကိုထား၍ အောက်ပါမေးခွန်းကို ဆွေးနွေးပြီး ရရှိသောအချက်များကို စာရွက်လွတ်တွင် ရေးကြပါစေ။
  - ဘုရားရှင်ရဲ့ သာသနာပြုလုပ်ငန်းတွေအကြောင်းကို သိခဲ့ရပြီးပြီ၊ ဒီတော့ သားတို့သမီးတို့ အနေနဲ့ရော ဗုဒ္ဓသာသနာ ထွန်းကားပြန့်ပွားအောင် ဘာတွေလုပ်ဆောင်သွားကြမလဲ။
- ထို့နောက် ကိုယ်စားလှယ်တစ်ဦးစီက အလှည့်ကျတင်ပြပြီး စာရွက်များကို သင်ပုန်းတွင် ကပ်ကြပါစေ။
- ကလေးများပြောပြသော အချက်များကို ချီးကျူးသံသင်ပြီး ဆရာက အောက်ပါအတိုင်း အနှစ်ချုပ်ပေးပါ။
  "သားတို့သမီးတို့ . . . ဗုဒ္ဓသာသနာတော်နဲ့ အခုလိုကြုံတွေ့ပြီး ကိုးကွယ်ခွင့်ရနေကြတာဟာ တကယ်ကို ကံကောင်းကြတယ်၊ ဒါကြောင့် ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားအောင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားကြရမယ်၊ ကြိုးစားနိုင်ကြပါစေလို့လည်း ဆုတောင်းပေးလိုက်ပါတယ်"

www.dhammaransi.com

သင်ခန်းစာ (၃)

သင်ခန်းစာခေါင်းစဉ် ။ ။ ရသေ့ညီနောင် ရှင်တစ်ထောင်ကို ချေချွတ်တော်မူခြင်း

သင်ယူမှုဦးတည်ချက် ။ ။ ရသေ့ညီနောင် ရှင်တစ်ထောင်ကို မြတ်စွာဘုရား ချေချွတ်တော်မူခဲ့သည့်အကြောင်းကို သိရှိပြီး ရှင်းပြတတ်စေရန်။

စာသင်ချိန် (၁) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ကျောင်းသားကိုင်စာအုပ်ပါ သရုပ်ဖော်ပုံများ။

သင်ယူမှုလုပ်ငန်းစဉ်

- ကလေးများအား ကျောင်းသားကိုင်စာအုပ်ပါ ရုပ်ပုံတစ်ပုံစီကို ပြပြီး အောက်ပါမေးခွန်းများကို မေးပါ။
  - ဒီပုံထဲက လူတွေက ဘယ်သူတွေလဲ။
  - ဘာလုပ်နေကြတယ်လို့ ထင်သလဲ။
  - ဘာကြောင့် အဲဒီလို လုပ်တယ်လို့ ထင်သလဲ။
  - ရသေ့ဆိုတာ ဘယ်လိုလူမျိုးလဲ။ သူတို့က ဘာလုပ်သလဲ။

  (ယေဘုယျအားဖြင့်ပြောရရင် ရသေ့ဆိုတာ သစ်ခေါက်ဆိုးထားတဲ့ အညိုရောင်အဝတ်ကို ဝတ်တယ်၊ ခေါင်းမာလည်း ဒေါက်ခြာလို့ခေါ်တဲ့ ဦးထုပ်ရှည်တစ်ခု ဆောင်းထားလေ့ရှိတယ်၊ သီလနဲ့ ပြည့်စုံအောင် နေတယ်၊ တရားကျင့်တယ်။)
- ထို့နောက် အထက်ပါပုံအားလုံးကို ဆက်စပ်၍ ရသေ့ညီနောင် ရှင်တစ်ထောင်အကြောင်းကို ကလေး ၄/၅ဦးခန့်က နားလည်သည့်အတိုင်း ပြောကြပါစေ။
- ကလေးများပြောပြီးလျှင် ဆရာက "သားတို့သမီးတို့ အခုပြောခဲ့တဲ့ အကြောင်းအရာတွေကို နောက်စာသင်ချိန်မှာ ဆက်ပြီးလေ့လာကြမယ်"ဟု ပြော၍ စာသင်ချိန်ကို အဆုံးသတ်ပါ။

စာသင်ချိန် (၂) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ကျောင်းသားကိုင်စာအုပ်ပါ ရသေ့ညီနောင် ရှင်တစ်ထောင်အကြောင်းနှင့် သရုပ်ဖော်ပုံများ။

သင်ယူမှုလုပ်ငန်းစဉ်

- ကလေးများ ကိုယ်တိုင် ဖတ်ကြပါစေ။

ရသေ့ညီနောင် ရှင်တစ်ထောင်ကို ချေချွတ်တော်မူခြင်း

မြတ်စွာဘုရားရှင်သည် ဘဒ္ဒဝဂ္ဂိညီနောင် ၃၀ တို့ကို ချေချွတ်တော်မူပြီးနောက် ဥရုဝေလတောသို့ ဆက်လက်ကြွတော်မူသည်။ ထိုအချိန်၌ ဥရုဝေလတောတွင် နာမည်ကြီး ရသေ့ညီနောင်များဖြစ်ကြသော ဥရုဝေလကဿပ၊ နဒီကဿပနှင့် ဂယာကဿပတို့ နေထိုင်ကြသည်။ ဥရုဝေလကဿပရသေ့ကြီးတွင် တပည့်ရသေ့ ၅၀၀၊ နဒီကဿပရသေ့ကြီးတွင် တပည့်ရသေ့ ၃၀၀ နှင့် အငယ်ဆုံး ဂယာကဿပရသေ့ကြီးတွင် တပည့်ရသေ့ ၂၀၀ အသီးသီးရှိကြ၏။ ထိုရသေ့တို့သည် ဥရုဝေလဒေသတစ်ဝိုက်တွင် လူအများ၏ လှူဒါန်းပူဇော်မှုကို အများဆုံးရရှိသော ရသေ့များ ဖြစ်ကြသည်။

မြတ်စွာဘုရားရှင်သည် ဥရုဝေလကဿပရသေ့ကြီး၏ ကျောင်းသခံမ်းရှိ မီးတင်းကုပ် (မီးပူဇော်ရာတဲ)၌ တည်းခို

www.dhammaransi.com

ခွင့်ပေးရန် ရသေ့ကြီးထံတွင် ခွင့်တောင်းတော်မူသည်။ ရသေ့ကြီးက "မီးတင်းကုပ်ထဲမှာ အလွန် ကြမ်းတမ်းခက်ထန်တဲ့ နဂါးကြီးရှိတယ်၊ အဲဒီနဂါးကြီးက သင့်ကို ရန်ပြုလိမ့်မယ်"ဟု ပြော၏။ သို့သော် မြတ်စွာဘုရားရှင်က "ထိုနဂါးကြီးသည် ငါ့အား မညှဉ်းပန်း မနှိပ်စက်နိုင်ပါ၊ ငါ့အား မီးတင်းကုပ်၌ နေထိုင်ရန်သာ ခွင့်ပြုပါ"ဟု ခွင့်တောင်းလေသည်။ ရသေ့ကြီးကလည်း တည်းခိုခွင့် ပေးလိုက်သည်။ မြတ်စွာဘုရာရှင်သည် တဲကုပ်လေးထဲသို့ ဝင်၍ မြက်ဖျာကလေး ခင်းကာ နေတော်မူ၏။

ထိုအချိန်တွင် အလွန်ကြောက်မက်ဖွယ်ကောင်းသော နဂါးကြီးသည် စိတ်ဆိုးမာန်ဆိုးဖြင့် အခိုးများလွှတ်ကာ မြတ်စွာဘုရားကို စတင်တိုက်ခိုက်သည်။ မြတ်စွာဘုရားရှင်လည်း နဂါးကြီးကို ထိခိုက်နာကျင်မှု မရှိစေဘဲ နဂါးကြီး၏ အခိုးထက် ပြင်းထန်သော အခိုးများ ပြန်လွှတ်တော်မူသည်။ နဂါးကြီးလည်း အလွန်စိတ်ဆိုးပြီး မီးတောက်မီးလျှံများဖြင့် တိုက်ခိုက်ပြန်သည်။ မြတ်စွာဘုရားရှင်ကလည်း နဂါးကြီး၏ မီးတောက်မီးလျှံများထက် ပို၍ပြင်းထန်သော မီးတောက်မီးလျှံများကို လွှတ်ပြန်၏။ မြတ်စွာဘုရားနှင့် နဂါးကြီးတို့၏ မီးတောက်မီးလျှံများကြောင့် ပတ်ဝန်းကျင်တစ်ခုလုံးမှာ လင်းထိန်နေလေသည်။ ထိုအချိန်တွင် ရသေ့ကြီးနှင့် တပည့်တို့သည် မြတ်စွာဘုရား တည်းခိုရာ တဲကုပ်လေးကို ကြည့်ပြီး "အလွန်ချောမောလှပတဲ့ ရဟန်းကြီးကို နဂါးကြီးက ညှဉ်းပန်းနှိပ်စက်ပစ်လိုက်ပြီ"ဟု ပြောဆိုနေကြသည်။

နံနက်မိုးလင်းသောအခါ ဥရုဝေလကဿပရသေ့ကြီးနှင့် တပည့်ရသေ့တို့သည် မြတ်စွာဘုရားရှင် တည်းခိုရာ တဲကုပ်လေးကို လာကြည့်ကြသည်။ မြတ်စွာဘုရားရှင်သည် အကောင်းပကတိရှိပြီး သပိတ်၌ ထည့်ထားသော နဂါးကြီးကို မြင်တွေ့ကြရလေရာ မြတ်စွာဘုရားရှင်က နဂါးကြီးကို အနိုင်ရလိုက်ကြောင်း၊ နဂါးကြီးလည်း ထိခိုက်နာကျင်မှု မရှိကြောင်း သဘောပေါက်သွားကြ၏။ ရသေ့ကြီးသည် မြတ်စွာဘုရားရှင်ကို အလွန်အထင်ကြီးသွားလေသည်။ သို့သော် ရသေ့ကြီးသည် "ဩော် . . . ရဟန်းကြီးဟာ တန်ခိုးတော့ အတော်ထက်သားပဲ၊ ဒါပေမဲ့ ငါလိုတော့ မြင့်မြတ်တဲ့ ရဟန္တာ မဟုတ်သေးဘူး"ဟု တွေးနေသည်။

နောက်တစ်နေ့ညရောက်သောအခါ စတုမဟာရာဇ်နတ်မင်းကြီးတို့သည် ကိုယ်ရောင်ကိုယ်ဝါတို့ဖြင့် ထွန်းလင်းတောက်ပလျက် မြတ်စွာဘုရားထံ လာရောက်တရားနာကြသည်။ နောက်တစ်ညတွင် သိကြားမင်းသည် ကိုယ်ရောင်ကိုယ်ဝါများ ထွန်းလင်းတောက်ပစွာဖြင့် လာရောက်ဖူးမြော်သည်။ နောက်တစ်နေ့ညတွင် သဟမ္မတိဗြဟ္မာမင်းသည် တောအုပ်ကြီးတစ်ခုလုံးကို ထွန်းလင်းတောက်ပစေလျက် လာရောက်ဖူးမြော်ပြန်သည်။ သို့သော် ရသေ့ကြီးသည် မြတ်စွာဘုရား၏ ဘုန်းတန်ခိုးကြီးမားပုံကို မျက်မြင်ကိုယ်တွေ့ဖြစ်သော်လည်း သူကဲ့သို့ မြင့်မြတ်သော ရဟန္တာမဟုတ်ဟု သာ ထင်မြင်ယူဆနေဆဲ ဖြစ်၏။ မြတ်စွာဘုရားရှင်ကလည်း ရသေ့ကြီးသည် နောင်သောအခါ သာသနာတော်၌ အလွန်အားကိုးရမည့် ပုဂ္ဂိုလ်မြတ်ဖြစ်လာမည်ကို ကြိုတင်သိထားသောကြောင့် ရသေ့ကြီး၏ မာန်မာနကျမည့်အချိန်ကို စိတ်ရှည်စွာ စောင့်ဆိုင်းတော်မူသည်။

ဥရုဝေလတောအုပ်အနီးရှိ တိုင်းကြီးနှစ်တိုင်းမှ လူများသည် လစဉ်ကျင်းပမြဲဖြစ်သော ရသေ့ကြီးအား ပူဇော်လှူဒါန်းသည့် အလှူပွဲကြီးကို ကျင်းပနေကြသည်။ သို့ဖြစ်၍ ရသေ့ကြီးတို့ကျောင်း၌ လူများ စည်ကားနေသည်။ ထိုအချိန်တွင် ရသေ့ကြီးက "ရဟန်းကြီးဟာ တန်ခိုးကြီးတယ်၊ ငါ့ဒကာတွေကို တန်ခိုးပြလိုက်ရင် ငါ့ဒကာတွေဟာ ရဟန်းကြီးကို ကြည်ညိုသွားကြလိမ့်မယ်၊ ဒီတော့ မနက်ဖြန် ရဟန်းကြီး ဆွမ်းလာမစားရင် ကောင်းမှာပဲ"ဟု တွေးနေမိသည်။

မြတ်စွာဘုရားရှင်သည် ရသေ့ကြီး၏ အတွေးကို သိတော်မူသည်။ ထို့ကြောင့် နောက်တစ်ရက် အလှူပွဲတွင် ရသေ့တို့ထံ ဆွမ်းစားမကြွဘဲ အခြားနေရာသို့ ကြွတော်မူသည်။ နောက်တစ်ရက် ဆွမ်းစားချိန်၌ တွေ့ကြသောအခါ "ရဟန်းကြီး . . . မနေ့က ဘာဖြစ်လို့ ဆွမ်းလာမစားတာလဲ၊ ကျွန်ုပ်တို့ ရဟန်းကြီးကို မျှော်နေကြတာ"ဟု ရသေ့ကြီးက ဟန်ဆောင်ပြောရာ မြတ်စွာဘုရားရှင်က "ရသေ့ကြီး . . . သင်တွေး နေတာကို ငါဘုရားသိတယ်၊ မနေ့က ဆွမ်းလာမစားရင် ကောင်းမှာပဲလို့ တွေးနေခဲ့တယ် မဟုတ်လား၊ ဒါ့ကြောင့် ငါဘုရား အခြားနေရာကိုကြွပြီး ဆွမ်းဘဉ်းပေးလိုက်တယ်"ဟု မိန့်တော်မူလိုက်၏။ ဤအကြိမ်၌လည်း ရသေ့ကြီးက "ရဟန်းကြီးသည် ငါ၏စိတ်အကြံကို သိသော်လည်း ငါကဲ့သို့ မြင့်မြတ်သော ရဟန္တာမဟုတ်သေးဘူး"ဟု ထင်နေဆဲ ဖြစ်သည်။

နောက်တစ်ရက်တွင် သိကြားမင်းသည် မြတ်စွာဘုရားရှင်အတွက် ရေကန်၊ သင်္ကန်းလှန်းစရာ စသည်တို့ကို ဖန်ဆင်းပေးသည်။ ရသေ့ကြီးသည် ရေကန်စသည်တို့ကို တွေ့မြင်ရသောအခါ "ဒါတွေကို ဘယ်သူလုပ်ပေးထားတာလဲ"

www.dhammaransi.com

ဟု မေးဏ။ မြတ်စွာဘုရားရှင်က "သိကြားမင်းလာပြီး ဖန်ဆင်းပေးသွားတာ"ဟု မိန့်တော်မူလိုက်သောအခါ "သြော် . . . သိကြားမင်းကတောင်မှ ရဟန်းကြီးကို လာဖန်ဆင်းပေးသွားတယ်၊ ရဟန်းကြီးဟာ တော်တော်တန်ခိုးကြီး တာပဲ၊ ဒါပေမဲ့ ငါလိုမြင့်မြတ်တဲ့ ရဟန္တာတော့ မဟုတ်သေးဘူး"ဟု တွေးနေမိပြန်သည်။ မြတ်စွာဘုရားရှင်နှင့် စကား ပြောပြီးသောအခါ "ရဟန်းကြီး . . . ဆွမ်းစားချိန် ရောက်ပြီ၊ ဆွမ်းသွားစားရအောင်"ဟု ပြောသည်။ မြတ်စွာဘုရားရှင်သည် "ရသေ့ကြီး . . . ရှေ့က သွားနှင့်ပါ၊ ငါဘုရား နောက်ကလိုက်ခဲ့မယ်"ဟု မိန့်တော်မူပြီး တန်ခိုးဖြင့် ကွေ့သွားတော်မူရာ ရသေ့ကြီး၏ ကျောင်းသို့ အရင်ရောက်နေတော်မူ၏။ မြတ်စွာဘုရားရှင်က မည်သို့ပင် တန်ခိုးအမျိုးမျိုး ပြသော်လည်း သူကဲ့သို့ ရဟန္တာတော့ မဟုတ်သေးဘူးဟု ရသေ့ကြီးက ထင်နေဆဲဖြစ်သည်။

နောက်ဆုံး၌ မြတ်စွာဘုရားရှင်သည် "ရသေ့ကြီး . . . သင်ဟာ သင့်ကိုယ်သင် မြင့်မြတ်တဲ့ ရဟန္တာလို့ ထင်နေခဲ့တယ်၊ တကယ်တော့ သင်ဟာ မြင့်မြတ်တဲ့ ရဟန္တာလည်း မဟုတ်သလို မြင့်မြတ်တဲ့ အကျင့်မှန်လည်း သင့်မှာ လုံးဝ မရှိဘူး"ဟု ပွင့်ပွင့်လင်းလင်း မိန့်တော်မူလိုက်သည်။

ထိုအခါမှ ရသေ့ကြီးသည် ထိတ်လန့်ပြီး သူ့အား တပည့်အဖြစ် သတ်မှတ်၍ ရဟန်းပြုပေးပါရန် တောင်းပန်ခဲ့သည်။ ထို့အပြင် ရသေ့ကြီး၏ တပည့် ၅၀၀ တို့သည်လည်း ရသေ့ကြီးနည်းတူ တောင်းပန်ကြ၏။ ထို့နောက် နဒီကဿပရသေ့နှင့် တပည့်ရသေ့ ၃၀၀၊ ဂယာကဿပရသေ့နှင့် တပည့်ရသေ့ ၂၀၀ တို့လည်း ရဟန်းပြုခွင့် တောင်းကြပြီး မြတ်စွာဘုရားရှင်၏ တပည့်သာဝကများ ဖြစ်လာကြသည်။

မှီငြမ်း။ ။ မဟာဗုဒ္ဓဝင်၊ ဒုတိယတွဲ။ ၅၄၃-၅၇၉။

ခက်ဆစ်အဖွင့်

မီးတင်းကုပ် = မီးဖိုချောင်

❁ အောက်ပါမေးခွန်းများကို မေးပါ။

- ဥရုဝေလတောထဲမှာ ဘယ်သူတွေ နေထိုင်ကြသလဲ။
- မြတ်စွာဘုရားရှင်က နဂါးကြီးကို ဘယ်လို နှိမ်နင်းလိုက်သလဲ။
- ညဘက်မှာ မြတ်စွာဘုရားရှင်ကို ဘယ်သူတွေလာပြီး ဖူးမြော်ကြသလဲ။ (တစ်ဆင့်ပြီးတစ်ဆင့် မေးပါ)
- မြတ်စွာဘုရားရှင်ဟာ ရသေ့ကြီး မာန်မာနကျမယ့်ချိန်အထိ ဘာကြောင့် စိတ်ရှည်ရှည် စောင့်ခဲ့တာလဲ။
- မြတ်စွာဘုရားရှင်က ရသေ့ကြီးကို ရဟန္တာမဟုတ်ကြောင်း ဘာကြောင့် ချက်ချင်း မပြောတာလဲ။

www.dhammaransi.com

စာသင်ချိန် (၃) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ စာရွက်လွတ်များ။

သင်ယူမှုလုပ်ငန်းစဉ်

- အောက်ပါမေးခွန်းများဖြင့် စာသင်ချိန်ကို စတင်ပါ။
  - ရသေ့ညီနောင် သုံးဦးက ဘယ်သူတွေလဲ။
  - သူတို့မှာ တပည့်ရသေ့ ဘယ်လောက်စီ ရှိကြသလဲ။
- ထို့နောက် ကလေးများကို အုပ်စု (၆)စု ဖွဲ့ပြီး အောက်ပါမေးခွန်းကို အုပ်စုလိုက် ဆွေးနွေးကြပါစေ။ အုပ်စုလိုက် ဆွေးနွေးထားသော အချက်များကို စာရွက်လွတ်တွင် နားလည်သည့်အတိုင်း ရေးကြပါစေ။
  - မြတ်စွာဘုရားရှင် ဘုန်းတန်ခိုးကြီးမားကြောင်း ဘယ်အချက်တွေအရ သိနိုင်တာလဲ။
- ပြီးလျှင် စာသင်ခန်းအတွင်း နံရံများတွင် ကပ်စေပြီး ကလေးအားလုံး လှည့်လည်ကြည့်ရှုကြပါစေ။ လှည့်လည်ကြည့်ရှုနေစဉ် မိမိတို့အဖွဲ့တွင် မပါဝင်သော အချက်များကို မှတ်သားလာခဲ့ပြီး အုပ်စုကိုယ်စားလှယ်တစ်ဦးစီက အတန်းသားအားလုံးသို့ ပြန်လည်ပြောပြပါစေ။
- ထို့နောက် လိုအပ်သော အချက်များကို ဆရာက ဖြည့်စွက်ဆွေးနွေး၍ စာသင်ချိန်ကို အနှစ်ချုပ်ပါ။

စာသင်ချိန် (၄) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ မရှိ။

သင်ယူမှုလုပ်ငန်းစဉ်

- "သားတို့သမီးတို့ . . . မြတ်စွာဘုရားရှင်က ဥရဝေလကဿပရသေ့ကြီးနှင့် အပေါင်းအပါတို့ကို ဘယ်လို ချေချွတ်ခဲ့တယ်ဆိုတာ သိခဲ့ရပြီ၊ ဒီတစ်ခါတော့ သားတို့သမီးတို့ အဲဒီအကြောင်းအရာကို ဘယ်လောက်နားလည်သလဲဆိုတာ သိရအောင် အဓိကအချက်တွေကို ယူပြီး စာဆယ်ကြောင်းခန့် သားတို့သမီးတို့ရဲ့ မှတ်စုစာအုပ်ထဲမှာ ရေးကြည့်ကြရအောင်"ဟု ဆရာက ပြော၍ ကလေးများအားလုံး ရေးကြပါစေ။
- အားလုံးရေးပြီးလျှင် ကလေး ၄/၅ဦးခန့်က အတန်းရှေ့.ထွက်၍ ဖတ်ပြကြပါစေ။
- နောက်ဆုံးတွင် ဆရာက ကလေးများ၏ တင်ပြချက်များကို အသိမှတ်ပြုပေးပြီး သင်ခန်းစာကို အဆုံးသတ်ပါ။

www.dhammaransi.com

သင်ခန်းစာ (၄)

သင်ခန်းစာခေါင်းစဉ် ။ ။ မြတ်စွာဘုရားရှင်နှင့် ဗိမ္မိသာရမင်းကြီး တွေ့ဆုံခြင်း

သင်ယူမှုဦးတည်ချက် ။ ။ မြတ်စွာဘုရားရှင်နှင့် ဗိမ္မိသာရမင်းကြီး တွေ့ဆုံခြင်းအကြောင်းကို သိရှိပြီး သရဏာဂုံသုံးပါးကို ဆောက်တည်ကိုးကွယ်ဆည်းကပ်တတ်စေရန်။

စာသင်ချိန် (၁) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ကျောင်းသားကိုင်စာအုပ်ပါ မြတ်စွာဘုရားရှင်နှင့် ဗိမ္မိသာရမင်းကြီး တွေ့ဆုံခြင်းအကြောင်း သရုပ်ဖော်ပုံများ။

သင်ယူမှုလုပ်ငန်းစဉ်

- "သားတို့သမီးတို့ . . . ပြီးခဲ့တဲ့အပတ်က ဆွေးနွေးခဲ့တဲ့ သင်ခန်းစာကို မှတ်မိသေးလား။ အဲဒီသင်ခန်းစာထဲမှာ မြတ်စွာဘုရားရှင်က ဥရုဝေလကဿပရသွေ့ကြီးကို ဘယ်လိုချေချွတ်ခဲ့တယ်ဆိုတာ မှတ်မိသလောက် ပြောပြကြပါ"ဟု မေး၍ စာသင်ချိန်ကို စတင်ပါ။ (ပြောလိုသော ကလေး ၄/၅ဦးခန့်က ပြောပြကြပါစေ။)
- ထို့နောက် ကလေးများအား အောက်ပါမေးခွန်းများကိုမေးပါ။ ဖြေဆိုလိုသောကလေးများက လက်ထောင်၍ ဖြေဆိုကြပါစေ။
  - ဗိမ္မိသာရမင်းကြီးဆိုတာကို ကြားဖူးသလား။
  - ဗိမ္မိသာရမင်းကြီးနဲ့ ပတ်သက်ပြီး ဘာတွေသိထားသလဲ။
- ထို့နောက် ကျောင်းသားကိုင်စာအုပ်ပါ ဗိမ္မိသာရမင်းကြီးနှင့် တွေ့ဆုံခန်းအကြောင်း သရုပ်ဖော်ပုံများကို တစ်ပုံစီ ကြည့်၍ စဉ်းစားစေပြီးနောက် အောက်ပါမေးခွန်းများကို ဖြေဆိုကြပါစေ။ (စာသားများကို အုပ်ထားစေပြီး ပုံများကိုသာ ကြည့်ပါစေ။)
  - ဒီပုံထဲက လူတွေက ဘယ်သူတွေလို့ ထင်သလဲ။
  - ဘာလုပ်နေကြတာလို့ထင်လဲ။ ဘာကြောင့် အဲဒီလိုလုပ်နေတာလို့ ထင်သလဲ။
- အထက်ပါပုံများကို ဆက်စပ်၍ ဗိမ္မိသာရမင်းကြီး အကြောင်းကို ကလေး ၃/၄ဦးခန့်က နားလည်သည့်အတိုင်း ပြောကြပါစေ။
- ကလေးများပြောပြီးလျှင် ဆရာက "ကလေးတို့ အခုပြောသွားတဲ့အကြောင်းအရာနဲ့ ကလေးတို့ကိုင်ထားတဲ့ စာအုပ်ထဲမှာပါတဲ့ ဗိမ္မိသာရမင်းကြီးအကြောင်း ဘယ်အချက်တွေ တူညီနေသလဲဆိုတာသိဖို့ နောက်စာသင်ချိန်ကျရင် ဆက်ပြီးဆွေးနွေးကြမယ်"ဟု ပြော၍ စာသင်ချိန်ကို အဆုံးသတ်ပါ။

www.dhammaransi.com

စာသင်ချိန် (၂) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ကျောင်းသားကိုင်စာအုပ်ပါ မြတ်စွာဘုရားရှင်နှင့် ဗိမ္မိသာရမင်းကြီး တွေ့ဆုံခြင်းအကြောင်းနှင့် သရုပ်ဖော်ပုံများ။

သင်ယူမှုလုပ်ငန်းစဉ်

- ဗိမ္မိသာရမင်းကြီးနှင့် တွေ့ဆုံခြင်းအကြောင်းကို ကလေးများ ဖတ်ကြပါစေ။

မြတ်စွာဘုရားရှင်နှင့် ဗိမ္မိသာရမင်းကြီး တွေ့ဆုံခြင်း

ဘုရားအလောင်းတော်သည် တောထွက်တော်မူလာစဉ် ဗိမ္မိသာရမင်းကြီးနှင့်တွေ့ရာ ဘုရားအဖြစ်သို့ ရောက်တော်မူလျှင် ရာဇဂြိုဟ်ပြည်သို့ ရှေးဦးစွာ ကြွရောက်တော်မူပါရန် မင်းကြီးက တောင်းပန်လျှောက်ထားခဲ့သည်။

သို့ဖြစ်၍ ဘုရားရှင်သည် ဘုရားဖြစ်တော်မူသောအခါ ရဟန္တာ ၁၀၀၀ ခြံရံလျက် ရာဇဂြိုဟ်ပြည်သို့ ကြွလာတော်မူပြီး ရာဇဂြိုဟ်မြို့အနီး ထန်းတောကြီးရှိ ပညောင်ပင်ရင်း၌ သီတင်းသုံးနေထိုင်တော်မူသည်။ ဗိမ္မိသာရမင်းကြီးသည် မြတ်စွာဘုရား ကြွတော်မူလာကြောင်း ကြားသိသောအခါ ပုဏ္ဏားသူဌေး တစ်သိန်းနှစ်သောင်း ခြံရံလျက် မြတ်စွာဘုရားထံသို့ လာရောက်ဖူးမြော်လေ၏။ ဘုရားရှင်ထံမှောက် ရောက်သောအခါ မြတ်စွာဘုရားရှင်ကို ရှိသေစွာရှိခိုး၍ အပြစ်ခြောက်ပါး လွတ်ရာအရပ်၌ ထိုင်နေလေသည်။

ပုဏ္ဏားသူဌေးတို့သည် မြတ်စွာဘုရားရှင်၏အနီး၌ ဥရုဝေလကဿပရသေ့ကြီးကို တွေ့ကြရာ "ဥရုဝေလကဿပရသေ့ကြီးက မြတ်စွာဘုရားထံ တပည့်ခံလိုက်တာလား၊ မြတ်စွာဘုရားက ဥရုဝေလကဿပရသေ့ကြီးထံ တပည့်ခံလိုက်တာလား"ဟု သံသယဖြစ်နေကြ၏။ သူဌေးတို့၏ စိတ်အကြံကို သိတော်မူသော မြတ်စွာဘုရားရှင်က "ချစ်သားကဿပ . . . အရင်က ကျင့်ခဲ့တဲ့ မီးပူဇော်ခြင်းစသည့် အကျင့်များကို ကျင့်သေးသလား"ဟု ဥရုဝေလကဿပရသေ့ကြီးအား မေးတော်မူသည်။ ထိုအခါ ရသေ့ကြီးက "မီးပူဇော်ခြင်း အကျင့်များကို မကျင့်တော့ပါ၊ အရှင်ဘုရား ဟောကြားတော်မူတဲ့ တရားတော်ကို သိမြင်ပြီးပါပြီဘုရား"ဟု ပြန်လည်လျှောက်ထား၏။ ထို့နောက် မြတ်စွာဘုရားရှင်၏ ခြေဖမိုးပေါ်တွင် ဦးခေါင်းကို တင်၍ "တပည့်တော်က အရှင်ဘုရား၏ တပည့်ဖြစ်ပါတယ်ဘုရား"ဟု လျှောက်ထား၏။ ထိုအခါ သူဌေးအပေါင်းတို့လည်း သံသယရှင်းသွားကြတော့သည်။

ထို့နောက် မြတ်စွာဘုရားရှင်က ဗိမ္မိသာရမင်းကြီးနှင့် ပုဏ္ဏားသူဌေး တစ်သိန်းနှစ်သောင်းတို့ကို တရားဟောကြားတော်မူသည်။ တရားအဆုံး၌ ဗိမ္မိသာရမင်းကြီးနှင့် ပုဏ္ဏားသူဌေး တစ်သိန်းတစ်သောင်းတို့သည် သောတာပတ္တိဖိုလ်၌ တည်ကြ၏။ ကျန်ပုဏ္ဏားသူဌေး တစ်သောင်းတို့လည်း သရဏဂုံတည် ဥပါသကာများ ဖြစ်ခဲ့ကြလေသည်။

ဗိမ္မိသာရမင်းကြီးသည် ရှင်ဘုရင်မဖြစ်မီ မင်းသားဘဝတွင်ပင် တောင့်တချက်ငါးပါး ရှိခဲ့သည်။ ထိုငါးပါးတို့မှာ မဂဓတိုင်း၏ ရှင်ဘုရင်ဖြစ်လိုခြင်း၊ မိမိတိုင်းပြည်သို့ မြတ်စွာဘုရား ကြွလာတော်မူရန် အလိုရှိခြင်း၊ မြတ်စွာဘုရားအား ရှိသေစွာ ပူဇော်ဆည်းကပ်လိုခြင်း၊ မြတ်စွာဘုရားထံမှ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို နာကြားလိုခြင်းနှင့် တရားတော်ကိုလည်း ပိုင်းခြားထင်ထင် သိမြင်လိုခြင်းတို့ ဖြစ်သည်။ ယခုအခါ ထိုအချက် ငါးပါးလုံး ပြည့်စုံခဲ့ပြီ ဖြစ်၏။

ထို့နောက် ဗိမ္မိသာရမင်းကြီးသည် ယနေ့မှစ၍ အသက်ရှည်သမျှ ကာလပတ်လုံး ဥပါသကာအဖြစ် မှတ်ယူတော်မူပါဟု လျှောက်ထားလေသည်။ ထို့နောက် မင်းကြီးသည် မြတ်စွာဘုရားနှင့် ရဟန်းသံဃာတော်တို့ကို ဆွမ်းအလှူခံရန် ပင့်ဖိတ်ခဲ့သည်။ မြတ်စွာဘုရားသည် မင်းကြီး၏ ပင့်ဖိတ်ခြင်းကို လက်ခံတော်မူ၏။ ဗိမ္မိသာရမင်းကြီးသည် မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် နန်းတော်သို့ ပြန်သွားလေသည်။

ဗိမ္မိသာရမင်းကြီး၏ ဆွမ်းအလှူတော်ပွဲသို့ ကြွရောက်တော်မူမည့် မြတ်စွာဘုရားကို လူပရိသတ်များစွာတို့က ထန်းတောဥယျာဉ်သို့ လာရောက်ဖူးမြော်ကြသည်။ လူပရိသတ် များလွန်းလှသဖြင့် ရဟန်းတော်တစ်ပါး လမ်းလျှောက်ကြွနိုင်ရုံလောက်ပင် နေရာမရှိ ဖြစ်နေသည်။ သို့ဖြစ်၍ မြတ်စွာဘုရားရှင်နှင့် သံဃာတော်များ ရာဇဂြိုဟ်မြို့တွင်းသို့ ကြွ

www.dhammaransi.com

နိုင်ရန် သိကြားမင်းက လုလင်ပျိုအသွင် ဖန်ဆင်းကာ လမ်းရှင်းပေးရသည်။

ဗိမ္မိသာရမင်းကြီးသည် မြတ်စွာဘုရားရှင်ကို ကြည်ညိုလှသဖြင့် ထိုဆွမ်းအလှူပွဲတွင် ဝေဠုဝန်ဥယျာဉ်တော်ကို မြတ်စွာဘုရားနှင့် သံဃာတော်တို့အား ရေစက်သွန်းချ လှူဒါန်းခဲ့၏။ မြတ်စွာဘုရားရှင်သည် ထိုဝေဠုဝန်ဥယျာဉ်ကျောင်းတိုက်တော်၌ နှစ်ပေါင်းများစွာ ဝါဆိုဝါကပ်တော်မူခဲ့ပြီး တရားဒေသနာတော်များစွာကိုလည်း ဟောကြားတော်မူခဲ့သည်။

မိုဂြိမ်း။ ။ မဟာဗုဒ္ဓဝင်၊ ဒုတိယတွဲ၊ ၅၇၉။

❁ အောက်ပါမေးခွန်းများ မေးပါ။

- မြတ်စွာဘုရားက ရာဇဂြိုဟ်ပြည်ကို ပထမဦးဆုံးကြွလာတာ ဘာကြောင့်လဲ။
- မြတ်စွာဘုရားနဲ့အတူ ဘယ်သူတွေ ရာဇဂြိုဟ်ပြည်ကို ကြွလာခဲ့သလဲ။
- မြတ်စွာဘုရား ရာဇဂြိုဟ်ပြည်ကို ကြွလာတဲ့အခါ ဘယ်သူတွေ လာရောက် ဖူးမြော်ကြတာလဲ။
- မြတ်စွာဘုရားနဲ့ ဥရုဝေလကဿပကြီးကို တစ်နေရာထဲမှာ အတူတူမြင်ရတော့ သူဌေးတွေက ဘယ်လိုတွေးမိကြသလဲ။
- သူဌေးတွေရဲ့ သံသယကို ရှင်းသွားအောင် မြတ်စွာဘုရားက ဘယ်လိုဖြေရှင်းခဲ့သလဲ။
- မြတ်စွာဘုရားက ဘယ်သူတွေကို တရားဟောခဲ့တာလဲ။
- မြတ်စွာဘုရားရဲ့တရားကို နာရတဲ့အတွက် ဘယ်သူတွေ သောတာပန် ဖြစ်သွားကြသလဲ။ ဘယ်သူတွေ သရဏဂုံတည်ပြီး ဥပါသကာ ဖြစ်သွားကြသလဲ။
- ဗိမ္မိသာရမင်းကြီး မင်းသားဘဝက တောင့်တချက် ငါးပါးက ဘာတွေလဲ။
- ဗိမ္မိသာရမင်းကြီးဟာ မြတ်စွာဘုရားရှင်ရဲ့ ဥပါသကာဖြစ်လာပြီးနောက် ဘာတွေ လုပ်ဆောင်ခဲ့သလဲ။

စာသင်ချိန် (၃) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ မရှိ။

သင်ယူမှုလုပ်ငန်းစဉ်

❁ "ဘုရားရှင်ရဲ့တရားတော်ကို နာကြားရလို့ ဗိမ္မိသာရမင်းကြီးနဲ့ သူဌေးများစွာတို့ဟာ သောတာပန်တွေ ဖြစ်သွားကြပြီး အချို့ကတော့ သရဏဂုံတည် ဥပါသကာများ ဖြစ်သွားကြတယ်ဆိုတာ ကလေးတို့ သိပြီးသွားပြီ"ဟု ပြော၍ အောက်ပါ မေးခွန်းများဖြင့် စာသင်ချိန်ကို စတင်ပါ။

- သရဏဂုံဆိုတာကို ကြားဖူးသလား။
- သရဏဂုံတည်တယ်ဆိုတာ ဘာအဓိပ္ပာယ်လဲ။ (ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို သက်ဝင်ယုံကြည်ကိုးကွယ်ဆည်းကပ်ခြင်း၊ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ"ဟု ပါဠိဘာသာဖြင့် ဖြစ်စေ "ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို သက်ဝင်ယုံကြည် ကိုးကွယ်ဆည်းကပ်ပါ၏"ဟု မြန်မာဘာသာ ဖြင့်ဖြစ်စေ ရွတ်ဆိုခြင်းကို သရဏဂုံဆောက်တည်သည်ဟု ခေါ်ပါသည်။ ပုဂ္ဂိုလ်တစ်ဦးဦး၏ သန္တာန်၌ သရဏဂုံသုံးပါး တည်ရှိနေခြင်းကို သရဏဂုံတည်သည်ဟု ဆိုလိုပါသည်။)
- သရဏဂုံ ဘယ်နှပါးရှိသလဲ။ သရဏဂုံ သုံးပါးရဲ့ အဓိပ္ပာယ်ကို ပြောပြပါ။

(ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ - မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ ဘုရား။
ဓမ္မံ သရဏံ ဂစ္ဆာမိ - တရားတော်မြတ်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ ဘုရား။
သံဃံ သရဏံ ဂစ္ဆာမိ - သံဃာတော်မြတ်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ ဘုရား။)

(သရဏဂုံသုံးပါးကို ကလေးများ အသံထွက်မှန်မှန်ဖြင့် ရွတ်ဆိုတတ်အောင် လေ့ကျင့်ပေးပါ။ သရဏဂုံ ရွတ်ဆိုတဲ့အခါ ဘုရား၊ တရား၊ သံဃာတို့၏ ဂုဏ်ကျေးဇူးတို့ကို အာရုံပြု၍ မိမိရဲ့မှာ အမှန်တကယ် ရှိနေသကဲ့သို့

www.dhammaransi.com

မှန်းဆကာ မျက်စိမှိတ် ရွတ်ဆိုကြပါစေ။)

- ထို့နောက် ကလေးများကို အုပ်စု (၅)စုဖွဲ့၍ အောက်ပါမေးခွန်းများကို ဆွေးနွေးကြပါစေ။
  - မြတ်စွာဘုရားကို ဘာကြောင့် ကိုးကွယ်ဆည်းကပ်တာလဲ။
  - တရားတော်ကို ဘာကြောင့် ကိုးကွယ်ဆည်းကပ်တာလဲ။
  - သံဃာတော်ကို ဘာကြောင့် ကိုးကွယ်ဆည်းကပ်တာလဲ။
  - သရဏဂုံသုံးပါးကို ဆောက်တည်ခြင်းကြောင့် ဘယ်လို အကျိုးကျေးဇူးတွေရမယ် ထင်သလဲ။
- ဆွေးနွေးပြီးလျှင် အုပ်စုကိုယ်စားလှယ်တစ်ဦးစီက တင်ပြကြပါစေ။ လိုအပ်လျှင် ဆရာက ဖြည့်စွက်ဆွေးနွေး၍ စာသင်ချိန်ကို အဆုံးသတ်ပါ။

စာသင်ချိန် (၄)	။	။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း	။	။ မရှိ။

သင်ယူမှုလုပ်ငန်းစဉ်

- "သားတို့သမီးတို့ . . . ပြီးခဲ့တဲ့စာသင်ချိန်မှာ သူဌေးအချို့ဟာ သရဏဂုံတည် ဥပါသကာများ ဖြစ်သွားကြတယ်လို့ ပြောခဲ့တယ်။ ဒီတော့ ဥပါသကာဆိုတာ ဘယ်လိုပုဂ္ဂိုလ်ကို ခေါ်တာလဲ"ဟု မေး၍ စာသင်ချိန်ကို စတင်ပါ။ ကလေးများ ဖြေသမျှကို လက်ခံပေးပါ။ ဆရာက "ဥပါသကာဆိုတာ ရတနာသုံးပါးကို အမြဲမပြတ် ကိုးကွယ်ဆည်းကပ်သူကို ခေါ်တယ်"ဟု ရှင်းပြပါ။
- ထို့နောက် စာသင်ချိန် (၃)အတိုင်း အုပ်စုကိုထား၍ အောက်ပါမေးခွန်းများကို ဆွေးနွေးကြပါစေ။
  - ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သူ တစ်ယောက်အနေနဲ့ ဘာတွေ လုပ်ရမှာလဲ။
- ဆွေးနွေးပြီးလျှင် အုပ်စုကိုယ်စားလှယ်တစ်ဦးစီက တင်ပြကြပါစေ။ လိုအပ်လျှင် ဆရာက ဖြည့်စွက်ပေး၍ အောက်ပါ ဥပါသကာရတနာဖြစ်ကြောင်း တရားငါးပါးကို ရှင်းပြပါ။

၁။ ယုံကြည်မှု သဒ္ဓါတရားနှင့် ပြည့်စုံခြင်း။
၂။ ကိုယ်ကျင့်သီလနှင့် ပြည့်စုံခြင်း။
၃။ ကောတုဟလ မင်္ဂလာ(အမြင်အကြားအတွေ့ကို စွဲ၍ ကြံစည်အပ်သော မင်္ဂလာ)ကို မယုံကြည်ခြင်း/ အတိတ် နိမိတ်ကို မယုံကြည်ခြင်း။
၄။ ကံ ကံ၏အကျိုးတရားကို ယုံကြည်ခြင်း။
၅။ ဘုရားသာသနာတော်၌သာ ကုသိုလ် ကောင်းမှု ပြုလုပ်ခြင်း။ (အံ၊ ၂၊ ၁၈၁)

- နောက်ဆုံးတွင် ဆရာက "သားတို့သမီးတို့ဟာလည်း ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်သူတွေဆိုတော့ ဥပါသကာ၊ ဥပါသိကာမလေးတွေပေါ့။ ဒါကြောင့် သားတို့သမီးတို့ ဖော်ထုတ်ခဲ့တဲ့ လုပ်ငန်းတွေကို ဥပါသကာ၊ ဥပါသိကာမ တစ်ယောက်အနေနဲ့ လက်တွေ့လုပ်နိုင်အောင် ကြိုးစားရမယ်"ဟု ပြော၍ သင်ခန်းစာကို အဆုံးသတ်ပါ။

www.dhammaransi.com

သင်ခန်းစာ (၅)

သင်ခန်းစာခေါင်းစဉ်	။	မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူခြင်း
သင်ယူမှုဦးတည်ချက်	။	မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူခြင်းအကြောင်းကို သိရှိပြီး နောက်ဆုံးမှာကြားခဲ့သည့် စကားတော်၏ အရေးကြီးမှုကို နားလည်သဘောပေါက်စေရန်။
စာသင်ချိန် (၁)	။	၃၀ မိနစ်
သင်ထောက်ကူပစ္စည်း	။	ကြိုတင်ပြင်ဆင်ထားသော မဲလိပ် ငါးလိပ်။

သင်ယူမှုလုပ်ငန်းစဉ်

- "သားတို့သမီးတို့ဟာ ပြီးခဲ့တဲ့ သင်ခန်းစာတွေမှာ မြတ်စွာဘုရားရှင်အကြောင်း အများကြီး လေ့လာခဲ့ကြပြီ၊ ဒီတော့ ဘယ်လောက်နားလည်သလဲဆိုတာ သိရအောင် ဘုရားရှင်နဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေကို ပြန်ပြောကြည့်ရအောင်"ဟု ပြော၍ စာသင်ချိန်ကို စတင်ကာ ဘုရားဖြစ်တော်စဉ်များကို ကလေးများက ပြောကြပါစေ။ ကလေးများ ပြောသမျှကို ဆရာက လက်ခံပေးပါ။
- ထို့နောက် ကလေးများကို အုပ်စု (၅)စုဖွဲ့၍ အောက်ပါ ခေါင်းစဉ်များ ရေးထားသော မဲလိပ် ငါးလိပ်ကို မဲနှိုက်ပြီး ဆွေးနွေးကြပါစေ။
  ၁။ ဘုရားအလောင်း တောထွက်တော်မူခြင်း
  ၂။ ဘုရားဖြစ်တော်မူခြင်း
  ၃။ သာသနာပြုလုပ်ငန်း စတင်တော်မူခြင်း
  ၄။ ရသေ့ညီနောင် ရှင်တစ်ထောင်ကို ချမ်းမြေ့တော်မူခြင်း
  ၅။ မြတ်စွာဘုရားရှင်နှင့် ဗိမ္ဗိသာရမင်းကြီး တွေ့ဆုံခြင်း
- ကလေးများ ဆွေးနွေးနေစဉ် ဆရာက လိုက်လံကြည့်ရှု၍ ကူညီပေးပါ။ ဆွေးနွေးပြီးသော အချက်များကို အုပ်စုကိုယ်စားလှယ်တစ်ဦးစီက တင်ပြပါစေ။ အုပ်စုတစ်ခု တင်ပြပြီးတိုင်း ကျန်အုပ်စုများက အကြံပြုချက်များ၊ ဖြည့်စွက်လိုသော အချက်များကို ဖြည့်စွက်ပေးကြပါစေ။ လိုအပ်ချက်ရှိလျှင် ထိုအချက်ကို ဆရာက မေးခွန်းအဖြစ် ပြောင်းလဲပြီး မေးမြန်းဆွေးနွေးကြပါစေ။
- ထို့နောက် ဆရာက အောက်ပါအတိုင်းပြော၍ စာသင်ချိန်ကို အဆုံးသတ်ပါ။
  "မြတ်စွာဘုရားရှင်ဟာ ဘုရားဖြစ်တော်မူပြီးတဲ့ အချိန်ကစပြီး ဗုဒ္ဓသာသနာ ထွန်းကားပြန့်ပွားအောင် သာသနာပြုလုပ်ငန်းများကို မနေမနား လုပ်ဆောင်တော်မူခဲ့တယ်။ အဲဒီလိုလုပ်ဆောင်ရင်းနဲ့ပဲ ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့တယ်၊ အဲဒီအကြောင်းကို နောက်စာသင်ချိန်မှာ ဆွေးနွေးကြမယ်"

 www.dhammaransi.com

စာသင်ချိန် (၂) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူခြင်းအကြောင်းနှင့် သရုပ်ဖော်ပုံများ။

သင်ယူမှုလုပ်ငန်းစဉ်

❁ ကလေးများကိုယ်တိုင် ဖတ်ကြပါစေ။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူခြင်း

မြတ်စွာဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီးချိန်မှစ၍ ကျွတ်ထိုက်သော သတ္တဝါများကို မနေမနား တရားဓမ္မများ ဟောကြားလျက် သာသနာပြုတော်မူသည်။ ဘုရင်မင်းမြတ်နှင့် သူဌေးသူကြွယ်တို့အား တရားဓမ္မများ ဟောကြားညွှန်ပြခဲ့သကဲ့သို့ ဆင်းရဲသားတို့ကိုလည်း ဟောပြကယ်တင်တော်မူခဲ့၏။ မြတ်စွာဘုရားရှင်သည် မိမိ၏ သာသနာပြုလုပ်ငန်းများ ပိုမိုထွန်းကားပြန့်ပွားစေရန်နှင့် မိမိမရှိသည့်နောက်တွင်လည်း မိမိဟောကြားခဲ့သော ဒေသနာများကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်နိုင်စေရန်ဟူသော ရည်ရွယ်ချက်တို့ဖြင့် သံဃာ့အဖွဲ့အစည်းကြီးကိုလည်း စည်းကမ်းဥပဒေများ စနစ်တကျ သတ်မှတ်ပြဋ္ဌာန်း၍ ဖွဲ့စည်းတည်ထောင်တော်မူခဲ့သည်။

မြတ်စွာဘုရားရှင်သည် သာသနာပြုကာလ ၄၅ နှစ်မြောက်၊ သက်တော် ၈၀ အရွယ်သို့ ရောက်သောအခါ နောက်ပါရဟန်းများနှင့်အတူ ကုသိနာရုံပြည်သို့ ကြွတော်မူသည်။ လမ်းခရီးတွင် ပါဝါပြည်၌ နားတော်မူရာ စုန္ဒပန်းထိမ်သည်က မြတ်စွာဘုရားကို တောဝက်ပျိုသားနှင့် ဆွမ်းဆက်ကပ်လှူဒါန်း၏။ သက်တော်ကြီးရင့်တော်မူသော မြတ်စွာဘုရားသည် ဝမ်းရောဂါဖြစ်၍ သွေးဝမ်းသွန်တော်မူသည်။ ထိုရောဂါကို သည်းခံတော်မူလျက် ခရီးဆက်ရာ လမ်းခရီးတစ်လျှောက် ပင်ပန်းတော်မူသည့်အတွက် အကြိမ်များစွာ အနားယူတော်မူရသည်။

လမ်းခရီးတစ်နေရာတွင် ရေဆာတော်မူသဖြင့် အရှင်အာနန္ဒာကို ရေခပ်ခိုင်းတော်မူသည်။ ထိုအခါ အရှင်အာနန္ဒာက ချောင်းကို လှည်းအစီး ၅၀၀ ဖြတ်သန်းသွားပြီးစအချိန်ဖြစ်နေ၍ ရေများနောက်ကျိနေကြောင်း၊ ကကုဓမြစ်သည် သိပ်မဝေးတော့ကြောင်း၊ ထိုမြစ်သို့ ရောက်သောအခါမှသာလျှင် ဘဉ်းပေးတော်မူပါရန် လျှောက်ထားလိုက်၏။ သို့သော် မြတ်စွာဘုရားရှင်က သုံးကြိမ်တိုင်တိုင် အခပ်ခိုင်းတော်မူသောအခါ အရှင်အာနန္ဒာသည် သပိတ်တော်နှင့် ရေသွားခပ်သည်။ ထိုသို့ ရေခပ်လိုက်သည်နှင့်တစ်ပြိုင်နက် နောက်ကျိနေသောရေသည် သန့်ရှင်းကြည်လင်သွား၏။ ထိုရေကို ဘဉ်းပေးတော်မူပြီးနောက် ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်သို့ ဆက်လက်ကြွတော်မူသည်။

အင်ကြင်းဥယျာဉ်သို့ ရောက်သောအခါ မြတ်စွာဘုရားရှင်သည် အင်ကြင်းပင်အစုံတို့၏ အကြား၌ မြောက်အရပ်သို့ ဦးခေါင်းပြုကာ ညောင်စောင်းပေါ်တွင် လျောင်းတော်မူနေသည်။ ထိုအခါ အင်ကြင်းပင် အစုံတို့သည် ဘုရားရှင်ကို ပူဇော်သည့်အနေဖြင့် အချိန်အခါမဟုတ်ဘဲ ပင်လုံးကျွတ် ပွင့်ကြ၏။ ထို့နောက် နတ်ပြဟ္မာများ စုရုံးရောက်ရှိလာကြပြီး နတ်ပန်းများ၊ နတ်တူရိယာများဖြင့် တီးခတ်ပူဇော်ကြ၏။ နတ်ပြဟ္မာများ ပူဇော်အပြီးတွင် အနယ်နယ်အရပ်ရပ်မှ ရောက်ရှိလာကြသော ရဟန်းသံဃာတော်များ၊ လူဒါယကာ၊ ဒါယိကာမများသည် နောက်ဆုံးအနေဖြင့် ရှိခိုးပူဇော်ကြသည်။ ထို့နောက် နောက်ဆုံးချေချွတ်မည့် သုဘဒ္ဒပရိဗိုဇ်ကို ချေချွတ်တော်မူပြီး သတိတရား အမြဲလက်ကိုင်ထား၍ နေကြရန် မှာကြားတော်မူကာ မဟာသက္ကရာဇ် ၁၄၈ ခု၊ ကဆုန်လပြည့်၊ အင်္ဂါနေ့တွင် ပရိနိဗ္ဗာန် စံဝင်တော်မူသည်။

မိုးငြိမ်း။ ။ မဟာဗုဒ္ဓဝင်၊ ပဉ္စမတွဲ၊ ၃၉၃-၄၈၆၊

ခက်ဆစ်အဖွင့်

ပရိနိဗ္ဗာန်စံခြင်း = ဘုရားရဟန္တာတို့၏ နောက်ဆုံးဘဝ ခန္ဓာချုပ်ငြိမ်းခြင်း

ပရိဗိုဇ် = သာသနာပ ရဟန်း

www.dhammaransi.com

- အောက်ပါ မေးခွန်းများကို မေးပါ။
  - ပရိန်ဗာန်စံတယ်ဆိုတာ ဘာကို ပြောတာလဲ။
    (ကလေးများ မသိလျှင် ဆရာက ရှင်းပြပါ။)
  - မြတ်စွာဘုရားဟာ ဘယ်နေရာမှာ ပရိန်ဗာန်ပြုခဲ့သလဲ။ ဘယ်နေ့မှာလဲ။
  - မြတ်စွာဘုရားရှင်ဟာ နှစ်ပေါင်း ဘယ်လောက်ကြာအောင် သာသနာပြုခဲ့သလဲ။
  - မြတ်စွာဘုရားရှင်က သံဃာ့အဖွဲ့အစည်းကြီးကို ဘာကြောင့် တည်ထောင်ပေးခဲ့တာလဲ။ ဘယ်လို ဖွဲ့စည်းခဲ့သလဲ။
  - မြတ်စွာဘုရား ပရိန်ဗာန်ပြုခါနီးမှာ ဘယ်သူတွေက ဘယ်လို ပူဇော်ကြသလဲ။
  - မြတ်စွာဘုရားရှင်ဟာ ပရိန်ဗာန်မပြုခင်မှာ ဘယ်လို မှာကြားခဲ့သလဲ။

စာသင်ချိန် (၃) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ မရှိ။

သင်ယူမှုလုပ်ငန်းစဉ်

- "မြတ်စွာဘုရားရှင်ဟာ ပရိန်ဗာန်စံတော်မူခါနီးမှာ နောက်ဆုံးစကားတော်အဖြစ် သတိတရား လက်ကိုင်ထား၍ နေကြဖို့ရန် မှာကြားတော်မူခဲ့တယ်။ ဘာကြောင့် အဲဒီလို မှာခဲ့တယ်လို့ ထင်သလဲ။ သတိတရားက ဘယ်လောက် အရေးကြီးလို့လဲ"ဟူသော မေးခွန်း၏ အဖြေများကို ကလေးများ၏ မှတ်စုစာအုပ်တွင် ရေးကြပါစေ။
- ရေးထားသည်များကို အချိန်ပေါ် မူတည်၍ တစ်ဦးချင်းစီ ဖတ်ပြပါစေ။
- နောက်ဆုံးတွင် ဆရာက "သားတို့သမီးတို့ . . . အလုပ်လုပ်ရာမှာပဲ ဖြစ်ဖြစ်၊ တရားအားထုတ်တဲ့ အခါမှာပဲဖြစ်ဖြစ် ဘာပဲလုပ်လုပ် သတိတရား လက်ကိုင်ထားမှသာလျှင် အောင်မြင်ပြီးမြောက်နိုင်တယ်။ ဒါကြောင့် မြတ်စွာဘုရားရှင်က သတိတရားအမြဲ လက်ကိုင်ထားကြဖို့ နောက်ဆုံး မှာကြားခဲ့ခြင်းဖြစ်တယ်။ သားတို့သမီးတို့လည်း ဘာပဲလုပ်လုပ် သတိတရားထားပြီး လုပ်ကြရမယ်"ဟု ပြော၍ စာသင်ချိန်ကို အဆုံးသတ်ပါ။

စာသင်ချိန် (၄) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ မရှိ။

သင်ယူမှုလုပ်ငန်းစဉ်

- "သားတို့သမီးတို့ . . . အခုဆိုရင် သတိတရားဟာ နေရာတိုင်းမှာ အရေးကြီးတယ်ဆိုတာကို မြတ်စွာဘုရား နောက်ဆုံးမှာကြားခဲ့တဲ့ စကားတော်အရရော၊ သားတို့သမီးတို့ ရေးသားဖော်ပြထားတဲ့ အချက်တွေအရရော သိခဲ့ကြပြီ၊ အခုတစ်ခါတော့ အဲဒီသတိတရားနဲ့ ဘယ်လိုလုပ်ကိုင် နေထိုင်ကြမလဲဆိုတာ ဆွေးနွေးကြည့်ရအောင်" ဟု ပြောပါ။
- ထို့နောက် ကလေးများကို အုပ်စု (၅)စု ဖွဲ့၍ အောက်ပါမေးခွန်းကို ဆွေးနွေးစေပြီး အုပ်စုကိုယ်စားလှယ်တစ်ဦးစီက တင်ပြကြပါစေ။
  - သားတို့သမီးတို့အနေနဲ့ဆိုရင် သတိတရားကို ဘယ်လိုနေရာတွေမှာ လက်တွေ့အသုံးပြုဖို့ လိုမယ်ထင်သလဲ။ (စာသင်ယူနေတဲ့အချိန်၊ စာကျက်တဲ့အချိန်၊ စာမေးပွဲ ဖြေတဲ့အချိန်၊ လမ်းဖြတ်ကူးတဲ့အချိန်၊ ကစားတဲ့အချိန် စသည်)

www.dhammaransi.com

- အားလုံးတင်ပြပြီးလျှင် ဆရာက ဖြည့်စွက်ဆွေးနွေးပြီး အောက်ပါအတိုင်း အနှစ်ချုပ်၍ သင်ခန်းစာကို အဆုံးသတ်ပါ။
"သားတို့သမီးတို့ဟာ အခုအချိန်မှာ ပညာသင်နေဆဲ အရွယ်ဖြစ်တယ်၊ ဒီတော့ သားတို့သမီးတို့ရဲ့ အဓိကတာဝန်က ပညာတတ်ကြီးတွေဖြစ်လာဖို့ ပညာကို ကြိုးစားသင်ယူဖို့ပဲပေါ့၊ ဒါပေမဲ့ ကြိုးစားရုံသက်သက်နဲ့တော့ သားတို့သမီးတို့ လိုချင်တဲ့ ပညာတတ်ကြီးတွေဖြစ်ဖို့ ခက်လိမ့်မယ်၊ သတိတရားနဲ့ ကြိုးစားမှသာ ဖြစ်လာနိုင်တယ်၊ ဒါ့ကြောင့် မြတ်စွာဘုရား နောက်ဆုံးမှာကြားခဲ့တဲ့ သတိတရားရဲ့ အရေးကြီးမှုကို နားလည်သဘောပေါက်ပြီး ပညာရေး အောင်မြင်မှုတွေ ရအောင်ကြိုးစားကြပါ"

www.dhammaransi.com

သင်ခန်းစာ (၆)

သင်ခန်းစာခေါင်းစဉ် ။ ။ အသက်နှင့်လဲ၍ သီလစောင့်သူ

သင်ယူမှုဦးတည်ချက် ။ ။ ရှစ်ပါးသီလ ဆောက်တည်ခြင်း၏ အကျိုးကျေးဇူးကို သိရှိပြီး ခံယူဆောက်တည်ကြစေရန်။

စာသင်ချိန် (၁) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ကျောင်းသားကိုင်စာအုပ်ပါ ဇာတ်လမ်းနှင့် သရုပ်ဖော်ပုံများ။

သင်ယူမှုလုပ်ငန်းစဉ်

❁ ဇာတ်လမ်းကို ကလေးများအားလုံး ဖတ်ကြပါစေ။

အသက်နှင့်လဲ၍ သီလစောင့်သူ

တစ်ခါက ရွာတစ်ရွာတွင် ရတနာသုံးပါးကို အလွန်ကြည်ညိုသော လယ်သမားတစ်ယောက် ရှိသည်။ တစ်ခုသော နံနက်တွင် လယ်သမားသည် ရွာဦးကျောင်း ဆရာတော်ထံမှ ရှစ်ပါးသီလကို ခံယူဆောက်တည်ကာ တောသို့ လယ်ထွန်သွားလေသည်။ အချိန်အတန်ကြာထွန်ပြီး ခေတ္တနားနေစဉ် နွားတစ်ကောင် ပျောက်သွားသည်။ နွားကို နေရာအနှံ့လိုက်ရှာရင်း တောင်ပေါ် သို့ ရောက်သွား၏။

တောင်ပေါ်တွင် လှည့်လည်ရှာဖွေနေစဉ် စပါးကြီးမြွေကြီး တစ်ကောင်က လယ်သမားကို ရုတ်တရက် ရစ်ပတ်လိုက်သည်။ ထိုအချိန်တွင် လယ်သမားအတွက် နွားပြန်တွေ့ရေးထက် အသက်ဘေးမှ လွတ်မြောက်ရေးသည် ပိုအရေးကြီးလေသည်။ ထို့ကြောင့် စပါးကြီးမြွေကြီး၏ ရစ်ပတ်ခြင်းမှ လွတ်မြောက်ရန် အပြင်းအထန် ကြိုးပမ်း၏။ သို့သော် အင်အားချင်းမမျှသဖြင့် လွတ်မြောက်ရန် လမ်းမမြင်ဖြစ်နေသည်။ ထို့ကြောင့် အသင့်ပါလာသော ဓားဖြင့် မြွေကြီး၏ဦးခေါင်းကို ဖြတ်ရန် ကြံစည်လေသည်။

ဤသို့ အကြံဖြစ်သည်နှင့် တစ်ပြိုင်တည်းမှာပင် နံနက်စောစောက ဆရာတော်ထံ၌ ရှစ်ပါးသီလ ဆောက်တည်ထားသည်ကို သတိရလိုက်၏။ ထို့ကြောင့် မိမိသီလကို စောင့်ထိန်းလိုသဖြင့် မြွေကြီးကို မသတ်ရန် ဆုံးဖြတ်လိုက်သည်။ သို့သော် သေရမည်ကို ကြောက်လာပြန်သည်။ ထို့ကြောင့် မြွေကြီး၏ ဦးခေါင်းကိုဖြတ်ရန် ဓားကို ကိုင်မိပြန်သည်။ သီလဆောက်တည်ထားသည်ကိုလည်း သတိရပြန်သည်။ ဤသို့ဖြင့် သုံးကြိမ်တိုင်တိုင် ချီတုံချတုံ ဖြစ်နေ၏။ လယ်သမားအတွက် အသက်နှင့်သီလ တစ်ခုခုကို ရွေးချယ်ရမည့် အခြေအနေတွင် လယ်သမားသည် အသက်ကို အသေခံ၍ သီလကို စောင့်ထိန်းမည်ဟု ဆုံးဖြတ်လိုက်ပြီး ဓားကို လွှင့်ပစ်လိုက်သည်။

ဥပုသ်သည်လယ်သမား၏ သီလတန်ခိုးကြောင့် စပါးကြီးမြွေကြီးသည် လယ်သမားကို ရစ်ပတ်ထားရာမှ ဖြေလွှတ်၍ တောထဲသို့ ဝင်သွားလေသည်။ ဤသို့ဖြင့် ဥပုသ်သည် လယ်သမားသည် အသက်ဘေးမှ အပြီးတိုင် လွတ်မြောက်သွားလေသည်။

တရားစောင့်သောသူကို တရားက ပြန်စောင့်ရှောက်သည်ဟု မြတ်စွာဘုရား ဟောတော်မူသည့်အတိုင်းပင် သီလကို အသက်နှင့်လဲ၍ စောင့်ထိန်းသူကို သူစောင့်ထိန်းသောသီလက ပြန်၍ စောင့်ရှောက်ခဲ့ခြင်းပင် ဖြစ်သည်။

မှီငြမ်း။ ။ ပုံတော်စုံ မင်္ဂလတ္ထဒီပနီ၊ ညောင်ကန်ဆရာတော်ဘုရားကြီး၊ ၄၉၆-၅၀၀။ မ၊ ဌ၊ ၁၊ ၂၀၇။

❁ အောက်ပါမေးခွန်းများကို မေးပါ။

- လယ်သမားဟာ ဆရာတော်ထံက ဘယ်သီလကို ဆောက်တည်ခဲ့သလဲ။
- လယ်သမားဟာ တောင်ပေါ်မှာ ဘယ်လို ဒုက္ခနဲ့ တွေ့ခဲ့ရသလဲ။
- လယ်သမားက မြွေကြီးကို ဘာကြောင့် မသတ်တာလဲ။
- လယ်သမားဟာ အသက်အန္တရာယ်က ဘာကြောင့် လွတ်မြောက်ခဲ့ရသလဲ။

www.dhammaransi.com

- တကယ်လို့ လယ်သမားက မြွေကြီးကို သတ်လိုက်ရင် ဘာတွေ ဖြစ်လာနိုင်သလဲ။
- လယ်သမားနေရာမှာ ကလေးတို့ဆိုရင် ဘာလုပ်မလဲ။
- ဥပုသ်သည် လယ်သမားဟာ ရှစ်ပါးသီလထဲက ဘယ်သီလကို အသက်နဲ့လဲပြီး စောင့်ထိန်းခဲ့တာလဲ။

စာသင်ချိန် (၂) ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ကြိုတင်ရေးထားသော ရှစ်ပါးသီလတောင်း စာသားများ။

သင်ယူမှုလုပ်ငန်းစဉ်

- "သားတို့သမီးတို့ . . . အခုဖတ်ခဲ့တဲ့ ဇာတ်လမ်းရဲ့ခေါင်းစဉ်ကို ပြောပါဦး။ ဇာတ်လမ်းအမည်က "အသက်နဲ့လဲ၍ သီလစောင့်သူ"ဆိုတော့ သီလအကြောင်းကို ဆွေးနွေးကြရအောင်၊ သီလဆိုတာကို ဘယ်လို နားလည်ကြသလဲ၊ အရင်ဆုံး ပြောပါဦး"ဟု ပြော၍ စာသင်ချိန်ကို စတင်ပါ။
  (ကိုယ်ဖြင့် မကောင်းမှု မပြုမိအောင်၊ နှုတ်ဖြင့် မကောင်းသော စကားမပြောမိအောင် စောင့်စည်းခြင်းကို သီလဟု ခေါ်သည်။ သီလကို ကိုယ်ကျင့်တရားဟု သုံးကြသည်။)
- ထို့နောက် ငါးပါးသီလ ခံယူဆောက်တည်ပုံကို ကလေးများအားလုံး ရွတ်ဆိုကြပါစေ။ ကလေးများ အခက်အခဲ ဖြစ်နေလျှင် ဆရာက ကူညီပေးပါ။

  (ငါးပါးသီလ ခံယူဆောက်တည်ရာတွင် အောက်ပါအတိုင်း အဆင့်ဆင့် ရွတ်ဆိုရကြောင်း ဦးစွာ ရှင်းပြထားပါ။
  ၁။ သြကာသ ကန်တော့ချိုးဖြင့် ကန်တော့ခြင်း။
  ၂။ သီလတောင်းခြင်း။
  ၃။ နမော တဿ ရွတ်ဆို ရှိခိုးခြင်း။
  ၄။ သရဏဂုံ ဆောက်တည်ခြင်း။
  ၅။ ငါးပါးသီလ သိက္ခာပုဒ်များကို ရွတ်ဆိုခြင်း။)

- ပြီးလျှင် ဆရာက "သားတို့သမီးတို့ . . . ငါးပါးသီလထက် ပိုအဆင့်မြင့်တဲ့ သီလလည်း ရှိသေးတယ်၊ အဲဒီသီလက ရှစ်ပါးရှိတယ်။ အထူးသဖြင့် ဥပုသ်နေ့တွေမှာ စောင့်ထိန်းကြတယ်။ ဒါကြောင့် အဲဒီသီလကို ဥပုသ်သီလလို့ ခေါ်တယ်။ အခု အဲဒီဥပုသ်သီလကို ခံယူဆောက်တည်ကြည့်ကြရအောင်"ဟု ပြော၍ ဆောက်တည်ပုံ အဆင့်ဆင့်ကို ရှင်းပြပါ။

  ၁။ သြကာသ ကန်တော့ချိုးဖြင့် ကန်တော့ခြင်း။
  ၂။ သီလတောင်းခြင်း။
  ၃။ နမော တဿ ရွတ်ဆို ရှိခိုးခြင်း။
  ၄။ သရဏဂုံ ဆောက်တည်ခြင်း။
  ၅။ ရှစ်ပါးသီလ သိက္ခာပုဒ်များကို ရွတ်ဆိုခြင်း။

- "သီလ ခံယူတော့မယ်ဆိုရင် ပထမဆုံး သြကာသကန်တော့ချိုးနဲ့ ကန်တော့ရတယ်။ သြကာသနဲ့ ကန်တော့ပြီးလို့ ဘုန်းဘုန်းတွေက ဆုပေးတဲ့အခါ သားတို့သမီးတို့က 'ပေးတဲ့ဆုနဲ့ ပြည့်စုံရပါလို၏' ဘုရား'လို့ ပြောရမယ်။ ပြီးရင် သီလတောင်းရမယ်။ သီလတောင်းတဲ့စာကို ဆိုကြည့်ကြရအောင်"ဟု ပြော၍ အောက်ပါ သီလတောင်းကို ရွတ်ဆိုကြပါစေ။ (ကလေးများ ရွတ်ဆိုရန် အခက်အခဲရှိလျှင် ဆရာက ကူညီပေးပါ။)

ဘုန်းဘုန်း ။ ။ အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတ္တာ သီလံ ဒေထ မေ ဘန္တေ။

www.dhammaransi.com

ဒုတိယမြို - အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္သမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊
အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။
တတိယမြို - အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္သမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊
အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

လူပုဂ္ဂိုလ် ။ ။ အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္သမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။
ဒုတိယမြို - အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္သမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊
အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။
တတိယမြို - အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္သမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊
အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ဘုန်းဘုန်း ။ ။ ယမဟံ ဝဒါမိ တံ ဝဒေထ။

လူပုဂ္ဂိုလ် ။ ။ အာမဘန္တေ။

ဘုန်းဘုန်း ။ ။ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

လူပုဂ္ဂိုလ် ။ ။ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ (သုံးကြိမ်)

ဘုန်းဘုန်း ။ ။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။

လူပုဂ္ဂိုလ် ။ ။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။

ဘုန်းဘုန်း ။ ။ ဒုတိယမြို - ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဒုတိယမြို - ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဒုတိယမြို - သံဃံ သရဏံ ဂစ္ဆာမိ။

လူပုဂ္ဂိုလ် ။ ။ ဒုတိယမြို - ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဒုတိယမြို - ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဒုတိယမြို - သံဃံ သရဏံ ဂစ္ဆာမိ။

ဘုန်းဘုန်း ။ ။ တတိယမြို - ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
တတိယမြို - ဓမ္မံ သရဏံ ဂစ္ဆာမိ။
တတိယမြို - သံဃံ သရဏံ ဂစ္ဆာမိ။

လူပုဂ္ဂိုလ် ။ ။ တတိယမြို - ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
တတိယမြို - ဓမ္မံ သရဏံ ဂစ္ဆာမိ။
တတိယမြို - သံဃံ သရဏံ ဂစ္ဆာမိ။

ဘုန်းဘုန်း ။ ။ တိသရဏ ဂမန် ပရိပုဏ္ဏံ။

လူပုဂ္ဂိုလ် ။ ။ အာမ ဘန္တေ။

www.dhammaransi.com

ဘုန်းဘုန်း ။ ။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

လူပုဂ္ဂိုလ် ။ ။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

ဘုန်းဘုန်း ။ ။ အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

လူပုဂ္ဂိုလ် ။ ။ အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

ဘုန်းဘုန်း ။ ။ အဗြဟ္မစရိယာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

လူပုဂ္ဂိုလ် ။ ။ အဗြဟ္မစရိယာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

ဘုန်းဘုန်း ။ ။ မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

လူပုဂ္ဂိုလ် ။ ။ မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

ဘုန်းဘုန်း ။ ။ သုရာမေရယ မဇ္ဇပွမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

လူပုဂ္ဂိုလ် ။ ။ သုရာမေရယ မဇ္ဇပွမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

ဘုန်းဘုန်း ။ ။ ဝိကာလဘောဇနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

လူပုဂ္ဂိုလ် ။ ။ ဝိကာလဘောဇနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

ဘုန်းဘုန်း ။ ။ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

လူပုဂ္ဂိုလ် ။ ။ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

ဘုန်းဘုန်း ။ ။ ဥစ္စာသယန မဟာသယနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

လူပုဂ္ဂိုလ် ။ ။ ဥစ္စာသယန မဟာသယနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

ဘုန်းဘုန်း ။ ။ တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ သာဓုကံ ကတ္တာ အဟမာဒေန သမ္မာဒေထ။

လူပုဂ္ဂိုလ် ။ ။ အာမ ဘန္တေ။

www.dhammaransi.com

စာသင်ချိန် (၃) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ရှစ်ပါးသီလ ပါဠိနှင့် အနက်။

သင်ယူမှုလုပ်ငန်းစဉ်

- "သားတို့သမီးတို့က ရှစ်ပါးသီလကို ဘယ်လို ဆောက်တည်ရမယ်ဆိုတာ သိသွားကြပြီ၊ သားတို့သမီးတို့ ရွတ်ဆိုခဲ့တဲ့ ပါဠိစာသားတွေရဲ့ အဓိပ္ပာယ်တွေကိုရော သိကြလား"ဟု မေး၍ စာသင်ချိန်ကို စတင်ပါ။ ကလေးများ နားလည်သည့်အတိုင်း ဖြေကြပါစေ။
- ထို့နောက် ဆရာက အောက်ပါအတိုင်း ပါဠိနှင့် အနက်အဓိပ္ပာယ်ကို တွဲ၍ တစ်ချက်စီ ရှင်းပြပါ။

ဘုန်းဘုန်း။ ။ အဟံ ဘန္တေ တိသရဏေန သဟ အင်္ဂဒ်သမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတ္တာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမို့ - အဟံ ဘန္တေ တိသရဏေန သဟ အင်္ဂဒ်သမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတ္တာ သီလံ ဒေထ မေ ဘန္တေ။

တတိယမို့ - အဟံ ဘန္တေ တိသရဏေန သဟ အင်္ဂဒ်သမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတ္တာ သီလံ ဒေထ မေ ဘန္တေ။

(အရှင်ဘုရား . . . ဘုရားတပည့်တော်သည် သရဏဂုံ သုံးပါးနှင့်တကွ အဂ်ါရှစ်ပါးနှင့် ပြည့်စုံသော ဥပုသ်သီလကို တောင်းခံပါ၏။ တပည့်တော်အား ချီးမြှောက်သောအားဖြင့် သီလပေးတော်မူပါဘုရား။ နှစ်ကြိမ်မြောက်လည်း . . .၊ သုံးကြိမ်မြောက်လည်း . . . ။)

ဘုန်းဘုန်း ။ ။ ယမဟံ ဝဒါမိ တံ ဝဒေထ။ (ဘုန်းဘုန်းဆိုသည့်အတိုင်း လိုက်ဆိုကြပါ။)

လူပုဂ္ဂိုလ်များ ။ ။ အာမ ဘန္တေ။ (ကောင်းပါပြီ အရှင်ဘုရား။)

ဘုန်းဘုန်း ။ ။ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ (လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သော၊ သစ္စာလေးပါး မြတ်တရားကို ဆရာမကူ ကိုယ်တော်တိုင် သိမြင်တော်မူသော၊ ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားရှင်အား ရှိခိုးပါ၏။)

ဘုန်းဘုန်း ။ ။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ (မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။)

ဓမ္မံ သရဏံ ဂစ္ဆာမိ။ (တရားတော်မြတ်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။)

သံဃံ သရဏံ ဂစ္ဆာမိ။ (သံဃာတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။)

(နှစ်ကြိမ်မြောက်လည်း . . .၊ သုံးကြိမ်မြောက်လည်း . . . ။)

ဘုန်းဘုန်း ။ ။ တိသရဏေန ဥပသမ္ပဒံ ယာစာမ။ (သရဏဂုံသုံးပါး ဆောက်တည်မှု ပြည့်စုံသွားပြီ။)

လူပုဂ္ဂိုလ်များ ။ ။ အာမ ဘန္တေ။ (ကောင်းပါပြီ အရှင်ဘုရား)

ဘုန်းဘုန်း ။ ။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။ (သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ပါ၏။)

ဘုန်းဘုန်း ။ ။ အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။ (သူ့ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ပါ၏။)

ဘုန်းဘုန်း ။ ။ အဗြဟ္မစရိယာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
(မမြတ်သော မေထုန်အကျင့်ကို ပြုကျင့်ခြင်းမှ ရှောင်ကြဉ်ပါ၏။)

ဘုန်းဘုန်း ။ ။ မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။ (လိမ်ညာပြောဆိုခြင်းမှ ရှောင်ကြဉ်ပါ၏။)

www.dhammaransi.com

ဘုန်းဘုန်း ။ ။ သုရာမေရယ မဇ္ဇပွမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။ (မူးယစ်စေတတ်သော သေရည် အရက်ကို သောက်စားခြင်းမှ ရှောင်ကြဉ်ပါ၏။)

ဘုန်းဘုန်း ။ ။ ဝိကာလဘောဇနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။ (နေလွဲညစာ စားခြင်းမှ ရှောင်ကြဉ်ပါ၏။)

ဘုန်းဘုန်း။ ။ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။ (ကခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်းတို့ကို ကြည့်ရှုနားထောင်ခြင်း၊ ပန်းပန်ခြင်း၊ နံ့သာ လိမ်းခြင်းတို့မှ ရှောင်ကြဉ်ပါ၏။)

ဘုန်းဘုန်း ။ ။ ဥစ္စာသယန မဟာသယနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။ (မြင့်သောနေရာ၊ မြတ်သောနေရာတို့၌ နေထိုင်ခြင်းမှ ရှောင်ကြဉ်ပါ၏။)

ဘုန်းဘုန်း ။ ။ တိသရဏေန သဟ အဋ္ဌင်္သမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ သာဓုကံ ကတ္တာ အပ္ပမာဒေန သမ္မာဒေထ။ (သရဏဂုံ သုံးပါးနှင့်တကွ အင်္ဂါရှစ်ပါးရှိသော ဥပုသ်သီလ ကျင့်ဝတ်များကို ကောင်းမွန်လေးစားစွာ မမေ့သော သတိဖြင့် ပြည့်စုံအောင် ဖြည့်ကျင့်ကြပါ။)

လူပုဂ္ဂိုလ်များ။ ။ အာမ ဘန္တေ။ (ကောင်းပါပြီ အရှင်ဘုရား)

- ရှင်းပြပြီးလျှင် ကလေးများအားလုံး ရှစ်ပါးသီလကို ပါဠိနှင့်မြန်မာ တွဲ၍ ထပ်မံရွတ်ဆိုကြပါစေ။
- ပြီးလျှင် ဆရာက "သားတို့သမီးတို့ . . . ရှစ်ပါးသီလကို ဘယ်လို ဆောက်တည်ရမယ်ဆိုတာတွေ၊ ရှစ်ပါးသီလ ဆောက်တည်တဲ့အခါ ရွတ်ဆိုရတဲ့ ပါဠိတွေရဲ့ အဓိပ္ပာယ်တွေကို သိခဲ့ကြပြီ။ နောက်စာသင်ချိန်မှာတော့ ရှစ်ပါး သီလ ဆောက်တည်ရင် ဘယ်လိုအကျိုးကျေးဇူးတွေ ရရှိခံစားရတယ်ဆိုတာ ဆွေးနွေးကြရအောင်"ဟု ပြောဖြ စာသင်ချိန်ကို အဆုံးသတ်ပါ။

www.dhammaransi.com

စာသင်ချိန် (၄) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ စာရွက်လွတ်များ။

သင်ယူမှုလုပ်ငန်းစဉ်

- "သားတို့သမီးတို့ . . . စာသင်ချိန် (၁)မှာ ဖတ်ခဲ့တဲ့ ဇာတ်လမ်းထဲက လယ်သမားဟာ ဘယ်သီလကို စောင့်ထိန်းခဲ့လို့ အသက်ဘေးက လွတ်မြောက်ခဲ့တာလဲ" ဟူသော မေးခွန်းဖြင့် စာသင်ချိန်ကို စတင်ပါ။
- ဖြေဆိုပြီးလျှင် ကလေးများကို အုပ်စု (၅)စု ဖွဲ့ပါ။
  ရှစ်ပါးသီလ စောင့်ထိန်းရင် ဘယ်လို အကျိုးကျေးဇူးတွေ ရနိုင်သလဲ။
- အထက်ပါမေးခွန်းကို အုပ်စုလိုက်ဆွေးနွေး၍ အောက်ပါနမူနာပုံစံအတိုင်း စာရွက်လွတ်တွင် ရေးကြပါစေ။ (ဆရာက အောက်ပါနမူနာပုံစံကို ရေးဆွဲပြပါ။)



- အားလုံးရေးပြီးလျှင် မိမိတို့ရေးဆွဲထားသော စာရွက်များကို အများမြင်သာသော နေရာတွင် ကပ်ကြပါစေ။ ကလေးအားလုံးကို လှည့်လည်ကြည့်ရှုစေပြီး မိမိအဖွဲ့နှင့် မတူသောအချက်များကို မှတ်သား၍ အုပ်စုကိုယ်စားလှယ် တစ်ဦးစီက ပြန်လည်တင်ပြပါစေ။
- အုပ်စုအားလုံး တင်ပြပြီးလျှင် အောက်ပါအတိုင်း အနှစ်ချုပ်ပေးပါ။
  "သီလစောင့်ထိန်းတယ်ဆိုတာ ကောင်းတဲ့အလုပ်ဖြစ်တယ်။ ကောင်းတဲ့အလုပ်ကိုလုပ်ရင် ကောင်းတဲ့အကျိုးကို ခံစားရတယ်။ ဒါကြောင့် သီလစောင့်ထိန်းကြမယ်ဆိုရင် အနာရောဂါ ကင်းရှင်းပြီး ကျန်းမာမယ်၊ အသက်ရှည်မယ်၊ စည်းစိမ်ဥစ္စာ ပေါများမယ်၊ သီလစောင့်ထိန်းတဲ့အတွက် အခုဘဝမှာရော နောင်ဘဝတွေမှာပါ ကောင်းကျိုးချမ်းသာတွေကို ခံစားရမှာဖြစ်တယ်"ဟု ပြော၍ သင်ခန်းစာကို အဆုံးသတ်ပါ။

www.dhammaransi.com

သင်ခန်းစာ (၇)

သင်ခန်းစာခေါင်းစဉ်	။	။ အင်္ဂုလိမာလ မထေရ်
သင်ယူမှုဦးတည်ချက်	။	။ အင်္ဂုလိမာလမထေရ်အကြောင်းကို သိရှိပြီး အမှားကိုသိ၍ အမှန်ပြင်တတ်စေရန်။
စာသင်ချိန် (၁)	။	။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း	။	။ မရှိ။

သင်ယူမှုလုပ်ငန်းစဉ်

- အောက်ပါမေးခွန်းများဖြင့် စာသင်ချိန်ကို စတင်ပါ။
  - အင်္ဂုလိမာလဆိုတဲ့အမည်ကို ကြားဖူးသလား။ ကြားဖူးတယ်ဆိုရင် ဘယ်မှာ ကြားဖူးတာလဲ။
  - ဘာကြောင့် အင်္ဂုလိမာလလို့ ခေါ်တာလဲ။
  - သူက ဘယ်လို လူမျိုးလဲ။ သိသလောက် ပြောပြပါ။
  - အင်္ဂုလိမာလသုတ်ဆိုတာကိုရော ကြားဖူးသလား။ ဘာကြောင့် ရွတ်ကြတာလဲ။
- ထို့နောက် အင်္ဂုလိမာလအကြောင်းကို သိသောကလေးများက ပြောပြကြပါစေ။
- ဆရာက အထက်ပါမေးခွန်းများ၏ အဖြေမှန်များကို မပြောသေးဘဲ "အင်္ဂုလိမာလနဲ့ပတ်သက်ပြီး သိချင်တဲ့အချက်တွေကို နောက်စာသင်ချိန်မှာ သားတို့သမီးတို့ကိုယ်တိုင် ဖတ်ကြရမယ်"ဟု ပြော၍ စာသင်ချိန် (၂)ကို ဆက်ပါ။

စာသင်ချိန် (၂) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ကျောင်းသားကိုင်စာအုပ်ပါ ဇာတ်လမ်းနှင့် သရုပ်ဖော်ပုံများ။

သင်ယူမှုလုပ်ငန်းစဉ်

- အင်္ဂုလိမာလမထေရ် အကြောင်းကို ဖတ်ကြပါစေ။

အင်္ဂုလိမာလ မထေရ်

ဘုရားရှင်လက်ထက်တော်အခါက ကောသလမင်း၏ ပုရောဟိတ်ပုဏ္ဏားကြီးအိမ်၌ သားတစ်ယောက် ဖွားမြင်၏။ ထိုကလေးဖွားမြင်စဉ် မင်းကြီး၏ သံလျက်အပါအဝင် တစ်မြို့လုံးရှိ ဓား၊ လှံ၊ လက်နက်များသည် အရောင်တဝင်းဝင်း ထွက်ပေါ်လာ၏။ ထိုထူးဆန်းသောနိမိတ်ကို မြင်တွေ့ရသော မင်းကြီးသည် ထိတ်လန့်တုန်လှုပ်လျက် အိပ်စက်မရခဲ့ပေ။

မိုးလင်း၍ ပုဏ္ဏားကြီးအခစားဝင်ရောက်လာသောအခါ မင်းကြီးသည် သူတွေ့ခဲ့ရသော နိမိတ်နှင့် ပတ်သက်၍ ပုဏ္ဏားကြီးအား မေး၏။ ထိုအခါ ပုဏ္ဏားကြီးက မင်းကြီး ထိတ်လန့်စရာမလိုကြောင်း၊ သူ့အိမ်တွင် ဖွားမြင်သော သူ့သားလေးကြောင့်သာဖြစ်ကြောင်း၊ နောင်အခါတွင် ထိုသားလေးသည် တစ်ကိုယ်တော်သူခိုးကြီးဖြစ်လာမည့် နိမိတ်ဖြစ်ကြောင်း၊ ထိုသားလေးကို ယခုကပင် သတ်ပစ်ရမည်လော စသည်ဖြင့် မင်းကြီးအား လျှောက်တင်လိုက်သည်။ မင်းကြီးက တစ်ကိုယ်တော်သူခိုးကြီး ဖြစ်လာမည့်သူသည် မိမိ၏အာဏာအန္တရာယ်ကို မစိုးရိမ်ရသဖြင့် ထိုကလေးကို မသတ်ဘဲ ကြီးပြင်းလာသည်အထိ ကျွေးမွေးပြုစုခိုင်းလေသည်။ ထိုကလေး၏အမည်ကို ဟိံသက (မင်းကြီး၏စိတ်ကို နှိပ်စက်ညှဉ်းပန်းလျက် ဖွားမြင်လာသူ)ဟု အမည်မှည့်ခဲ့၏။ သို့သော် ထိုနာမည်အတိုင်း မဖြစ်စေလိုသော ဆွေမျိုးများက အဟိံသကဟု ပြင်၍ ခေါ်ကြလေသည်။

အဟိံသကသည် အရွယ်ရောက်သောအခါ ခွန်အားဝလ အလွန်ကြီးမားသူဖြစ်လာ၏။ ဖခင်ပုဏ္ဏားကြီးသည်

www.dhammaransi.com

သားဖြစ်သူ သူခိုးကြီးဖြစ်လာမည်ကို စိုးရိမ်သောကြောင့် ဒီသာပါမောက္ခ ဆရာကြီးထံတွင် ပညာသင်ကြားစေသည်။ သားဖြစ်သူ၏ မာန်မာနကို ချိုးနှိမ်လိုသဖြင့် ဆရာကြီးကို ပူဇော်ရန် မည်သည့်ငွေကြေးဥစ္စာကိုမျှ မပေးလိုက်ပေ။ သို့ဖြစ်၍ အဟိသကသည် ဒီသာပါမောက္ခ ဆရာကြီးအိမ်တွင် အိမ်မှုကိစ္စများပြုလုပ်၍ ပညာသင်ရ၏။ သို့သော် ပညာကြိုးစားသင်ယူသဖြင့် ပညာရပ်အားလုံးတွင် အထူးချွန်ဆုံးဖြစ်နေသည်။ ဆရာကြီးနှင့် ဇနီးတို့ကလည်း သူ့ကို သားအရင်းပမာ ချစ်ခင်ကြသည်။ ထိုအခါ ကျန်တပည့်များက မနာလိုဖြစ်လာကြပြီး အဟိသကသည် ဆရာကတော်နှင့် ဖောက်ပြန်နေပါသည်ဟု ဆရာကြီးအား ကုန်းချောကြ၏။ ဆရာကြီးသည် ပြောစတွင် မယုံကြည်သော်လည်း အကြိမ်များစွာ ပြောလာသောအခါ ယုံကြည်လာပြီး အဟိသကကို သတ်ရန် ကြံစည်လေတော့သည်။

တစ်နေ့တွင် ဆရာကြီးက အဟိသကကို ခေါ်ပြီး "အမောင် အဟိသက . . . သင်ဟာ အခြားတပည့်တွေထက် ပညာပိုတော်ပေမဲ့ မပြည့်စုံသေးဘူး၊ ပညာဆုံးခန်းတိုင်အောင် သင်ကြားနိုင်ဖို့ လူပေါင်းတစ်ထောင်ရဲ့ လက်ညှိုးပေါင်းတစ်ထောင်ဖြင့် ငါ့ကို ပူဇော်ရမယ်"ဟု ပြောလိုက်၏။ အဟိသကလည်း ဖြစ်စေရမည်ဟု ကတိပြု၍ ဆရာကြီးကို ကန်တော့ပြီး တောထဲသို့ ထွက်ခွာသွား၏။

အဟိသကသည် တောထဲတွင် တွေ့သမျှလူကို ဖမ်းဆီးသတ်ဖြတ်ပြီး လက်ညှိုးများကို ဖြတ်ယူ၏။ သို့သော် ဖြတ်၍ရသော လက်ညှိုးများကို သစ်ခွ၊ သစ်ကိုင်း၊ သစ်ငုတ်များပေါ်တွင် ပစ်ထားသဖြင့် ပျောက်ကုန်၏။ ပျောက်ဆုံးဖန်များလာသောအခါ အကြံရလာကာ လက်ညှိုးများကို ကြိုးဖြင့်သီကုံး၍ ပခုံးဌ ဆွဲထားလိုက်သည်။ ထိုအခါမှစ၍ လူများက သူ့ကို အင်္ဂုလိမာလ (လက်ညှိုးပန်းကုံး လွယ်ထားသူ)ဟု ခေါ်ကြသည်။

ထိုတောအုပ်အနီးရှိ ရွာများမှ လူတို့သည် ကြောက်လန့်ပြီး သာဝတ္ထိမြို့တော်သို့ ထွက်ပြေးကာ အင်္ဂုလိမာလကို နှိမ်နှင်းပေးရန် ကောသလမင်းကြီးအား တောင်းဆိုကြသည်။ ထိုအကြောင်းကို ကြားသော အင်္ဂုလိမာလ၏ မိခင်ကြီးသည် သားဖြစ်သူကို ဘုရင်ကြီးက ဖမ်းဆီးသတ်ဖြတ်တော့မည်၊ မဖမ်းမီ သားကို သွားခေါ်ပါဟု ပုဏ္ဏားကြီးအား ပြော၏။ ပုဏ္ဏားကြီးက သူသွားခေါ်ရန် မသင့်ကြောင်း၊ လူမိုက်ဆိုသည်မှာ မည်သူ့ကိုမျှ ညာတာထောက်ထားမည် မဟုတ်ကြောင်း ပြောဆို၍ ငြင်းလိုက်၏။ ထိုအခါ မိခင်ကြီးသည် မိခင်တို့၏ ချစ်ခြင်းမေတ္တာဖြင့် သားအပေါ် အပြစ်မမြင်နိုင်ရှာ၊ မိမိအသက်အရွယ်ကိုမျှ မငဲ့ကွက်နိုင်ဘဲ ကြမ်းတမ်းလှသော လမ်းခရီးတွင် အလဲလဲအပြိုပြိုဖြင့် သားကို ပြေးလွှားရှာဖွေလေသည်။

ထိုအချိန်တွင် အင်္ဂုလိမာလသည် လူများကို တစ်ယောက်ပြီးတစ်ယောက် သတ်ဖြတ်ကာ တောထဲတွင် ဆင်းဆင်းရဲရဲ ပင်ပင်ပန်းပန်း ပုန်းအောင်းနေရသည်ကို ငြီးငွေ့နေလေပြီ။ ကြိုးနှင့်သီထားသော လက်ညှိုးများမှာလည်း တစ်ထောင်ပြည့်ရန် တစ်ချောင်းသာလိုတော့၏။ ထို့ကြောင့် အင်္ဂုလိမာလသည် ထိုနေ့တွင် ပထမဆုံးတွေ့သူသည် လိုနေသော လက်ညှိုးတစ်ချောင်းအတွက် ဖြစ်ရမည်ဟု ဆုံးဖြတ်ထား၏။

ထိုနေ့နံနက်တွင် မြတ်စွာဘုရားရှင်သည် လောကကို ကြည့်ရှုတော်မူသောအခါ အင်္ဂုလိမာလတို့ သားအမိကို မြင်တော်မူသည်။ အင်္ဂုလိမာလသည် မိမိ၏မိခင်ကိုမြင်လျှင် ဇကန်မုချ သတ်ဖြတ်ပေတော့မည်၊ ဤသို့ဖြစ်လျှင် မိခင်ကြီးသည် သားဖြစ်သူကို ဘုရင်ကြီးက ဖမ်းဆီးသတ်ဖြတ်တော့မည်၊ မဖမ်းမီ သားကို သွားခေါ်ပါဟု ပုဏ္ဏားကြီးအား ပြော၏။ ပုဏ္ဏားကြီးက သူသွားခေါ်ရန် မသင့်ကြောင်း၊ လူမိုက်ဆိုသည်မှာ မည်သူ့ကိုမျှ ညာတာထောက်ထားမည် မဟုတ်ကြောင်း ပြောဆို၍ ငြင်းလိုက်၏။ ထိုအခါ မိခင်ကြီးသည် မိခင်တို့၏ ချစ်ခြင်းမေတ္တာဖြင့် သားအပေါ် အပြစ်မမြင်နိုင်ရှာ၊ မိမိအသက်အရွယ်ကိုမျှ မငဲ့ကွက်နိုင်ဘဲ ကြမ်းတမ်းလှသော လမ်းခရီးတွင် အလဲလဲအပြိုပြိုဖြင့် သားကို ပြေးလွှားရှာဖွေလေသည်။

ထိုအချိန်တွင် အင်္ဂုလိမာလသည် လူများကို တစ်ယောက်ပြီးတစ်ယောက် သတ်ဖြတ်ကာ တောထဲတွင် ဆင်းဆင်းရဲရဲ ပင်ပင်ပန်းပန်း ပုန်းအောင်းနေရသည်ကို ငြီးငွေ့နေလေပြီ။ ကြိုးနှင့်သီထားသော လက်ညှိုးများမှာလည်း တစ်ထောင်ပြည့်ရန် တစ်ချောင်းသာလိုတော့၏။ ထို့ကြောင့် အင်္ဂုလိမာလသည် ထိုနေ့တွင် ပထမဆုံးတွေ့သူသည် လိုနေသော လက်ညှိုးတစ်ချောင်းအတွက် ဖြစ်ရမည်ဟု ဆုံးဖြတ်ထား၏။

ထိုနေ့နံနက်တွင် မြတ်စွာဘုရားရှင်သည် လောကကို ကြည့်ရှုတော်မူသောအခါ အင်္ဂုလိမာလတို့ သားအမိကို မြင်တော်မူသည်။ အင်္ဂုလိမာလသည် မိမိ၏မိခင်ကိုမြင်လျှင် ဇကန်မုချ သတ်ဖြတ်ပေတော့မည်၊ ဤသို့ဖြစ်လျှင် မိခင်ကြီးသည် အချည်းနှီး သေဆုံးရ၍ အင်္ဂုလိမာလမှာလည်း ရဟန္တာဖြစ်ရန် အခွင့်အရေး ဆုံးရှုံးရပေတော့မည်ဟု ဆင်ခြင်တော်မူကာ ယူဇနာသုံးဆယ်မျှ ကွာလှမ်းသော ခရီးကို တစ်ပါးတည်း ကြွတော်မူသည်။

ထိုအချိန်တွင် မိခင်ပုဏ္ဏားမကြီးသည် အင်္ဂုလိမာလ နေထိုင်ကျက်စားရာ ဇာလိနတောအုပ်သို့ ရောက်ရှိလာသည်။ အင်္ဂုလိမာလသည် မိခင်ကြီးကို မြင်လျှင်မြင်ချင်း မားကိုဆွဲ၍ တစ်ဟုန်ထိုး လိုက်လေ၏။ ထိုအချိန်တွင် မိခင်တို့၏ အနန္တမေတ္တာကိုလည်း မမြင်တော့ပေ။ လိုနေသော လက်ညှိုးတစ်ချောင်း ရဖို့အရေးသည်သာ သူ့အတွက် အရေးအကြီးဆုံး ဖြစ်နေသည်။

ထိုအခိုက် မြတ်စွာဘုရားသည် သားအမိနှစ်ယောက်အကြား၌ ပေါ်လာရာ အင်္ဂုလိမာလသည် မိခင်အစား ဤရဟန်းကိုပဲ သတ်မည်ဟု ဆုံးဖြတ်ချက်ပြောင်းကာ မြတ်စွာဘုရားနောက်သို့ သဲကြီးမဲကြီး လိုက်လေ၏။ ဤသို့ သဲကြီးမဲကြီး ပြေးလိုက်သော်လည်း ဣန္ဒြေရရ ကြွတော်မူသော မြတ်စွာဘုရားကို လိုက်၍မမီပေ။ ထို့ကြောင့် အင်္ဂုလိမာလက "ရဟန်းကြီး မပြေးပါနဲ့၊ ရပ်ပါ"ဟု ပြောသောအခါ မြတ်စွာဘုရားက "ငါသည် ရပ်နေ၏။ သင်ကသာ မရပ်မနားပြေးသွားနေ၏"ဟု ပြန်လည်မိန့်တော်မူ၏။ ထိုအခါ အင်္ဂုလိမာလက "အသင်ရဟန်းသည် အဘယ့်ကြောင့် မုသားစကား

www.dhammaransi.com

ပြောကြားရသနည်း"ဟု မေးရာ မြတ်စွာဘုရားက "အင်္ဂုလိမာလ . . . ငါသည် သတ္တဝါတို့အား သတ်ဖြတ် နှိပ်စက်ခြင်းကို ပယ်စွန့်ပြီးဖြစ်၍ ရပ်တန့်နေသူဖြစ်၏၊ သင်သည်ကား သတ္တဝါတို့အား သတ်ဖြတ်နှိပ်စက်ခြင်းကို ပြုနေသည်ဖြစ်၍ ပြေးလွှားနေသူ ဖြစ်၏"ဟု မိန့်တော်မူသည်။

မြတ်စွာဘုရား၏ တရားစကားကို ကြားနာလိုက်ရသော အင်္ဂုလိမာလသည် အမှန်တရားကို ချက်ချင်း သဘောပေါက်သွားကာ ပခုံးတွင်ဆွဲထားသော လက်ညှိုးပန်းကုံးနှင့် ဓားလက်နက်တို့ကို ချောက်ထဲသို့ ပစ်ချလိုက်ပြီး မြတ်စွာဘုရားခြေတော်ရင်း၌ ဝပ်စင်း၍ ရဟန်းပြုပေးရန် တောင်းပန်လေသည်။ မြတ်စွာဘုရားက သူ့ကို ရဟန်းပြုပေးကာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ခေါ်ဆောင်သွား၏။

ထိုအချိန်တွင် အင်္ဂုလိမာလကို နှိမ်နင်းရန် စစ်သည်ဗိုလ်ပါများနှင့်အတူ ထွက်လာသော ကောသလမင်းကြီးသည် မြတ်စွာဘုရားထံ ရှေးဦးစွာ ဝင်ရောက်ဖူးမြော်သည်။ ထိုအခါ မြတ်စွာဘုရားက အသင်မင်းကြီး သွားရောက် နှိမ်နင်းမည့် အင်္ဂုလိမာလဆိုတာ ဤရဟန်းပါပဲဟု မိန့်တော်မူရာ မင်းကြီးသည် အင်္ဂုလိမာလမထေရ်ကို ကြည့်ကာ ထိတ်လန့်သွား၏။ ထိုအခါ မြတ်စွာဘုရားက အင်္ဂုလိမာလသည် ယခု ယဉ်ကျေးသိမ်မွေ့သော ရဟန်းတစ်ပါး ဖြစ်နေသည့်အတွက် ထိတ်လန့်စရာကောင်းသောပုဂ္ဂိုလ် မဟုတ်တော့ကြောင်း မိန့်တော်မူလိုက်မှသာ မင်းကြီးလည်း စိတ်သက်သာရာ ရသွားလေသည်။

နောက်တစ်နေ့နံနက်တွင် အင်္ဂုလိမာလမထေရ် မြို့တွင်းသို့ ဆွမ်းခံဝင်ရာ မြို့သူမြို့သားတို့သည် ဆွမ်းတစ်ဇွန်းမျှ မလောင်းကြသည့်အပြင် မထေရ်ကိုမြင်လျှင် ထွက်ပြေးသူပြေး၊ အိမ်တံခါးပိတ်သူ ပိတ်ကြ၏။ စိတ်မထိန်း နိုင်သူတို့က ခဲ၊ တုတ်တို့ဖြင့် ပစ်ခတ်ကြသဖြင့် မထေရ်၏ ဦးခေါင်းမှ သွေးပေါက်ပေါက် ကျလေ၏။ မထေရ်သည် မေတ္တာဖြင့် သည်းခံတော်မူသည်။

တစ်နေ့တွင် အင်္ဂုလိမာလမထေရ်သည် မြို့တွင်း၌ ဆွမ်းခံကြွစဉ် သားမဖွားနိုင်သော ကိုယ်ဝန်သည် တစ်ယောက်၏ အော်ဟစ်ညည်းညူနေသံကို ကြားခဲ့ရာ မြတ်စွာဘုရားအား ပြန်လည်လျှောက်ထားလိုက်၏။ မြတ်စွာဘုရားက မထေရ်အား ပရိတ်တရားတော်ကို သင်ပေးလိုက်၏။ မထေရ်သည် ထိုအိမ်သို့ ပြန်ကြွသွားပြီး ပရိတ်တော်ကို ရွတ်ဖတ်ပေးရာ ကိုယ်ဝန်သည် အမျိုးသမီးသည် သားရတနာကို လွယ်ကူစွာ မွေးဖွားလေသည်။ ထိုအချိန်မှစ၍ ထို ပရိတ်တော်သည် "အင်္ဂုလိမာလ ပရိတ်"ဟူ၍ ထင်ရှားလာခဲ့၏။

ထိုသတင်းသည် သာဝတ္ထိတစ်မြို့လုံးသို့ တခဏချင်း ပျံ့နှံ့သွားပြီး လူများသည် အင်္ဂုလိမာလမထေရ်အား ကြည်ညိုလေးစားလာကြသည်။ ထိုအခါမှ လောကလူသားတို့၏ ကောင်းကျိုးကို ဆောင်ရွက်နိုင်ပြီဖြစ်၍ မထေရ်၏ စိတ်နလုံးမှာလည်း အနှောင့်အယှက်များ ကင်းစင်သွားကာ ကမ္မဋ္ဌာန်းတရားကို ကောင်းစွာအားထုတ်နိုင်သဖြင့် မကြာမီပင် ရဟန္တာဖြစ်သွားလေသည်။

မိုဠိမ်း။ ။ ထေရီ ထေရာ ရဟန္တာပုဂ္ဂိုလ်ကြီးများ၊ ဝဏ္ဏသိရီ၊ ၃၃၆-၃၄၅။ ထေရ၊ ၄၊ ၂၊ ၃၂၄ - ၃၃၅။

- အောက်ပါမေးခွန်းများကို မေးပါ။
  - ဟီသကလို့ ဘာကြောင့် အမည်ပေးခဲ့တာလဲ။
  - မိဘဆွေမျိုးတွေက ဟီသကကို ဘယ်လို ခေါ်ခဲ့သလဲ။ ဘာကြောင့်လဲ။
  - အဟီသကဟာ ဆရာကြီးဆီမှာ ပညာကို ဘယ်လို သင်ယူခဲ့ရသလဲ။ ဘာကြောင့်လဲ။
  - ဆရာကြီးက အဟီသကကို ဘာကြောင့် သတ်ဖို့ ကြံစည်ခဲ့တာလဲ။
  - ဆရာကြီးက အဟီသကကို ဘယ်လို ပူဇော်ခိုင်းခဲ့သလဲ။
  - အဟီသကကို အင်္ဂုလိမာလလို့ ဘာကြောင့် ခေါ်တာလဲ။
  - မြတ်စွာဘုရားကို မုသားစကားပြောတယ်လို့ အင်္ဂုလိမာလက ဘာကြောင့် စွပ်စွဲတာလဲ။
  - အင်္ဂုလိမာလရဲ့ စွပ်စွဲချက်ကို မြတ်စွာဘုရားက ဘယ်လို ပြန်ဖြေခဲ့သလဲ။
  - အင်္ဂုလိမာလပရိတ်တော်က ဘယ်လိုဖြစ်ပေါ်လာတာလဲ။
  - ဘုရားရှင်နဲ့ မတွေ့ဘူးဆိုရင် အင်္ဂုလိမာလ ဘယ်လို ဖြစ်သွားမယ်လို့ ထင်သလဲ။

www.dhammaransi.com

စာသင်ချိန် (၃) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ပုဂ္ဂိုလ်လေးမျိုးအကြောင်း ရေးထားသော စာရွက်ပိုင်းများ။

သင်ယူမှုလုပ်ငန်းစဉ်

- "တကယ်တော့ အဂုံလိမာလဟာ လူတော်လူကောင်းတစ်ယောက်ဖြစ်တယ်။ ဆရာကြီးရဲ့ မကောင်းတဲ့အကြံကြောင့်သာ လူဆိုးတစ်ယောက် ဖြစ်သွားခဲ့ရတယ်။ ဒါပေမဲ့ ဘုရားရှင်နဲ့တွေ့ပြီး လူကောင်းတစ်ယောက် ပြန်ဖြစ်လာခဲ့တယ်။ အဲဒီလိုပဲ လောကမှာ မကောင်းတဲ့ဘဝကနေ မကောင်းတဲ့ဘဝကိုပဲ ပြန်သွားတဲ့သူ၊ မကောင်းတဲ့ဘဝကနေ ကောင်းတဲ့ဘဝကို သွားတဲ့သူ စသည်ဖြင့် ပုဂ္ဂိုလ်လေးမျိုး ရှိတယ်။ အဲဒီပုဂ္ဂိုလ်လေးမျိုးကို လေ့လာကြည့်ရအောင်"ဟု ပြော၍ စာသင်ချိန်ကို စတင်ပါ။
- ထို့နောက် ဆရာက အောက်ပါပုဂ္ဂိုလ်လေးမျိုးကို သင်ပုန်းတွင် ကြိုတင် ရေးထားပါ။

အမှောင်မှ လာ၍ အမှောင်သို့ သွားသူ။

အမှောင်မှ လာ၍ အလင်းသို့ သွားသူ။

အလင်းမှ လာ၍ အမှောင်သို့ သွားသူ။

အလင်းမှ လာ၍ အလင်းသို့ သွားသူ။

၁။ ဤလောကတွင် အချို့လူများသည် ဆင်းဆင်းရဲရဲ နေရ၏။ အဝတ်အစား အသုံးအဆောင်များလည်း ရှားပါး၏။ ရုပ်ရည်ကလည်း မလှပေ။ အနာရောဂါလည်း ထူပြော၏။ မကောင်းမှုများကိုလည်း ပြုလုပ်နေ၏။

၂။ ဤလောကတွင် အချို့လူများသည် ဆင်းဆင်းရဲရဲ နေရ၏။ အဝတ်အစား အသုံးအဆောင်များလည်း ရှားပါး၏။ ရုပ်ရည်ကလည်း မလှပေ။ အနာရောဂါလည်း ထူပြော၏။ သို့သော် ကောင်းမှုကုသိုလ်များကို ပြုလုပ်နေ၏။

၃။ ဤလောကတွင် အချို့လူများသည် ချမ်းသာကြွယ်ဝကြ၏။ အဝတ်အစား အသုံးအဆောင်များလည်း ပေါများ၏။ ရုပ်ရည်ကလည်း လှပ၏။ အနာရောဂါလည်း ကင်းရှင်း၏။ သို့သော်လည်း မကောင်းမှုများကို ပြုလုပ်နေ၏။

၄။ ဤလောကတွင် အချို့လူများသည် ချမ်းသာကြွယ်ဝကြ၏။ အဝတ်အစား အသုံးအဆောင်များလည်း ပေါများ၏။ ရုပ်ရည်ကလည်း လှပ၏။ အနာရောဂါလည်း ကင်းရှင်း၏။ ကုသိုလ် ကောင်းမှုများကိုလည်း ပြုလုပ်နေ၏။

- ထို့နောက် ဆရာက ကြိုတင်ရေးထားသော အထက်ပါ ပုဂ္ဂိုလ်လေးမျိုး အကြောင်းအရာကို ကလေးများကိုယ်တိုင် ဖတ်ကြပါစေ။ ဖတ်ပြီးလျှင် ဆရာက အောက်ပါမေးခွန်းများကို မေး၍ ပုဂ္ဂိုလ်လေးမျိုး အကြောင်းနှင့် တွဲစပ်ဖြေဆိုကြပါစေ။

- ဘယ်လိုလူမျိုးတွေဟာ အလင်းကလာပြီး အမှောင်ကို သွားသူလဲ။ ဘာကြောင့်လဲ။
- ဘယ်လိုလူမျိုးတွေဟာ အမှောင်ကလာပြီး အမှောင်ကို သွားသူလဲ။ ဘာကြောင့်လဲ။
- ဘယ်လိုလူမျိုးတွေဟာ အလင်းကလာပြီး အလင်းကို သွားသူလဲ။ ဘာကြောင့်လဲ။
- ဘယ်လိုလူမျိုးတွေဟာ အမှောင်ကလာပြီး အလင်းကို သွားသူလဲ။ ဘာကြောင့်လဲ။

- ပြီးလျှင် ဆရာက "အခု သားတို့သမီးတို့ လေ့လာခဲ့တဲ့ အဂုံလိမာလဟာ ဒီပုဂ္ဂိုလ်လေးမျိုးထဲက ဘယ်အမျိုးအစားထဲမှာ ပါသလဲ"ဟူသောမေးခွန်းကို ကလေးများနှင့် အမေးအဖြေ ပြုလုပ်၍ စာသင်ချိန်ကို အဆုံးသတ်ပါ။

www.dhammaransi.com

ဓမ္မစကူးလ်ဓမာင်ဓဒးရှင်း၊ ဗုဒ္ဓဘာသာသင်ခန်းစာ

စာသင်ချိန် (၄) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ စာရွက်လွတ်များ။

သင်ယူမှုလုပ်ငန်းစဉ်

- "သားတို့သမီးတို့က ပုဂ္ဂိုလ်လေးမျိုးရှိတယ်ဆိုတာလည်း သိသွားပြီ။ အဂုံလိမာလက ဘယ်အမျိုးအစားထဲပါတယ်ဆိုတာလည်း သိပြီးပြီ၊ ဒီတစ်ခါတော့ သားတို့သမီးတို့ကိုယ်တိုင် ဘယ်ပုဂ္ဂိုလ်အမျိုးအစားထဲမှာ ပါချင်သလဲဆိုတာ ဆရာက မေးမယ်။ လက်ထောင်ပြီး ဖြေကြပါ"ဟု ပြော၍ အောက်ပါ မေးခွန်းများကို မေးပါ။
  - အမှောင်က လာပြီး အမှောင်ကို သွားတဲ့သူ။
  - အမှောင်က လာပြီး အလင်းကို သွားတဲ့သူ။
  - အလင်းက လာပြီး အမှောင်ကို သွားတဲ့သူ။
  - အလင်းက လာပြီး အလင်းကို သွားတဲ့သူ။
- ထို့နောက် ဆရာက "အဲဒီလို ပုဂ္ဂိုလ်မျိုး ဘာကြောင့်ဖြစ်ချင်တာလဲ။ အဲလိုဖြစ်အောင် ဘာတွေ လုပ်ရမလဲ"ဟူသော မေးခွန်းကို ကလေးများ ဖြေကြပါစေ။ (ဥပမာ - စာတော်နေတဲ့ ကျောင်းသား တစ်ယောက်အနေနဲ့ စာဆက်တော်နေအောင်၊ လိမ္မာနေတဲ့ ကျောင်းသားတစ်ယောက် ဆက်လက် လိမ္မာနေအောင်၊ အောင်မြင်နေတဲ့ လူတစ်ယောက် ဆက်လက်အောင်မြင်နေအောင် ဘာတွေ လုပ်မလဲ စသည့် မေးခွန်းများကို အခြေခံ၍ မေးပါ။)
- ဖြေလိုသောကလေးများ ဖြေကြပါစေ။ ဆရာက ကလေးများ တင်ပြသည့်အချက်များကို မှတ်သားထားပြီး အောက်ပါအတိုင်း အနှစ်ချုပ်၍ သင်ခန်းစာကို အဆုံးသတ်ပါ။

"သားတို့သမီးတို့ . . . လူတိုင်းဟာ အမှားနဲ့ မကင်းကြဘူး။ ဒါပေမဲ့ အဲဒီအမှားကို သိမြင်ပြီး ပြန်လည်ပြုပြင်ရင် လူတော်၊ လူကောင်းတွေ ပြန်ဖြစ်လာနိုင်တယ်။ သားတို့သမီးတို့လည်း အမှားတွေ လုပ်မိခဲ့ရင် ပြုပြင်သွားကြရမယ်။ အခုအချိန်မှာ လူတော်လူကောင်းတွေ ဖြစ်နေပြီးရင်လည်း ဆက်ပြီးတော့ ဖြစ်နေအောင် ကြိုးစားသွားကြရမယ်"

www.dhammaransi.com

သင်ခန်းစာ (၈)

သင်ခန်းစာခေါင်းစဉ်	။	။ မဟာဓမ္မိက ဥပါသကာ
သင်ယူမှုဦးတည်ချက်	။	။ ကုသိုလ်ကောင်းမှုပြုလုပ်ခြင်း၏ အကျိုးတရားများကို သိရှိပြီး လက်တွေ့ပြုလုပ်ကြစေရန်။
စာသင်ချိန် (၁)	။	။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း	။	။ မရှိ။

သင်ယူမှုလုပ်ငန်းစဉ်

- အောက်ပါမေးခွန်းများဖြင့် စာသင်ချိန်ကို စတင်ပါ။
  - နတ်ပြည်ဆိုတာ ကြားဖူးလား။ ဘယ်သူတွေ နေသလဲ။
  - နတ်ပြည် ဘယ်နှထပ် ရှိသလဲ။ ဘာတွေလဲ။
- ထို့နောက် အောက်ပါ နတ်ပြည်ခြောက်ထပ်၏ အမည်များကို ဆရာက သင်ပုန်းတွင် ရေးပြပါ။ ကလေးများက မှတ်စုစာအုပ်တွင် ကူးရေးကြပါစေ။

နတ်ပြည် ခြောက်ထပ်
၁။ စတုမဟာရာဇိ (စတု မဟာရစ်)
၂။ တာဝတိံသာ (တာဝတိန်သာ)
၃။ ယာမာ
၄။ တုသိတာ
၅။ နိမ္မာနရတိ (နိမ်မာနရတိ)
၆။ ပရနိမ္မိတ ဝသဝတ္တိ (ပရနိမ်မိတ ဝသဝတ်တိ)

- နတ်ပြည်ခြောက်ထပ်၏ အမည်များကို ကလေးများ ဖတ်ကြပါစေ။ နတ်ပြည် ခြောက်ထပ်တွင် စတုမဟာရာဇိနတ်ပြည်သည် အနိမ့်ဆုံးဘုံဖြစ်၍ ပရနိမ္မိတဝသဝတ္တိနတ်ပြည်သည် အမြင့်ဆုံးဘုံဖြစ်ကြောင်း ရှင်းပြပါ။
- ထို့နောက် အောက်ပါမေးခွန်းကို မေးပါ။
  - ဘာကြောင့် နတ်ပြည်မှာ နတ်သား နတ်သမီးတွေ ဖြစ်နေကြတာလဲ။

(ကုသိုလ်ကောင်းမှုများ ပြုလုပ်ခဲ့သောကြောင့် နတ်ပြည်သို့ ရောက်သည်။)

- ဘယ်လိုပုဂ္ဂိုလ်မျိုးတွေ နတ်ပြည်ရောက်သလဲ ဆိုတဲ့အကြောင်းပြောထားတဲ့ ဇာတ်လမ်းတစ်ပုဒ်ကို နောက်စာသင်ချိန်မှာ လေ့လာကြမယ်ဟု ပြော၍ စာသင်ချိန်ကို အဆုံးသတ်ပါ။

www.dhammaransi.com

စာသင်ချိန် (၂) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ကျောင်းသားကိုင်စာအုပ်ပါ ဇာတ်လမ်းနှင့် သရုပ်ဖော်ပုံများ။

သင်ယူမှုလုပ်ငန်းစဉ်

- "သားတို့သမီးတို့ . . . ဥပါသကာဆိုတာ ဘယ်လိုပုဂ္ဂိုလ်မျိုးလဲ"ဟု မေး၍ စာသင်ချိန်ကို စတင်ပါ။
- ကလေးများ ဖြေပြီးလျှင် ဇာတ်လမ်းကို ဖတ်ကြပါစေ။

မဟာဓမ္မိက ဥပါသကာ

မြတ်စွာဘုရား လက်ထက်တော်၌ ဓမ္မိကအမည်ရှိ ဥပါသကာကြီး တစ်ဦးရှိခဲ့သည်။ ဥပါသကာတို့၏ အကြီး အမှူးဖြစ်သဖြင့် သူ့ကို မဟာဓမ္မိကဥပါသကာဟူ၍ ခေါ်ကြ၏။ ဥပါသကာကြီးသည် အကျင့်သီလနှင့်ပြည့်စုံပြီး လှူဒါန်း ပေးကမ်းခြင်း၌လည်း အစဉ်အမြဲ မွေ့လျော်သည်။ မိသားစုဝင် အားလုံးသည်လည်း ဥပါသကာကြီးကဲ့သို့ပင် ကုသိုလ် ကောင်းမှုများနှင့် အစဉ်အမြဲ မွေ့လျော်သူများ ဖြစ်ကြ၏။

ဤသို့ဖြင့် ဥပါသကာကြီးသည် အိုမင်းရင့်ရော်သော အရွယ်သို့ ရောက်လာပြီး အသက်အန္တရာယ် စိုးရိမ်ရသော ရောဂါတစ်ခု စွဲကပ်လာကာ ညောင်စောင်းပေါ်တွင် လဲလျောင်းနေရ၏။ ထိုအခါ ဥပါသကာကြီးသည် မြတ်စွာဘုရား ရှင်၏ တရားတော်တို့ကို နာကြားလိုသော ဆန္ဒဖြစ်ပေါ်လာ၍ ရဟန်းသံဃာတော်တို့ကို ပင့်ဖိတ်ပေးရန် သားသမီးတို့ အား ပြောလေသည်။ ရဟန်းသံဃာတော်များ ကြွရောက်လာကြသောအခါ "မြတ်စွာဘုရားရှင်ရဲ့ တရားတော်တွေထဲက ဘယ်တရားတော်ကို နာကြားလိုပါသလဲ"ဟု မေးတော်မူလျှင် ဥပါသကာကြီးက "သတိပဋ္ဌာန် သုတ္တန်ဒေသနာတော်ကို နာကြားလိုပါသည်ဘုရား"ဟု ပြန်လည် လျှောက်ထားလေသည်။

ထိုဒေသနာတော်ကို ရွတ်ဖတ်နေစဉ် နတ်ပြည်ခြောက်ထပ်မှ နတ်သားတို့သည် နတ်ရထားခြောက်စီးဖြင့် ရောက်ရှိလာပြီး "ဥပါသကာကြီး . . . ကျွန်ုပ်တို့ရဲ့ နတ်ပြည်မှာ စည်းစိမ်ခံစားဖို့ ဒီရထားပေါ် တက်ပါ" စသည်ဖြင့် အလု အယက် ခေါ်နေကြသည်။ ဥပါသကာကြီးသည် တရားနာရသည်ကို အနှောင့်အယှက် မဖြစ်လိုသည့်အတွက် "နေကြပါ ဦး၊ နေကြပါဦး"ဟု ဟန့်တားလိုက်သည်။ ထိုအခါ ရဟန်းသံဃာများက သူတို့ကို ဟန့်တားသည်ဟု ထင်မှတ်ကာ ကျောင်းတော်သို့ ပြန်ကြွသွားကြလေသည်။ ဥပါသကာကြီး၏ သားသမီးတို့ကလည်း ဖခင်ကြီးသည် သေရမည်ကို ကြောက်ရွံ့သဖြင့် ကယောင်ကတမ်း ပြောနေသည်ဟု ထင်မှတ်ကာ ဝမ်းနည်းငိုကြွေးကြလေသည်။

သားသမီးတို့ ငိုကြွေးနေကြသည်ကို ဥပါသကာကြီး ကြားသောအခါ 'အဘယ်ကြောင့် ငိုကြွေးနေကြသနည်း'ဟု မေး၏။ သားသမီးတို့က အကြောင်းစုံကို ရှင်းပြကြသည်။ ထို့နောက် ဥပါသကာကြီးက "ရဟန်းသံဃာတော်တွေ အခု ဘယ်မှာလဲ"ဟု မေးရာ သားသမီးတို့က "သတိပဋ္ဌာန် သုတ္တန်ဒေသနာတော်ကို ဆက်မရွတ်ဖို့ အဖေက တားမြစ်လိုက် လို့ ကျောင်းတော်သို့ ပြန်ကြွသွားကြပြီ"ဟု ပြောကြသည်။

ထိုအခါ ဥပါသကာကြီးက "သားတို့သမီးတို့ . . . အဖေက ရဟန်းတော်တွေကို တားမြစ်တာ မဟုတ်ဘူး၊ နတ် ပြည်ခြောက်ထပ်က နတ်ရထား ခြောက်စီးနဲ့ နတ်သားတွေ ရောက်လာပြီး သူထက်ငါ အလုအယက် ခေါ်နေကြတဲ့ အတွက် တရားနာပျက်မှာစိုးလို့ 'နေကြပါဦး'လို့ ပြောလိုက်တာပါ"ဟု ပြန်လည် ရှင်းပြလေသည်။

ထို့နောက် ဥပါသကာကြီးက "နတ်ပြည်ခြောက်ထပ်မှာ ဘယ်နတ်ပြည်က ပျော်မွေ့ဖွယ် အကောင်းဆုံးလဲ"ဟု မေးရာ သားသမီးတို့က "အဖေ . . . ဘုရားအလောင်းတို့ရဲ့ မယ်တော် ခမည်းတော်တို့စံရာ တုသိတာနတ်ပြည်ဟာ ပျော်မွေ့ဖွယ် အကောင်းဆုံးဖြစ်ပါတယ်"ဟု ပြောဆိုကြသည်။ ထိုအခါ ဥပါသကာကြီးက "ဒါဆိုရင် သားတို့သမီးတို့ အဆင်သင့် သိကုံးထားတဲ့ ပန်းကုံးကို တုသိတာ နတ်ပြည်က လာတဲ့နတ်ရထားမှာ ချိတ်ပါစေလို့ အဓိဋ္ဌာန်ပြီး ပစ်လွှင့် လိုက်ကြ"ဟု ပြောလိုက်လေသည်။ သားသမီးတို့လည်း ဖခင်ကြီး စေခိုင်းသည့်အတိုင်း ပန်းကုံးကိုပစ်လွှင့်လိုက်ရာ ပန်း ကုံးသည် တုသိတာ နတ်ပြည်မှလာသော ရထားဦး၌ ချိတ်လျက် ကောင်းကင်တွင် တွဲလဲဆွဲတည်နေလေသည်။ သား သမီးတို့နှင့် လူအပေါင်းတို့သည် ကောင်းကင်၌ တွဲလဲဆွဲတည်နေသော ပန်းကုံးကိုသာ မြင်ကြရ၏။ နတ်ရထားကိုကား မမြင်ကြရပေ။

www.dhammaransi.com

နောက်ဆုံးတွင် ဥပါသကာကြီးက "သားတို့သမီးတို့ . . . အဖေ့အတွက် စိုးရိမ်ပူဆွေး ငိုကြွေးခြင်း မဖြစ်ကြနဲ့၊ သားတို့သမီးတို့ဟာ ဒီဘဝမှာလိုပဲ အဖေနဲ့ မေတ္တာကျွမ်းဝင် ထပ်တွေ့ချင်ကြတယ်ဆိုရင် အဖေပြုလုပ်အားထုတ်ခဲ့တဲ့ ဒါန၊ သီလ အစရှိတဲ့ ကုသိုလ်ကောင်းမှုတို့ကို အမြဲမပြတ် ဆက်လက်ပြုလုပ်ကြပါ"ဟု မှာကြား၍ကွယ်လွန်ကာ နတ်ရထားဖြင့် တုသိတာနတ်ပြည်သို့ လိုက်ပါသွားလေသည်။

ဥပါသကာကြီးအား သတိပဋ္ဌာန်သုတ္တန်ဒေသနာတော်ကို ရွတ်ဖတ်ပေးခဲ့ကြသော ရဟန်းတော်များသည် ကျောင်းတော်သို့ ပြန်ရောက်လာသောအခါ ဥပါသကာကြီး၏ ဖြစ်ပုံအကြောင်းစုံကို မြတ်စွာဘုရားရှင်အား လျှောက်ထားကြသည်။ ထိုအခါ မြတ်စွာဘုရားရှင်က ဥပါသကာကြီး၏ အဖြစ်အပျက်အမှန်ကို ဖြည့်စွက်ဟောကြားတော်မူသည်။ ရဟန်းတော်များသည် ဥပသကာကြီး၏ အဖြစ်အပျက်အမှန်ကို သဘောပေါက်သွားကြသောအခါ မြတ်စွာဘုရားရှင်က "ကုသိုလ်ကောင်းမှုကို ပြုထားသူဟာ ပစ္စုပ္ပန်၊ တမလွန်ဘဝ နှစ်ခုလုံးမှာ ပျော်ရွှင်ဝမ်းမြောက်ရတယ်၊ မိမိရဲ့စင်ကြယ်တဲ့ ကောင်းမှုကံကို မြင်ရပြီး ကောင်းမှုပြုသူဟာ ပျော်ရွှင်ဝမ်းမြောက်ရတယ်"ဟု တရားတော်ကို ဆက်လက်ဟောကြားတော်မူသည်။

မိုဠိယမိ။ ။ မဟာဓမ္မိက ဥပါသကာဝတ္ထု၊ ဓမ္မပဒအဋ္ဌကထာ မြန်မာပြန်၊ ဓမ္မပဒဝတ္ထု၊ ပထမတွဲ၊ ၁၈၀-၁၈၆။ ဓမ္မ၊ ဋ္ဌ၊ ၁၊ ၈၃။

- အောက်ပါမေးခွန်းများကို ဖေးပါ။
  - ဥပါသကာကြီးကို ဘာကြောင့် မဟာဓမ္မိကဥပါသကာလို့ ခေါ်တာလဲ။
  - မဟာဓမ္မိက ဥပါသကာကြီးဟာ ဘယ်လို ပုဂ္ဂိုလ်မျိုးလဲ။
  - ရောဂါဝေဒနာ ခံစားလာရတဲ့အခါမှာ ဥပါသကာကြီးဟာ သံဃာတော်များထံက ဘာတရားကို နာယူလိုခဲ့သလဲ။
  - သံဃာတော်များက ဥပါသကာကြီးအတွက် သတိပဋ္ဌာန် သုတ္တန်ဒေသနာတော်ကို ရွတ်ဖတ်နေစဉ် ဘာတွေ ဖြစ်ပျက်ခဲ့သလဲ။
  - ဥပါသကာကြီးက မသေခင်မှာ သားသမီးတွေကို ဘာတွေ မှာကြားခဲ့သလဲ။
  - ဥပါသကာကြီးရဲ့ဖြစ်စဉ်ကို အကြောင်းပြုပြီး မြတ်စွာဘုရားရှင်က ဘယ်လို တရားဟောခဲ့သလဲ။
  - နတ်ပြည်ခြောက်ထပ်က နတ်သားတွေက နတ်ရထားခြောက်စီးနဲ့ ဥပါသကာကြီးကို လာခေါ်တာ ဘာကြောင့်လို့ ထင်သလဲ။
  - ကုသိုလ်ကောင်းမှုပြုလုပ်သူဟာ ဘယ်လို အကျိုးခံစားရသလဲ။

စာသင်ချိန် (၃) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ စာရွက်လွတ်များ။

သင်ယူမှုလုပ်ငန်းစဉ်

- "ဥပါသကာကြီးဟာ လှူဒါန်းပေးကမ်းမှု၊ အကျင့်သီလနဲ့ ပြည့်စုံမှုစတဲ့ ကုသိုလ်ကောင်းမှုတွေကို အမြဲပြုလုပ်တဲ့အတွက် နတ်ပြည်ခြောက်ထပ်က နတ်သားတွေကတောင် လာခေါ်ရတယ်ဆိုတာ သားတို့သမီးတို့ သိခဲ့ရပြီ"ဟု ပြော၍ စာသင်ချိန်ကို စတင်ပါ။
- ထို့နောက် ဆရာက "သားတို့သမီးတို့ရော ဘယ်လို ကုသိုလ်ကောင်းမှုမျိုးတွေ လုပ်နိုင်မလဲ။ စဉ်းစားပြီး အုပ်စုလိုက် ရေးကြရမယ်"ဟု ပြောပြီး ဆရာက သင်ပုန်းတွင် "ကိုယ်တိုင် ပြုလုပ်နိုင်သော ကုသိုလ်ကောင်းမှုများ"ဟု ခေါင်းစဉ်ကို ရေးပါ။
- ထို့နောက် ကလေးများကို အုပ်စု (၅)စု ဖွဲ့ပါ။ အထက်ပါ အကြောင်းအရာကို အုပ်စုလိုက် ဆွေးနွေးစေ၍ ရရှိသော အချက်များကို စာရွက်လွတ်တွင် ရေးသားစေပြီး ကိုယ်စားလှယ်တစ်ဦးစီက ဖတ်ပြပါစေ။
- အားလုံး ဖတ်ပြပြီးလျှင် အောက်ပါအတိုင်း အနှစ်ချုပ်ပေးပါ။
  "အခုဆိုရင် သားတို့သမီးတို့ ကိုယ်တိုင်လုပ်နိုင်တဲ့ ကုသိုလ်ကောင်းမှုတွေကို ဖော်ထုတ်ခဲ့ပြီ။ နောက်စာသင်ချိန်မှာတော့ ဘယ်လိုကောင်းမှုမျိုးတွေကို လုပ်ရင် ဘယ်လိုကောင်းကျိုးတွေ ရနိုင်တယ်ဆိုတာ ဆွေးနွေးကြမယ်"

www.dhammaransi.com

ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ ဗုဒ္ဓဘာသာသင်ခန်းစာ

စာသင်ချိန် (၄) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ စာရွက်လွတ်များ။

သင်ယူမှုလုပ်ငန်းစဉ်

- စာသင်ချိန်(၃)အတိုင်း အုပ်စုကို ထားပါ။ အုပ်စုအသီးသီးက ၄င်းတို့ ရေးသားထားသည့် ကုသိုလ်ကောင်းမှုများကို ပြုလုပ်ခြင်းကြောင့် လက်ရှိဘဝတွင် ရနိုင်မည့်အကျိုးနှင့် နောင်ဘဝတွင် ရရှိနိုင်မည့်အကျိုးတို့ကို အောက်ပါပုံစံအတိုင်း ဆက်လက်ဆွေးနွေး၍ ရေးသားတင်ပြကြပါစေ။ (ကလေးများ ဆွေးနွေးရာတွင် လွယ်ကူမှုရှိစေရန် ဆရာကအုပ်စုအသီးသီးသို့ လှည့်လည်ကြည့်ရှုပြီး လမ်းကြောင်းပေးသော မေးခွန်းများမေး၍ ကူညီပေးပါ။)

လက်ရှိဘဝတွင် ရနိုင်မည့်အကျိုး	နောင်ဘဝတွင် ရနိုင်မည့်အကျိုး

- အုပ်စုအားလုံး ဆွေးနွေးပြီးလျှင် ကိုယ်စားလှယ်တစ်ဦးစီက တင်ပြပါစေ။ (ကိုယ်စားလှယ်ရွေးချယ်ရာတွင် စာသင်ချိန်(၃)၌ တင်ပြခဲ့သော ကိုယ်စားလှယ်မဟုတ်သည့် အခြားတစ်ဦးကို ရွေးချယ်ရန် ဆရာက အကြံပြုပါ။)
- တင်ပြချက်တွင် အောက်ပါအချက်များ မပါလျှင် ဆရာက ဖြည့်စွက်ဆွေးနွေးပေးပါ။
  ၁။ ဆွမ်း၊ ပန်း၊ ဓရေချမ်း၊ ဆီမီး၊ လျှပ်စစ်မီး လှူခြင်းကြောင့် ရရှိသော အကျိုးများ။
  ၂။ ငါးပါးသီလ၊ ရှစ်ပါးသီလ စောင့်ထိန်းခြင်းကြောင့် ရရှိသော အကျိုးများ။
  ၃။ အများအကျိုးအတွက် လုပ်ဆောင်ခြင်းကြောင့် ရရှိသော အကျိုးများ။
  ၄။ တရားအားထုတ်ခြင်းကြောင့် ရရှိနိုင်သော အကျိုးများ။
- နောက်ဆုံးတွင် ဆရာက "ကုသိုလ်ကောင်းမှု ပြုလုပ်သူဟာ လက်ရှိဘဝမှာသာမက နောင်ဘဝမှာပါ ပျော်ရွှင်ဝမ်းမြောက်ရတယ်။ လှူဒါန်းသူရော အလှူခံသူရော နှစ်ဦးလုံး စိတ်ချမ်းသာရတယ်။ ဒါ့ကြောင့် ကုသိုလ်ကောင်းမှုတွေ၊ အများအကျိုးဆောင် လုပ်ငန်းတွေကို စွမ်းနိုင်သလောက် လုပ်သွားကြရမယ်၊ လုပ်ဆောင်သွားနိုင်တဲ့ သားလိမ္မာ သမီးလိမ္မာလေးတွေ ဖြစ်ကြပါစေ"ဟု ဆုတောင်းပေး၍ သင်ခန်းစာကို အဆုံးသတ်ပါ။

www.dhammaransi.com

သင်ခန်းစာ (၉)

သင်ခန်းစာခေါင်းစဉ် ။ ။ လူကောင်းလူတော်ဖြစ်ရေးမင်္ဂလာ

သင်ယူမှုဦးတည်ချက် ။ ။ လူကောင်းလူတော်ဖြစ်ရေးမင်္ဂလာတို့ကို လိုက်နာကျင့်သုံးကြစေရန်။

စာသင်ချိန် (၁) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ မင်္ဂလာအမည်များ ရေးထားသော မဲလိပ်များ။

သင်ယူမှုလုပ်ငန်းစဉ်

- ကလေးများကို အုပ်စု (၆)စု ဖွဲ့ပါ။ ထို့နောက် ပေါင်းသင်းဆက်ဆံရေး မင်္ဂလာ၊ နေထိုင်ရေး မင်္ဂလာ၊ ပညာရေး မင်္ဂလာ၊ ပြုစုလုပ်ကျွေးရေးနှင့် အသက်မွေးမှု မင်္ဂလာ၊ လူမှုရေး မင်္ဂလာ၊ မကောင်းမှုရှောင် ကောင်းမှုဆောင် မင်္ဂလာ အမည်ပါ မဲလိပ်များကို အုပ်စု (၆)စုအား မဲနှိုက်ကြပါစေ။ မဲကျရာ မင်္ဂလာကဏ္ဍကို အုပ်စုလိုက် ရွတ်ဆိုကြပါစေ။ အုပ်စုတစ်စု ရွတ်ဆိုပြီးတိုင်း ကျန်အုပ်စုများက မင်္ဂလာကဏ္ဍ၏ ခေါင်းစဉ်၊ ပါဝင်သည့် မင်္ဂလာတရား အရေအတွက်နှင့် အမည်များကို ပြောပြကြပါစေ။

ပေါင်းသင်းဆက်ဆံရေး မင်္ဂလာ
လူမိုက်ဆိုလျှင် ရှောင်သွေလွှဲလို့၊
မမှီဝဲနှင့် ကင်းဝေးနေ။
ပညာရှိကို အရှည်တွဲလို့၊
မှီဝဲဆည်းကပ် နည်းယူစေ။
သုံးပါးရတနာ မိဘများနှင့်၊
ဆရာသမားကို ပူဇော်လေ။
ချမ်းသာကိုပေး ဆက်ဆံရေး၊
မျှော်တွေး သုံးချက်ပေ။
အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့ မင်္ဂလာတွေ။

နေထိုင်ရေး မင်္ဂလာ
ကုသိုလ်ပညာ ဥစ္စာရဖို့၊
သင့်ရာဒေသ အမြဲနေ။
ရှေးကတင်ကြို ပြုခဲ့ဖူးသည့်၊
ကောင်းမှုအထူး ရှိပါစေ။
မိမိကိုယ်ကို ကောင်းအောင်ထိန်းလို့၊
မတိမ်းစေနဲ့ ဆောက်တည်လေ။
ဥစ္စာကိုပေး နေထိုင်ရေး၊
မျှော်တွေး သုံးချက်ပေ။
အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့ မင်္ဂလာတွေ။

ပညာရေး မင်္ဂလာ
တတ်ကောင်းတတ်ရာ ဟူသမျှကို၊
ကြားမြင်သုတ ရှိပါစေ။
အိုးအိမ်တည်ထောင် ဝမ်းစာရေးနဲ့၊

www.dhammaransi.com

အသက်မွေးဖို့ အတတ်သင်လေ။
လူနှင့်ဆိုင်ရာ ကျင့်ဝတ်များကို၊
ကောင်းစွာသင်ကြား နားလည်စေ။
မှန်ကန်ယဉ်ကျေး၊ ချို့သာအေး၊
ဆိုရေးတတ်ပါစေ။
အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့ မင်္ဂလာတွေ။

ပြုစုလုပ်ကျွေးရေးနှင့် အသက်မွေးမှု မင်္ဂလာ
မြင့်မိုရ်ရွှေတောင် မိဘကြွေးကို၊
ကောင်းစွာဆပ်ပေး ဝတ်ကျေကျေ။
ကြွေးသစ်ချက်ကာ သားနဲ့မယားကို၊
မြောက်စားချီးမြှင့် ဝတ်ကုန်စေ။
အလုပ်တာဝန် မလစ်ဟင်းနဲ့၊
အပြစ်ကင်းအောင်လုပ်ပါလေ။
စည်းစိမ်ကိုပေး ပြုစုရေး၊
မျှော်တွေး သုံးချက်ပေ။
အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့ မင်္ဂလာတွေ။

လူမှုရေး မင်္ဂလာ
သုံးတန်စေတနာ ဖြူစင်လန်းလို့၊
ပေးကမ်းဝေမျှ လှူနိုင်စေ။
ကိုယ်နှုတ်စိတ်ကြဲ မမိုက်မှားနဲ့၊
သုစရိုက်တရားကို ကျင့်ပါလေ။
ဆွေမျိုးတွေကို ပြင်ပမထားနဲ့၊
သင်္ဂဟတရားနဲ့ ချီးမြှောက်လေ။
သန့်စင်ပြစ်မျိုး လူထုအကျိုး၊
သယ်ပိုးရွက်ဆောင်စေ။
အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့ မင်္ဂလာတွေ။

မကောင်းမှုရှောင် ကောင်းမှုဆောင် မင်္ဂလာ
မကောင်းမှုတွေ ဟူသမျှကို၊
မတွေခင်က ရှောင်ကြဉ်လေ။
တွေကြုံလာရင် မလွန်ကြူးနဲ့၊
အထူးသဖြင့် စောင့်စည်းနေ။
အရက်သေစာ မသောက်စားနဲ့၊
မှောက်မှားတတ်တဲ့ အရာပေ။
လုပ်ကိုင်ပြောကြား သတိထား၊
တရားမမှေစေ။
အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့ မင်္ဂလာတွေ။

www.dhammaransi.com

ဆရာသိရန် -

ပေါင်းသင်းဆက်ဆံရေး မင်္ဂလာ သုံးပါး
၁။ လူမိုက်ကို မပေါင်းသင်းခြင်း။
၂။ ပညာရှိလူလိမ္မာကို မှီဝဲဆည်းကပ်ခြင်း။
၃။ ပူဇော်ထိုက်သူကို ပူဇော်ခြင်း။

နေထိုင်ရေး မင်္ဂလာ သုံးပါး
၁။ သင့်လျော်ကောင်းမွန်သော အရပ်တွင် နေထိုင်ခြင်း။
၂။ ရှေးကပြုဖူးသော ကုသိုလ်ကောင်းမှုရှိခြင်း။
၃။ ကိုယ်စိတ်နှစ်ပါးကို ကောင်းစွာ ထိန်းသိမ်းစောင့်ရှောက်ခြင်း။

ပညာရေး မင်္ဂလာ လေးပါး
၁။ အကြားအမြင် ဗဟုသုတများခြင်း။
၂။ တတ်သင့်တတ်ထိုက်သော အတတ်ပညာများ တတ်မြောက်ထားခြင်း။
၃။ ကျင့်ဝတ်တရားများကို လိုက်နာကျင့်သုံးခြင်း။
၄။ မှန်ကန်ယဉ်ကျေးသော စကားကို ပြောဆိုခြင်း။

ပြုစုလုပ်ကျွေးရေးနှင့် အသက်မွေးမှု မင်္ဂလာ သုံးပါး
၁။ မိဘများကို ကျေးဇူးဆပ်ရခြင်း/မိဘများကို ပြုစုလုပ်ကျွေးရခြင်း။
၂။ သားသမီးဇနီးမယားတို့ကို လုပ်ကိုင်ကျွေးမွေးရခြင်း။
၃။ အပြစ်ကင်းသော (မိမိသူတစ်ပါးကို မထိခိုက်သော) အလုပ်များကို လုပ်ကိုင်ခြင်း။

လူမှုရေး မင်္ဂလာ လေးပါး
၁။ ပေးကမ်းလှူဒါန်းခြင်း။
၂။ ကောင်းသောအကျင့် မှန်ကန်သောအကျင့်ကို ကျင့်ခြင်း။
၃။ ဆွေမျိုးများအား ကူညီထောက်ပံ့ခြင်း။
၄။ လူအများ အကျိုးရှိစေမည့် ကောင်းသောအလုပ်၊ အပြစ်ကင်းသောအလုပ်များကို
လုပ်ဆောင်ခြင်း။

မကောင်းမှုရှောင် ကောင်းမှုဆောင် မင်္ဂလာ လေးပါး
၁။ မကောင်းသော ဒုစရိုက်တရားများကို ကြိုတင်၍ အဝေးက ရှောင်ကြဉ်ခြင်း။
၂။ မကောင်းသော ဒုစရိုက်တရားများကို ရင်ဆိုင်တွေ့သော်လည်း မလုပ်ဘဲ အထူး ရှောင်ကြဉ်ခြင်း။
၃။ အရက်သေစာ၊ မူးယစ်ဆေးဝါး သောက်စားမူးယစ်ခြင်းမှ ရှောင်ကြဉ်ခြင်း။
၄။ ကောင်းမှုကုသိုလ်တရားများကို မမေ့မလျော့ သတိတရားရှိခြင်း။

www.dhammaransi.com

စာသင်ချိန် (၂) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ကျောင်းသားကိုင်စာအုပ်ပါ ဇာတ်လမ်းနှင့် သရုပ်ဖော်ပုံများ။

သင်ယူမှုလုပ်ငန်းစဉ်

- "သားတို့သမီးတို့ဟာ မင်္ဂလာတရား ၂၁ ပါးကို သိရှိသွားကြပြီ၊ မှတ်လည်း မှတ်မိသွားပြီဆိုတော့ အခု နောက်ထပ် သိသင့်သိထိုက်တဲ့ မင်္ဂလာတရားတချို့ကို ဒီနေ့ လေ့လာမှတ်သားရမယ်"ဟု ပြော၍ ဇာတ်လမ်းကို ဖတ်ကြပါစေ။

ကျေးဇူးသိတတ်သော မင်းကြီး

ရှေးအခါက ဘုရားအလောင်းသည် ဇာရာဇာသိပြည်၌ မင်းဖြစ်ခဲ့၏။ တစ်နေ့တွင် မင်းကြီးသည် နိုင်ငံ၏ အစွန်အဖျားတစ်နေရာ၌ ခိုးဆိုးသောင်းကျန်းနေသော သူခိုးဓားပြတို့ကို နှိမ်နင်းရန် စစ်သည်ဗိုလ်ပါများ ခြံရံလျက် သွားရောက်ခဲ့၏။ အကြောင်းမလှသဖြင့် စစ်ရှုံးပြီး မြင်းစီးကာ တစ်ပါးတည်း ထွက်ပြေးခဲ့ရသည်။

ထိုသို့ထွက်ပြေးရင်း မင်းကြီးသည် ရွာတစ်ရွာသို့ ရောက်သွား၏။ ချုပ်ဝတ်တန်ဆာ ဆင်ယင်ထားသော မြင်းကို စီး၍ ဝင်လာသည့် မင်းကြီးကို မြင်ကြသောအခါ ရွာသူရွာသားတို့သည် ကြောက်လန့်၍ မိမိတို့၏ အိမ်ထဲသို့ အသီးသီး ဝင်ပြေးကြသည်။ သို့သော် ရွာသားတစ်ယောက်သည်ကား အိမ်ထဲသို့ ဝင်မပြေးဘဲ မင်းကြီးကို ခရီးဦးကြိုဆို၍ အိမ်သို့ ခေါ်ဆောင်သွား၏။ အိမ်သို့ရောက်သောအခါ ဇနီးသည်ကို ခေါ်၍ "ရှင်မ . . . လာပါဦး၊ ဒီမိတ်ဆွေရဲ့ခြေတို့ကို ဆေးကြောပေးပါဦး"ဟု ပြောပြီး ခြေတို့ကို ဆေးကြောပေးစေသည်။ ထို့နောက် မင်းကြီးကို သူတို့၌ရှိသော အစားအစာတို့ဖြင့် ဧည့်ခံကျွေးမွေး၏။ အိပ်ရာခင်းပေးပြီး အိပ်စက်အနားယူစေ၏။

မင်းကြီးသည် အလွန်ရိုးသားပြီး မိမိကိုယ်ကို အလွန်နှိမ့်ချတတ်သော ရွာသားဇနီးမောင်နှံ၏ ကျေးဇူးတရားတို့ကို စဉ်းစားနေမိ၏။ ပြန်လည်ကျေးဇူးဆပ်လိုသော ဆန္ဒလည်း ပြင်းပြနေ၏။ ထို့ကြောင့် ထိုအိမ်၌ သုံးလေးရက် အနားယူခဲ့ပြီး အင်အားများ ပြန်လည်ပြည့်ဝလာသောအခါ မင်းကြီးသည် "မိတ်ဆွေ . . . ကျွန်ုပ်ဟာ မြင်းစီးကြီး ဖြစ်ပါတယ်၊ အကြောင်းတစ်စုံတစ်ခုနဲ့ မြို့ကိုလာခဲ့ရင် မြို့ရဲ့တောင်ဘက် တံခါးစောင့်ကို မြင်းစီးကြီးအိမ် ဘယ်မှာလဲလို့ မေးလိုက်ပါ၊ သူက မိတ်ဆွေကို ကျွန်ုပ်အိမ်သို့ လိုက်ပို့ပေးပါလိမ့်မယ်"ဟု ပြောခဲ့ပြီး နန်းတော်သို့ ပြန်လာခဲ့သည်။ မင်းကြီးသည် မြို့၏ တောင်တံခါးသို့ ရောက်သောအခါ မြင်းစီးကြီးဟုမေးသော ရွာသားတစ်ယောက်လာခဲ့လျှင် နန်းတော်သို့ လိုက်ပို့ပေးရန် တံခါးစောင့်ကို မှာထားခဲ့သည်။ သို့သော် ရွာသားသည် မြို့သို့မလာပေ။ မင်းကြီးသည် ရွာသားကို လာစေချင်သောကြောင့် ထိုရွာသား နေထိုင်သောရွာကို အခွန်တောင်း၏။ နှစ်ကြိမ်၊ သုံးကြိမ် အခွန်တောင်းသော်လည်း မလာပေ။

ထိုအခါ ရွာသားတို့သည် "မိတ်ဆွေ . . . သင့်ရဲ့ မိတ်ဆွေ မြင်းစီးကြီးလာတဲ့အချိန်ကစပြီး ကျွန်ုပ်တို့ အခွန်နဲ့ နှိပ်စက်ခံနေရတယ်၊ ဒီတော့ သင်မြို့ကိုသွားပြီး ကျွန်ုပ်တို့ကို အခွန်ကင်းလွတ်ခွင့်ပြုဖို့ သင့်မိတ်ဆွေ မြင်းစီးကြီးအား ပြောပေးပါ"ဟု ထိုရွာသားကို ပြောဆိုကြသည်။ ရွာသားလည်း "ကောင်းပြီ အဆွေတို့၊ ကျွန်ုပ်သွားပါ့မယ်၊ ဒါပေမဲ့ လက်ချည်းဗလာ သွားလို့တော့ မကောင်းဘူး၊ ဒီတော့ ကျွန်ုပ်မိတ်ဆွေရဲ့ မိသားစုအတွက် အဝတ်အစားအချို့ လက်ဆောင်အဖြစ် ယူသွားချင်ပါတယ်"ဟု ပြန်ပြောလိုက်သည်။ ရွာသားတို့လည်း သူ့အလိုကျ စီစဉ်ပေးလိုက်ကြသည်။

ဤသို့ဖြင့် ရွာသားသည် လက်ဆောင်၊ အဝတ်အစား၊ အိမ်လုပ်မှုနှံတို့ကို ယူဆောင်၍ မြင်းစီးကြီးနှင့်တွေ့ရန် မြို့သို့လာခဲ့၏။ မြို့၏တောင်ဘက်တံခါးစောင့်လည်း ရွာသားကို မင်းကြီးထံသို့ လိုက်ပို့ပေးလိုက်၏။ ရွာသားလည်း နန်းတော်ထဲ ရောက်သောအခါမှ သူ့မိတ်ဆွေသည် မင်းကြီးဖြစ်နေမှန်း သိတော့သည်။

မင်းကြီးလည်း ရွာသားကို မြင်သောအခါ အလွန်ဝမ်းမြောက်ဝမ်းသာ နွေးနွေးထွေးထွေး ခရီးဦးကြိုသည်။ ထို့နောက် မင်းကြီးသည် ရွာသားကို ရာဇပလ္လင်၌ နေစေ၍ မိဖုရားကြီးကို ခေါ်ကာ မိတ်ဆွေ၏ ခြေတို့ကို ဆေးကြောစေ၏။ မင်းကြီးကလည်း ရွှေကရားဖြင့် ရေသွန်းလောင်းပေး၏။ ရွာသား ယူလာသော မုန့်တို့ကို ရွှေခွက်ဖြင့် ထည့်၍

www.dhammaransi.com

ကိုယ်တိုင်လည်း ချက်ချင်းစား၏၊ မိဖုရားကြီးကိုလည်း စားစေ၏။ အဝတ်တန်ဆာတို့ကိုလည်း ကိုယ်တိုင် ချက်ချင်းဝတ်၏၊ မိဖုရားကြီးကိုလည်း ဝတ်စေ၏။ မင်းကြီးသည် ရွာသားကို ဘုရင်မင်းမြတ်တို့သာ စားတော်တည်လေ့ရှိသော ဘောဇဉ်တို့ကို ကျွေးမွေး၏။ နောက်ဆုံးတွင် မင်းစည်းစိမ် တစ်ဝက်ကို ပေး၍ တိုင်းပြည်ကို မင်းနှစ်ပါးဖြင့် အုပ်ချုပ်ကြလေသည်။

မှီငြမ်း။ ။ မဟာအသာရောဟဇာတ်၊ ပုံတော်စုံ ငါးရာငါးဆယ် ဇာတ်ဝတ္ထု၊ ဒုတိယတွဲ၊ ၆၆၁-၆၆၇။ ဇာ၊ ဋ္ဌ၊ ၃၊ ၈။

- အောက်ပါမေးခွန်းများကို မေးပါ။
  - စစ်ရှုံးပြီး ထွက်ပြေးလာတဲ့ မင်းကြီးကို ရွာသားဇနီးမောင်နှံက ဘယ်လို ပြုစုကြသလဲ။
  - ရွာသားဇနီးမောင်နှံရဲ့ စိတ်ဓာတ်က ဘယ်လိုရှိသလဲ။
  - မင်းကြီးက သူ့ကိုယ်သူ ဘုရင်ပါ ဆိုပြီး ရွာသားဇနီးမောင်နှံကို ပြောခဲ့သလား။ ဘာကြောင့်လဲ။
  - မင်းကြီးက ရွာသား မြို့ကိုလာအောင် ဘယ်လို လုပ်ခဲ့သလဲ။ ဘာကြောင့်လဲ။
  - မိတ်ဆွေရွာသားတွေက သူ့ကို ဘယ်လိုပြောပြီး အကူညီတောင်းခဲ့သလဲ။ သူက ဘယ်လို ပြန်ပြောခဲ့သလဲ။
  - မင်းကြီးဟာ ရွာသားကို ဘယ်လို ကျေးဇူးဆပ်သလဲ။
  - မင်းကြီးနေရာမှာ ကလေးတို့ဆိုရင် ဘယ်လို ကျေးဇူးဆပ်မလဲ။

စာသင်ချိန် (၃) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ လူကောင်းလူတော်ဖြစ်ရေး မင်္ဂလာကဗျာ။

သင်ယူမှုလုပ်ငန်းစဉ်

- "သားတို့သမီးတို့ ဖတ်ခဲ့တဲ့ ဇာတ်လမ်းထဲက မင်းကြီးက ဘယ်လို လူမျိုးလဲ၊ ဘာကြောင့် သူ့ကို အဲဒီလို လူမျိုးလို့ ပြောနိုင်တာလဲ"ဟူသော မေးခွန်းကို ကလေးများ ဖြေကြပါစေ။ ထို့နောက် ဆရာက "မင်းကြီးလို လူမျိုးဖြစ်အောင် ဘယ်လို ကြိုးစားရမယ်ဆိုတာကို ညွှန်ပြထားတဲ့ ကဗျာတစ်ပုဒ်ကို စုပေါင်းရွတ်ဆိုကြည့်ရအောင်၊ အဲဒီကဗျာကတော့ လူကောင်းလူတော်ဖြစ်ရေး မင်္ဂလာလို့ ခေါ်တယ်"ဟု ပြော၍ ကဗျာကို ရွတ်ဆိုကြပါစေ။

လူကောင်းလူတော်ဖြစ်ရေး မင်္ဂလာ

အသက်ဂုဏ်ဝါ ကိုယ့်ထက်ကြီးက၊
ဆည်းကပ်ခစား ရိုသေလေ။
မာနတံခွန် ဂုဏ်မကြွနဲ့၊
ကိုယ့်ကိုယ်နိမ့်ချ အမြဲနေ။
လောဘအပို လိုမလိုက်နဲ့၊
ကိုယ်ထိုက်တာနဲ့ ကျေနပ်လေ။
ကိုယ့်ပေါ်ပြုဖူး သူ့ကျေးဇူး၊
အထူးသိတတ်စေ။
ကောင်းကျိုးဆင့်ပွား မြဲတ်တရား၊
နာကြား မပြတ်ပေ။
အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့ မင်္ဂလာတွေ။

www.dhammaransi.com

❁ ကဗျာပါ အကြောင်းအရာများကို ကလေးများ နားလည်စေရန် အောက်ပါမေးခွန်းများကို မေးပါ။

- အသက်ဂုဏ်ဝါကြီးမားတဲ့ ပုဂ္ဂိုလ်ဆိုတာ ဘယ်လို ပုဂ္ဂိုလ်မျိုးကို ပြောတာလဲ။
- သူတို့ကို ဘယ်လို ဆည်းကပ်ခစားရမလဲ။ (သူတို့နှင့် မကြာခဏ စကားပြောဆိုရမယ်၊ သူတို့ထံက အကြံဉာဏ် ရယူရမယ်၊ သူတို့ရဲ့ ဆုံးမစကားကို နာယူမှတ်သားရမယ်။)
- မာန်မာနဆိုတာ ဘာကို ပြောတာလဲ။ (ငါ သိတယ်၊ ငါ တတ်တယ်၊ ငါက ချမ်းသာတယ် စသည်ဖြင့် ကိုယ့်ကိုယ် ကိုယ် အထင်ကြီးခြင်း၊ ဘဝင်မြင့်ခြင်း)
- လောဘအပို လိုမလိုက်နဲ့ဆိုတာကို ဘယ်လိုနားလည်သလဲ။ (လောဘမကြီးနဲ့)
- ကျေးဇူးသိတတ်ခြင်း ဆိုတာကရော ဘာကို ဆိုလိုတာလဲ။
- ကောင်းကျိုးဆင့်ပွား မြတ်တရား နာကြားမပြတ်ပေ ဆိုတာက ဘာကိုပြောတာလဲ။ (အခွင့်အရေးရတိုင်းတရား နာခြင်း)

❁ ထို့နောက် အောက်ပါ လူကောင်းလူတော်ဖြစ်ရေး မင်္ဂလာငါးပါးကို သင်ပုန်းတွင်ရေးပြပြီး ကလေးများ၏ မှတ်စုစာအုပ်တွင် ကူးရေးကြပါစေ။

လူကောင်းလူတော်ဖြစ်ရေးမင်္ဂလာ ငါးပါး
၁။ အသက်ဂုဏ်ဝါကြီးမားသော ပုဂ္ဂိုလ်များကို ရိုသေလေးစားခြင်း။
၂။ မာန်မာနကို နိမ့်ချခြင်း။
၃။ ရသမျှနှင့်သာ ရောင့်ရဲလွယ်ခြင်း။
၄။ ကျေးဇူးသိခြင်း။
၅။ တရားတော်များကို နာကြားခြင်း။

❁ နောက်ဆုံးတွင် ဆရာက "သားတို့သမီးတို့ . . . စာသင်ချိန်(၂)မှာ ဖတ်ခဲ့တဲ့ ဏတ်လမ်းထဲက မင်းကြီးဟာ အခုလေ့လာခဲ့တဲ့ လူကောင်းလူတော်ဖြစ်ရေး မင်္ဂလာငါးပါးထဲက ဘယ်အချက်တွေနဲ့ညီသလဲ"ဟု မေးပြီး ကလေးများ နားလည်သည့်အတိုင်း ဖြေဆိုကြပါစေ။ ကလေးများ ဖြေပြီးလျှင် မင်္ဂလာကဏ္ဍကို စုပေါင်းရွတ်ဆို၍ စာသင်ချိန်ကို အဆုံးသတ်ပါ။

www.dhammaransi.com

စာသင်ချိန် (၄) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ စာရွက်လွတ်များ။

သင်ယူမှုလုပ်ငန်းစဉ်

- "မင်းကြီးရဲ့ လုပ်ဆောင်မှုဟာ လူကောင်းလူတော်ဖြစ်ရေး မဂ်လာငါးပါးထဲက မာန်မာနကို နှိမ့်ချခြင်းနှင့် သူတစ်ပါး ကျေးဇူးကို သိတတ်ခြင်းဆိုတဲ့ မဂ်လာနှစ်ပါးနဲ့ ကိုက်ညီတယ်ဆိုတာ သားတို့သမီးတို့ သိခဲ့ကြပြီ"ဟု ပြော၍ စာသင်ချိန်ကို စတင်ပါ။
- ထို့နောက် ကလေးများကို အုပ်စု(၅)စုဖွဲ့ပြီး အောက်ပါမေးခွန်းကို အုပ်စုလိုက် ဆွေးနွေး၍ စာရွက်လွတ်တွင် ရေးကြပါစေ။
  - လူကောင်းလူတော်ဖြစ်ရေး မဂ်လာငါးပါးထဲက ဘယ်မဂ်လာတွေကို လက်တွေ့ လုပ်ဆောင်နိုင်သလဲ။ ဘယ်လို လုပ်ဆောင်မှာလဲ။
- ဆွေးနွေးထားသောအချက်များကို ကိုယ်စားလှယ်တစ်ဦးစီက တင်ပြကြပါစေ။
- ကိုယ်စားလှယ်တစ်ဦး တင်ပြပြီးလျှင် အခြားဖွဲ့များက အကြံပြုလိုသော အချက်များ၊ ဖြည့်စွက်လိုသော အချက်များကို ဖြည့်စွက်ဆွေးနွေးကြပါစေ။ လိုအပ်မှသာ ဆရာက ဖြည့်စွက်ဆွေးနွေးပါ။
- အားလုံးတင်ပြပြီးလျှင် ဆရာက "အခု ဆွေးနွေးတင်ပြခဲ့ကြတဲ့အတိုင်း လူကောင်းလူတော်ဖြစ်ရေး မဂ်လာများကို လက်တွေ့ကျင့်သုံးပြီး လူကောင်းလူတော်လေးတွေဖြစ်အောင် ကြိုးစားနိုင်ကြပါစေ"ဟု ဆုတောင်းပေး၍ သင်ခန်းစာကို အဆုံးသတ်ပါ။

www.dhammaransi.com

သင်ခန်းစာ (၁၀)

သင်ခန်းစာခေါင်းစဉ်	။	။ အောင်မြင်ရေးမင်္ဂလာ
သင်ယူမှုဦးတည်ချက်	။	။ အောင်မြင်ရေးမင်္ဂလာတို့ကို လိုက်နာကျင့်သုံးကြစေရန်။
စာသင်ချိန် (၁)	။	။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း	။	။ မရှိ။

သင်ယူမှုလုပ်ငန်းစဉ်

- "သားတို့သမီးတို့ . . . မင်္ဂလာတရား ၂၄ ပါးကို သိပြီးသွားပြီ။ အဲဒီ မင်္ဂလာတရားတွေက ဘာတွေလဲ"ဟု မေး၍ စာသင်ချိန်ကို စတင်ပါ။ ကလေးများ မှတ်မိသလောက် ပြန်ပြောကြပါစေ။
- ထို့နောက် သင်ခဲ့ပြီးသော မင်္ဂလာတရားများနှင့် ပတ်သက်၍ ဇာတ်ဝတ္ထုများ၊ အကြောင်းအရာများကို မှတ်မိသလောက် ဆက်၍ ပြောပြကြပါစေ။ ပြောပြီးလျှင် ဆရာက "အခုတစ်ခါတော့ နောက်ထပ် မင်္ဂလာအသစ် လေးပါးကို လေ့လာရအောင်၊ အဲဒီ လေးပါးကိုတော့ အောင်မြင်ရေးမင်္ဂလာလို့ ခေါ်တယ်"ဟု ပြော၍ စာသင်ချိန် (၂)ကို ဆက်ပါ။

စာသင်ချိန် (၂)	။	။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း	။	။ ကျောင်းသားကိုင်စာအုပ်ပါ ဇာတ်လမ်းနှင့် သရုပ်ဖော်ပုံများ။

သင်ယူမှုလုပ်ငန်းစဉ်

- "ဘယ်လို အကျင့်တွေဟာ အောင်မြင်ရေး မင်္ဂလာတွေ ဖြစ်တယ်ဆိုတာ သိရအောင် 'နာယူလွယ်က ကောင်းကျိုးရ' ဆိုတဲ့ ဇာတ်လမ်းလေးကို ဖတ်ကြည့်ကြမယ်"ဟု ပြော၍ ဇာတ်လမ်းကို ဖတ်ကြပါစေ။

နာယူလွယ်က ကောင်းကျိုးရ

ဗာရာဏသီပြည် ဇြဟ္မဒတ်မင်းကြီး၌ သားတော်တစ်ရာ ရှိသည်။ ထိုသားတော်တစ်ရာတို့တွင် အငယ်ဆုံးသားတော်၏ အမည်မှာ သံဝရမင်းသားဖြစ်၏။ မင်းကြီးသည် သားတော် တစ်ရာတို့ကို ပညာရှိ ဆရာကြီးတို့ထံ၌ ပညာသင်ကြားရန် အသီးသီးအပ်နှံထားလေသည်။ ထိုဆရာကြီးများအနက် သံဝရမင်းသား၏ ဆရာသည် ဘုရားအလောင်း ပညာရှိအမတ်ကြီး ဖြစ်သည်။ ဆရာအမတ်ကြီးတို့သည် ပညာသင်ယူပြီးကြသော မင်းသားတို့ကို ဖခင်မင်းကြီးထံ၌ အတတ်ပညာအစွမ်းကို အပြခိုင်းကြသည်။ မင်းကြီးကလည်း ကျေနပ်တော်မူသဖြင့် ထိုသားတော်တို့အား ဇနပုဒ်၊ မြို့.ရွာတို့ကို အပိုင်စား အသီးသီးပေးလိုက်၏။

သံဝရမင်းသားသည်လည်း အတတ်ပညာမျိုးစုံ သင်ယူပြီးသောအခါ ဆရာအမတ်ကြီးကို "ဆရာကြီး . . . အကယ်၍ ကျွန်ုပ်၏ ခမည်းတော်မင်းကြီးက ကျွန်ုပ်အား လည်း ဇနပုဒ်၊ မြို့.ရွာတို့ကို ပေးခဲ့လျှင် မည်သို့ပြုရမည်နည်း"ဟု မေးလေသည်။ ထိုအခါ ဆရာအမတ်ကြီးက "မင်းသား . . . ထိုကဲ့သို့ ဇနပုဒ်၊ မြို့.ရွာတို့ကိုသာ ပေးလျှင်မယူပါနှင့်၊ ပြီးလျှင် ဤသို့ဆက်ပြောပါ၊ ခမည်းတော်မင်းကြီး . . . ကျွန်ုပ်သည် အငယ်ဆုံးသား ဖြစ်ပါသည်၊ ကျွန်ုပ်ထက်သွားမည် ဆိုလျှင် ခမည်းတော်မင်းကြီးအနားမှာ တိတ်ဆိတ်သွားပါလိမ့်မည်၊ ထို့ကြောင့် ခမည်းတော်မင်းကြီး၏ အနားတွင်သာ နေပါရစေဟု လျှောက်တင်ပါ" ဟူ၍ အကြံပြုလိုက်လေသည်။ သံဝရမင်းသားလည်း ဆရာကြီးအကြံပြုသည့်အတိုင်း လျှောက်ထားလေရာ မင်းကြီးက သူ့ကို နေခွင့်ပြုလိုက်သည်။ ဤသို့ဖြင့် သံဝရမင်းသားသည် ခမည်းတော်မင်းကြီးကို ဝတ်ကြီးဝတ်ငယ် ပြုစုရင်း နန်းတွင်းမှာပင် နေထိုင်ခွင့်ရလေသည်။

ကာလအနည်းငယ် ကြာလာသောအခါ သံဝရမင်းသားသည် ဆရာအမတ်ကြီးကို "နောက်ထပ် မည်သို့ဆက်

www.dhammaransi.com

လုပ်ရမည်နည်း"ဟု မေးပြန်ရာ ဆရာကြီးက မင်းကြီး၏ ဥယျာဉ်ဟောင်းတစ်ခုကို တောင်းရန် အကြံပြုလိုက်သည်။ မင်းသားလည်း ဥယျာဉ်ဟောင်းကို တောင်း၍ ထိုဥယျာဉ်မှထွက်သော သစ်သီးဝလံတို့ဖြင့် နန်းတွင်းရှိ အရာထမ်း၊ အမှုထမ်းတို့ကို ပေးကမ်းထောက်ပံ့သည်။ နောက်ပိုင်းတွင်လည်း မင်းသားသည် ဆရာကြီး၏ ညွှန်ကြားချက်များအတိုင်း ပြည်သူပြည်သားများကို ရိက္ခာဖြန့်ဝေခြင်း၊ အခွန် ဘဏ္ဍာကောက်ခြင်း၊ သံတမန်ဆက်ဆံရေး စသည်တို့ကို အဆင့်ဆင့် တာဝန်ယူလုပ်ဆောင်သည်။ ဤသို့ဖြင့်မင်းသားသည် အပေးအကမ်း ရက်ရောမှု၊ လုပ်ငန်းကျွမ်းကျင်မှု၊ မျှမျှတတ လုပ်ဆောင်မှုတို့ကြောင့် အားလုံး၏ ချစ်ခြင်းမေတ္တာကို ရရှိလာ၏။

တစ်နေ့တွင် မင်းကြီးသည် အသက်အရွယ် အိုမင်းရင့်ရော်ပြီဖြစ်၍ ရောဂါဝေဒနာစွဲကပ်ကာ ညောင်စောင်းပေါ်တွင် လဲလျောင်းနေရသည်။ ထိုအချိန်တွင် အမတ်ကြီးတို့က "အရှင်မင်းကြီး . . . အရှင်မင်းကြီး လွန်တော်မူသောအခါ မည်သည့်သားတော်ကို ထီးနန်းလွှဲအပ်ခဲ့မည်နည်း" ဟု မေးမြန်းလေသည်။ ထိုအခါ မင်းကြီးက "သားတော်အားလုံးတို့သည် ငါ၏ထီးနန်းကို ရထိုက်ကြသည်သာ ဖြစ်သည်၊ သို့သော် အမတ်ကြီးတို့၏ စိတ်ကိုကျေနပ်အောင် လုပ်ဆောင် ပေးနိုင်သော သားတော်ကိုသာ ထီးနန်းလွှဲအပ်ပေးလိုက်ပါ"ဟု မှာကြား၍ နတ်ရွာစံသွားလေသည်။ ဤသို့ဖြင့် အမတ်ကြီးတို့၏ စိတ်ကို ကျေနပ်အောင် လုပ်ဆောင်ပေးနိုင်သော သံဝရမင်းသား ဘုရင်ဖြစ်လာ၏။

ထိုအကြောင်းကို နောင်တော်မင်းသား ၉၉ ယောက်တို့ သိရှိသွားသောအခါ မကျေမနပ်ဖြစ်ပြီး ထီးနန်းကို လုယူရန် ရောက်လာကြသည်။ ဤအခါ၌လည်း သံဝရဘုရင်သည် ဆရာအမတ်ကြီးကို တိုင်ပင်သည်။ ဆရာကြီး အကြံပေးသည့်အတိုင်း နောင်တော်မင်းသားတို့နှင့် စစ်ပြိုင်မထိုးဘဲ သူတို့ ရထိုက်သောဥစ္စာစုတို့ကို အသီးသီး ခွဲပေးလိုက်သည်။

ထိုအခါ အစ်ကိုအကြီးဆုံး ဥပေါသထမင်းသားက "ညီတော်တို့ . . . ငါတို့၏ ညီထွေး သံဝရမင်းသားက ငါတို့ကို ရန်သူအဖြစ်ဖြင့် ပြန်၍ မခုခံမတိုက်ခိုက်ပေ၊ ငါတို့ရထိုက်သော ဥစ္စာစုကိုလည်း ပေးလိုက်၏။ ငါတို့လည်း တစ်ချိန်တည်း မင်းလုပ်ကြရန် မဖြစ်နိုင်ချေ၊ ထို့ကြောင့် ညီထွေးသံဝရမင်းသားကိုသာ ဆက်လက် မင်းလုပ်ခွင့် ပေးလိုက်ကြပါစို့"ဟု အကြံပြုပြောဆိုလိုက်ရာ ကျန်မင်းသားအားလုံးတို့ကလည်း လက်ခံသွားကြပြီး သံဝရမင်းသားကို မင်းအဖြစ် အသိအမှတ်ပြုကာ သူတို့ အပိုင်စားရသော နေရာအသီးသီးသို့ ပြန်သွားကြလေတော့သည်။

မှီငြမ်း။ ။ သံဝရဇာတ်၊ ပုံတော်စုံ ငါးရာငါးဆယ် ဇာတ်ဝတ္ထု။ တတိယတွဲ၊ ၁၁၅-၁၂၅။ ဇာ၊ ၄၊ ၄။ ၁၃၃။

❁ အောက်ပါမေးခွန်းများ မေးပါ။

- ဗြဟ္မဒတ်မင်းကြီးမှာ သားတော် ဘယ်နှပါး ရှိသလဲ။
- သံဝရမင်းသားရဲ့ ဆရာက ဘယ်သူလဲ။
- ပညာရှိအမတ်ကြီးက သံဝရမင်းသားကို ပထမဆုံး ဘယ်လို အကြံပေးခဲ့သလဲ။ ဘာကြောင့်လဲ။
- ပညာရှိအမတ်ကြီးက သံဝရမင်းသားကို အဲဒီလို အကြံကို ဘာကြောင့် ပေးခဲ့တာလဲ။
- သံဝရမင်းသားဟာ ဘာကြောင့် အများရဲ့ ချစ်ခြင်းမေတ္တာကို ရရှိခဲ့တာလဲ။
- ဘုရင်ကြီး နတ်ရွာမစံမီ အမတ်ကြီးတွေက ဘယ်သူကို ထီးနန်းလွှဲအပ်ခဲ့မလဲဟု လျှောက်တင်တဲ့အခါ ဘုရင်ကြီးက ဘယ်လို မိန့်သလဲ။
- သံဝရမင်းသားကို နောင်တော်မင်းသားအားလုံးက မင်းအဖြစ် အသိမှတ်ပြုကြတာ ဘာကြောင့်လို့ ထင်သလဲ။
- ဘုရင်ဖြစ်လာပြီးနောက် နောင်တော်မင်းသားများ ထီးနန်းကို လုယူရန် ရောက်လာကြတဲ့အခါ သံဝရမင်းသားက ဘာလုပ်ခဲ့သလဲ။
- အစ်ကိုအကြီးဆုံး ဥပေါသထမင်းသားက သူ့ရဲ့ညီတော် မင်းသားတွေကို ဘယ်လိုဆုံးမခဲ့သလဲ။
- ဒီဇာတ်လမ်းထဲက သံဝရမင်းသားဟာ ညီအငယ်ဆုံးဖြစ်ပေမဲ့ ဘာကြောင့် ဘုရင်ဖြစ်လာတာလဲ။ (နာယူလွယ်သည့်အတွက်)
- သားတို့သမီးတို့ရော အခက်အခဲတွေနဲ့ ကြုံတွေ့ရတဲ့အခါမှာ ဘယ်သူကို တိုင်ပင်သင့်သလဲ။

www.dhammaransi.com

ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ ဗုဒ္ဓဘာသာသင်ခန်းစာ

စာသင်ချိန် (၃) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ အောင်မြင်ရေး မဂ်လာကဗျာ။

သင်ယူမှုလုပ်ငန်းစဉ်

- "သားတို့သမီးတို့ ဖတ်ခဲ့တဲ့ ဇာတ်လမ်းထဲမှာ သံဝရမင်းသားဟာ ဘာကြောင့် ဘုရင်အဖြစ်ကို ရရှိခဲ့တာလဲဆိုတာ သိခဲ့ရပြီ၊ သားတို့သမီးတို့ဘဝမှာလည်း အောင်မြင်မှုတွေ ရရှိအောင် ဘယ်လိုကြိုးစားရမယ်ဆိုတာကို လမ်းညွှန်ထားတဲ့ အောင်မြင်ရေးမဂ်လာလေးပါးကို အခု လေ့လာကြည့်ရအောင်၊ ကဗျာလေးကို အရင်ဆုံး ဆိုကြည့်ကြမယ်" ဟု ပြော၍ အောက်ပါကဗျာကို စုပေါင်းရွတ်ဆိုကြပါစေ။

အောင်မြင်ရေးမဂ်လာ

ဝတ်စားနေထိုင် ရန်ခပ်သိမ်း၊
စိတ်ကိုချုပ်ထိန်း သည်းခံလေ။
ကျိုးကြောင်းပြည့်စုံ ဆုံးမစကားကို၊
ပြောကြားလာက နာလွယ်စေ။
သူမြတ်ပုဂ္ဂိုလ် ဟူသမျှကို၊
မကြာခဏ တွေ့ဆုံလေ။
သဘာဝတွေး မှန်ကန်ရေး၊
ဆွေးနွေးမပြတ်ပေ။
အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့ မဂ်လာတွေ။

- ကဗျာ ရွတ်ဆိုပြီးလျှင် ကဗျာအဓိပ္ပာယ်ကို ကလေးများ နားလည်သည့်အတိုင်း ရှင်းပြကြပါစေ။
- ကဗျာပါ အကြောင်းအရာများကို ကလေးများ နားလည်စေရန် အောက်ပါမေးခွန်းများကို မေးပါ။
  - စိတ်ကိုချုပ်ထိန်း သည်းခံခြင်းဆိုတာ ဘာကိုဆိုလိုတာလဲ။ (အရာရာကို လွန်လွန်ကဲကဲ မလုပ်ဘဲ၊ မသုံးဘဲ၊ ချင့်ချင့်ချိန်ချိန် လုပ်ကိုင်ခြင်း၊ သုံးစွဲခြင်း၊ အမျက်ဒေါသကို ထိန်းချုပ်ခြင်း . . . စသည်)
  - သူမြတ်ပုဂ္ဂိုလ်ဆိုတာ ဘယ်လိုလူမျိုးကို ပြောတာလဲ။ (ပညာတတ်တဲ့သူ၊ ကိုယ်ကျင့်တရား ကောင်းမွန်တဲ့သူ၊ ရဟန်းတော်များ . . . စသည်)
  - သဘာဝတွေး မှန်ကန်ရေး၊ ဆွေးနွေးမပြတ်ပေ ဆိုတာက ဘာပြောတာလဲ။ (ရုပ်၊ နာမ် သဘာဝတွေနဲ့ ပတ်သက်၍ မှန်မှန်ကန်ကန် ယူဆတတ်ရန် သင့်လျော်တဲ့အခါ တရားဆွေးနွေးရမယ်။)
- ထို့နောက် အောက်ပါ အောင်မြင်ရေးမဂ်လာလေးပါးကို သင်ပုန်းတွင်ရေးပြပြီး ကလေးများ၏ မှတ်စုစာအုပ်တွင် ကူးရေးကြပါစေ။

အောင်မြင်ရေးမဂ်လာ လေးပါး
၁။ သည်းခံတတ်ခြင်း။
၂။ ဆုံးမစကားကို နာခံသောသူ ဖြစ်ခြင်း။
၃။ ရဟန်းတော် (ပညာရှိသူတော်ကောင်း)တို့ကို ဖူးမြင်တွေ့ဆုံရခြင်း။
၄။ ပညာရှိတို့နှင့် တရားဓမ္မ ဆွေးနွေးတိုင်ပင်ခြင်း။

www.dhammaransi.com

စာသင်ချိန် (၄) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ မရှိ။

သင်ယူမှုလုပ်ငန်းစဉ်

- "ဇာတ်လမ်းထဲက သံဝရမင်းသားဟာ ဆရာကြီးရဲ့ လမ်းညွှန်မှုတွေကို လိုက်နာဆောင်ရွက်ခဲ့တဲ့အတွက် ကောင်းကျိုးတွေ အများကြီးရရှိသွားတာကို သိခဲ့ကြပြီ"ဟု ပြောကာ အောက်ပါမေးခွန်းကို မေး၍ စာသင်ချိန်ကို စတင်ပါ။
  - သံဝရမင်းသားလေးဟာ အောင်မြင်ရေးမင်္ဂလာလေးပါးထဲက ဘယ်အချက်တွေနဲ့အညီ နေထိုင်ဆောင်ရွက်ခဲ့လို့ ကောင်းကျိုးတွေ ရရှိသွားတာလဲ။
- ထို့နောက် ကလေးများကို အုပ်စု (၅) စု ဖွဲ့ပါ။ အောက်ပါမေးခွန်းများကို အုပ်စုလိုက်ဆွေးနွေးပြီး ကိုယ်စားလှယ် တစ်ဦးစီက တင်ပြပါစေ။
  - အောင်မြင်ရေးမင်္ဂလာ လေးပါးကို သားတို့သမီးတို့ကိုယ်တိုင်ရော ကျင့်သုံးလို့ရသလား။ ဘယ်လို ကျင့်သုံးမလဲ။
  - အဲဒီလို ကျင့်သုံးရင် ဘယ်လိုကောင်းကျိုးတွေ ရနိုင်သလဲ။
- အုပ်စုကိုယ်စားလှယ်အားလုံး တင်ပြပြီးလျှင် အောင်မြင်ရေးမင်္ဂလာကဗျာကို စုပေါင်းရွတ်ဆို၍ သင်ခန်းစာကို အဆုံးသတ်ပါ။

www.dhammaransi.com

သင်ခန်းစာ (၁၁)

သင်ခန်းစာခေါင်းစဉ် ။ ။ ဗုဒ္ဓဘာသာနိုင်ငံများ

သင်ယူမှုဦးတည်ချက် ။ ။ မိမိကိုးကွယ်သည့် ဘာသာတရားကို ထိန်းသိမ်းစောင့်ရှောက်တတ်စေရန်။

စာသင်ချိန် (၁) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ မရှိ။

သင်ယူမှုလုပ်ငန်းစဉ်

❁ အောက်ပါမေးခွန်းများဖြင့် စာသင်ချိန်ကို စတင်ပါ။

- သား‌တို့၊ သမီး‌တို့ နေတဲ့နိုင်ငံက ဘယ်နိုင်ငံလဲ။
- နောက်ထပ် ဘယ်နိုင်ငံတွေ သိသေးလဲ။ သိသလောက် ပြောပြပါ။ (ပါကစ္စတန်၊ အာဖဂန်နစ္စတန်၊ တာဂစ္စတန်၊ ရုရှား၊ တူရကီ၊ ဂရိ၊ ဘူတန်၊ တိဗက်၊ မွန်ဂိုလီးယား၊ တရုတ်၊ အင်ဒိုနီးရှား၊ မလေးရှား၊ သီရိလင်္ကာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ ကိုရီးယား၊ ဂျပန် စသည့်နိုင်ငံများ ပါဝင်စေရန် ဆရာက လမ်းကြောင်းပေးပါ။)
- သား‌တို့သမီး‌တို့ ကိုးကွယ်နေတာ ဘယ်ဘာသာလဲ။ (ဗုဒ္ဓဘာသာ)
- ဗုဒ္ဓဘာသာဆိုတာ ဘာကို ပြောတာလဲ။ (ဗုဒ္ဓ = ဘုရား၊ ဘာသာ = ဟောတဲ့တရား၊ ဗုဒ္ဓဘာသာဆိုတာ မြတ်စွာဘုရား ဟောတဲ့တရားကို လိုက်နာကျင့်သုံးတဲ့ ဘာသာ)
- ဗုဒ္ဓဘာသာကို ဆရာ/ဆရာမတို့ မြန်မာနိုင်ငံတစ်ခုတည်းက ကိုးကွယ်တာလား။ အခြား ဘယ်နိုင်ငံတွေကရော ကိုးကွယ်ကြသေးလဲ။ သိသလောက် ပြောပြကြပါစေ။
- အရင်က ဗုဒ္ဓဘာသာကိုးကွယ်ခဲ့ပြီး အခု ဗုဒ္ဓဘာသာ ကွယ်ပျောက်သွားတဲ့ နိုင်ငံတွေကိုရော သိကြသလား။ ဘယ်နိုင်ငံတွေလဲ။

❁ ထို့နောက် ဆရာက "နောက်တစ်ချိန်ကျရင် ဗုဒ္ဓဘာသာ ကိုးကွယ်နေဆဲ နိုင်ငံတွေနဲ့ ဗုဒ္ဓဘာသာ ကွယ်ပျောက်သွားတဲ့ နိုင်ငံတွေအကြောင်းကို ပြောပြမယ်" စသည်ဖြင့်ပြော၍ စာသင်ချိန်ကို အဆုံးသတ်ပါ။

စာသင်ချိန် (၂) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ကျောင်းသားကိုင်စာအုပ်ပါ ဗုဒ္ဓဘာသာနိုင်ငံများ အကြောင်းနှင့် သရုပ်ဖော်ပုံများ၊ ကမ္ဘာ့မြေပုံ။

သင်ယူမှုလုပ်ငန်းစဉ်

❁ အောက်ပါ ဗုဒ္ဓဘာသာနိုင်ငံများ အကြောင်းကို ကလေးများကိုယ်တိုင် ဖတ်ကြပါစေ။ နားမလည်သော စကားလုံးများကို ကလေးများအား မှတ်သားထားစေပြီး ထိုစကားလုံးများကို ဆရာက ရှင်းပြပါ။

ဗုဒ္ဓဘာသာနိုင်ငံများ

ဗုဒ္ဓဘာသာသည် ဘီစီ ၅၈၈ ခန့်က အိန္ဒိယနိုင်ငံမြောက်ပိုင်းတွင် စတင်ပေါ်ထွန်းခဲ့ပြီး အိန္ဒိယနိုင်ငံ အနှံ့အပြားသို့ ရောက်ရှိပြန့်ပွားသွားခဲ့သည်။ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီး ဘီစီ ၃၀၈ တွင် အိန္ဒိယဘုရင် အသောကမင်းကြီးက ကိုးတိုင်းကိုးဌာနသို့ သာသနာပြုအဖွဲများ စေလွှတ်ခဲ့သည်။ အသောကမင်းကြီး၏ ကျေးဇူးကြောင့် ဗုဒ္ဓသာသနာတော်သည် အနောက်ဘက်တွင် ဂန္ဓာရတိုင်းခေါ် ပါကစ္စတန်၊ အာဖဂန်နစ္စတန်၊ ခိုတန်ခေါ် တာဂစ္စတန်နှင့် ယောနကတိုင်းခေါ်သော တူရကီ၊ ဂရိနိုင်ငံများအထိ ပျံ့နှံ့ထွန်းကားခဲ့၏။ မြောက်ဘက်တွင် ဘူတန်၊ တိဗက်၊ မွန်ဂိုလီးယားနှင့် ရုရှားနိုင်ငံတို့အထိ ပျံ့နှံ့ခဲ့၍ ယခုတိုင် ဆက်လက်တည်ရှိနေဆဲဖြစ်သည်။ အရှေ့ဘက်တွင် သုဝဏ္ဏဘူမိ

www.dhammaransi.com

ခေါ် မြန်မာ၊ ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား နိုင်ငံများနှင့် လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ ကိုရီးယား၊ ဂျပန်၊ တရုတ် နိုင်ငံတို့အထိ ပျံ့နှံ့ခဲ့ပြီး နိုင်ငံအများအပြားဌ ယနေ့ထက်တိုင် ဗုဒ္ဓသာသနာ ခိုင်မာစွာ တည်တံ့လျက်ရှိသည်။

ယခုအခါ ပါကစ္စတန်၊ အာဖဂန်နစ္စတန်၊ တာကစ္စတန်၊ တူရကီ၊ ဂရိနိုင်ငံတို့၌ စစ်မက်ဖြစ်ပွားမှုများနှင့် အခြားဘာသာများ၏ လွှမ်းမိုးမှုတို့ကြောင့် ဗုဒ္ဓသာသနာတော် ကွယ်ပျောက်သွားခဲ့ပြီ ဖြစ်သည်။ သို့သော်လည်း ပါကစ္စတန် ဆွတ်တောင်ကြားဒေသ (Swat Valley)၊ အာဖဂန်နစ္စတန် ဘာမီယန်ဒေသ (Bamiyan) နှင့် မက်စ်အနက်ဒ်ဒေသ (Mes Aynak) တို့၌ ရဟန်းတော်များ သီတင်းသုံးတော်မူခဲ့ရာ ကျောင်းတော်ရာဟောင်းများ၊ စေတီပုထိုးများနှင့် ထိုင်တော်မူ၊ ရပ်တော်မူ၊ လျောင်းတော်မူ ဗုဒ္ဓရုပ်ပွားတော်အမျိုးမျိုးကို ကမ္ဘာ့ရှေးဟောင်း ယဉ်ကျေးမှု အမွေအနှစ်များအဖြစ် ယနေ့ထက်တိုင် ဖူးတွေ့နိုင်ပါသေးသည်။

ဗုဒ္ဓဘာသာတွင် ယေဘုယျအားဖြင့် ထေရဝါဒနှင့် မဟာယာနဟူ၍ အဓိကဂိုဏ်းကြီးနှစ်ဂိုဏ်း ရှိသည်။ သီရိလင်္ကာနိုင်ငံနှင့် အရှေ့တောင်အာရှနိုင်ငံများဖြစ်ကြသော မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအိုနိုင်ငံတို့သည် ထေရဝါဒ ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်ကြ၏။ မဟာယာန ဗုဒ္ဓဘာသာကိုမူ တရုတ်၊ ကိုရီးယား၊ ဂျပန်၊ ဗီယက်နမ်၊ ထိုင်ဝမ် အစရှိသော အရှေ့အာရှနိုင်ငံများ၌ ယုံကြည်ကိုးကွယ်ကြ၏။ မဟာယာန၏ ဂိုဏ်းခွဲဖြစ်သော ဝဇြရာယာနဗုဒ္ဓဘာသာကို တိဗက်၊ ဘူတန် နှင့် မွန်ဂိုလီးယားတို့တွင် အဓိက ကိုးကွယ်ကြ၍ တရုတ်နှင့် ရုရှားနိုင်ငံတို့တွင် အနည်းငယ်တွေ့ရသည်။

ဗုဒ္ဓဘာသာကို အဓိကအားဖြင့် အာရှတိုက်တွင် ကိုးကွယ်ကျင့်သုံးကြသော်လည်း ယခုအခါ ကမ္ဘာအနှံ့တွင် ကိုးကွယ်နေသည်ကို တွေ့နေရပြီဖြစ်သည်။ ကမ္ဘာပေါ်တွင် ဗုဒ္ဓဘာသာဝင်ဦးရေသည် ခန့်မှန်းခြေအားဖြင့် သန်း ၁၆၀၀ ခန့်အထိရှိ၍ သန်း ၅၅၀ ခန့်သည် ဗုဒ္ဓဘာသာကို အခိုင်အမာ ယုံကြည်လက်ခံကြသည်။ ယနေ့ ကမ္ဘာတွင် ဗုဒ္ဓဘာသာသည် လူအများ၏ စိတ်ဝင်စားမှုကို အများဆုံးရရှိကာ လျင်မြန်စွာ တိုးတက် ပြန့်ပွားလျက်ရှိသည်။

ကိုးငြမ်း။ ။ http://en.wikipedia.org/wiki/Buddhism။ ဗုဒ္ဓသာသနာတော် ၂၅၀၀ ခရီး၊ မောင်အံ့၊ ခါ။

ခက်ဆစ်အဖွင့်

ဘီစီ = ခရစ်တော် မပေါ်မီကာလကို ရေတွက်သည့် နှစ်။ B.C (Before Christ)

ထေရဝါဒ = အရှင်မဟာကဿပစသော မထေရ်ကြီးတို့ အစဉ်အဆက် လက်ဆင့်ကမ်းသယ်ဆောင်လာခဲ့သော ဗုဒ္ဓဘာသာ

မဟာယာန = လူသားတိုင်း ဘုရားဖြစ်အောင်ကျင့်ရမည်ဟု ယူဆသော ဗုဒ္ဓဘာသာဂိုဏ်းတစ်မျိုး (မြောက်ပိုင်း ဗုဒ္ဓဘာသာဟုလည်းခေါ်သည်)

❁ အောက်ပါမေးခွန်းများကို မေး၍ အဖြေများကို ကလေးများကိုယ်တိုင် မြေပုံတွင် ထောက်ပြပြီး ဖြေဆိုကြပါစေ။

- ဗုဒ္ဓဘာသာဟာ ဘယ်တုန်းက စတင်ပေါ်ပေါက်ခဲ့သလဲ။ ဘယ်နေရာမှာလဲ။
- ဘယ်အချိန်မှာ ဗုဒ္ဓဘာသာဟာ ကမ္ဘာအရပ်ရပ်ကို ပျံ့နှံ့ခဲ့သလဲ။
- ဘယ်နိုင်ငံတွေအထိ ထွန်းကားပြန့်ပွားခဲ့သလဲ။
- အခု ဘယ်နိုင်ငံတွေမှာ ဗုဒ္ဓဘာသာ ကွယ်ပျောက်သွားခဲ့ပြီလဲ။ ဘာကြောင့်လဲ။
- လက်ရှိ ဘယ်နိုင်ငံတွေမှာ ဗုဒ္ဓဘာသာ ထွန်းကားပြန့်ပွားနေသလဲ။
- ဗုဒ္ဓဘာသာမှာ အဓိက ဂိုဏ်းကြီး နှစ်ဂိုဏ်းက ဘာတွေလဲ။
- ကမ္ဘာမှာ ဗုဒ္ဓဘာသာကို ခိုင်ခိုင်မာမာ လက်ခံထားတဲ့ ဦးရေ ဘယ်လောက်ရှိလဲ။
- ယနေ့ကမ္ဘာမှာ ဗုဒ္ဓဘာသာအပေါ် လူတွေရဲ့ စိတ်ဝင်စားမှုက ဘယ်လိုရှိသလဲ။

www.dhammaransi.com

စာသင်ချိန် (၃) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ကျောင်းသားကိုင်စာအုပ်ပါ ကမ္ဘာ့မြေပုံ။

သင်ယူမှုလုပ်ငန်းစဉ်

- ကလေးများကို အုပ်စု (၅)စု ဖွဲ့ပါ။
- ထို့နောက် ဆရာက "အခု သားတို့၊ သမီးတို့ဆီမှာရှိနေတဲ့ ကျောင်းသားကိုင်စာအုပ်ထဲက အာရှတိုက် မြေပုံထဲမှာ မြန်မာနိုင်ငံကို ရှာကြမယ်။ ဆရာ/မက တစ်ဖွဲ့ချင်းစီကို လိုက်ကြည့်မယ်" စသည်ဖြင့် ပြောကာ အုပ်စုလိုက် ရှာကြပါစေ။
- ပြီးနောက် ဆရာက "ဗုဒ္ဓဘာသာကို လက်ရှိကိုးကွယ်နေတဲ့ နိုင်ငံတွေနဲ့ ကွယ်ပျောက်သွားတဲ့ နိုင်ငံတွေကို မြေပုံပေါ်မှာ ရှာကြည့်ကြမယ်၊ ရှာကြည့်ပြီးတော့ ကလေးတို့ မှတ်စုထဲမှာ ခွဲရေးထားကြပါ"ဟု ပြော၍ ကလေးများ၏ မှတ်စုစာအုပ်တွင် ရေးထားသည်များကို လိုက်လံကြည့်ပါ။
- နောက်ဆုံးတွင် ဆရာက "စစ်မက်ဖြစ်ပွားမှုများနှင့် အခြားဘာသာများ၏ လွှမ်းမိုးမှုတို့ကြောင့် နိုင်ငံအချို့မှာ ဗုဒ္ဓဘာသာ ကွယ်ပျောက်သွားခဲ့ရခြင်း ဖြစ်ကြောင်း၊ ဗုဒ္ဓဘာသာမပျောက်ကွယ်ဖို့ သားတို့သမီးတို့ကိုယ်တိုင် ဘာတွေလုပ်ဆောင်နိုင်မလဲဆိုတာ နောက်စာသင်ချိန်မှာ ဆက်လက်ဆွေးနွေးကြရအောင်"ဟု ပြော၍ စာသင်ချိန်ကို အဆုံးသတ်ပါ။

စာသင်ချိန် (၄) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ စာရွက်လွတ်။

သင်ယူမှုလုပ်ငန်းစဉ်

- "နိုင်ငံအချို့မှာ ဗုဒ္ဓဘာသာ ဘာကြောင့် ပျောက်ကွယ်သွားတယ်ဆိုတာ သားတို့သမီးတို့ သိခဲ့ကြပြီ။ ဒီတော့ မြန်မာနိုင်ငံမှာ ဗုဒ္ဓဘာသာ မပျောက်ကွယ်အောင် သားတို့သမီးတို့အနေနဲ့ ဘာတွေ လုပ်ဆောင်သွားကြမလဲ" စသည်ဖြင့် မေးကာ အဖြေများကို စာရွက်လွတ်တွင် ရေးကြပါစေ။ (မျှော်မှန်းအဖြေ= ဓမ္မစကူးလ်တက်မယ်၊ ဗုဒ္ဓစာပေ လေ့လာမယ်၊ အခြားသူများကို ပြန်ပြောပြမယ်၊ ဗုဒ္ဓဘာသာစာအုပ်များကို လှူဒါန်းမယ်၊ စာသင်သား သံယာတော်များကို ပစ္စည်းလေးပါးနဲ့ ထောက်ပံ့လှူဒါန်းမယ်. . . စသည်)
- ထို့နောက် ကလေးများကို အုပ်စု(၅)စု ဖွဲ့ပါ။ အုပ်စုတိုင်းက မိမိတို့အဖွဲ့ဝင်များအားလုံး ရေးသားထားသည်များကို စုကြပါစေ။ စုဆောင်းထားသော အချက်အလက်များကို အုပ်စုကိုယ်စားလှယ်တစ်ဦးစီက ပြန်လည်တင်ပြပါစေ။ (မတူ သည့်အချက်များကိုသာ ကျန်အုပ်စုများက တင်ပြကြပါစေ။)
- နောက်ဆုံးတွင် ဆရာက ကလေးများ၏ အဖြေများကို နားထောင်ပြီး သင်ယူမှုဦးတည်ချက်ရောက်အောင် အနှစ်ချုပ်ပေးပါ။

www.dhammaransi.com

သင်ခန်းစာ (၁၂)

သင်ခန်းစာခေါင်းစဉ် ။ ။ သီလဝတီမိဖုရား

သင်ယူမှုဦးတည်ချက် ။ ။ ဗုဒ္ဓဘာသာဝင်ဖြစ်ရသည်ကို ဂုဏ်ယူတတ်စေရန်။

စာသင်ချိန် (၁) ။ ။ ၃၀ မိနစ်။

သင်ထောက်ကူပစ္စည်း ။ ။ ရတနာသုံးပါး တို့အားထား ကဗျာ။

သင်ယူမှုလုပ်ငန်းစဉ်

- "သားတို့သမီးတို့ကို ဒုတိယတန်းတုန်းက ဗုဒ္ဓရုပ်ပွားဆင်းတုတော်တွေကို အလွန်ကြည်ညိုတဲ့ မင်းသမီးလေးတစ်ပါး အကြောင်း ပြောပြခဲ့ဖူးတယ်၊ မှတ်မိကြသေးလား၊ ပြောပြပါဦး"ဟု ပြော၍ စာသင်ချိန်ကို စတင်ပါ။
- မှတ်မိသောကလေးများ ပြောပြကြပါစေ။
- ကလေးများ မမှတ်မိလျှင် ဆရာက ဒုတိယတန်း၊ သင်ခန်းစာ (၁၅)တွင် သင်ခဲ့သော မွန်မင်းသမီးလေး တလထော် အကြောင်းကို ပြန်လည်ချိတ်ဆက်ပြောပြပါ။
- ပြီးလျှင် ထိုသင်ခန်းစာတွင် ရွတ်ဆိုခဲ့သော အောက်ပါကဗျာကို ပြန်လည်ရွတ်ဆိုကြပါစေ။

ရတနာသုံးပါး တို့အားထား
ဘုရား၊ တရား၊ မြတ်သံဃာ
ဦးထိပ်ပန်ဆင်ကာ။
ရိုသေစွာ မြတ်နိုးလို့
တို့တစ်တွေ ဆည်းကပ်စို့။
ဆည်းကပ်ကြတဲ့ တို့တစ်တွေ
ကောင်းကျိုးများလှပေ။
အန္တရာယ်တွေ ကင်းစေသည့်
သရဏဂုံ ရွတ်ဆိုကြည့်။
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။ ။

- ကဗျာ၏ အဓိပ္ပာယ်ကို ကလေးများ နားလည်သလို ပြောဆိုပါစေ။
- ဆရာက လိုအပ်သည်များကို ဖြည့်စွက်ပေးပါ။

www.dhammaransi.com

စာသင်ချိန် (၂) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ သီလဝတီ မိဖုရားဇာတ်လမ်းနှင့် သရုပ်ဖော်ပုံများ။

သင်ယူမှုလုပ်ငန်းစဉ်

- "သားတို့၊ သမီးတို့ . . . တလထော်လိုပဲ မိဖုရားတစ်ပါး ရှိသေးတယ်။ ဘယ်သူလဲ၊ သိကြလား"ဟု မေး၍ စာသင်ချိန်ကို စတင်ပါ။
- "အခု အဲဒီမိဖုရားအကြောင်းကို သားတို့သမီးတို့ကိုယ်တိုင် ဖတ်ကြရမယ်၊ ဖတ်ပြီးတော့ သေသေချာချာ မှတ်ထားပြီး ဆရာတို့ ပြန်ပြီးဆွေးနွေးကြမယ်"

သီလဝတီမိဖုရား

သီဟိုဠ်ကျွန်း အနုရာဓပြို့၌ မဟာလိအမည်ရှိ ဘာသာခြားဘုရင်တစ်ပါး အုပ်ချုပ်မင်းလုပ်ခဲ့၏။ မဟာလိဘုရင်သည် အလွန်ချောမောလှပသော သီလဝတီမိဖုရားကို မိဖုရားကြီးအရာ၌ ထား၏။ သို့သော် သီလဝတီမိဖုရားကြီးသည် ဗုဒ္ဓဘာသာဝင် ဖြစ်သည်။ မိဖုရားကြီးသည် ဘာသာခြားဘုရင်၏ ကြင်ရာတော်ဖြစ်သော်လည်း ရဟန်းသံဃာတော်တို့အား အမြဲမပြတ် ဆည်းကပ်ကိုးကွယ် လှူဒါန်းလေ့ရှိ၏။

မိဖုရားကြီးသီလဝတီကို ကာလဒေဝီ အမည်ရှိ မိဖုရားငယ်က မနာလိုဝန်တို ဖြစ်နေ၏။ တစ်နေ့တွင် ကာလဒေဝီမိဖုရားက "သီလဝတီ မိဖုရားကြီးသည် ဘုန်းတော်ကြီးများနှင့် ပေါင်း၍ ထီးနန်းလုဖို့ ကြံစည်နေပါသည်"ဟု မဟာလိဘုရင်ကို ကုန်းချောလေသည်။

မဟာလိဘုရင်သည် မိဖုရားငယ်၏ စကားကို ယုံစားပြီး သီလဝတီမိဖုရားကြီးကို သုသာန်ထုတ် မီးရှို့သတ်ရန် အမိန့်ချမှတ်လေသည်။ အမိန့်ချမှတ်ချိန်မှစ၍ မိဖုရားကြီးသည် သူပြုခဲ့ဖူးသမျှသော ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ကောင်းမှုတို့ကို ဆင်ခြင်အောက်မေ့နေလေရာ မီးရှို့သောအခါ ရေဖြင့်လောင်းလိုက်သကဲ့သို့ သုံးကြိမ်တိုင်တိုင် မီးငြိမ်းလေ၏။ မဟာလိဘုရင်လည်း အံ့ဩတုန်လှုပ်သွားပြီး မိဖုရားကြီးကို ရှိခိုးကန်တော့၍ သူ့အမှားကို ဝန်ချတောင်းပန်လေသည်။ ထို့ပြင် မိဖုရားကြီး စိတ်တိုင်းကျ အလှူဒါနများ ပြုနိုင်ရန် ဘဏ္ဍာတိုက်ကိုလည်း ဖွင့်ပေးလေသည်။ သူကိုယ်တိုင်လည်း ဗုဒ္ဓဘာသာကို ကူးပြောင်းကိုးကွယ်လာခဲ့ပြီး ဒါန၊ သီလစသော ကုသိုလ်ကောင်းမှုတို့ကို အမြဲမပြတ် ပြုလုပ်ဆောင်ရွက်လေတော့သည်။

မိုငြမ်း။ ။ သီလဝတီမိဖုရား၊ မြန်မာ့ယဉ်ကျေးမှုအခြေခံသော လူမှုဖွံ့ဖြိုးရေးအမြင်ဖွင့် မင်္ဂလာတရား၊ သင်ရိုးညွှန်းတမ်း၊ဆရာလက်စွဲ၊ ၁၁၆။ (မှုရင်း— သီလဝတီမိဖုရားဝတ္ထု၊ လင်္ကာဒီပသမိုင်း)။

- ကလေးများအားလုံး ဖတ်ပြီးလျှင် အထက်က မေးခွန်းကို ဖြေကြပါစေ။ ထို့နောက် မေးခွန်းများ ဆက်၍ မေးပါ။
  - ကလေးတို့ အခုဖတ်ခဲ့တဲ့ ဇာတ်လမ်းက ဘယ်နိုင်ငံမှာ ဖြစ်ခဲ့တာလဲ။
  - မိဖုရားကြီးရဲ့နာမည်က ဘယ်သူလဲ။
  - မိဖုရားကြီးက ဘယ်ဘာသာကိုးကွယ်တာလဲ။
  - သူဟာ နေ့တိုင်း ဘာလုပ်သလဲ။
  - မိဖုရားကြီးကို ဘုရင်က ဘာကြောင့် သတ်တာလဲ။
  - မိဖုရားကြီး အသက်မသေတာ ဘာကြောင့်လဲ။

www.dhammaransi.com

စာသင်ချိန် (၃) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ မရှိ။

သင်ယူမှုလုပ်ငန်းစဉ်

- "ကလေးတို့. . . သီလဝတီမိဖုရားအကြောင်း လေ့လာပြီးပြီဆိုတော့ ဗုဒ္ဓဘာသာအကြောင်းကို ဆက်ပြီး လေ့လာကြရအောင်"ဟု ပြောပြီး အောက်ပါ မေးခွန်းကို မေး၍ ကလေးများပြောသော အချက်များကို ဆရာက သင်ပုန်းပေါ်တွင် မှတ်တမ်းတင်ထားပေးပါ။
  - ဗုဒ္ဓဘာသာဝင်တစ်ယောက်ရဲ့ တစ်နေ့တာ အလုပ်က ဘာတွေဖြစ်မလဲ။
- ပြီးနောက် ကလေးများကို အုပ်စု (၅)စု ခွဲ၍ အောက်ပါမေးခွန်းကို အုပ်စုလိုက် ဆွေးနွေးကြပါစေ။
  - "ဗုဒ္ဓဘာသာဝင်တစ်ယောက်က (ဗုဒ္ဓ၊ ဓမ္မ၊ သံဃ) ရတနာသုံးပါးနဲ့ ပတ်သက်ပြီး ဘာတွေလုပ်ရမလဲ။ အဲဒီလို လုပ်ရင် ဘယ်လို အကျိုးကျေးဇူးတွေ ရရှိမယ်ထင်သလဲ။
- ဆွေးနွေးပြီးသောအခါ ကိုယ်စားလှယ်တစ်ဦးစီက တင်ပြစေ၍ လိုအပ်လျှင်ဆရာက ဖြည့်စွက်ဆွေးနွေးပြီး အောက်ပါအတိုင်း အနှစ်ချုပ်ပေးပါ။

"ဗုဒ္ဓဘာသာဝင်တစ်ယောက်ဖြစ်ချင်ရင် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ ဆိုတဲ့ ရတနာမြတ်သုံးပါးကို ယုံယုံကြည်ကြည် လေးလေးစားစားနဲ့ ပူဇော်ပြီး ဘုရားဟော တရားတော်တွေကို လိုက်နာကျင့်သုံးခြင်း ဖြင့် ဗုဒ္ဓဘာသာဝင်ကောင်းတစ်ယောက် ဖြစ်သွားပြီ"

စာသင်ချိန် (၄) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ စာရွက်လွတ်များ။

သင်ယူမှုလုပ်ငန်းစဉ်

- ကလေးများကို စာရွက်တစ်ရွက်စီ ဝေပေးပြီး အောက်ပါ မေးခွန်းကို စဉ်းစားချိန်ပေး၍ ရေးသားဖြေဆိုကြပါစေ။
  - ဗုဒ္ဓဘာသာဝင်တစ်ဦးရဲ့ ဂုဏ်ယူစရာ အချက်တွေက ဘာတွေလဲ။
- ကလေးများအားလုံး ဖြေပြီးလျှင် မိမိတို့ဖြေထားသော အဖြေများကို အားလုံးကြားအောင် ပြောပြကြပါစေ။ ကလေးတစ်ဦး ပြောပြီးတိုင်း မေးမြန်းလိုသူများကို ဖိတ်ခေါ်၍ မေးကြပါစေ။
- ကလေးများဖြေဆိုထားသည့် အချက်များအပေါ်မူတည်၍ ရည်ရွယ်ချက်နှင့်အညီ အနှစ်ချုပ်ကာ သင်ခန်းစာကို အဆုံးသတ်ပါ။

www.dhammaransi.com

သင်ခန်းစာ (၁၃)

သင်ခန်းစာခေါင်းစဉ် ။ ။ အရှင်သောဏနှင့် အရှင်ဥတ္တရ သာသနာပြုကြွတော်မူခြင်း

သင်ယူမှုဦးတည်ချက် ။ ။ မြန်မာနိုင်ငံသို့ ဗုဒ္ဓဘာသာ စတင်ရောက်ရှိလာပုံကို သိရှိပြီး ဗုဒ္ဓဘာသာ ပြန့်ပွားရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဖော်ထုတ်တတ်ရန်။

စာသင်ချိန် (၁) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ မရှိ။

သင်ယူမှုလုပ်ငန်းစဉ်

- အောက်ပါမေးခွန်းများကိုမေး၍ ကလေးဦးရေ ၅/၆ ဦးခန့်က ပြောကြပါစေ။
  - မြတ်စွာဘုရားက သာသနာပြုလုပ်ငန်းအတွက် ဘယ်သူတွေနဲ့ ဘယ်လိုလုပ်ဆောင်ခဲ့ပါသလဲ၊ မှတ်မိသလောက် ပြန်ပြောပြပါ။
  - ဘာကြောင့် လုပ်တယ်လို့ ထင်သလဲ။
- ကလေးများပြောပြီးသောအခါ အောက်ပါမေးခွန်းကို မေး၍ ကလေးများပြောသမျှကို ဆရာက သင်ပုန်းတွင် မှတ်တမ်းတင်ထားပါ။
  - သာသနာပြု စေလွှတ်ခြင်းကြောင့် ဘယ်လိုအကျိုးကျေးဇူးတွေရမယ် ထင်သလဲ။
- ထို့နောက် ဆရာက "သာသနာပြုလုပ်ငန်းကို လုပ်ဆောင်ခဲ့တဲ့ ရဟန်း နှစ်ပါးအကြောင်းကို နောက်စာသင်ချိန်မှာ ဆက်ပြီး လေ့လာကြရအောင်"ဟု ပြော၍ စာသင်ချိန်ကို အဆုံးသတ်ပါ။

စာသင်ချိန် (၂) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ကမ္ဘာမြေပုံ၊ အရှင်သောဏနှင့် အရှင်ဥတ္တရတို့ သာသနာပြု ကြွတော်မူခြင်း အကြောင်းနှင့် သရုပ်ဖော်ပုံများ။

သင်ယူမှုလုပ်ငန်းစဉ်

- အောက်ပါအကြောင်းအရာကို ကလေးများအား လုံး ဖတ်ကြပါစေ။

အရှင်သောဏနှင့် အရှင်ဥတ္တရ သာသနာပြုကြွတော်မူခြင်း

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီး နှစ်ပေါင်း ၂၀၀ ခန့်တွင် အသောကသည် အိန္ဒိယနိုင်ငံ၌ ဓကရာဇ်မင်း တစ်ပါးဖြစ်လာခဲ့၏။ ဘုရင်ဖြစ်စတွင် မင်းကြီးသည် ခမည်းတော် ဗိန္ဒုသာရမင်းကြီးလက်ထက်က ကိုးကွယ်ခဲ့သော တိတ္ထိတက္ကတွန်းတို့ကို ဆက်လက်ကိုးကွယ်ဆည်းကပ်ခဲ့သည်။ မင်းကြီးသည် ထီးနန်းရရှိချိန်မှစ၍ နယ်မြေချဲ့ထွင်ရေး စစ်ပွဲများဆင်နွှဲခဲ့ရာ အောင်မြင်မှုများစွာရခဲ့၏။ သို့သော် လူအမြောက်အမြား သေကျေပျက်စီးခဲ့ရသော ကလိင်္ဂစစ်ပွဲအပြီးတွင် သူတစ်ပါးတို့၏ အသက်အိုးအိမ် စည်းစိမ်တို့ကို ဖျက်ဆီး၍ ယူရသော အောင်မြင်မှုတို့ကို စိတ်ပျက်ငြီးငွေ့လာခဲ့သည်။ မကြာမီပင် နိဂြောဓသာမဏေနှင့် တွေ့ပြီးနောက် အသောကမင်းကြီးသည် ဗုဒ္ဓဘာသာကို အထူးကြည်ညိုသော မင်းတစ်ပါး ဖြစ်လာခဲ့၏။

ဗုဒ္ဓဘာသာဝင် ဖြစ်လာပြီးနောက် အသောကမင်းကြီးသည် ဆရာအရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်၏ လမ်းညွှန်မှုဖြင့် သာသနာပြုလုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့၏။ ရေတွင်း၊ ရေကန်၊ ကျောင်း၊ ဇရပ်၊ စေတီပုထိုးများစွာကိုလည်း ဗုဒ္ဓသာသနာရောက်ရှိရာ နေရာအနှံ့အပြား၌ ဆောက်လုပ်လှူဒါန်း တည်ထားကိုးကွယ်ခဲ့သည်။ ဗုဒ္ဓတရားတော်တို့ကို သံဃာတော်များ စုပေါင်းရွတ်ဆိုသည့် တတိယသင်္ဂါယနာတင်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်

www.dhammaransi.com

ရန်လည်း လှူဒါန်းထောက်ပံ့ခဲ့သည်။ တတိယသင်္ဂါယနာတင်ပွဲအပြီးတွင် ကိုးတိုင်းကိုးဌာနသို့ သာသနာပြုအဖွဲ့များ စေလွှတ်ခဲ့ရာ အရှင်သောဏနှင့် အရှင်ဥတ္တရတို့ ဦးဆောင်သောအဖွဲ့သည် မြန်မာနိုင်ငံအောက်ပိုင်း ရာမညဒေသ သုဝဏ္ဏဘူမိသို့ ရောက်ရှိခဲ့ကြ၏။

မထေရ်မြတ်တို့ ရောက်ရှိချိန်တွင် ဘီလူးတို့၏ ဘေးရန်ကြောင့် ဒေသခံလူမျိုးတို့သည် စိုးရိမ်ကြောင့်ကြလျက် နေထိုင်ကြရ၏။ ထို့ကြောင့် မထေရ်မြတ်တို့သည် ရှေးဦးစွာ တန်ခိုးဖြင့် ဘီလူးတို့ကို ထွက်ပြေးစေသည်။ ဘီလူးတို့ နောက်ထပ်တစ်ဖန် ပြန်မလာနိုင်ရန်လည်း ပရိတ်အရံအတားကို ပြုပေးတော်မူကြ၏။ သို့ဖြစ်၍ လူတို့သည် မထေရ်မြတ်တို့ကို ယုံကြည်အားထား ကိုးကွယ်လာခဲ့ကြသည်။

မထေရ်မြတ်တို့လည်း လူအပေါင်းတို့အား သရဏဂုံ၊ သီလတို့ကို ဆောက်တည်စေ၏။ ထို့နောက် ဗြဟ္မဇာလ သုတ်တော်ကို ဟောတော်မူရာ လူပေါင်း ၆၀၀၀၀ ခန့် ဗုဒ္ဓဘာသာဝင် ဖြစ်လာကြ၏။ အမျိုးသား ၃၅၀၀ နှင့် အမျိုးသမီး ၁၅၀၀ တို့လည်း သာသနာ့ဘောင်သို့ဝင်၍ ရဟန်းပြုခဲ့ကြသည်။ ထိုအချိန်မှစ၍ သုဝဏ္ဏဘူမိဒေသတွင် ဗုဒ္ဓသာသနာ အရောင် ထွန်းလင်းတောက်ပလာခဲ့သည်။

မိုဠိမ်း။ ။ သာသနာလင်္ကာရစာတမ်း၊ ၄၄။ ထေရဝါဒဗုဒ္ဓဘာသာ၊ ရေစကြို့ အရှင်ဇဒိကာ၊ ၁၄-၈၇။ ၀၊ ဌ၊ ၁၊ ၅၂။

- ဆရာက ဗုဒ္ဓဘာသာရောက်ရှိလာပုံများအား သင်ခန်းစာ (၁၁)တွင် အသုံးပြုခဲ့သော ကျောင်းသားကိုင်စာအုပ်ပါ ကမ္ဘာ့မြေပုံကို ထောက်ပြကာ ပြောပေးပါ။
- ထို့နောက် အောက်ပါမေးခွန်းများကို မေးပါ။
  - ဘုရားပရိနိဗ္ဗာန်စံပြီး နှစ်ပေါင်းဘယ်လောက်အကြာမှာ အသောကမင်းကြီး အုပ်ချုပ်ခဲ့တာလဲ။
  - အသောကမင်းကြီးဟာ ဗုဒ္ဓဘာသာကို အထူးကြည်ညိုတဲ့ မင်းတစ်ပါး ဘယ်လိုဖြစ်လာတာလဲ။
  - အသောကမင်းက ဗုဒ္ဓဘာသာကို ဘယ်လို ချီးမြှင့်ခဲ့သလဲ။
  - သုဝဏ္ဏဘူမိကို သာသနာပြုရောက်ရှိခဲ့တဲ့ သံဃာနှစ်ပါးက ဘယ်သူတွေလဲ။
  - ဘယ်ဒေသကို ရောက်ခဲ့တာလဲ။ အဲဒီဒေသမှာ ဘာတွေဖြစ်နေတာလဲ။
  - အဲဒီနေရာမှာဗုဒ္ဓဘာသာဟာ ဘယ်လိုနည်းနဲ့ ထွန်းကားလာခဲ့သလဲ။

စာသင်ချိန် (၃) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ မြန်မာနိုင်ငံ မြေပုံ။

သင်ယူမှုလုပ်ငန်းစဉ်
❁ ဆရာက မြန်မာနိုင်ငံမြေပုံကို ကလေးများကို ပြ၍ ဇာတ်လမ်းဖြင့် ချိတ်ဆက် မေးမြန်းဆွေးနွေးပါ။ ❁ ထို့နောက် "အရှင်သောဏနဲ့ အရှင်ဥတ္တရ ဦးဆောင်တဲ့ သာသနာ ပြုအဖွဲ့သာ မြန်မာနိုင်ငံကို ရောက်မလာခဲ့ရင် ဒီအချိန်မှာ ဘယ်လိုဘာသာတရား အဆုံးအမတွေ လက်ခံကျင့်သုံးနေရမယ်လို့ ထင်သလဲ" ဟု မေး၍ ကလေးများ စဉ်းစားထားကြပါစေ။ ❁ ထို့နောက် မိမိဘေးမှသူငယ်ချင်းနှင့် အပြန်အလှန် ထပ်မံ၍ ဆွေးနွေးကြပါစေ။ ❁ ကလေး ငါးဦးခန့်က အထက်ပါအကြောင်းအရာနှင့်ပတ်သက်၍ တစ်တန်းလုံးသို့ ဝေမျှပြောဆိုကြပါစေ။ ❁ ကလေးများ ပြောသွားသောအချက်အလက်များကို မှတ်သားထားကာ ဆရာက လိုအပ်ချက်များကို ဖြည့်စွက်ပေးပါ။

www.dhammaransi.com

စာသင်ချိန် (၄) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ စာရွက်လွတ်များ။

သင်ယူမှုလုပ်ငန်းစဉ်

❁ ကလေးများကို အုပ်စု(၅)စု ဖွဲ့ပြီး အောက်ပါမေးခွန်းများကို အုပ်စုလိုက် ဆွေးနွေးပါစေ။ ကလေးများအားလုံး ပါဝင်ဆွေးနွေးနိုင်အောင် ဆရာက ပံ့ပိုးပေးပါ။ အုပ်စုကိုယ်စားလှယ်တစ်ဦးစီက ဆွေးနွေးချက်များကို ပြန်လည် ပြောပြပါစေ။

- သာသနာပြုလုပ်ငန်းများ လုပ်ဆောင်နေတဲ့ ပုဂ္ဂိုလ်တွေကို သိသလောက် ပြောပြပါ။ သူတို့ဟာ အဲဒီလုပ်ငန်း တွေကို ဘာကြောင့် လုပ်နေတယ်လို့ ထင်ပါသလဲ။

(ကလေးများ ပြောသော သာသနာပြုပုဂ္ဂိုလ်များကို သင်ပုန်းတွင် ရေးမှတ်ထားပါ။)

❁ ထို့နောက် ကလေးတစ်ဦးစီကို စာရွက်တစ်ရွက်စီ ပေး၍ အောက်ပါမေးခွန်းကို ရေးသားဖြေဆိုစေပြီး တင်ပြကြပါ စေ။ (ကလေးများ တင်ပြရာတွင် မတူသော အဖြေများကိုသာ ဦးစားပေးတင်ပြရန် ဆရာက စီစဉ်ပေးပါ။)

- ဗုဒ္ဓဘာသာ ပြန့်ပွားအောင် ဘယ်လိုလုပ်မလဲ။

❁ အားလုံးပြီးလျှင် ဆရာက "အရှင်သောဏနှင့် အရှင်ဥတ္တရတို့ ဦးဆောင်တဲ့ သာသနာပြုအဖွဲ့ ကြွတော်မူလာခြင်း ကြောင့် မြန်မာပြည်သူ/သားတွေ ဗုဒ္ဓဘာသာကို ကိုးကွယ်ခွင့်ရခဲ့တယ်၊ ဒါကြောင့် အဲဒီရဟန်းတော်တွေလိုပဲ သား၏သမီးတို့လည်း သာသနာပြုလုပ်ငန်းတွေကို တတ်နိုင်သလောက် လုပ်ကြရအောင်"ဟု ပြော၍ အနစ်ချုပ်ကာ စာသင်ချိန်ကို အဆုံးသတ်ပါ။

www.dhammaransi.com

သင်ခန်းစာ (၁၄)

သင်ခန်းစာခေါင်းစဉ် ။ ။ ဓမ္မစေတီမင်း

သင်ယူမှုဦးတည်ချက် ။ ။ ဓမ္မစေတီမင်း၏ သာသနာပြုလုပ်ငန်းများအကြောင်းကို သိရှိပြီး အတုယူလုပ်ဆောင်တတ်စေရန်။

စာသင်ချိန် (၁) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ မရှိ။

သင်ယူမှုလုပ်ငန်းစဉ်

- "သားတို့သမီးတို့ . . . မြန်မာ့သမိုင်းမှာ ထင်ရှားခဲ့တဲ့ ဘုရင်မကြီးတစ်ပါးအကြောင်း စတုတ္ထတန်းမှာ ပြောပြခဲ့ပြီးပြီ၊ ဘယ်သူလဲ၊ ဘာတွေ ထူးထူးခြားခြားလုပ်ခဲ့သလဲ မှတ်မိသလောက် ပြန်ပြောပြပါ"ဟု ပြော၍ စာသင်ချိန်ကို စတင်ပါ။
- ကလေး ၃/၄ ဦးခန့်က ပြောကြပါစေ။
- ထို့နောက် အောက်ပါမေးခွန်းကို ဆက်မေးပါ။
  - ရှင်စောပုဘုရင်မကြီးက သူရဲ့ထီးနန်းကို ဘယ်သူ့ကို လွှဲပြောင်းပေးခဲ့သလဲ။ ဘာကြောင့်လဲ။
- အထက်ပါ မေးခွန်း၏အဖြေကို ကလေးတိုင်း၏ မှတ်စုစာအုပ်တွင် ရေးပါစေ။ ကလေးအားလုံး ရေးပြီးပါက အတန်းရှေ့ထွက်၍ တစ်ဦးစီပြောကြပါစေ။ ကလေးများ နားလည်သည့်အတိုင်း ပြောကြပါစေ။ အချိန်ရလျှင် ကလေးအားလုံးကို ပြောခွင့်ပေးပါ။
- ကလေးများပြောပြီးလျှင် ဆရာက "သားတို့သမီးတို့ . . . နောက်စာသင်ချိန်မှာ အဲဒီ ဓမ္မစေတီမင်းကြီး အကြောင်း လေ့လာကြည့်ကြရအောင်"ဟု ပြော၍ နောက်စာသင်ချိန်ကို ဆက်ပါ။

စာသင်ချိန် (၂) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ကျောင်းသားကိုင်စာအုပ်ပါ ဓမ္မစေတီမင်းအကြောင်းနှင့် သရုပ်ဖော်ပုံများ။

သင်ယူမှုလုပ်ငန်းစဉ်

- "အရင်ဆုံး ဓမ္မစေတီမင်းနဲ့ပတ်သက်လို့ သားတို့သမီးတို့ သိချင်တဲ့အကြောင်းအရာတွေကို ကိုယ်တိုင် မေးခွန်းထုတ်ကြည့်ကြပြီး မှတ်စုစာအုပ်ထဲမှာ ရေးထားကြပါ။ အဲဒီနောက် သားတို့သမီးတို့ သိချင်တဲ့အဖြေတွေ သိရအောင် အဲဒီမင်းကြီးအကြောင်းကို ဖတ်ကြည့်ကြရအောင်"ဟု ပြော၍ ဓမ္မစေတီမင်းအကြောင်းကို အသံတိတ်ဖတ်ကြပါစေ။

ဓမ္မစေတီမင်း

ဓမ္မစေတီမင်းသည် ဟံသာဝတီသမိုင်းတွင် အလွန်ထင်ရှားသော မင်းတစ်ပါးဖြစ်သည်။ ရှင်သာမဏေ ဝတ်စဉ် ဘွဲ့အမည်မှာ ရှင်ဓမ္မဓရဖြစ်၏။ ဘုရင်မလောင်း ရှင်စောပုသည် ရှင်ဓမ္မဓရကို သားအမှတ်ထားကာ ရဟန်းခံပေးခဲ့သည်။ ဘုရင်မဖြစ်လာသောအခါ ရှင်စောပုသည် ရှင်ဓမ္မဓရကို လူဝတ်လဲစေပြီး သမီးတော်နှင့် လက်ဆက်ပေး၍ ထီးနန်းကို အပ်နှင်းခဲ့သည်။

ဓမ္မစေတီမင်းသည် ရဟန်းသာမဏေဘဝဖြင့် ပိဋကတ်စာပေတို့ကို နှစ်ပေါင်းများစွာ သင်ကြားခဲ့သောကြောင့် စာပေကျမ်းဂန် နှံ့စပ်ကျွမ်းကျင်၏။ ဘုရင်ဖြစ်လာသော်လည်း အားလပ်ချိန်များတွင် ဝတ်ဖြူစင်ကြယ်ကိုဝတ်၍ သံယာတော်တို့အား စာပေသင်ကြားပို့ချပေးလေ့ရှိသည်။ ဓမ္မစေတီမင်း၏ ပညာဉာဏ်ပြည့်စုံမှုကို သီဟိုဠ်(သီရိလင်္ကာ)၊ ကျည်း

www.dhammaransi.com

ပြည် (အိန္ဒိယတောင်ပိုင်း)စသည့် နိုင်ငံရပ်ခြားမင်းများကပင် သိကြ၏။ အချို့မင်းများက ဓမ္မစေတီမင်း၏ ပညာဉာဏ်စွမ်းကို သိလိုသဖြင့် အမေးပုစ္ဆာများ မေးကာ စမ်းသပ်ကြသည်။ ဓမ္မစေတီမင်းသည်လည်း မဆိုင်းမတွပင် ပြန်ဖြေပေးနိုင်ခဲ့၏။ ထို့ကြောင့် သူသည် တိုင်းတစ်ပါးမင်းများ၏ လေးစားကြည်ညိုမှုကိုလည်း ရရှိခဲ့သည်။

ဓမ္မစေတီမင်းသည် ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေးကိုလည်း စနစ်တကျ ဆောင်ရွက်ခဲ့သည်။ ဗုဒ္ဓဂယာသို့ လေ့လာရေးအဖွဲ့ စေလွှတ်၍ ဘုရားစေတီ တည်ဆောက်မှု ပုံသဏ္ဌာန်များကို လေ့လာစေခဲ့၏။ ထိုအဖွဲ့၏ လေ့လာချက်တို့ကို အခြေခံ၍ ဟံသာဝတီပဲခူးဌ ဘုရားစေတီတော်များ တည်ထားကိုးကွယ်ခဲ့သည်။ ဓမ္မစေတီမင်း တည်ထားကိုးကွယ်ခဲ့သော ဘုရားစေတီတော်များအနက် ကျိုက်ပွန်ဘုရား (လေးမျက်နှာဘုရား)၊ ရွှေဂုံကြီးဘုရား စသည်တို့ကို ယနေ့တိုင် ဖူးတွေ့နိုင်သည်။

ဓမ္မစေတီမင်းသည် သာသနာတော်ကို စင်ကြယ်သည်ထက် စင်ကြယ်အောင် ဆောင်ရွက်လိုသဖြင့် မထေရ်ကြီး ၂၂ ပါးကို သိဟိုဠ်ကျွန်းသို့ ကြွစေကာ သိင်္ဃာသစ်တင်စေခဲ့သည်။ မထေရ်ကြီးများသည် သိဟိုဠ်ကျွန်း ကလျာဏီမြစ်အတွင်းရှိ ရေသိမ်တွင် မဟာဝိဟာရဝါသီဂိုဏ်း ရဟန်းတော်တို့ထံမှ ရဟန်းအဖြစ် ထပ်မံခံယူခဲ့ကြသည်။ ထို့နောက် မထေရ်မြတ်များသည် ဟံသာဝတီသို့ ပြန်ကြွလာခဲ့ကြသည်။

ဓမ္မစေတီမင်းသည် သိဟိုဠ်ပြန် မထေရ်ကြီးတို့၏ လမ်းညွှန်မှုဖြင့် ဇိုင်းကနိုင်းအရပ်၌ ကလျာဏီ သိမ်တော်ကြီးကို တည်ဆောက်စေခဲ့သည်။ ထိုသိမ်တော်ကြီး၌ သိဟိုဠ်ပြန် မထေရ်ကြီးများက အခြားရဟန်း သံဃာတော်တို့အား သန့်စင်သော ပဋိဉ်းအဖြစ် ထပ်မံခံယူစေသည်။ ထိုသိင်္ဃာသစ်တင်သော အခမ်းအနားသို့ မြန်မာတစ်နိုင်ငံလုံးမှ ရဟန်းသံဃာတော်များသာမက ယိုးဒယား(ထိုင်းနိုင်ငံ)မှ သံဃာတော်များပါ တက်ရောက်ခဲ့ကြသည်။ ထိုအကြောင်းကို ပါဠိဘာသာ၊ မွန်ဘာသာတို့ဖြင့် ကျောက်စာ ရေးထိုးထားခဲ့သည်။ ထိုကျောက်စာကို "ကလျာဏီကျောက်စာ"ဟု ခေါ်သည်။ ထိုကျောက်စာသည် မြန်မာ့သမိုင်းတွင် အရေးကြီးသော ကျောက်စာစာရင်း၌ ပါဝင်သည်။

ဓမ္မစေတီမင်းသည် တရားစီရင်ရာတွင်လည်း ထင်ရှားသည်။ မင်းကြီး၏ တရားစီရင်ထုံးများသည် မြန်မာနိုင်ငံ "ဓမ္မစေတီမင်း ဖြတ်ထုံး" အဖြစ် ထင်ရှားသည်။

ဓမ္မစေတီမင်းကြီးသည် ဘာသာ၊ သာသနာကို လွန်စွာကြည်ညိုဧ၏။ သမိုင်းတွင်သည့် ဗုဒ္ဓသာသနာ အကျိုးပြုလုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်ခဲ့သည်။

မှီငြမ်း။ ။ ဓမ္မစေတီ၊ အနော်ရထာနှင့် တို့ဘိုးဘွားများ၊ မင်းယုဝေ၊ ၂၁၅-၂၂၆။

- အောက်ပါမေးခွန်းများကို မေးပါ။
  - ရှင်သာမဏေ ဝတ်စဉ် ဘွဲ့အမည်က ဘာလဲ။
  - ရှင်ဓမ္မဓရကို ဘယ်သူက ရဟန်းခံပေးခဲ့သလဲ။
  - ရှင်စောပုဘုရင်မကြီးက သမီးတော်ကို မည်သူနဲ့ လက်ဆက်ပေးခဲ့သလဲ။
  - ဓမ္မစေတီမင်းဟာ ဘယ်လိုစာပေတွေကို နှံ့စပ်ကျွမ်းကျင်သလဲ၊ ဘာကြောင့်လဲ။
  - ဓမ္မစေတီမင်းဟာ အားလပ်ချိန်မှာ ဘာလုပ်သလဲ။
  - ဓမ္မစေတီမင်းရဲ့ အရည်အချင်းကို အခြားနိုင်ငံမင်းတွေက ဘယ်လိုစမ်းသပ်ခဲ့ကြသလဲ။
  - ဓမ္မစေတီမင်းက ဘာကျောက်စာကို ရေးထိုးခဲ့တာလဲ။ ဘယ်ဘာသာတွေနဲ့ ရေးထိုးခဲ့တာလဲ။
  - မြန်မာနိုင်ငံမှာ ဓမ္မစေတီမင်းရဲ့ တရားစီရင်ထုံးဟာ ဘယ်လိုအမည်နဲ့ ထင်ရှားခဲ့သလဲ။
  - ဓမ္မစေတီမင်း ရေးထိုးတဲ့ ကျောက်စာကို ဘယ်လိုခေါ်ပါသလဲ။
  - ကလျာဏီကျောက်စာကို ဘယ်ဘာသာတွေနဲ့ ရေးထိုးထားသလဲ။

www.dhammaransi.com

စာသင်ချိန် (၃) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ စာရွက်ကြီးများ။

သင်ယူမှုလုပ်ငန်းစဉ်

❁ "ကလေးတို့ . . . ဓမ္မစေတီမင်းရဲ့ သာသနာပြုလုပ်ငန်းများအကြောင်းကို သိခဲ့ရပြီ၊ အခု ပေးထားတဲ့ မေးခွန်းကို အဖွဲ့လိုက် ဆွေးနွေးကြရအောင်"ဟု ပြော၍ ကလေးများကို အုပ်စု(၄)စု (သို့) (၅)စု ဖွဲ့ပါ။ အုပ်စုတိုင်းကို စာရွက်လွတ် တစ်ရွက်စီ ဝေပေး၍ အောက်ပါ နမူနာပုံစံအတိုင်း ဖြေကြပါစေ။

- ဓမ္မစေတီမင်းကြီးရဲ့ သာသနာပြုလုပ်ငန်းတွေက ဘာတွေလဲ။ သာသနာအတွက် ဘယ်လို အကျိုးပြုသလဲ။ လူတွေအတွက် ဘယ်လိုအကျိုးပြုသလဲ။

ဓမ္မစေတီမင်းကြီးရဲ့ . . .

သာသနာပြု လုပ်ငန်းများ	သာသနာအတွက် အကျိုးပြုပုံ	လူတွေအတွက် ရရှိသောအကျိုး

❁ ဆွေးနွေးပြီးပါက အုပ်စုကိုယ်စားလှယ်တစ်ဦးစီက မိမိတို့ဆွေးနွေးချက်များကို ပြန်လည်တင်ပြကြပါစေ။

❁ အုပ်စုတိုင်း၏ ဆွေးနွေးတင်ပြချက်များကို နားထောင်ပြီး ထိုလုပ်ဆောင်ချက်များကို လုပ်နိုင်ခဲ့တဲ့အတွက် သမိုင်းတွင် ထင်ရှားတဲ့မင်းတစ်ပါး ဖြစ်ခဲ့တယ်လို့ ဆရာကပြော၍ စာသင်ချိန်ကို အဆုံးသတ်ပါ။

စာသင်ချိန် (၄) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ မရှိ။

သင်ယူမှုလုပ်ငန်းစဉ်

❁ "သားတို့သမီးတို့ . . . ဓမ္မစေတီမင်းကြီးရဲ့ ဗုဒ္ဓသာသနာအတွက် ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းတွေကို သိပြီးပြီနော်" စသည်ဖြင့် ပြော၍ စာသင်ချိန်ကို စတင်ပါ။

❁ အောက်ပါမေးခွန်းကို ကလေးများ၏ မှတ်စုစာအုပ်တွင် စဉ်းစားပြီး ဖြေပါစေ။

- ဗုဒ္ဓသာသနာအတွက် ကလေးတို့ကိုယ်တိုင် ဘာတွေ လုပ်ပေးချင်သလဲ။

(မျှော်မှန်းအဖြေ = ဓမ္မစကူးလ်တွေ တက်မယ်၊ ဗုဒ္ဓစာပေတွေ လေ့လာမယ်၊ မြတ်စွာဘုရားရဲ့ အဆုံးအမတွေကို လိုက်နာကျင့်သုံးမယ်၊ မင်္ဂလာတရားတော်တွေနဲ့အညီ လိမ္မာယဉ်ကျေးသိမ်မွေ့အောင် နေမယ် . . . စသည်)

❁ ကလေးများအားလုံး ဖြေဆိုပြီးပါက အလှည့်ကျ ပြန်လည်ပြောပြကြပါစေ။ တစ်ဦးပြောနေစဉ် အခြားသူများက နားထောင်၍ မတူညီသော အချက်များကိုသာ ပြန်လည်ပြောပြကြပါစေ။

❁ ကလေးများ တင်ပြချက်များကို ဆရာက မှတ်သားထားပြီး သင်ယူမှုဦးတည်ချက်အတိုင်း အနှစ်ချုပ်၍ သင်ခန်းစာကို အဆုံးသတ်ပါ။

www.dhammaransi.com

သင်ခန်းစာ (၁၅)

သင်ခန်းစာခေါင်းစဉ်	။	။ ကာလသူဌေးသား
သင်ယူမှုဦးတည်ချက်	။	။ မိဘစကား နားထောင်သဖြင့် ကောင်းကျိုးများရရှိနိုင်ကြောင်း သိရှိစေရန်။
စာသင်ချိန် (၁)	။	။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း	။	။ မရှိ။

သင်ယူမှုလုပ်ငန်းစဉ်

- "သားတို့သမီးတို့ . . . မိဘစကားနားမထောင်လို့ ဒုက္ခရောက်သွားတဲ့ ဇာတ်လမ်းနဲ့ မိဘစကား နားထောင်လို့ ကောင်းကျိုးချမ်းသာရရှိသွားတဲ့ ဇာတ်လမ်းတွေကို မှတ်မိကြသေးလား၊ ပြောပြပါဦး"ဟု မေး၍ စာသင်ချိန်ကို စတင်ပါ။ (ကလေးများ မမှတ်မိလျှင် တတိယတန်း သင်ခန်းစာ (၂၆)၊ "စည်တီးသမားလေး" ဇာတ်လမ်းနှင့် စတုတ္ထတန်း သင်ခန်းစာ (၁၄)၊ "မိဘစကား နားထောင်သော ဒီယာဝု" ဇာတ်လမ်းကို ဆရာက အကျဉ်းချုပ်၍ ပြန်လည်ပြောပြပေးပါ။)
- ပြီးလျှင် မိဘစကားနားထောင်၍ အကျိုးကျေးဇူးရရှိပုံ (သို့) မိဘစကားနားမထောင်မိ၍ ဒုက္ခရောက်ရပုံကို ကလေးများသိသော၊ ကြားဖူးသော ဇာတ်လမ်း၊ အဖြစ်အပျက်များကို ပြောပြကြပါစေ။
- "သားတို့သမီးတို့မှာ ဇာတ်လမ်းလေးတွေ၊ အဖြစ်အပျက်လေးတွေ အများကြီးရှိနေကြတာပဲ၊ အဲဒီလိုပဲ မြတ်စွာဘုရားရှင် လက်ထက်ကလည်း သူဌေးသားဇာတ်လမ်းလေး တစ်ပုဒ်ရှိခဲ့တယ်၊ အဲဒီ သူဌေးသားလေးက ဘယ်လို လူစားမျိုးလဲဆိုတာ နောက်စာသင်ချိန်မှာ လေ့လာကြည့်ရအောင်"ဟု ပြော၍ စာသင်ချိန်ကို အဆုံးသတ်ပါ။

သင်ယူမှုလုပ်ငန်းစဉ်

စာသင်ချိန် (၂)	။	။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း	။	။ ကျောင်းသားကိုင်စာအုပ်ပါ ဇာတ်လမ်းနှင့် သရုပ်ဖော်ပုံများ။

သင်ယူမှုလုပ်ငန်းစဉ်

- အောက်ပါ ကာလသူဌေးသား ဇာတ်လမ်းကို ကလေးများကိုယ်တိုင် ဖတ်ကြပါစေ။

ကာလသူဌေးသား

မြတ်စွာဘုရား လက်ထက်တော်အခါက အနာထပိဏ်သူဌေးကြီးသည် မြတ်စွာဘုရား၏ တရားတော်ကို အမြဲမပြတ် နာယူလေ့ရှိ၏။ ရဟန်းသံဃာတော်များကိုလည်း နေ့စဉ်နေ့တိုင်း ဆွမ်းကပ်လှူဒါန်း၏။

အနာထပိဏ်သူဌေးကြီးတွင် ကာလအမည်ရှိ သားတစ်ယောက်ရှိသည်။ မောင်ကာလသည် ဖခင် အနာထပိဏ်သူဌေးကြီးကဲ့သို့ ဘာသာတရားကို ရိုသေကိုင်းရှိုင်းခြင်း မရှိပေ။ မြတ်စွာဘုရားရှင်၏ တရားတော်ကိုလည်း နာကြားရကောင်းမှန်း မသိပေ။ မြတ်စွာဘုရား အိမ်သို့ကြွလာလျှင်လည်း ရှိခိုးဦးချလေ့မရှိ၊ အရိုအသေပေးလေ့မရှိပေ။ ဖခင်၏ ဆုံးမစကားကို နားမထောင်ဘဲ ပျော်ပါးသောက်စား၍သာ နေလေရာ ဖခင်အနာထပိဏ်သူဌေးကြီးလည်း သားကို ဆုံးမရန် နည်းလမ်းအမျိုးမျိုး ရှာကြံလျက်ရှိ၏။ တစ်နေ့တွင် အကြံတစ်ခုရလာ၏။ ထို့ကြောင့် သားကို ခေါ်၍ "သား . . . ဘုရားရှင်ရဲ့ကျောင်းတော်ကို သွားပြီး ဥပုသ်စောင့်မယ်ဆိုရင် မင်းကို တစ်နေ့အတွက် မုန့်ဖိုး အသပြာတစ်ရာ ပေးမယ်" ဟု ပြောလိုက်သည်။

မောင်ကာလလည်း မုန့်ဖိုးတစ်ရာ လိုချင်သည့်အတွက် ကျောင်းတော်သို့ သွား၍ ဥပုသ်စောင့်လေ၏။ ကျောင်းတော်တွင် အိပ်၍ အိမ်သို့ ပြန်လာကာ ဖခင်ထံမှ မုန့်ဖိုးတစ်ရာကို တောင်းယူသုံးဖြုန်းပစ်၏။ ဤနည်းအတိုင်း ဆက်လက်ဖြစ်နေခဲ့ရာ ဖခင်အနာထပိဏ် သူဌေးကြီးအတွက်လည်း ငွေကုန်ရကျိုး မနပ်ခဲ့ပေ။ ထို့ကြောင့် ဖခင်ကြီးသည် နောက်

www.dhammaransi.com

တစ်မျိုး စဉ်းစားပြန်၏။

တစ်နေ့တွင် ဖခင်အနာထပိဏ်သူဌေးကြီးက "သား . . . ဒီနေ့ မြတ်စွာဘုရား ကျောင်းတော်ကို သွားပြီး တရားတစ်ပုဒ် နာယူခဲ့ပါ၊ အဲဒီတရားကို ပြန်ပြောပြနိုင်ရင် မုန့်ဖိုး အသပြာတစ်ထောင်ပေးမယ်"ဟု ပြောလိုက်၏။ မောင်ကာလလည်း ဘုရားရှင်ထံ သွားရောက်ပြီး တရားတော်ကို မှတ်မိအောင် ဂရုတစိုက်နာယူ၏။ သို့သော် ရှေ့ကမှတ် နောက်ကမေ့ ဖြစ်နေ၏။ မောင်ကာလ၏ စိတ်အကြံကို သိတော်မူသော မြတ်စွာဘုရားရှင်ကလည်း ထိုကဲ့သို့ဖြစ်အောင် တန်ခိုးတော်ဖြင့် ပြုလုပ်ထား၏။ မောင်ကာလလည်း တရားတစ်ပုဒ်ကို မှတ်မိအောင် ကြိုးစား၍ နာယူလိုက်သဖြင့် သောတာပန်အဖြစ်သို့ ရောက်ရှိသွား၏။ ထို့ကြောင့် အသပြာတစ်ထောင် လိုချင်စိတ် လုံးဝမရှိတော့ပေ။

နောက်တစ်နေ့နံနက်တွင် မောင်ကာလသည် မြတ်စွာဘုရားရှင်နှင့်အတူ အိမ်သို့ ပြန်လာခဲ့၏။ "ဖခင်သူဌေးကြီးက ဘုရားရှင်ရဲ့ရှေ့မှာ အသပြာတစ်ထောင်ကို သူ့အား မပေးပါစေနဲ့"ဟုလည်း လမ်းတစ်လျှောက်လုံး ဆုတောင်းလာခဲ့၏။

အနာထပိဏ်သူဌေးကြီးသည် မြတ်စွာဘုရားရှင်နှင့် သံဃာတော်တို့အား ဆွမ်းကပ်လှူဒါန်း၏။ မောင်ကာလကိုလည်း အာဟာရ ကျွေးမွေး၏။ ထို့နောက် သူဌေးကြီးက ဘုရားရှင်ရှေ့၌ပင် အသပြာတစ်ထောင်ကို မောင်ကာလအားပေးရာ မောင်ကာလလည်း အလွန်ရွက်သွား၏။ "အသပြာ မလိုချင်တော့ပါ"ဟုလည်း ငြင်းပယ်၏။ ဖခင်သူဌေးကြီးကလည်း အတင်းပေးနေပြန်၏။ မောင်ကာလလည်း ထပ်ကာ ထပ်ကာ ငြင်းပယ်၏။

ထိုအခါ အနာထပိဏ်သူဌေးကြီးသည် ယခင်နေ့များနှင့်မတူ တမူထူးခြားနေသော သူ့သား၏ ဖြစ်အင်ကို မြတ်စွာဘုရားရှင်အား လျှောက်ထားလိုက်၏။ မြတ်စွာဘုရားရှင်က "သူဌေးကြီး . . . ဒီနေ့ သင့်သားဟာ စကြဝတေးမင်းရဲ့ စည်းစိမ်ချမ်းသာ၊ နတ်မင်း၊ ဗြဟ္မာမင်းတို့ရဲ့ စည်းစိမ်ချမ်းသာထက် သာလွန်ထူးကဲတဲ့ သောတာပတ္တိဖိုလ်ချမ်းသာကို ရရှိခံစားနေရပြီ၊ ဒါ့ကြောင့် အသပြာတစ်ထောင်ကို မလိုချင်တော့တာ ဖြစ်တယ်"ဟု မိန့်တော်မူလိုက်လေသည်။

ထိုအချိန်မှစ၍ မောင်ကာလလည်း မြတ်စွာဘုရားကို အမြဲမပြတ် ကိုးကွယ်ဆည်းကပ်ပြီး မိဘစကားနားထောင်ကာ လိမ်လိမ်မာမာ နေတော့မည်ဖြစ်ကြောင်း ဖခင်ကြီးအား ကတိပေးလေသည်။ ဖခင်အနာထပိဏ်သူဌေးကြီးလည်း လိမ္မာယဉ်ကျေးလာသော သားမောင်ကာလအတွက် ပြောမပြနိုင်လောက်အောင် ပီတိဖြစ်နေပါတော့သည်။

မှီငြမ်း။ ။ အနာထပိဏ်သူဌေး၏သား ကာလသတို့သားဝတ္ထု၊ ဓမ္မပဒအဋ္ဌကထာ မြန်မာပြန်၊ ဓမ္မပဒဝတ္ထု၊ တတိယတွဲ၊ ၄၁၈-၄၂၁။
ဓမ္မ၊ ၅၊ ၂။ ၁၂၃။

❁ အောက်ပါမေးခွန်းများကို မေးပါ။

- ကာလသူဌေးသားဟာ ဘယ်သူရဲ့သားလဲ။
- ကာလသူဌေးသားဟာ အရင်က ဘယ်လိုပုံစံမျိုး ပြုမူနေထိုင်ခဲ့သလဲ။
- ဖခင်သူဌေးကြီးက သူ့သားကို ဘာလုပ်ခိုင်းခဲ့သလဲ။
- ကာလသူဌေးသားဟာ ဘာကြောင့် ဥပုသ်စောင့် သွားရတာလဲ။
- သူဌေးကြီးက နောက်ဆုံး ဘယ်လိုစိတ်ကူးနဲ့ သူ့သားကို မြတ်စွာဘုရားကျောင်းတော်သို့ လွှတ်လိုက်သလဲ။
- မြတ်စွာဘုရားရဲ့တရားတော်ကို နာယူပြီးတဲ့နောက်မှာ ကာလသူဌေးသားဟာ ဘယ်လို ပြောင်းလဲသွားခဲ့သလဲ။
- အကယ်၍ ကာလသူဌေးသားဟာ ဖခင်သူဌေးကြီးရဲ့စကားကိုသာ နားမထောင်ခဲ့ဘူးဆိုရင် ဘာတွေ ဖြစ်လာနိုင်သလဲ။
- သားတို့သမီးတို့သာ ကာလသူဌေးသားနေရာမှာဆိုရင် ဘာလုပ်မလဲ။

www.dhammaransi.com

စာသင်ချိန် (၃) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ မရှိ။

သင်ယူမှုလုပ်ငန်းစဉ်

- "သားတို့သမီးတို့ . . . မိဘစကားအတိုင်း လိုက်နာဆောင်ရွက်မယ်ဆိုတဲ့ အလုပ်တစ်ခုကို စာရွက်ပေါ်မှာ ရေးကြရမယ်၊ ပြီးတော့ အလှည့်ကျ ပြောပြကြရမယ်၊ တစ်ဦးပြောပြနေတုန်းမှာ အားလုံးက နားထောင်ထားပြီး ကိုယ်သာဆိုရင် လိုက်လုပ်ဖို့ သဘောတူ၊ မတူ ဆုံးဖြတ်ပြီး ပြန်ပြောပြရမယ်"ဟု ဆိုကာ စာရွက်တစ်ရွက်စီကို ကလေးတိုင်းအား ပေးပါ။ (စဉ်းစားဖြေဆိုနေစဉ်၌ မတူညီသော အဖြေအမျိုးမျိုး ရရှိအောင် ဆရာက ကူညီပံ့ပိုးပေးပါ။)
- တစ်ဦးချင်းစီ၏ တင်ပြချက်အပေါ် အခြားသူများက သဘောတူလျှင် အဘယ်ကြောင့် သဘောတူသည်၊ သဘောမတူလျှင် အဘယ်ကြောင့် သဘောမတူသည်ဟူသော အကြောင်းပြချက်များကို ဆရာက ဖော်ထုတ်ပေးပါ။

စာသင်ချိန် (၄) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ စာရွက်လွတ်များ။

သင်ယူမှုလုပ်ငန်းစဉ်

- ကလေးများအား အောက်ပါမေးခွန်းကို မေးမြန်း ကလေးများ၏ အဖြေများကို ဆရာက သင်ပုန်းပေါ်တွင် မှတ်တမ်းတင်ပေးထားပါ။ အောက်ပါမျှော်မှန်းအဖြေများ ပါဝင်အောင် ဆရာက လမ်းကြောင်းပေးပါ။
  - သားတို့သမီးတို့ကို မိဘတွေက မကြာခဏ ဆုံးမလေ့ရှိတဲ့စကားတွေက ဘာတွေလဲ။
  (မျှော်မှန်းအဖြေ = စာကျက်ဖို့၊ လောင်းကစားမလုပ်ဖို့၊ ကျောင်းမပြေးဖို့၊ ရန်မဖြစ်ဖို့၊ TV အလွန်အကျွံ မကြည့်ဖို့၊ အိပ်ရာ စောစောထဖို့၊ ဆေးလိပ် မသောက်ဖို့၊ မိဘကို ကူညီဖို့ . . . စသည်)
- ထို့နောက် ကလေးများကို အုပ်စု (၅)စုဖွဲ့၍ ဆရာမှတ်တမ်းတင်ထားသော ပထမဦးဆုံးအချက် ငါးချက်အနက် တစ်ဖွဲ့စီကို တစ်ချက်စီပေး၍ ၎င်းတို့၏ အကျိုးကျေးဇူးများကို ဆွေးနွေးပြီး အောက်ပါ နမူနာပုံစံအတိုင်း စာရွက်လွတ်များတွင် ရေးသားကြပါစေ။

  ဥပမာ - (စာကျက်ဖို့၊ ၊ ကျောင်းမှန်မှန်တက်ဖို့၊ ရန်မဖြစ်ဖို့၊ အိပ်ရာစောစောထဖို့ . . .)



- အုပ်စုအားလုံး ပြုလုပ်ပြီးပါက ဆွေးနွေးထားသော အချက်များကို နံရံတွင် ကပ်စေ၍ ကလေးတိုင်းက လိုက်လံကြည့်ရှုကြပါစေ။ လိုက်လံကြည့်ရှုနေစဉ် ဖြည့်လိုသည့်အချက်များရှိလျှင် ဖြည့်နိုင်ကြောင်း ဆရာက မှာထားပါ။ ဆရာကလည်း လိုက်လံကြည့်ရှုပါ။
- ကလေးများ၏ ဆွေးနွေးချက်များမှ ရရှိသော အကျိုးများကို ကြည့်ပြီး ဆရာက သင်ယူမှုဦးတည်ချက် ရောက်အောင် အနှစ်ချုပ်ပေးပါ။

www.dhammaransi.com

သင်ခန်းစာ (၁၆)

သင်ခန်းစာခေါင်းစဉ် ။ ။ ဖခင်မေတ္တာ

သင်ယူမှုဦးတည်ချက် ။ ။ ဖခင်မေတ္တာကို သိရှိပြီး ပြန်လည်တုံ့ပြန်တတ်စေရန်။

စာသင်ချိန် (၁) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ မရှိ။

သင်ယူမှုလုပ်ငန်းစဉ်

- အောက်ပါမေးခွန်းဖြင့် စာသင်ချိန်ကို စတင်ပါ။
  - သားတို့သမီးတို့ အဖေကို ချစ်တဲ့သူတွေ လက်ညှိုးထောင်ပါ။ ဘာကြောင့်ချစ်တာလဲ။
- ပြီးနောက် ဖခင်၏ လုပ်ဆောင်ပေးမှုများကို ကလေးတို့၏ မှတ်စုစာအုပ်တွင် ရေးကြပါစေ။
  ပြီးလျှင် ရေးထားသည့်အချက်အလက်များကို ဘေးမှသူငယ်ချင်းနှင့် နှစ်ယောက်တစ်တွဲ တွဲ၍ ဆွေးနွေးကြပါစေ။
- ဆွေးနွေးပြီးလျှင် တစ်တွဲစီ ရှေ့ထွက်၍ တစ်ဦးအကြောင်း တစ်ဦးက အပြန်အလှန် ပြောကြပါစေ။
- "သားတို့သမီးတို့ . . . အဖေတွေက သားတို့သမီးတို့အပေါ် ဘယ်လို ကောင်းကျိုးတွေကို လုပ်ဆောင်ပေးခဲ့ကြ တယ်ဆိုတာ သိခဲ့ရပြီ၊ အခုတော့ စံပြုထိုက်တဲ့ အဖေတစ်ယောက် အကြောင်းကို လေ့လာကြည့်ရအောင်"ဟု ပြော၍ နောက်စာသင်ချိန်ကို ဆက်ပါ။

စာသင်ချိန် (၂) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ကျောင်းသားကိုင်စာအုပ်ပါ ဇာတ်လမ်းနှင့် သရုပ်ဖော်ပုံများ။

သင်ယူမှုလုပ်ငန်းစဉ်

- ဇာတ်လမ်းကို ဖတ်ပါစေ။ ဖတ်နေစဉ် စိတ်ဝင်စားသော အကြောင်းအရာများကို မှတ်သားထားပါစေ။

ဖခင်မေတ္တာ

မြတ်စွာဘုရားရှင် လက်ထက်တော်က မဂဓတိုင်းကို ဗိမ္ဗိသာရမင်းကြီး အုပ်ချုပ်ခဲ့၏။ ဗိမ္ဗိသာရမင်းကြီး၏ မိဖုရား ဝေဒေဟီ ကိုယ်ဝန်ရှိလာချိန်တွင် မိဖုရားသည် ဘုရင်ကြီး၏ လက်ယာလက်မောင်းဖွေးကို သောက်လိုသော ချင်ခြင်း ပြင်းပြင်းပြပြ ဖြစ်ပေါ်လာ၏။ သို့သော် ထုတ်ဖော်ပြောဆိုရန် ဝန်လေးနေ၏။ ထိုပြင်းပြသော ချင်ခြင်းကြောင့် မပျော်မရွှင် ဖြစ်ကာ မိဖုရားကြီးသည် တဖြည်းဖြည်းပိန်ချုံးလာ၏။ ဘုရင်ကြီးက သတိထားမိလာပြီး အကြောင်းရင်းကို အတင်းအ ကြပ်မေးသောအခါမှ ဖွင့်ဟပြောလိုက်၏။ ဘုရင်ကြီးလည်း ဆေးဆရာကို ချက်ချင်းခေါ်၍ လက်ရုံးတော်ကို ဖောက်စေ ကာ လက်မောင်းဖွေးကို မိဖုရားကြီးအား တိုက်လေ၏။

မိဖုရားကြီး၏ ထိုကဲ့သို့ထူးဆန်းသော ချင်ခြင်းကို ထောက်ဆ၍ ပုရောဟိတ်ပုဏ္ဏားတို့က "ဒီကလေးဟာ မမွေး ဖွားခင်ကတည်းက ဘုရင်ကြီးရဲ့ ရန်သူဖြစ်တယ်၊ အရွယ်ရောက်လာတဲ့ အခါမှာလည်း ဖခင်ဘုရင်ကြီးကို သတ်လိမ့် မယ်"ဟု နိမိတ်ဖတ်ကြ၏။

ထိုသို့နိမိတ်ဖတ်ချိန်မှစ၍ မိဖုရားကြီးသည် လက်ဖြင့်ဖိနှိပ်၍ ကိုယ်ဝန်ကို ဖျက်ဆီးပစ်ရန် အကြိမ်ကြိမ် ကြိုးစား ၏။ မင်းကြီးသိသွားသောအခါ ကိုယ်ဝန်ကို မဖျက်ဆီးနိုင်စေရန် မိဖုရားကြီးကို အစောင့်အရှောက်များစွာဖြင့် ထား၏။ မိဖုရားကြီး သည် မွေးဖွားပြီးပြီးချင်း သတ်ပစ်ရန်လည်း ကြံရွယ်ထား၏။ သို့သော် သားတော်ကလေး မွေးဖွားပြီးပြီးချင်း အစောင့် အရှောက်တို့က အလျင်အမြန် ယူဆောင်သွားကြသောကြောင့် မိဖုရားကြီး၏အကြံ မအောင်ခဲ့ပေ။

မိဖုရားကြီး၏ ထူးဆန်းသော ချင်ခြင်းဖြစ်ခဲ့စဉ်က ပုဏ္ဏားတို့ ဟောကြားခဲ့သော စကားကို အကြောင်းပြု၍

www.dhammaranси.com

ထိုကလေးကို "အဇာတသတ် (မမွေးခင်ကပင် ဖခင်၏ ရန်သူ)" ဟု အမည်မှည့်လိုက်၏။ အဇာတသတ် မင်းသားလေး ပြေးလွှားနိုင်သည့် အရွယ်သို့ရောက်လာသောအခါမှသာ မိခင်ဝေဒေဟီ မိဖုရားကို ပြုလေသည်။ ထိုအခါ သားအပေါ်၌ ချစ်သော မိခင်မေတ္တာကြောင့် သတ်ပစ်ရန် မစွမ်းသာတော့ချေ။

ဤသို့ဖြင့် အဇာတသတ်မင်းသား အရွယ်ရောက်လာ၏။ တစ်နေ့တွင် အရှင်ဒေဝဒတ်က မင်းသားကို တန်ခိုးအာဘိညာဉ်ဖြင့် ဖြားယောင်းပြီး စည်းရုံးသိမ်းသွင်း၏။ ထို့အပြင် မင်းသားကို "မင်းသား . . . ဒီခေတ် လူတွေဟာ အသက်တိုကြတယ်၊ ဖခင်ကြီး သေတဲ့အခါကျမှ မင်းအဖြစ်ကို ရမယ်ဆိုရင် ခံစားချိန် သိပ်မရှိတော့ဘူး၊ ဒီတော့ ဖခင်ကိုသတ်ပြီး မင်းအဖြစ်ကို ရယူသင့်တယ်"ဟု အကြံပေးလေသည်။ အဇာတသတ်မင်းသားလည်း အရှင်ဒေဝဒတ် စကားကိုယုံစားပြီး ခမည်းတော်မင်းကြီးကို သတ်၍ မင်းလုပ်ရန်ကြံစည်လေတော့၏။ ခမည်းတော်မင်းကြီး သိရှိသွားသောအခါ မင်းအဖြစ်ကို လွှဲအပ်ပေးလိုက်လေသည်။

မင်းအဖြစ်ကို ရရှိပြီးနောက် အဇာတသတ်မင်းကို အရှင်ဒေဝဒတ်က "သင်ဟာ လုပ်ရမယ့်ကိစ္စ မပြီးသေးဘဲ ပြီးပြီလို့ ထင်နေတယ်၊ သင် တစ်ခု သိထားရမှာက . . . သင့်ဖခင်ကြီး အသက်ရှင်နေခြင်းဟာ သင့်အတွက် အန္တရာယ်ပဲ၊ အချိန်မရွေး သင့်ရဲ့ ထီးနန်းစည်းစိမ် ပြန်ဆုံးရှုံးသွားနိုင်တယ်"ဟု ခြိမ်းခြောက် ပြောဆို၏။ ထိုအခါ အဇာတသတ်မင်းသည် ဖခင်ကြီးကို ချုပ်နှောင်ထားလိုက်လေ၏။

ထိုအချိန်မှစ၍ ဝေဒေဟီမိဖုရားမှတစ်ပါး မည်သူ့ကိုမျှ ခမည်းတော်ကြီးနှင့် တွေ့ခွင့် မပေးတော့ပေ။ အစပိုင်း၌ မိဖုရားကြီးသည် အစာအာဟာရတို့ကို ဖျောရွက်ဖြင့်သယ်ယူ၍ မင်းကြီးအား ကျွေး၏။ ဤကဲ့သို့ အစာအာဟာရ ကျွေးသည်ကို အဇာတသတ်မင်း သိသွားသောအခါ ပိတ်ပင်တားမြစ်လေသည်။ ထိုအခါ ဆံထုံးကြား၊ ဖိနပ်ကြားတို့၌ ဝှက်၍ သယ်ကာ အစာအာဟာရတို့ကို ကျွေးပြန်၏။ အဇာတသတ်မင်း သိသွားသောအခါ ပိတ်ပင်လိုက်ပြန်သည်။ နောက်ဆုံးတွင် မိဖုရားကြီးသည် စတုမဓူတို့ဖြင့် ကိုယ်ကိုသုတ်လိမ်းကာ အပေါ်ရုံကို ဝတ်၍ဝင်၏။ မင်းကြီးလည်း ဆာလောင်မွတ်သိပ်နေသောကြောင့် မိဖုရားကြီး၏ ခန္ဓာကိုယ်ပေါ်ရှိ စတုမဓူတို့ကို လျှာဖြင့်လျက်၍ အသက်ဆက်နေ၏။ ထိုသို့ ပြုလုပ်ခြင်းကို သိသောအခါ မိဖုရားကို မဝင်ရန် ပိတ်ပင်လိုက်၏။ သို့သော် မင်းကြီးသည် သောတာပတ္တိဖိုလ်ချမ်းသာကို ခံစား၍ စကြံလျှောက်နေလေရာ ကိုယ်ခန္ဓာသည် ကြည်လင်တောက်ပလျက် ရှိနေ၏။ နောက်ဆုံးတွင် မင်းကြီး လမ်းမလျှောက်နိုင်စေရန် ခြေဖဝါးကို ဓားဖြင့်ခွဲစေကာ ဆီဆား၊တို့နှင့် သုတ်လိမ်းစေလျက် မီးရဲရဲ၌ ကင်စေ၏။ ထိုညတွင် မင်းကြီးသည် ဆင်းရဲဒုက္ခအမျိုးမျိုးကို ခံစားခဲ့ရပြီး နတ်ရွာစံသွားရရှာလေသည်။

ထိုအချိန်၌ပင် အဇာတသတ်မင်း၏ မိဖုရားကလည်း သားဦးလေးကို ဖွားမြင်လေ၏။ သို့ဖြစ်၍ ပုရောဟိတ်ပုဏ္ဏားတို့တွင် အဇာတသတ်မင်းအား ဆက်သရန် စာချွန်လွှာနှစ်စောင် ရှိနေသည်။ တစ်စောင်က အမင်္ဂလာသတင်းဖြစ်ပြီး တစ်စောင်က မင်္ဂလာသတင်းဖြစ်၏။ ထို့ကြောင့် ပုရောဟိတ်တို့သည် မည်သည့်စာချွန်လွှာကို ရှေးဦးစွာ ဆက်သမည်နည်းဟု အချင်းချင်း တိုင်ပင်ကြ၏။ နောက်ဆုံးတွင် မင်္ဂလာသတင်း စာချွန်လွှာကို ဦးစွာဆက်သကြမည်ဟု သဘောတူလိုက်ကြသည်။

အဇာတသတ်မင်းသည် မင်္ဂလာသတင်း စာချွန်လွှာကို ဖတ်ပြီးသည်နှင့်တစ်ပြိုင်နက် သားအပေါ်၌ သူ၏ ချစ်စိတ်သည် ရိုးတွင်းခြင်ဆီအထိ ထိခိုက်သွား၏။ ထိုချစ်စိတ်ကြောင့် ဖခင်ချင်းကိုယ်ချင်းစာတတ်လာပြီး ထောင်သွင်းအကျဉ်းချထားသော ဖခင်ကြီးကိုလည်း ချက်ချင်းလွှတ်ရန် အမိန့်ပေးလိုက်၏။ ထိုအခါ ပုရောဟိတ်တို့လည်း ဒုတိယအမင်္ဂလာသတင်း စာချွန်လွှာကို ဆက်သလိုက်ရာ အဇာတသတ်မင်းလည်း ယူကျုံးမရဖြစ်ကာ ငိုယိုလျက် မိခင် ဝေဒေဟီမိဖုရားထံ ပြေးသွား၍ "မယ်တော် . . . အကျွန်ုပ်ရဲ့ ခမည်းတော်ဟာ အကျွန်ုပ်ငယ်စဉ်က အကျွန်ုပ်ကို ချစ်ခင်မြတ်နိုးခဲ့ပါသလား" ဟု မေးလေ၏။

ထိုအခါ ဝေဒေဟီမိဖုရားက "ဟယ် သားမိုက် . . . ဘယ်လို ပြောလိုက်တာလဲ၊ မင်းငယ်စဉ်က လက်ချောင်းမှာ "ခုနာ" လို့ခေါ်တဲ့ အနာတစ်ခုပေါက်တယ်၊ အနာပြည်ကိုက်လို့ မင်းက အမြဲငိုနေတယ်၊ ငိုတာမှ ဘယ်သူမှ ချော့မရဘူး၊ ဒီတော့ တရားသဘင်မှာ ရောက်နေတဲ့ မင့်ဖခင် ဘုရင်ကြီးဆီ ခေါ်သွားကြတယ်၊ မင့်ဖခင်က အနာရှိတဲ့ မင့်လက်ချောင်းကို သူ့ရဲ့အာခံတွင်းထဲမှာ ငုံထားတော့မှ မင်းအငိုတိတ်ပြီး အိပ်သွားတယ်၊ ခဏကြာတဲ့အခါ အနာဟာ မင့်ဖခင်ရဲ့ အာခံတွင်းထဲမှာပဲ ပေါက်သွားတယ်၊ မင့်ဖခင်ဟာ မင်းနှိုးသွားမှာစိုးလို့ သွေးပုပ်ပြည်ပုပ်တွေကို ထွေးမပစ်ဘဲ မျိုချလိုက်တယ်။ မင့်ဖခင်ဟာ မင့်ကို အဲဒီလောက်ထိ ချစ်ခဲ့တယ်"ဟု ပြန်ပြောလိုက်လေသည်။

ထိုအခါ အဇာတသတ်မင်းလည်း ဖခင်ဘုရင်ကြီး၏ ကျေးဇူးတရားတို့ကို တစိမ့်စိမ့်တွေး၍ အကြီးအကျယ်

www.dhammaransi.com

နောင်တရကာ ရှိုက်ကြီးတငင်ငိုကြွေးလေတော့တ၏။ ပြန်ပြင်၍ မရနိုင်သော သူ၏အမှားအတွက် စိတ်သက်သာရာရစေရန် ခမည်းတော်ကြီး၏ ရုပ်ကလာပ်တော်ကို ကောင်းမွန်စွာ ပူဇော်သင်္ဂြိုဟ်လေသည်။

နောက်ပိုင်းတွင် အဇာတသတ်မင်းသည် မြတ်စွာဘုရားရှင်ထံမှ သာမညဖလသုတ်တော်ကို ကြားနာရပြီး ရတနာသုံးရပ်ကို ကိုးကွယ်ဆည်းကပ်သော ဥပါသကာစစ်စစ် ဖြစ်လာခဲ့လေသည်။

မှီငြမ်း။ ။ အဇာတသတ်မင်းဝတ္ထု၊ ဓမ္မပဒအဋ္ဌကထာ မြန်မာပြန်၊ ဓမ္မပဒဝတ္ထု၊ ပဉ္စမတွဲ။ ၂၉၆-၃၀၄၊ ဒီ၊ ဋ္ဌ၊ ဘ၊ ၁၂၂။

❁ ကလေးများအား အောက်ပါမေးခွန်းများကို မေးပါ။

- မြတ်စွာဘုရားရှင် လက်ထက်က မဂဓတိုင်းကို အုပ်ချုပ်တဲ့ ဘုရင်ကြီးနဲ့ မိဖုရားကြီးတို့က ဘယ်သူတွေလဲ။
- မိဖုရားကြီး ကိုယ်ဝန်ရှိလာချိန်မှာ ဘယ်လို ချင်ခြင်း ပြင်းပြင်းပြပြ ဖြစ်ခဲ့သလဲ။
- မိဖုရားကြီးရဲ့ မွေးဖွားလာမယ့်ကလေးကို ပုရောဟိတ်ပုဏ္ဏားတို့က ဘယ်လို နိမိတ်ဖတ်ခဲ့သလဲ။
- မင်းသားလေးကို ဘာ့ကြောင့် "အဇာတသတ်" လို့ အမည်ပေးခဲ့တာလဲ။
- အရှင်ဒေဝဒတ်က အဇာတသတ်မင်းသားကို ဘယ်လို စည်းရုံးခဲ့သလဲ။
- အဇာတသတ်မင်းသားက ဖခင်ကို ဘယ်လို ပြုမူခဲ့သလဲ။ ဘာကြောင့်လဲ။
- ဝေဒေဟီ မိဖုရားကြီးက ဗိမ္ဗိသာရမင်းကြီးကို ဘယ်လို ပြုစုခဲ့သလဲ။
- သားဦးလေး ဖွားမြင်တဲ့သတင်း ကြားရတဲ့အခါ အဇာတသတ်မင်း ဘယ်လိုခံစားခဲ့ရသလဲ။
- အဇာတသတ်မင်းဟာ ဖခင်ကြီး သေဆုံးသွားပြီဖြစ်ကြောင်း သိရတဲ့အခါ ယူကျုံးမရ ဖြစ်သွားပြီး မိခင်ကို ဘာတွေ မေးခဲ့သလဲ။ မိခင်က ဘယ်လို ဖြေခဲ့သလဲ။
- အဇာတသတ်မင်းဟာ နောက်ဆုံး ဘယ်လိုဖြစ်သွားခဲ့သလဲ။
- ဗိမ္ဗိသာရမင်းကြီးဟာ ဘယ်လို ဖခင်မျိုးလို့ ထင်သလဲ။ ဘာကြောင့်လဲ။

စာသင်ချိန် (၃) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ မရှိ။

သင်ယူမှုလုပ်ငန်းစဉ်

❁ ဆရာက "ဗိမ္ဗိသာရမင်းကြီးဟာ သားတော်အဇာတသတ်ကို ဖခင်တစ်ယောက်အနေနဲ့ မေတ္တာထားပြီး ဘယ်လို လုပ်ဆောင်ပေးခဲ့သလဲ"ဟု မေး၍ စာသင်ချိန်ကို စတင်ပါ။ ကလေး ၃/၄ ဦးခန့် ပြောပါစေ။

❁ "သားတို့သမီးတို့ရဲ့ အဖေတွေကရော သားတို့သမီးအပေါ် မေတ္တာမထားကြဘူးလား၊ မေတ္တာထားတဲ့အနေနဲ့ ဘာတွေ လုပ်ဆောင်ပေးသလဲ"ဟု မေး၍ ကလေး ၃/၄ ဦးခန့်ကို ပြောပါစေ။

❁ ထို့နောက် ဆရာက "သားတို့သမီးတို့ရဲ့ အဖေက လုပ်ဆောင်ပေးခဲ့တဲ့ ပျော်ရွှင်ဖွယ် အမှတ်ရစရာ တစ်ခုကို မှတ်စုစာအုပ်ထဲတွင် ရေးပါ"ဟု ပြော၍ ရေးကြပါစေ။

❁ ကလေးများ ရေးပြီးပါက မိမိတို့ ရေးထားသော အကြောင်းအရာများကို အလှည့်ကျ ပြောပြကြပါစေ။

❁ ကလေးအားလုံး ပြောပြီးနောက် သားတို့သမီးတို့အပေါ် အဖေက လုပ်ဆောင်ပေးခဲ့တဲ့ ပျော်စရာ အမှတ်တရတွေကို အမြဲသတိရပြီး၊ သားတို့သမီးတို့ကလည်း အဖေကို ပြန်ပြီးပျော်ရွှင်အောင် လုပ်ဆောင်ပေးပါ။ အဖေစိတ်ချမ်းသာအောင် နေထိုင်ဖို့ လိုတယ်"ဟု ပြော၍ စာသင်ချိန်ကို အဆုံးသတ်ပါ။

www.dhammaransi.com

စာသင်ချိန် (၄)	။	။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း	။	။ လမ်းပြကြယ် ဖေဖေ ကဗျာ၊ စာရွက်လွတ်များ၊ ရောင်စုံစက္ကူ။ ကတ်ကြေး၊ ကော်။

သင်ယူမှုလုပ်ငန်းစဉ်

- "သားတို့သမီးတို့ . . . အဖေလုပ်ဆောင်ပေးခဲ့တဲ့ ပျော်ရွှင်ဖွယ် အမှတ်တရလေးတွေကို ပြောပြီးပြီဆိုတော့ အဖေရဲ့ မွေးနေ့၊ အဖေများနေ့တွေမှာ ကလေးတို့အနေနဲ့ အမှတ်တရ ဘာတွေပြန်ပြီး လုပ်ပေးချင်သလဲ"ဟု ကလေးများကိုမေးပါ။ ကလေးများ ပြောပြသောအချက်များကို ဆရာက သင်ပုန်းတွင် မှတ်တမ်းတင်ပေးပါ။ (အဖေများနေ့ကို ၁၉၁၀ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့က စတင် ကျင်းပခဲ့သည်။)
- ပြီးနောက် ဆရာက ကလေးများအား "အဖေကို ပေးချင်သော အမှတ်တရ လက်ဆောင်"ကို ကလေးတို့ကိုယ်တိုင် ပြုလုပ်ထားသော လက်ရာ (ပုံဆွဲ၊ ပို့စကတ်၊ စက္ကူခေါက်ရုပ်၊ စက္ကူ ဖြတ်ညှပ် ဆက် . . . စသည်) ကြိုက်နှစ်သက်ရာ ပြုလုပ်ကြပါစေ။ ဆရာကလည်း ကလေးများနဲ့ အတူတူ လိုက်လုပ်ပါ။
- ကလေးများ၏ အရုပ်များဘေးတွင် အဖေကို ကလေးများ ပြောပြချင်သောစာများ ရေးကြပါစေ။ အိမ်ရောက်လျှင် ဒီနေ့ ဓမ္မစကူးလ်မှာ ဖခင်မေတ္တာ သင်ခန်းစာကို သင်ခဲ့ရကြောင်း၊ အဖေ့အတွက် အမှတ်တရလက်ဆောင် ကိုယ်တိုင်ပြုလုပ်ခဲ့ရကြောင်း ပြော၍ လုပ်ခဲ့သော လက်ဆောင်ကို အဖေ့အား ရိုရိုသေသေပေးရန် ဆရာက မှာလိုက်ပါ။
- နောက်ဆုံးတွင် "လမ်းပြကြယ် ဖေဖေ" ကဗျာကို သီဆိုပြီး သင်ခန်းစာကို အနှစ်ချုပ်ပါ။

လမ်းပြကြယ် ဖေဖေ

ဖေဖေ့ကိုပင် အလွန်ရိုသေ . . . ကျေးဇူးကြီးပါပေ . . .
စားဝတ်နေရေးတွက် . . . တို့ကျန်းမာရေးတွက် . . .ငွေရှာပေးလို့နေ . . .
သားသမီးတို့ အပေါ်မှာ . . . ထာဝစဉ်သာ . . . လမ်းပြတဲ့ကြယ်ပမာ . . .
အဖေ့မေတ္တာစွမ်းနဲ့ . . . တို့ရဲ့အနာဂတ်ကို . . . ပုံဖော်ပေးခဲ့တာ . . . ။ ။

www.dhammaransi.com

သင်ခန်းစာ (၁၇)

သင်ခန်းစာခေါင်းစဉ် ။ ။ မတူသည်ကို တုမိသူ

သင်ယူမှုဦးတည်ချက် ။ ။ မိမိကိုယ်ကို အထင်ကြီးလွန်းခြင်းကြောင့် ရရှိသောဆိုးကျိုးများကို သိရှိပြီး သတိထား နေထိုင်တတ်စေရန်။

စာသင်ချိန် (၁) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ မရှိ။

သင်ယူမှုလုပ်ငန်းစဉ်

- ဆရာက "သားတို့သမီးတို့ . . . ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိတယ်ဆိုတာ ကြားဖူးလား၊ ဘယ်လို နားလည်သလဲ"ဟု မေး၍ စာသင်ချိန်ကို စတင်ပါ။ ကလေးများ နားလည်သည့်အတိုင်း ပြောကြပါစေ။ ပြောသမျှကို လက်ခံပေးပါ။
- ထို့နောက် ဆရာက "ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိတဲ့သူဆိုတာ ဘယ်လိုလူမျိုးလဲ"ဟု ဆက်မေးပါ။ (မျှော်မှန်းအဖြေ = ကျောင်းကို တစ်ယောက်တည်း သွားရဲတယ်၊ တစ်ယောက်တည်း စျေးသွားဝယ်ရဲတယ်၊ ကျူရှင်မတက်ဘဲ စာမေးပွဲကို အောင်အောင် ဖြေနိုင်တယ်၊ ဆရာရဲ့ မေးခွန်းတွေကို အတန်းရှေ့မှာ ရဲရဲဝံ့ဝံ့ ဖြေရဲတယ်၊ အကျိုးအကြောင်း ခိုင်လုံစွာနဲ့ အမှား၊ အမှန်ကို သတ္တိရှိရှိ ပြောရဲတယ် . . . စသည်)
- ဆရာက ကလေးများ ပြောသမျှကို သင်ပုန်းပေါ်တွင် မှတ်တမ်းတင်ပေးပါ။
- ပြီးနောက် ဆရာက အောက်ပါမေးခွန်းကို ဆက်မေးပါ။
  - ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု လွန်ကဲရင် ဘာတွေ ဖြစ်လာနိုင်သလဲ။
- ကလေးများ ပြောသမျှကို ဆရာက နားထောင်ပေးပြီး "ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုလွန်ကဲရင် ဘာတွေ ဖြစ်လာနိုင်သလဲဆိုတာ သိရအောင် ဇာတ်လမ်းလေးတစ်ပုဒ်ကို ဖတ်ကြည့်ကြစို့"ဟု ပြော၍ နောက်စာသင်ချိန်ကို ဆက်ပါ။

စာသင်ချိန် (၂) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ကျောင်းသားကိုင်စာအုပ်ပါ ဇာတ်လမ်းနှင့် သရုပ်ဖော်ပုံများ။

သင်ယူမှုလုပ်ငန်းစဉ်

- အုပ်စု (၄)စု ဖွဲ့၍ ဇာတ်လမ်းကို ကလေးများ ဖတ်ကြပါစေ။

မတူသည်ကို တုမိသူ

တစ်ခါတုန်းက တောအုပ်ကြီးတစ်ခုဌ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးနေသော မြေခွေးတစ်ကောင်ရှိ၏။ တစ်နေ့တွင် မြေခွေးသည် အစာရှာထွက်စဉ် ခြင်္သေ့တစ်ကောင်နှင့် ရင်ဆိုင်တိုးမိသည်။ ခြင်္သေ့ရန်မှ မလွတ်နိုင်တော့ မှန်းသိလိုက်သည့်အတွက် မြေခွေးသည် ထိတ်ထိတ်လန့်လန့်ဖြင့် ခြင်္သေ့ရှေ့၌ တုပ်ဝပ်ရှိခိုးလိုက်၏။ ခြင်္သေ့က "ဘာလုပ်တာလဲ"ဟု မေးရာ မြေခွေးက "အရှင်ခြင်္သေ့မင်းအား အနီးကပ် ပြုစုလုပ်ကျွေးချင်လို့ပါ"ဟု ပြန်ပြောလိုက်၏။ ခြင်္သေ့ကလည်း ခွင့်ပြုလိုက်သည်။

ထို့နောက် ခြင်္သေ့က သူနေထိုင်သော ကျောက်ဂူကြီးအတွင်းသို့ မြေခွေးကို ခေါ်သွားပြီး စားကြွင်းစားကျန်များကို ကျွေး၏။ ဤသို့ဖြင့် မြေခွေးသည် မကြာမီပင် ဝဖြိုးလာသည်။ မြေခွေးသည် နေ့စဉ်နေ့တိုင်း တောင်ထိပ်သို့ သွား၍ တောင်ခြေ၌ သွားလာကျက်စားနေသော သားကောင်တို့ကို စောင့်ကြည့်ပြီး သူစားချင်သော သားကောင်ကို မှတ်သား

www.dhammaransi.com

၍ သတင်းပို့ရ၏။ ခြင်္သေ့က ထိုသားကောင်ကို သွားရောက်ဖမ်းဆီးပြီး ကိုယ်တိုင်လည်း စား၏၊ မြေခွေးကိုလည်း ကျွေး၏။

ဤသို့နေလာခဲ့ရာမှ ရက်အတန်ကြာလာသောအခါ မြေခွေးသည် ကိုယ့်ကိုယ်ကို အထင်ကြီးလာပြီး ခြင်္သေ့နှင့် တာဝန်လဲလှယ်လိုစိတ် ဖြစ်လာ၏။ ထို့ကြောင့် "ငါမှာလည်း ခြေလေးချောင်း ရှိနေတာပဲ၊ ဘာ့ကြောင့် သူများ ကျွေးနေတာကိုပဲ ထိုင်စားနေရမှာလဲ၊ ခြင်္သေ့လိုပဲ ငါလည်း ဆင်စတဲ့ သားကောင်တွေကို ကိုယ်တိုင်သတ်ပြီး စားမယ်"ဟု အကြံဖြစ်သည်။ ထိုအကြံကို ခြင်္သေ့အား ပြောလိုက်၏။

ထိုအခါ ခြင်္သေ့က "မဖြစ်နိုင်ဘူး၊ ဆင်ကို ဖမ်းယူစားသောက်နိုင်တဲ့ မြေခွေးဆိုတာ လောကမှာ မရှိဘူး၊ ဒါ့ကြောင့် မလုပ်ပါနဲ့" ဟု တားမြစ်၏။ သို့သော် မြေခွေးက လက်မခံခဲ့ပေ။ နောက်ဆုံး၌ ခြင်္သေ့သည် မြေခွေးကို ဆန္ဒရှိသည့်အတိုင်း လုပ်ရန် ခွင့်ပေးလိုက်၏။ ထို့နောက် ခြင်္သေ့သည် တောင်ထိပ်သို့ သွားကာ တောင်ခြေ၌ မှန်ယိုနေသော ဆင်တစ်ကောင်ကို မှတ်သား၍ ပြန်လာပြီး မြေခွေးကို သတင်းပို့လိုက်၏။ မြေခွေးလည်း ဂုမ္ဖထွက်၍ ခြင်္သေ့ကဲ့သို့ သုံးကြိမ် ဟိန်းဟောက်လိုက်သည်။ သို့ရာတွင် ခြင်္သေ့သံ ထွက်မလာဘဲ ခွေးဟောင်သံသာ ထွက်လာခဲ့၏။ သို့သော် ဟန်မပျက် ဆင်ဖမ်းရန် မာန်အပြည့်ဖြင့် ဆက်လက် ထွက်ခွာသွားခဲ့သည်။

မြေခွေးသည် ဆင်ကို မြင်သောအခါ ဆင်၏ ဦးခေါင်းပေါ်သို့ ကျအောင် ခုန်လိုက်၏။ သို့သော် ဆင်၏ ခြေရင်း၌သာ ကျလေသည်။ ထိုအခါ ဆင်သည် စိတ်ဆိုးမာန်ဆိုးဖြင့် မြေခွေး၏ ခေါင်းကို နင်းချေလိုက်ရာ မြေခွေး၏ ခေါင်းသည် မှုန့်မှုန့်ညက်ညက် ကြေသွား၏။ ဤသို့ဖြင့် မိမိကိုယ်ကို အထင်ကြီးပြီး မတူသည်ကို တူမိသော မြေခွေးသည် မရှုမလှ ပျက်စီးရလေတော့သည်။

မှီငြမ်း။ ။ ဝိရောစဇာတ်၊ ပုံတော်စုံ ငါးရာငါးဆယ် ဇာတ်ဝတ္ထု၊ပထမတွဲ၊ ၅၃၂-၅၃၄။ ဇာ၊ ၅၊ ၁။ ၅၁၆။

- ခြင်္သေ့၊ မြေခွေး၊ သားကောင်များ၊ ဆင် အမည်ဖြင့် မဲလိပ် လေးလိပ်ကို ဆရာက စီစဉ်ထားပါ။
- အဖွဲကိုယ်စားလှယ်တစ်ဦးစီက မဲနှိုက်ကြပါစေ။ မိမိကျသော မဲလိပ်ပါ ဇာတ်ကောင်ကို အဖွဲဝင်အချင်းချင်း တိုင်ပင်၍ "ဘယ်လို သရုပ်ဆောင်မလဲ" ဆိုသည်ကို ဆွေးနွေးကြပါစေ။
- အဆင်သင့်ဖြစ်လျှင် ဆရာက ဇာတ်လမ်းကို ဖြည်းဖြည်းမှန်မှန် စပြောပါ။ ပြောနေစဉ် အဖွဲတိုင်းက မိမိကျသော ဇာတ်ကောင်နေရာရောက်လျှင် ဝင်၍ သရုပ်ဆောင်ကြပါစေ။

- ထို့နောက် အောက်ပါမေးခွန်းများကို မေးပါ။
  - ခြင်္သေ့နဲ့မြေခွေး ဘယ်လိုတွေဆုံခဲ့သလဲ၊ ဘယ်လို ဖြစ်ခဲ့သလဲ။
  - ခြင်္သေ့နဲ့မြေခွေး ဘယ်လို နေထိုင်ခဲ့သလဲ၊ ဘာတာဝန်တွေ ယူခဲ့ကြသလဲ။
  - မြေခွေးက ဘယ်လိုအတွေးနဲ့ ခြင်္သေ့ရဲ့ တာဝန်ကို ယူခဲ့တာလဲ။ မြေခွေး ဘာဖြစ်သွားသလဲ။

www.dhammaransi.com

စာသင်ချိန် (၃) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ မရှိ။

သင်ယူမှုလုပ်ငန်းစဉ်

- အောက်ပါမေးခွန်းဖြင့် စာသင်ချိန်ကို စတင်ပါ။
  - ဇာတ်လမ်းထဲက မြေခွေး ဘာကြောင့် ဒုက္ခရောက်သွားတာလဲ။
- ကလေးများ ဖြေပြီးလျှင် အုပ်စုကို စာသင်ချိန် (၂) အတိုင်းထား၍ အောက်ပါမေးခွန်းကို ဆက်၍ ဆွေးနွေးကြပါစေ။
  - မိမိကိုယ်ကိုယ် အထင်ကြီးလွန်း၊ ယုံကြည်မှု လွန်ကဲလွန်းရင် ဘယ်လို ဆိုးကျိုးတွေ ရလာနိုင်သလဲ။
- အုပ်စုကိုယ်စားလှယ်တစ်ဦးစီက ဆွေးနွေးထားသည်များကို တင်ပြကြပါစေ။
- တင်ပြသွားသည့်အချက်များနှင့် ပတ်သက်၍ အခြားအုပ်စုဝင်များက သိလိုသည်များရှိလျှင် မေးမြန်းကြပါစေ။ အုပ်စုတစ်စု တင်ပြပြီးတိုင်း လက်ခုပ်တီး ချီးကျူးအားပေးကြပါစေ။

စာသင်ချိန် (၄) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ မတူရင်မတူနဲ့တေးကဗျာ။

သင်ယူမှုလုပ်ငန်းစဉ်

- အောက်ပါတေးကဗျာကို စုပေါင်းရွတ်ဆိုကြပါစေ။

မတူတာကို တုမိသူ

အလုပ်ဟူသမျှ . . . ဂုဏ်ရှိစွ

သို့သော် နေရာမှန်ပါမှ။

ခြင်္သေ့မင်းက မာန်ဟုန်ဟုန်

တောလုံး ဖိန့်ဖိန့်တုန်။

မြေခွေးပုံက ကုပ်ချောင်းချောင်း

ဆင်ကိုဖမ်းဖို့ သူချောင်းမြောင်း။

မိမိအကြောင်း ပိုကဲစွာ

အထင်ကြီးတဲ့ မြေခွေးမှာ။

သေကြကာ ဘဝပျက်စီး

မတူသည်ကို တုမိပြီး။ ။

- တေးကဗျာ၏ အဓိပ္ပာယ်ကို ကလေးများ နားလည်သည့်အတိုင်း ရှင်းပြကြပါစေ။
- ထို့နောက် ဆရာက အောက်ပါမေးခွန်းကို မေး၍ အဖြေကို ကလေးများ၏ မှတ်စုစာအုပ်တွင် ရေးကြပါစေ။
  - ကလေးတို့ရဲ့ဘဝမှာ ဘယ်လိုစိတ်ထားမျိုးနဲ့ နေထိုင်သွားကြမလဲ။ ဘာကြောင့်လဲ။
    (မျှော်မှန်းအဖြေ = အတန်းထဲမှာ ပထမရရင်လည်း မာနမကြီးဘူး၊ ကိုယ်သိတာကိုလည်း သူငယ်ချင်းတွေကို ရှင်းပြတယ်၊ မိဘဆီက မုန့်ဖိုးတွေ အများကြီးရရင်လည်း အကုန်မသုံးဘူး၊ လူကြီး၊ မိဘ၊ ဆရာသမားတွေကို ယဉ်ယဉ်ကျေးကျေး ပြုမူပြောဆိုတယ် . . . စသည့် အဖြေများရအောင် ဆရာက ပံ့ပိုးပေးပါ။)
- ကလေးအားလုံး ရေးပြီးပါက မိမိတို့ရေးထားသော အကြောင်းအရာကို ကလေးချောက်ဦးခန့် တင်ပြကြပါစေ။

www.dhammaransi.com

- နောက်ဆုံးတွင် ဆရာက "ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိတာ ကောင်းပါတယ်၊ ဒါပေမဲ့ ယုံကြည်မှု လွန်လွန်ကဲကဲ မဖြစ်စေဖို့ သတိထားရမယ်။ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးလွန်းပြီး ယုံကြည်မှု လွန်ကဲလွန်းရင် ဒုက္ခရောက်ရတတ်တယ်။ အဲဒီတော့ သားတို့သမီးတို့ အနေနဲ့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု မလွန်ကဲအောင် ဆင်ဆင်ခြင်ခြင် သတိထားပြီး နေထိုင်သွားကြရမယ်"ဟု ပြောၿ သင်ခန်းစာကို အနှစ်ချုပ်ပါ။

www.dhammaransi.com

သင်ခန်းစာ (၁၈)

သင်ခန်းစာခေါင်းစဉ် ။ ။ ဆရာ့ကျေးဇူးကန်းသူ

သင်ယူမှုဦးတည်ချက် ။ ။ ဆရာ့ကျေးဇူးကန်းလျှင် ဒုက္ခရောက်တတ်ကြောင်း သိရှိပြီး ရှောင်ကြဉ် တတ်စေရန်။

စာသင်ချိန် (၁) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ မရှိ။

သင်ယူမှုလုပ်ငန်းစဉ်

- "သားတို့သမီးတို့ . . . တတိယတန်း၊ သင်ခန်းစာ (၂၁)မှာ ဆရာ့ကျေးဇူးကြောင့် ကောင်းကျိုးရသွားတဲ့ "နမ်းခိုးစား သော မင်းသားငယ်" ဇာတ်လမ်းကို ပြောပြခဲ့ဖူးတယ်၊ မှတ်မိကြသေးလား"ဟု ပြော၍ စာသင်ချိန်ကို စတင်ပါ။
- ထို့နောက် အောက်ပါမေးခွန်းများကို မေးပါ။
  - သားတို့သမီးတို့ စာတွေ့ရေးတတ်၊ ဖတ်တတ်နေတာ ဘယ်သူတွေရဲ့ ကျေးဇူးကြောင့်လဲ။ (ဆရာများ၏ ကျေးဇူး ကြောင့်ဆိုသော အဖြေပါသည်အထိ မေးပေးပါ။)
  - ဆရာ/ဆရာမတွေရဲ့ ကျေးဇူးကို ဘယ်လိုနည်းနဲ့ ပြန်ဆပ်မလဲ။
    (မျှော်မှန်းအဖြေ = ဆရာစကား နားထောင်မယ်၊ စာကြိုးစားမယ်၊ ဆရာ့ အလုပ်တွေ ကူညီ လုပ်ကိုင်ပေးမယ်၊ သီတင်းကျွတ်ရင် ဆရာ့ကို ကန်တော့မယ်၊ အိပ်ရာမဝင်ခင် ကန်တော့မယ် . . . စသည်)
- အဖြေကို ကလေးများ၏ မှတ်စုစာအုပ်တွင် ရေးကြပါစေ။ ရေးပြီးလျှင် မိမိရေးထားသော အကြောင်းအရာများကို အလှည့်ကျ ပြောပါစေ။
- ကလေးများ ပြောသမျှကို ဆရာက မှတ်သားထားပြီး "နောက်စာသင်ချိန်မှာ ဆရာ၊ တပည့် နှစ်ယောက်အကြောင်း ဇာတ်လမ်းလေးတစ်ပုဒ်ကို လေ့လာကြရအောင်"ဟု ပြော၍ စာသင်ချိန်ကို အဆုံးသတ်ပါ။

သင်ယူမှုလုပ်ငန်းစဉ်

စာသင်ချိန် (၂) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ကျောင်းသားကိုင်စာအုပ်ပါ ဇာတ်လမ်းနှင့် သရုပ်ဖော်ပုံများ။

သင်ယူမှုလုပ်ငန်းစဉ်

- ဇာတ်လမ်းကို ကလေးများကိုယ်တိုင် ဖတ်ကြပါစေ။

ဆရာ့ကျေးဇူးကန်းသူ

ဗာရာဏသီပြည်တွင် "ဂုတ္တိလ" အမည်ရှိ နာမည်ကျော် စောင်းပညာရှင် တစ်ဦးရှိ၏။ သူသည် မျက်မမြင် မိဘ နှစ်ပါးကို စောင်းပညာဖြင့် လုပ်ကျွေးနေသူ ဖြစ်သည်။

တစ်နေ့တွင် "မှဿိလ" အမည်ရှိ လူငယ်တစ်ယောက်သည် စောင်းဆရာကြီး ဂုတ္တိလထံတွင် စောင်းပညာ သင်ယူရန် ရောက်လာ၏။ ထိုအချိန်တွင် အိမ်၌ ဆရာဂုတ္တိလ မရှိပေ။ မှဿိလသည် ဆရာဂုတ္တိလကို စောင့်နေစဉ် ဆရာ၏ စောင်းကို ယူ၍ တီးကြည့်၏။ ဆရာဂုတ္တိလ၏ မျက်မမြင် မိဘနှစ်ပါးတို့က စောင်းကို ကြွက်ကိုက်နေသည်ဟု ထင်ကာ ကြွက်ကို မောင်း၏။ ထိုအခါ မှဿိလက စောင်းပညာကိုသင်ယူရန် ရောက်လာခြင်းဖြစ်ကြောင်း ပြောလေ သည်။

ဆရာဂုတ္တိလ ပြန်ရောက်လာသောအခါ သူ၏စောင်းကို မှဿိလယူတီးထားသည်ကို သိရှိသွားကာ "အင်း . . . ဒီလူငယ်ဟာ ခွင့်မတောင်းဘဲ ငါ့စောင်းကို ယူတီးတယ်ဆိုတော့ လက်ဆော့တတ်သူပဲ ဖြစ်ရမယ်"ဟု တွေးမိပြီး

 www.dhammaransi.com

တပည့်အဖြစ် လက်မခံလိုကြောင်း ပြောဖူ။ ထိုအခါ မှူသိလက မျက်မမြင် မိဘနှစ်ပါးဖူ ခြေတို့ကို ကိုင်၍ သူ့ကို တပည့်အဖြစ် လက်ခံအောင် ပြောပေးရန် အကြိမ်ကြိမ် တောင်းပန်လေသည်။ ဆရာဂုတ္တိလလည်း မိဘများဖူ စကားကို မလွန်ဆန်လိုသဖြင့် လက်ခံလိုက်ဖူ။ သို့သော် စိတ်ထားကောင်းသူပီပီ ဆရာစားမချန်ဘဲ အတတ်ပညာ အားလုံးကို သင်ကြားပေးသည်။ မှူသိလကလည်း ပညာကို ကြိုးကြိုးစားစား သင်ယူခဲ့ရာ မကြာမီပင် စောင်းပညာ အားလုံးကို သင်ယူတတ်မြောက်သွားဖူ။

စောင်းပညာအားလုံး တတ်မြောက်သွားသောအခါ မှူသိလက "ငါ့ဆရာလည်းအိုနေပြီ၊ ဒီတော့ ဟရာဏာသီပြည်မှာပဲ အခြေချရရင် ကောင်းမယ်"ဟု ကြံစည်၍ မင်းကြီးထံ ခစားလိုကြောင်း ဆရာဂုတ္တိလအား ပြောပြဖူ။ ဆရာဂုတ္တိလကလည်း တပည့်အလိုကျ လျှောက်တင်ပေးရာ မင်းကြီးက "သင့်ကို ပေးသည့် လစာအောက် တစ်ဝက်လျှော့၍ မှူသိလအား ပေးမည်"ဟု ပြောသည်။ ထိုအကြောင်းကို ဆရာဂုတ္တိလက မှူသိလအား ပြောပြဖူ။

ထိုအခါ မှူသိလက "ဆရာ . . . ကျွန်တော်လည်း ဆရာလောက် တတ်တာပဲ၊ ဒါ့ကြောင့် ဆရာ့လစာနဲ့ အတူတူ ရမှသာ မင်းကြီးထံမှာ ခစားနိုင်မယ်"ဟု ပြန်ပြောဖူ။ ဆရာဂုတ္တိလလည်း ထိုအကြောင်းကို မင်းကြီးအား ပြန်လည် လျှောက်တင်လိုက်သည်။

ထိုအခါ မင်းကြီးက "ဒီလိုဆိုရင် မှူသိလအနေနဲ့ဆရာလောက် တတ်ကြောင်းပြဖို့ လိုတယ်"ဟု ဆရာဂုတ္တိလကို ပြောဖူ။ မှူသိလကလည်း ပြမည်ဖြစ်ကြောင်း ပြောသဖြင့် ဆရာတပည့် စောင်းပညာ ပြိုင်ပွဲ ဖြစ်လာသည်။ ထိုအခါ မင်းကြီးက မှူသိလကို ခေါ်၍ "သင်ဟာ ဆရာနဲ့ပြိုင်မယ်ဆိုတာ တကယ်လား၊ ဆရာနဲ့ပြိုင်တယ်ဆိုတာဟာ မလုပ်သင့်တဲ့ အလုပ်ဖြစ်တယ်"ဟု ပြော၍ တားမြစ်သော်လည်း မှူသိလက လက်မခံပေ။

ပြိုင်ပွဲနေ့ နီးလာသည်နှင့်အမျှ ဆရာဂုတ္တိလသည် "ငါက အသက်ကြီးပြီ၊ စွမ်းရည်တွေလည်း လျော့လာပြီ၊ ပြည့်စုံအောင် စွမ်းဆောင်နိုင်မှာ မဟုတ်တော့ဘူး၊ တပည့်ဆိုတာ ရုံးလည်း အကြောင်းမဟုတ်ဘူး၊ ဆရာက ရုံးရင်သာ အရှက်ရမယ်၊ အရှက်ကွဲရမယ့်အစား သေရတာကမှ ကောင်းမယ်"ဟု တွေးပြီး တောထဲသွားကာ မိမိကိုယ်ကို သတ်သေရန် ကြံစည်လေဖူ။ တောထဲသို့ရောက်သောအခါ သေရမည်ကို ကြောက်သဖြင့် ပြန်လာခဲ့သည်။ တစ်ဖန် မိမိကိုယ်ကို သတ်သေရန် တောထဲသွားပြန်ဖူ။ ထိုကဲ့သို့ သွားလိုက်ပြန်လိုက် လုပ်နေသည်မှာ လူသွားလမ်းပင် ဖြစ်လာဖူ။

ဆရာဂုတ္တိလဖူ ဖြစ်ကြောင်းစုံလင်ကို သိကြားမင်း သိသွားရာ "မြတ်သော စောင်းဆရာ . . . မကြောက်ပါနဲ့၊ ဆရာ့ကို ကျွန်ုပ်ကယ်ပါ့မယ်၊ ဆရာ စောင်းတီးတဲ့အခါ စောင်းကြိုးတစ်ချောင်းကို ဖြတ်ပြီး တီးပါ၊ ကြိုးဖြတ်လိုက်ပေမယ့် ဆရာ့စောင်းသံ မချို့ယွင်းစေရဘူး၊ ဒီလိုလုပ်တာကို ဆရာ့တပည့်မြင်ရင် သူလည်း ကြိုးဖြတ်ပြီး တီးလိမ့်မယ်၊ အဲဒီအခါ သူ့စောင်းသံဟာ ချို့ယွင်းသွားလိမ့်မယ်၊ ဆရာက နောက်ထပ် ကြိုးတစ်ချောင်းဖြတ်ပါ၊ သူလည်း လိုက်ဖြတ်လိမ့်မယ်။ ဒီလိုနည်းနဲ့ တစ်ချောင်းပြီးတစ်ချောင်းဖြတ်ပါ၊ စောင်းကြိုးအားလုံး ကုန်တဲ့အခါ စောင်းရိုးသက်သက်ကိုသာ တီးပါ၊ ဆရာ့စောင်းက အသံထွက်နေပါလိမ့်မယ်၊ ဒါဆိုရင် ဆရာ အနိုင်ရပြီပေါ့"ဟု အကြံပေးလိုက်ဖူ။

ပြိုင်ပွဲနေ့ရောက်သောအခါ မင်းရင်ပြင်တွင် တိုင်းသူပြည်သားများလည်း လာရောက်နားထောင်ကြသည်။ ဆရာဂုတ္တိလလည်း သိကြားမင်းမှာထားသည့်အတိုင်း ပြုလုပ်သည့်အခါ တပည့်မှူသိလ မည်သို့မျှ မတတ်နိုင်ဘဲ အရှုံးကြီးရှုံးသွားလေဖူ။ တိုင်းသူပြည်သားများကလည်း "တပည့်ယုတ် . . . ဆရာနဲ့ထပ်တူ လခလိုချင်လို့ ဆရာကို ပြိုင်ရသလား၊ ကိုယ့်အရည်အချင်းကို ကိုယ်မသိတတ်ပါလား"ဟု ဆိုကာ ဝိုင်းဝန်းပြစ်တင် မောင်းထုတ်လိုက်လေဖူ။ မှူသိလလည်း ဟရာဏာသီပြည်တွင် မနေရဲတော့ဘဲ ထွက်ပြေးသွားလေသည်။

မှီငြမ်း။ ။ ဂုတ္တိလဏတ်၊ ပုံတော်စုံ ငါးရာငါးဆယ်ဏတ်ဝတ္ထု၊ ဒုတိယတွဲ၊ ၃၈၀။ ဏ၊ ၆၊ ၂။ ၂၂၇။

- အောက်ပါမေးခွန်းများကို မေးပါ။
  - ဂုတ္တိလက ဘယ်သူတွေကို လုပ်ကျွေးပြုစုနေသလဲ။
  - ဂုတ္တိလက မှူသိလကို စောင်းပညာတတ်မြောက်အောင် ဘယ်လိုသင်ပေးခဲ့သလဲ။

www.dhammaransi.com

- ဂုတ္တိလကို ဆရာကောင်းတစ်ယောက်လို့ ဘာကြောင့်ပြောနိုင်တာလဲ။
- မူသိလက ဘာကြောင့် ဆရာနဲ့ပညာပြိုင်ချင်တာလဲ။
- ဆရာနဲ့ပညာပြိုင်ချင်တဲ့ မူသိလကို ဘုရင်ကြီးက ဘယ်လိုပြောသလဲ။
- မူသိလကို ဆရာ့ကျေးဇူးကန်းသူလို့ ဘာကြောင့် ပြောနိုင်တာလဲ။

စာသင်ချိန် (၃) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ စာရွက်လွတ်များ။

သင်ယူမှုလုပ်ငန်းစဉ်

- အုပ်စု (၅)စု ဖွဲ့ပြီး စာရွက်လွတ်များကို အုပ်စုတိုင်းအား တစ်ရွက်စီ ဝေပေးပါ။
- ထို့နောက် အောက်ပါမေးခွန်းကို မေးခြင်းအုပ်စုလိုက် ဆွေးနွေးရေးသားကြပါစေ။
  - ဆရာ့ကျေးဇူးကန်းသူ ဇာတ်လမ်းကို ဖတ်ပြီးတဲ့နောက်မှာ သားတို့သမီးတို့ အနေနဲ့ ဆရာတွေ မကြိုက်တဲ့ ဘယ်လို အပြုအမူမျိုးတွေကို ရှောင်သင့်သလဲ။ ဘာကြောင့်လဲ။
- ကလေးအားလုံး ဆွေးနွေးပြီးပါက အုပ်စုကိုယ်စားလှယ်တစ်ဦးစီက ဆွေးနွေးချက်များကို တင်ပြပါစေ။
- ဆရာက ကလေးများဆွေးနွေးတင်ပြချက်များကို မှတ်သားထားပြီး လိုအပ်လျှင် ဖြည့်စွက်ဆွေးနွေး၍ စာသင်ချိန်ကို အဆုံးသတ်ပါ။

စာသင်ချိန် (၄) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ မြတ်သော ဆရာ တေးကဗျာ။

သင်ယူမှုလုပ်ငန်းစဉ်

- အောက်ပါမေးခွန်းများ၏ အဖြေကို ကလေးများ၏ မှတ်စုစာအုပ်တွင် ရေးကြပါစေ။
  - သားတို့သမီးတို့ရဲ့ ဘဝမှာ အချစ်ဆုံး ဆရာ၊ ဆရာမတွေ ရှိလား၊ ဘာကြောင့် သူတို့ကို ချစ်ကြတာလဲ။
  - အဲဒီဆရာ/မက ကလေးတို့အပေါ် ဘာတွေ မှတ်မှတ်ရရ လုပ်ပေးခဲ့သလဲ။
  - ကလေးတို့ကရော အဲဒီဆရာ/မအပေါ် ဘာတွေ ပြန်လုပ်ပေးချင်သလဲ။
- အားလုံးရေးပြီးလျှင် အလှည့်ကျ ပြောကြပါစေ။
- ထို့နောက် မြတ်သောဆရာ တေးကဗျာကို စုပေါင်း သီဆိုပါ။

မြတ်သောဆရာ

တပည့်ရင်သွေးများ နွေးထွေးစွာကြိုဆို
ကောင်းကျိုးညွှန်ရာ မြတ်သောဆရာ။
လောကအလယ် ပွဲလယ်တင့်တယ်အောင်
ပညာနို့ရည်တိုက်ကျွေးကာ အသိဉာဏ်တွေ ဖွင့်ပေးတဲ့ မြတ်သောဆရာ။
ဝါသနာ ကရုဏာ စေတနာပိုကာ ကြီးမားမေတ္တာ ကုဋေကုဋ္ဌာ
အနန္တကိုဏ်းဝင် ကျေးဇူးရှင် စံနမူနာ မြတ်သောဆရာ။ ။

❁ နောက်ဆုံးတွင် ဆရာက အောက်ပါအတိုင်း နိဂုံးချုပ်၍ သင်ခန်းစာကို အဆုံးသတ်ပါ။

"သားတို့သမီးတို့ကို စာတတ်အောင် သင်ကြားပေးတဲ့သူကိုပဲ ဆရာလို့ သတ်မှတ်ရမှာ မဟုတ်ဘူး၊ အခြားပညာရပ်တွေကို သင်ကြားပေးသူ မှန်သမျှကိုလည်း ဆရာအဖြစ် သတ်မှတ်ရမယ်၊ ကိုယ်မသိတဲ့အရာတွေကို သင်ပြပေးတဲ့သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတွေဟာလည်း ဆရာတွေပဲ ဖြစ်တယ်၊ ဒါ့ကြောင့်မို့ သားတို့ သမီးတို့ကလည်း တပည့်ကျင့်ဝတ်နဲ့အညီ ဆရာ၊ ဆရာမတွေရဲ့ ကျေးဇူးကို အတတ်နိုင်ဆုံး ဆပ်နိုင်အောင် ကြိုးစားကြရမယ်၊ ကျေးဇူးမဆပ်နိုင်ရင်တောင်မှ ကျေးဇူးမကန်းမိအောင် သတိထားပြီး နေထိုင်သွားကြပါ"

သင်ခန်းစာ (၁၉)

သင်ခန်းစာခေါင်းစဉ် ။ ။ ပန်း ကပ်လှူမယ်

သင်ယူမှုဦးတည်ချက် ။ ။ ဘုရားကို ပန်းကပ်လှူခြင်း၏ အကျိုးကို သိရှိပြီး စနစ်တကျ ကပ်လှူတတ်စေရန်။

စာသင်ချိန် (၁) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ မရှိ။

သင်ယူမှုလုပ်ငန်းစဉ်

- "သားတို့သမီးတို့ . . . စတုတ္ထတန်းတုန်းက သင်ခဲ့ရတဲ့ ရေချမ်း ကပ်လှူတဲ့အခါ၊ ဆွမ်းကပ်လှူတဲ့ အခါတွေမှာ ရွတ်ဆိုလေ့ရှိတဲ့ စာသားတွေ၊ ရေချမ်း၊ ဆွမ်းကပ်လှူလို့ ရရှိတဲ့အကျိုးတရားတွေကို မှတ်မိကြသေးသလား"ဟု မေး၍ ကလေးများအား ရွတ်ဆိုစေပြီး စာသင်ချိန်ကို စတင်ပါ။
- ထို့နောက် ကလေးများ ရွတ်ဆိုပြီးလျှင် ဆရာက "ဗုဒ္ဓဘာသာဝင်တွေဟာ ဘုရားကို ရေချမ်း၊ ဆွမ်းအပြင် ပန်းလည်း ကပ်လှူကြတယ်။ သားတို့သမီးတို့ရော ဘုရားကို ပန်းကပ်လှူဖူးကြလား"ဟု ဆက်မေးပါ။
- ထို့နောက် ဆရာက အောက်ပါမေးခွန်းကို မေး၍ သင်ပုန်းပေါ်တွင် ကလေးများ ပြောသမျှကို မှတ်တမ်းတင်ထားပါ။
  - ဗုဒ္ဓဘာသာဝင်တွေဟာ ဘာကြောင့် ဘုရားကို ပန်းကပ်လှူကြတယ်လို့ ထင်သလဲ။
- ပြီးနောက် ဆရာက "သားတို့သမီးတို့ပြောတဲ့ အဖြေတွေ ပါ၊ မပါ နောက်စာသင်ချိန်တွေမှာ လေ့လာကြည့်ကြရအောင်"ဟု ပြော၍ စာသင်ချိန်ကို အဆုံးသတ်ပါ။

စာသင်ချိန် (၂) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ကျောင်းသားကိုင်စာအုပ်ပါ ဇာတ်လမ်းနှင့် သရုပ်ဖော်ပုံများ။

သင်ယူမှုလုပ်ငန်းစဉ်

- ဇာတ်လမ်းကို ကလေးများကိုယ်တိုင် ဖတ်ကြပါစေ။

ပန်းလှူခဲ့သော နတ်သမီးလေး

တစ်ခါတုန်းက အနီရောင် ဖန်ပိမာန်ကြီးတစ်ခုဌ မဇ္ဈိဋ္ဌကအမည်ရှိ နတ်သမီးလေးတစ်ပါး စံမြန်းနေသည်။ ပိမာန်၏ အနီးဌ ရနံ့အလွန်မွှေးကြိုင်သော အင်ကြင်းတောကြီးရှိ၏။ နတ်သမီးကလေးသည် ပိမာန်ကြီးမှထွက်၍ အင်ကြင်းတောသို့ ဝင်သောအခါ အင်ကြင်းကိုင်း၊ အင်ကြင်းခက်တို့သည် ကိုင်းညွတ်လျက် နတ်သမီးလေး၏ အထက်ဌ ပြန့်ကြနေကြ၏။

တစ်နေ့သဌ် အရှင်မဟာမောဂ္ဂလာန်မထေရ်သည် နတ်ပြည်သို့ ဒေသစာရီ ကြွတော်မူလာစဉ် ထိုနတ်သမီးလေးကို မြင်လေသည်။ ထိုအခါ မထေရ်မြတ်က "အသင် နတ်သမီး . . . ဘယ်လို ကုသိုလ်ကောင်းမှုမျိုးကို ပြုခဲ့လို့ အခုလို ကြီးကျယ်မြင့်မြတ်တဲ့ စည်းစိမ်ချမ်းသာကို ရရှိခံစားနေရတာလဲ"ဟု မေးတော်မူ၏။

ထိုအခါ နတ်သမီးလေးက "အရှင်ဘုရား . . . တပည့်တော်မဟာ လွန်ခဲ့တဲ့ဘဝက သာဝတ္ထိပြည် သူဌေးကြီး တစ်ဦးအိမ်မှာ အစေခံမတစ်ယောက် ဖြစ်ခဲ့ပါတယ်၊ တစ်နေ့မှာ သူဌေးကြီးဟာ မြတ်စွာဘုရားရှင်နဲ့ သံဃာတော်များကို ပင့်ဖိတ်ပြီး အလှူကြီးပေးပါတယ်၊ တပည့်တော်မလည်း အဲဒီအလှူပွဲကြီးမှာ ကုသိုလ်ပါဝင်ချင်ခဲ့ပါတယ်၊ ဒါပေမဲ့ တပည့်တော်မမှာ လှူစရာမရှိခဲ့ပါ။ ဒါ့ကြောင့် အင်ကြင်းတောကြီးဆီသွားပြီး အင်ကြင်းပန်းတွေကို ခူးယူကာ လျှော်မျှင်တွေနဲ့

သိကုံးပြီး မြတ်စွာဘုရားရှင် ထိုင်တော်မူရာ ထက်ဝန်းကျင်မှာ ချထားပူဇော်ခဲ့ပါတယ်၊ အဲဒီအင်ကြင်းပန်းလှူခဲ့တဲ့ ကုသိုလ်ကောင်းမှုကြောင့် အခုလို ကြီးကျယ်မြင့်မြတ်တဲ့ စည်းစိမ်ချမ်းသာကို ရရှိခံစားနေရခြင်း ဖြစ်ပါတယ်ဘုရား"ဟု ပြန်လည် လျှောက်ထားလေ၏။

မိုဇြမ်း။ ။ မဇ္ဈိဋ္ဌကဝိမာနဝတ္ထု၊ ပုံတော်စုံ ဝိမာနဝတ္ထုတော်ကြီး၊ ၂၁၀-၂၁၃။ ဝိမာန ၊ ၄၊ ၁၆၀။

- အောက်ပါမေးခွန်းများကို မေးပါ။
  - ဖန်ဝိမာန်ကြီးမှာ နေတဲ့ နတ်သမီးလေးရဲ့ အမည်က ဘာလဲ။
  - ဖန်ဝိမာန်ကြီးအနီးမှာ ဘယ်လို တောကြီး ရှိသလဲ။
  - ရှင်မဟာမောဂ္ဂလာန်က နတ်သမီးကို ဘယ်လို မေးလိုက်သလဲ။ နတ်သမီးက ဘယ်လို ပြန်ဖြေသလဲ။
  - သားတို့သမီးတို့ရော နတ်သမီးလေးလို ဘုရားကို ပန်းမလှူချင်ကြဘူးလား။ ဘယ်လို ပန်းတွေ လှူချင်သလဲ။

စာသင်ချိန် (၃)	။	။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း	။	။ စာရွက်လွတ်။

သင်ယူမှုလုပ်ငန်းစဉ်

- အုပ်စု(၅)စု ဖွဲ့၍ အောက်ပါမေးခွန်းကို အုပ်စုလိုက် ဆွေးနွေးကြပါစေ။
  - ပန်းလှူတဲ့သူဟာ ဘယ်လိုကုသိုလ်တွေ ရရှိမလဲ၊ အလှူခံသူမှာ ဘယ်လို အကျိုး ကျေးဇူးတွေရရှိမလဲ။
- ဆွေးနွေးထားသည်များကို စာရွက်လွတ်တွင် အုပ်စုလိုက် ရေးကြပါစေ။ ပြီးလျှင် အုပ်စုကိုယ်စားလှယ် တစ်ဦးစီက တင်ပြကြပါစေ။
- ပြီးနောက် အောက်ပါ ပန်းလှူရကျိုးကို သင်ပုန်းပေါ်တွင် ဆရာက ရေးပါ။ ကလေးများကိုလည်း သူတို့၏ မှတ်စုစာအုပ်တွင် ကူးရေးခိုင်းပါ။
- အဓိပ္ပာယ်ကို ကလေးများ နားလည်သည့်အတိုင်း ပြောကြပါစေ။ လိုအပ်လျှင် ဆရာက ဖြည့်စွက်ပေးပါ။

ပန်းလှူရကျိုး

၁။ လှပသန့်ရှင်းသော ရုပ်အဆင်းအင်္ဂါရှိခြင်း။
၂။ သင်းပျံ့ မွှေးကြိုင်သော ကိုယ်ရနံ့ရှိခြင်း။
၃။ ကျော်ဇောသတင်း ပျံ့နှံ့ခြင်း။
၄။ ကိုယ်စိတ်ချမ်းသာ ရွှင်လန်းခြင်း။
၅။ နတ်ပြည်သို့ ရောက်ရခြင်း။

www.dhammaransi.com

စာသင်ချိန် (၄) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ကျောင်းသားကိုင်စာအုပ်ပါ ပန်းကပ်လှူခြင်း ဆုတောင်းစာသားများ။

သင်ယူမှု လုပ်ငန်းစဉ်

- "ဘုရားကို ပန်းကပ်တဲ့အခါ ရွတ်ဆိုလေ့ရှိတဲ့ စာသားတွေကို အခု သားတို့သမီးတို့ကို သင်ပေးမယ်" စသည်ဖြင့် ပြော၍ ဆရာက သင်ပုန်းပေါ်တွင် အဆင်သင့်ရေးထားသော "ပန်းနံ့သာ ကပ်လှူခြင်းနှင့် ဆုတောင်း" စာသားနှစ်ခု ကို အလွတ်ရသည်အထိ စုပေါင်းရွတ်ဆိုကြပါစေ။

ပန်းတော်ကပ်

ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော မဟာကရုဏာသခင် ရှင်တော်မြတ်ဘုရားအား ဤတင့်တယ်လှပမွှေးကြိုင်သော ပန်းတော်ကို (မွှေးကြိုင်သင်းပျံ့သော နံ့သာကို) လှူဒါန်းဆက်ကပ်ပါ၏ အရှင်ဘုရား၊ ဤသို့ ပန်း(နံ့သာ) လှူရသော ကောင်းမှုကြောင့် နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုရပါလို၏ အရှင်ဘုရား။

- "အဲဒီလို ကပ်လှူပြီးတဲ့အခါမှာ သားတို့သမီးတို့အနေနဲ့ ဒီလိုထပ်ပြီး ဆုတောင်းနိုင်တယ်" စသည်ဖြင့် ဆိုကာ အောက်ပါဆုတောင်းကိုလည်း စုပေါင်းရွတ်ဆိုကြပါစေ။

ဆုတောင်း

အနုံလည်းသင်း၊ အဆင်းလည်းလှ၊ ပန်းလှူရ၍၊ ဘဝတိုင်းဝယ်၊ ပညာကြွယ်လျက်၊ သွယ်သွယ် ဂုဏ်နှင့်၊ အစုံတင့်၊ ထုံသင်းကြိုင်ရပါလို၏ အရှင်ဘုရား။

- ပန်းနံ့သာကပ်လှူခြင်းနှင့် ဆုတောင်းစာသားနှစ်ခုကို ကလေးများ၏ မှတ်စုတွင်လည်း လိုက်၍ ရေးကြပါစေ။
- နောက်ဆုံးတွင် ဆရာက "သားတို့သမီးတို့ . . . အခုဆိုရင် ဘုရားကို ဘယ်လို ပန်းကပ်လှူရမယ်ဆိုတာ၊ ပန်းကပ်လှူခြင်းကြောင့် ဘယ်လိုအကျိုးတွေ ရရှိနိုင်တယ်ဆိုတာ သိသွားကြပြီ၊ ဒီတော့ သားတို့သမီးတို့ဟာ နေ့စဉ်နေ့တိုင်း ဘုရားကို ပန်းကပ်လှူနိုင်အောင် ကြိုးစားကြပါ။ ပန်းကပ်လှူတဲ့ အခါတိုင်းမှာလည်း ပန်းနံ့သာ ကပ်လှူခြင်းနဲ့ ဆုတောင်းစာသားတွေကို စနစ်တကျ ရွတ်ဆိုပြီး ကပ်လှူကြပါ"ဟု တိုက်တွန်း၍ သင်ခန်းစာကို အဆုံးသတ်ပါ။

www.dhammaransi.com

သင်ခန်းစာ (၂၀)

သင်ခန်းစာခေါင်းစဉ်	။	။ ဆီမီး ကပ်လှူမယ်
သင်ယူမှုဦးတည်ချက်	။	။ ဘုရားကို ဆီမီးကပ်လှူခြင်း၏ အကျိုးကို သိရှိပြီး စနစ်တကျ ကပ်လှူတတ်စေရန်။
စာသင်ချိန် (၁)	။	။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း	။	။ မရှိ။

သင်ယူမှုလုပ်ငန်းစဉ်

- ပြီးခဲ့သော သင်ခန်းစာများတွင် သင်ခဲ့သောဆွမ်းကပ်လှူခြင်း၊ ရေချမ်းကပ်လှူခြင်း၊ ပန်းနံ့သာ ကပ်လှူခြင်းနှင့် ဆုတောင်းစာသားများကို ကလေးများ ပြန်လည် ရွတ်ဆိုကြပါစေ။
- ထို့နောက် အုပ်စု (၅)စုဖွဲ့၍ အောက်ပါမေးခွန်းများကို ဆွေးနွေးကြပါစေ။
  - ဘုရားကို ဘာကြောင့် ဆီမီး ကပ်လှူကြတာလဲ။
  - ဆီမီးကပ်လှူခြင်းကြောင့် ဘယ်လို အကျိုးကျေးဇူးတွေ ရမယ်လို့ထင်သလဲ။
- ဆွေးနွေးပြီးလျှင် အုပ်စုကိုယ်စားလှယ်တစ်ဦးစီက တင်ပြကြပါစေ။
- ထို့နောက် "ဆီမီးကပ်လှူခြင်းကြောင့် အကျိုးကျေးဇူး ရရှိသွားတဲ့ ဇာတ်လမ်းတစ်ပုဒ်ကို လေ့လာကြည့်ကြရအောင်" ဟု ပြော၍ နောက်စာသင်ချိန်ကို ဆက်ပါ။

စာသင်ချိန် (၂)	။	။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း	။	။ ကျောင်းသားကိုင်စာအုပ်ပါ ဇာတ်လမ်းနှင့် သရုပ်ဖော်ပုံများ။

သင်ယူမှုလုပ်ငန်းစဉ်

- ဇာတ်လမ်းကို ကလေးများကိုယ်တိုင် ဖတ်ကြပါစေ။
- အားလုံးဖတ်ပြီးလျှင် ဇာတ်လမ်းကို နားလည်သည့်အတိုင်း ကလေးနှစ်ဦးသုံးဦးခန့်က အလွတ် ပြောပြကြပါစေ။

သောက်ရှုးကြယ်

မြတ်စွာဘုရားရှင် လက်ထက်တော်အခါက ဥပသ်နေ့တွင် သာဝတ္ထိမြို့သူမြို့သား တို့သည် ဥပသ်သီလ ဆောက်တည်ကြ၏။ နံနက်အခါ၌ အလှူဒါနတို့ကိုလည်း ပြုလုပ်ကြ၏။ နေ့လယ်အခါ အဝတ်ဖြူကို ဝတ်ဆင်လျက် ပန်းနံ့သာတို့ကို ယူဆောင်ကာ ဇေတဝန်ကျောင်းတော်သို့ရောက်လာကြ၏။ ညနေချမ်း ရောက်သောအခါ မိမိတို့ ကြည်ညိုရာ ရဟန်းတော်တို့ကို ဆည်းကပ်၍ တရားနာယူကြ၏။ ထိုသို့တရား နာယူနေကြစဉ် နေဝင်၍ မှောင်သွားသည်။

ထိုအခါ ဥပသ်သည် အမျိုးသမီးတစ်ဦးသည် "အခုလို အချိန်မျိုးမှာ ဆီမီးထွန်းလိုက်ရရင် ကောင်းလေစွ"ဟု အကြံဖြစ်၏။ ထို့ကြောင့် အိမ်သို့ပြန်ပြီး ဆီယူကာဆီမီးထွန်းညှိ၍ တရားဟောပလွင် ရှေ့၌ ချထားပူဇော်လျက် တရားနာယူလေသည်။ ထိုအမျိုးသမီးသည် တရားပွဲပြီးသောအခါ မိမိလှူဒါန်းသော ဆီမီးအလှူကို နစ်သက်ဝမ်းမြောက်လျက် အိမ်သို့ပြန်သွားလေ၏။

ထိုအမျိုးသမီး ကွယ်လွန်သောအခါ တာဝတိံသာနတ်ပြည်၌ နတ်သမီးဖြစ်လေသည်။ နတ်သမီးလေး၏ ကိုယ်ရောင်ကိုယ်ဝါသည် ဆီမီးလှူဒါန်းခဲ့သော ကုသိုလ်ကြောင့် အရပ်ဆယ်မျက်နှာသို့ ထွန်းလင်းတောက်ပလျက် အခြားသော နတ်သမီးတို့၏ အရောင်များကို လွှမ်းမိုး၍ နေလေ၏။

တစ်နေ့တွင် အရှင်မဟာမောဂ္ဂလာန်မထေရ်သည် နတ်ပြည်သို့ ဒေသစာရီ ကြွတော်မူလာစဉ် ထိုနတ်သမီး

ဖလေးကို တွေ့မြင်တော်မူသည်။ ထိုအခါ မထေရ်မြတ်က "အသင်နတ်သမီး . . . ဘယ်လို ကုသိုလ်ထူးကြောင့် သောက်ရှူးကြယ်ကဲ့သို့ ထူးကဲသော ကိုယ်ရောင် ကိုယ်ဝါကို ပိုင်ဆိုင်နေရတာလဲ"ဟု မေးတော်မူ၏။

ထိုအခါ နတ်သမီးလေးက "အရှင်မြတ်ဘုရား . . . တပည့်တော်မဟာ လူဘဝတုန်းက အလွန်မှောင်တဲ့ည တစ်ညမှာ တရားဟောပလွင်ရှေ့တွင် ဆီမီးလှူဒါန်းပူဇော်ပြီး တရားနာယူခဲ့ပါတယ်။ အဲဒီ ကုသိုလ်ထူးကြောင့် အခြားနတ်သမီးတို့ထက် သာလွန်တောက်ပတဲ့ ကိုယ်ရောင်ကိုယ်ဝါကို ရရှိပိုင်ဆိုင်ရခြင်း ဖြစ်ပါတယ်"ဟု ဖြေကြားလျှောက်ထားလေ၏။

မှီငြမ်း။ ။ဒီပဝိမာနဝတ္ထု၊ ပုံတော်စုံ ဝိမာနဝတ္ထုတော်ကြီး၊ ၃၅-၃၈။ ဝိမာနဝတ္ထု၊ ၄၊ ၄၄။

❁ အောက်ပါမေးခွန်းကို မေးပါ။

- သာဝတ္ထိမြို့သူ/သားတွေဟာ ဥပုသ်နေ့တိုင်း ဘာလုပ်လေ့ရှိကြသလဲ။
- နံနက်အခါမှာ ဘာလုပ်ကြသလဲ၊ နေ့လယ်အခါမှာရော ဘာလုပ်ကြသလဲ၊ ညနေချမ်း ရောက်တဲ့အခါမှာရော ဘာတွေ လုပ်ကြသလဲ။
- နေဝင်သွားတဲ့အခါ ဥပုသ်သည် အမျိုးသမီးက ဘယ်လို အကြံရသလဲ။
  အဲဒီတော့ သူ ဘာလုပ်ခဲ့သလဲ။
- အဲဒီ ကုသိုလ်ကောင်းမှုကြောင့် သူ ဘာဖြစ်သွားလဲ။
- အရှင်မဟာမောဂ္ဂလာန်မထေရ်က နတ်သမီးကို ဘယ်လို မေးခဲ့လဲ။ နတ်သမီးက ဘယ်လို ပြန်ဖြေခဲ့သလဲ။
- သားတို့သမီးတို့ရော ဆီမီးလှူဖူးသလား၊ ဘယ်နှခါ လှူဖူးသလဲ။ ဘယ်အချိန်တွေမှာ လှူခဲ့တာလဲ။

စာသင်ချိန် (၃) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ စာရွက်လွတ်များ။

သင်ယူမှုလုပ်ငန်းစဉ်

❁ ကလေးများအား စာသင်ချိန် (၁)က အုပ်စု (၅)စုအတိုင်း ထား၍ အောက်ပါမေးခွန်းကို ဆွေးနွေးကြပါစေ။

- ဆီမီးလှူတဲ့သူဟာ ဘယ်လိုကုသိုလ်တွေ ရရှိမလဲ၊ အလှူခံရရှိသူမှာ ဘယ်လိုအကျိုးကျေးဇူးတွေ ရရှိမလဲ။

❁ ဆွေးနွေးထားသည်များကို စာရွက်လွတ်တွင် အုပ်စုလိုက် ရေးကြပါစေ။ ပြီးလျှင် အုပ်စုကိုယ်စားလှယ် တစ်ဦးစီက တင်ပြကြပါစေ။

❁ ပြီးနောက် အောက်ပါ ပန်းလှူရက္ခိုးကို သင်ပုန်းပေါ်တွင် ဆရာက ရေးပါ။ ကလေးများကိုလည်း သူတို့၏ မှတ်စုစာအုပ်တွင် ကူးရေးခိုင်းပါ။

❁ အဓိပ္ပာယ်ကို ကလေးများ နားလည်သည့်အတိုင်း ပြောကြပါစေ။ လိုအပ်လျှင် ဆရာက ဖြည့်စွက်ပေးပါ။

ဆီမီးကပ်လှူရက္ခိုး

- ထွန်းလင်းတောက်ပသော ကိုယ်ရောင်ကိုယ်ဝါ ရှိခြင်း။
- နံ့ရ၊ တောင်၊ ကျောက်တို့ကို ဖောက်၍ မြင်နိုင်သော ဉာဏ်မျက်စိ အလင်းကို ရရှိနိုင်ခြင်း။
- မျက်စိကြည်လင်ခြင်း။
- ဉာဏ်ပညာကြီးခြင်း။
- လူ့ပြည် နတ်ပြည်တို့၌ အကြိမ်ကြိမ် ဖြစ်ရခြင်း။
- နောက်ဆုံးဘဝ၌ လွယ်ကူစွာ တရားထူးရနိုင်ခြင်း။

❁ နောက်ဆုံးတွင် ဆွမ်းလှူရက္ခိုး၊ ရေချမ်းကပ်လှူရက္ခိုးနှင့် ပန်းနံ့သာလှူရက္ခိုးတို့ကို မှတ်မိသလောက် ကလေးများက ပြန်၍ ပြောကြပါစေ။

 www.dhammaransi.com

စာသင်ချိန် (၄)	။	။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း	။	။ ကျောင်းသားကိုင်စာအုပ်ပါ ဆီမီးကပ်လှူခြင်းနှင့် ဆုတောင်းစာသားများ။

သင်ယူမှု လုပ်ငန်းစဉ်

❁ "ဘုရားကို ဆီမီးကပ်တဲ့အခါ ရွတ်ဆိုလေ့ရှိတဲ့ စာသားတွေကို အခု သားတို့သမီးတို့ကို သင်ပေးမယ်"စသည်ဖြင့် ပြော၍ ဆရာက သင်ပုန်းပေါ်တွင် အဆင်သင့်ရေးထားသော "ဆီမီးကပ်လှူခြင်းနှင့် ဆုတောင်း" စာသားနှစ်ခုကို စုပေါင်းရွတ်ဆိုကြပါစေ။

ဆီးမီးကပ်

ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော မဟာကရုဏာသခင် ရှင်တော်မြတ်ဘုရားအား အမိုက်မှောင်ကို ပယ်ဖျောက်၍ ထွန်းလင်းတောက်ပသော ဤဆီမီး (ဤလျှပ်စစ်မီး)ကို လှူဒါန်းပူဇော်ပါ၏ အရှင်ဘုရား။ ဤမီးလှူရသော ကောင်းမှုကြောင့် နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုရပါလို၏ အရှင်ဘုရား။

❁ "အဲဒီလို ကပ်လှူပြီးတဲ့အခါမှာ သားတို့၊ သမီးတို့အနေနဲ့ ဒီလိုထပ်ပြီး ဆုတောင်းနိုင်တယ်" စသည်ဖြင့် ဆိုကာ အောက်ပါဆုတောင်းကိုလည်း အလွတ်ရသည်အထိ စုပေါင်းရွတ်ဆိုကြပါစေ။

ဆုတောင်း

ထွန်းလင်းတောက်ပ၊ မီးလှူရ၍၊ ဘဝတိုင်းဝယ်၊ ပညာကြွယ်လျက်၊ လနယ်နေနှင့်၊ အသရေတင့်၊ ဆင့်ဆင့် ထွန်းလင်း၊ ဉာဏ်မြင်ရှင်း၍၊ အဆင်း လှပရပါလို၏ အရှင်ဘုရား။

❁ ဆီမီး ကပ်လှူခြင်းနှင့် ဆုတောင်းစာသားနှစ်ခုကို ကလေးများ၏ မှတ်စုတွင်လည်း လိုက်၍ ရေးကြပါစေ။

❁ နောက်ဆုံးတွင် ဆရာက "သားတို့သမီးတို့ . . . အခုဆိုရင် ဘုရားကို ဘယ်လို ဆီမီးကပ်လှူရမယ်ဆိုတာ၊ ဆီမီးကပ်လှူခြင်းကြောင့် ဘယ်လိုအကျိုးတွေ ရရှိနိုင်တယ်ဆိုတာ သိသွားကြပြီ၊ ဒီတော့ သားတို့သမီးတို့ဟာ ညစဉ်ညတိုင်း ဘုရားကို ဆီမီးကပ်လှူနိုင်အောင် ကြိုးစားကြပါ။ ဆီမီးကပ်လှူတဲ့အခါတိုင်းမှာလည်း ဆီမီးကပ်လှူခြင်း နှင့် ဆုတောင်းစာသားတွေကို စနစ်တကျ ရွတ်ဆိုပြီး ကပ်လှူကြပါ"ဟု တိုက်တွန်း၍ သင်ခန်းစာကို အဆုံးသတ်ပါ။

www.dhammaransi.com

သင်ခန်းစာ (၂၁)

သင်ခန်းစာခေါင်းစဉ် ။ ။ ဖိနပ်လှူသည့် သူဌေးကြီး

သင်ယူမှုဦးတည်ချက် ။ ။ အလှူဒါန၏ အကျိုးတရားများကို သိရှိပြီး စိတ်ထားဖြူဖြူစင်စင်ဖြင့် ကိုယ်တိုင် လှူဒါန်းတတ်စေရန်။

စာသင်ချိန် (၁) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ စာရွက်လွတ်။

သင်ယူမှုလုပ်ငန်းစဉ်

- အောက်ပါမေးခွန်းများဖြင့် စာသင်ချိန်ကို စတင်ပါ။
  - ကလေးတို့ . . . အလှူလုပ်ကြတာတွေ တွေ့ဖူးလား။
  - ဘယ်သူတွေကို လှူကြတာလဲ။ ဘာကြောင့် လှူကြတယ်လို့ ထင်သလဲ။
- ကလေးများအားလုံးဖြေပြီးလျှင် အုပ်စု (၅)စု ဖွဲ့ပါ။ ထို့နောက် ဆရာက "အဲဒီလို လှူတဲ့အတွက်ကြောင့် အလှူလုပ်တဲ့သူရော အလှူခံတဲ့သူပါ ဘယ်လိုအကျိုးတွေ ရရှိမယ်လို့ ထင်သလဲ"ဟု မေး၍ အောက်ပါပုံစံအတိုင်း ကလေးများကို စုပေါင်းဆွေးနွေးစေ၍ စာရွက်လွတ်တွင် ရေးကြပါစေ။

အလှူပြုသူ ရရှိတဲ့အကျိုး	အလှူခံသူ ရရှိတဲ့အကျိုး

- အားလုံးပြီးလျှင် အုပ်စုကိုယ်စားလှယ်တစ်ဦးစီက သင်ပုန်းတွင် လာကပ်၍ ဖတ်ပြကြပါစေ။
- ထို့နောက် ဆရာက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေး၍ စာသင်ချိန်ကို အဆုံးသတ်ပါ။

စာသင်ချိန် (၂) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ကျောင်းသားကိုင်စာအုပ်ပါ ဇာတ်လမ်းနှင့် သရုပ်ဖော်ပုံများ။

သင်ယူမှုလုပ်ငန်းစဉ်

- "သားတို့သမီးတို့ . . . ဇာတ်လမ်းကို ကိုယ်တိုင်ဖတ်ရမယ်၊ ပြီးလို့ရှိရင် နားလည်သည့်အတိုင်း ပြန်ပြောပြရမယ်" စသည်ဖြင့် ပြောကာ ဇာတ်လမ်းကို ဖတ်ကြပါစေ။

ဖိနပ်လှူသည့် သူဌေးကြီး

ရှေးလွန်လေပြီးသောအခါက မောဋ္ဌနိပြည်တွင် အလွန်ချမ်းသာကြွယ်ဝ၍ အလှူဒါနပြုရန် ထက်သန်သော သူဌေးကြီးတစ်ဦးရှိ၏။ သူဌေးကြီးသည် မြို့တံခါးလေးခုတွင် အလှူမဏ္ဍပ်လေးခု၊ မြို့လယ်တွင်တစ်ခု၊ မိမိအိမ်ရှေ့တွင် တစ်ခု၊ စုစုပေါင်းမဏ္ဍပ်ခြောက်ခုဆောက်၍ နေ့စဉ် အသပြာခြောက်သိန်းဖိုး လှူဒါန်းလေ့ရှိသည်။

တစ်နေ့တွင် သူဌေးကြီးသည် "ငါ့အိမ်မှာ ပစ္စည်းဥစ္စာတွေကုန်သွားရင် ဒီလိုလှူနိုင်တော့မှာ မဟုတ်ဘူး၊ ပစ္စည်းဥစ္စာတွေ မကုန်ခင် စီးပွားရှာထွက်ဦးမှပဲ"ဟု တွေးမိ၍ သုဝဏ္ဏဘူမိသို့ ကုန်ရောင်းကုန်ဝယ်သွားရန် စီစဉ်လေ၏။

www.dhammaransi.com

ထို့နောက် မိသားစုကိုခေါ်၍ "ငါ သုဝဏ္ဏဘူမိကိုသွားမယ်၊ ငါပြန်မလာခင်အထိ နေ့စဉ်ပြုနေကျ အလှူဝတ်ကို မပျက်ပါစေနဲ့"ဟု မှာကြားကာ ဖိနပ်ကိုစီး၊ ထီးကိုဆောင်းလျက် နောက်ပါအခြွေအရံများနှင့်အတူ သဘော်ဆိပ်သို့ ထွက်ခဲ့သည်။

ထိုအချိန်တွင် ပစ္စေကဗုဒ္ဓါတစ်ပါးသည် သမုဒ္ဒရာအတွင်းတွင် သူဌေးကြီး အန္တရာယ်ကျရောက်မည်ကို ကြိုမြင်သည့်အတွက် "ဒီသူဌေးကြီးဟာ ထီး၊ ဖိနပ်တွေကို ငါ့ကို လှူခဲ့ရင် အဲဒီအန္တရာယ်က လွတ်ကင်းနိုင်လိမ့်မယ်၊ သူဟာ သူတော်ကောင်းယောကျ်ားမြတ် ဖြစ်တယ်၊ သူ့ကို ငါကယ်မှ ဖြစ်မယ်"ဟု ဆုံးဖြတ်၍ သဲပူလမ်းပေါ်တွင် ဖိနပ်မပါဘဲ ကြွလာလေ၏။ ဤသို့ကြွတော်မူလာသော ပစ္စေကဗုဒ္ဓါကို ဖူးမြင်ရသဖြင့် သူဌေးကြီးသည် "ငါ ခရီးမထွက်ခင် ကုသိုလ်မျိုးစေ့သဖွယ်ဖြစ်တဲ့ အလှူခံကို တွေ့ပြီ"ဟု တွေးကာ အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားလေသည်။

သို့ဖြစ်၍ သူဌေးကြီးသည် ပစ္စေကဗုဒ္ဓါထံချဉ်းကပ်၍ "အရှင်ဘုရား . . . တပည့်တော်ရဲ့ အလှူကို လက်ခံတော်မူပါဘုရား"ဟု လျှောက်တင်၏။ ထို့နောက် ပစ္စေကဗုဒ္ဓါ၏ ခြေတော်အစုံကို ရေဖြင့် စင်ကြယ်အောင် ဆေးကြော၍ နံ့သာဆီဖြင့် သုတ်လိမ်းပေး၏။ လှူမည့်ဖိနပ်ကိုလည်း အဝတ်ဖြင့် သန့်စင်အောင်သုတ်ကာ ပစ္စေကဗုဒ္ဓါ၏ ခြေအစုံတွင် ဝတ်ဆင်လှူဒါန်း၏။ ပြီးလျှင် "အရှင်ဘုရား . . . ဒီဖိနပ်ကိုစီးပြီး ဒီထီးကိုဆောင်းကာ ခရီးဆက်ပါ"ဟု လျှောက်ထား၍ ထီးကိုလည်း လှူလိုက်သည်။ ပစ္စေကဗုဒ္ဓါလည်း သူဌေးကြီး၏အလှူကို ဝမ်းမြောက်စွာ လက်ခံ၍ မိမိအလှူအတွက် သူဌေးကြီး ကြည်ညိုသဒ္ဓါ ပွားများနိုင်စေရန် သူဌေးကြီး၏ ရှေ့၌ပင် တန်ခိုးဖြင့် ကောင်းကင်သို့ ကြွသွားတော်မူ၏။

သူဌေးကြီးသည် ပစ္စေကဗုဒ္ဓါအပေါ် ကြည်ညိုစိတ်များ ယိုဖိတ်လျက် ပင်လယ်ပြင် ခရီးကို ဆက်ခဲ့သည်။ ခုနစ်ရက်မြောက်သောနေ့တွင် သဘော်ပျက်၍ သဘော်ပေါ်တွင်ပါလာသူ ခရီးသည်၊ ကုန်သည်များ ဒုက္ခရောက်ကြ၏။ အသားစား ပင်လယ်သတ္တဝါများ စားသည်ကို ခံကြရ၏။ အချို့မှာ သေဘေးကို ကြောက်ရွံ့လှသဖြင့် မိမိတို့ကိုးကွယ်ရာ နတ်ဘုရားများကို တိုင်တည်၍ ငိုကြွေးမြည်တမ်းကြသည်။ သူဌေးကြီးနှင့် သူ၏ အလုပ်အကျွေးတို့သည် ခန္ဓာကိုယ်တစ်ခုလုံးကို ဆီဖြင့်သုတ်လိမ်း၍ ထောပတ်မုန့်များကို အဝစားကြ၏။ စားပြီးသည်နှင့် တစ်ပြိုင်နက် ရွက်တိုင်ထိပ်သို့ တက်ကာ "ဒီဘက် အရပ်မျက်နှာမှာ ငါတို့ မြို့ရှိလိမ့်မယ်"ဟု မှန်းဆ၍ ခုန်ချလိုက်ကြရာ အသားစားသော ပင်လယ်သတ္တဝါတို့၏ ရန်မှလွတ်လေ၏။ သို့သော်လည်း သမုဒ္ဒရာအတွင်း၌ ခုနစ်ရက်ပတ်လုံး ကူးခပ်ကြရသည်။

သူဌေးကြီးသည် ပင်လယ်ထဲ၌ ဆားငန်ရေဖြင့် ပလုတ်ကျင်း၍ ခုနစ်ရက်ပတ်လုံး ဥပုသ်စောင့်၏။ ထိုအချိန်တွင် သီလစင်ကြယ်သော သူတော်ကောင်းများကို ကယ်တင်ရန် တာဝန်ပေးအပ်ခြင်းခံထားရသည့် မဏိမေခလာ ပင်လယ်စောင့်နတ်သမီးသည် နတ်စည်းစိမ်ခံစားနေသည့်အတွက် သူတော်စင်သူဌေးကြီး ဒုက္ခရောက်နေသည်ကို မသိလိုက်ပေ။ သူဌေးကြီးပင်လယ်ထဲတွင် ကူးခပ်၍ ခုနစ်ရက် မြောက်သောနေ့တွင် နတ်သမီးက ပင်လယ်ကို ကြည့်လိုက်သောအခါ သူဌေးကြီး ဒုက္ခရောက်နေသည်ကိုတွေ့ရ၏။ ထိုအခါနတ်သမီးသည် "ဒီသူတော်ကောင်းကို မကယ်ရင် နတ်ကောင်းနတ်မြတ်တွေက ငါ့ကို ကဲ့ရဲ့ကြတော့မယ်"ဟု တွေးမိသဖြင့် အရသာနှင့်ပြည့်စုံသော နတ်သုဒ္ဓါကို ရွှေခွက်ဖြင့် ယူဆောင်လျက် သူဌေးကြီးအား သုံးဆောင်စေသည်။

ထိုအခါ သူဌေးကြီးသည် ဥပုသ်စောင့်ထားသည့်အတွက် မစားလိုကြောင်း ငြင်းပယ်လေ၏။ ထို့ကြောင့် နတ်သမီးက "သူဌေးကြီး . . . ဒီလိုဆိုရင် ဘာကို တောင့်တပါသလဲ၊ ကျွန်မ ဖြည့်ဆည်းပေးပါ့မယ်"ဟုပြောလျှင် သူဌေးကြီးက "နတ်သမီး . . . သင် ဒီလိုဖြည့်ဆည်းပေးနိုင်တာ သင့်ရဲ့တန်ခိုးကြောင့်လား၊ ကျွန်ုပ်ရဲ့ ကောင်းမှုကုသိုလ်တွေကြောင့်လား"ဟု မေးလေ၏။

ထိုအခါ နတ်သမီးက "ခရီးမထွက်ခင်ပစ္စေကဗုဒ္ဓါတစ်ပါးကို ထီး၊ ဖိနပ်လှူခဲ့တဲ့ ကောင်းမှုကုသိုလ်ကြောင့် ဖြစ်တယ်"ဟု ဖြေကြား၏။ ထိုအခါ သူဌေးကြီးက "ကောင်းပြီ၊ ဒါဆိုရင် လေနှင်ရာကို ကောင်းကောင်း ဆောင်နိုင်ပြီး ရေမဝင်နိုင်တဲ့ ရွက်သဘော်တစ်စီး လိုချင်ပါတယ်"ဟု တောင်းဆိုလိုက်၏။ထိုအခါ နတ်သမီးသည် ရတနာခုနစ်ပါးဖြင့် စီခြယ်ထားသော သဘော်တစ်စီးကို ဖန်ဆင်းပေးကာ သူဌေးကြီးကို သဘော်ပေါ်သို့ တင်ပေးလိုက်လေ၏။ သူဌေးကြီးနှင့်အတူ အသက်ရှင်ကျန်ရစ်သော တပည့်တစ်ယောက်မှာ မတက်နိုင်ဘဲ ဖြစ်နေရာ သူဌေးကြီးက မိမိပြုလုပ်ခဲ့သော ကောင်းမှုကုသိုလ်ကို အမျှပေးဝေလိုက်သည်။ ထိုအခါ တပည့်သည် သာဓုခေါ်ဆို၍ ကုသိုလ်အမျှရကာ သဘော်ပေါ်သို့ တက်နိုင်သွား၏။ ထို့နောက် သူဌေးကြီးနှင့်တပည့်တို့သည် မိမိတို့နေထိုင်ရာ မောဠိနီမြို့သို့ ပြန်ခဲ့လေတော့သည်။

မှီငြမ်း။ ။ သခ်ၤဇာတ်၊ ပုံတော်စုံ ငါးရာငါးဆယ်ဇာတ်ဝတ္ထု၊တတိယတွဲ၊ ၆၀၂။ ဇာ၊ ၄၊ ၄၊ ၁၅။

www.dhammaransi.com

❁ အောက်ပါမေးခွန်းများကို မေးပါ။

- သူဌေးကြီးက ဘယ်လိုအလှူတွေ ပြုလုပ်လေ့ရှိလဲ။
- သူဌေးကြီးက နောက်ထပ်အလှူတွေ ဆက်လုပ်နိုင်ဖို့အတွက် ဘယ်လို စဉ်းစားခဲ့သလဲ။
- သူဌေးကြီးဟာ ဘယ်ကို ဘယ်လို ခရီးထွက်ခဲ့သလဲ။
- သူဌေးကြီး ဒုက္ခရောက်မှာကို သိတဲ့ ပစ္စေကဗုဒ္ဓါဟာ ဘယ်လို ဆုံးဖြတ်ချက် ချခဲ့သလဲ။
- ပစ္စေကဗုဒ္ဓါကို သူဌေးကြီးက ဘာတွေ လှူလိုက်လဲ။ ဘယ်လို လှူသလဲ။
- အန္တရာယ်ဖြစ်မှာကို ကြိုသိလို့ သူဌေးကြီးက လှူလိုက်တာလား။
- နတ်သမီးက ဘာဖြစ်လို့ သူဌေးကြီးကို ချက်ချင်းမကယ်တာလဲ။
- နောက်ဆုံး သူဌေးကြီး ဘာဖြစ်သွားသလဲ။ ဘာကြောင့်လဲ။
- သူဌေးကြီး အသက်ချမ်းသာရာ ရသွားတာဟာ ဘာကြောင့်လဲ။

စာသင်ချိန် (၃) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ မရှိ။

သင်ယူမှုလုပ်ငန်းစဉ်

❁ "သားတို့သမီးတို့ . . . အလှူဒါန ပြုခြင်းကြောင့် ရရှိတဲ့ အကျိုးငါးပါး ရှိတယ်။ သိကြသလား"ဟု မေး၍ ကလေးများ သိသမျှ မှတ်စုစာအုပ်တွင် ရေးကြပါစေ။

❁ ထို့နောက် ကလေးငါးယောက်ခန့်က အတန်းရှေ့ထွက်၍ ပြောကြပါစေ။ လိုအပ်လျှင် ဆရာက အောက်ပါ ဒါန အကျိုးငါးပါးကို သင်ပုန်းပေါ်တွင် ရေး၍ ရှင်းပြပါ။

ဒါနအကျိုး ငါးပါး

- အသက်ရှည်ခြင်း
- အဆင်းလှခြင်း
- ချမ်းသာကြီးခြင်း
- အခြံအရံ အကျော်အစော ရှိခြင်း
- အရှိန်အဝါ သြဇာကြီးမားခြင်း

(အံ၊ ၂၊ ၂၇။ အံ၊ မြန် ၂၊ ၃၇)

❁ ထို့နောက် အောက်ပါမေးခွန်းကို မေးပါ။

- ဒါနအကျိုးငါးပါးထဲက ဘယ်အကျိုးတွေကို ဇာတ်လမ်းထဲက သူဌေးကြီး ချက်ချင်းရရှိသွားသလဲ။

❁ ကလေးများ ဖြေပြီးလျှင် အောက်ပါ "ဒါနအကျိုး ငါးသွယ်" ကဗျာကို စုပေါင်း ရွတ်ဆိုကြပါစေ။

ဒါနအကျိုး ငါးပါး
အသက်ရှည်စွာ၊ လွန်ချမ်းသာရ
အဆင်းလှပြီး၊ သြဇာကြီးမား
ခြံရံများမယ်၊ ဤငါးသွယ်က
ဒါနအလှူ၊ ဖြူစေတနာ
အကျိုးပါတည်း။ ။

❁ "သားတို့သမီးတို့ . . . အခုဆိုရင် ဒါနအကျိုးငါးပါးကို သိသွားကြပြီ။ ဒီတော့ နောက်ဆိုရင် အလှူဒါနတွေ ပြုတဲ့အခါတိုင်း ဒီအကျိုးငါးပါးကို ယုံကြည်ပြီးတော့ ပြုလုပ်ကြရမယ်"ဟု ပြော၍ စာသင်ချိန်ကို အဆုံးသတ်ပါ။

www.dhammaransi.com

စာသင်ချိန် (၄) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ အလှူဒါန ပြုကြမယ် ကဗျာ။

သင်ယူမှုလုပ်ငန်းစဉ်

- "သားတို့သမီးတို့ . . . ဇာတ်လမ်းထဲမှာ သူဌေးကြီးက ဘာတွေ လှူဒါန်းခဲ့သလဲ။ ဘယ်သူ့ကို လှူဒါန်းခဲ့တာလဲ။ ဘယ်လို စိတ်ထားမျိုးနဲ့ လှူဒါန်းခဲ့တာလဲ"ဟု မေးမြန်း စာသင်ချိန်ကို စတင်ပါ။
- ထို့နောက် အုပ်စု (၅)စု ဖွဲ့၍ အောက်ပါမေးခွန်းကို အုပ်စုလိုက် ဆွေးနွေးကြပါစေ။
  - သားတို့သမီးတို့ရော ဘယ်သူတွေကို ဘာတွေ လှူဒါန်းချင်သလဲ။ ဘယ်လို စိတ်ထားမျိုးနဲ့ လှူဒါန်းချင်တာလဲ။ ဘာကြောင့်လဲ။
- ဆွေးနွေးပြီးလျှင် အုပ်စုကိုယ်စားလှယ်တစ်ဦးစီက အတန်းရှေ့ထွက်၍ တင်ပြကြပါစေ။
- ပြီးလျှင် ဆရာက အောက်ပါအတိုင်း အနှစ်ချုပ်၍ "အလှူဒါန ပြုကြမယ်" ကဗျာကို စုပေါင်းရွတ်ပါ။

အလှူဒါန ပြုကြမယ်
ပေးကမ်း စွန့်ကြဲ လှူဒါန်းတာ၊
မြတ်သော ဒါနပါ။
စေတနာ ကောင်းစွာထား၊
ကုသိုလ်အလွန်များ။
သူတစ်ပါးလည်း စိတ်ချမ်းသာ၊
ကိုယ်လည်း စိတ်ချမ်းသာ။
အကျိုးမှာ ဘယ်မနေး၊
ဇကန် မုချပေး။ ။

- ထို့နောက် ဆရာက အောက်ပါအတိုင်း အနှစ်ချုပ်၍ သင်ခန်းစာကို အဆုံးသတ်ပါ။
"ဗုဒ္ဓဘာသာဟာ လက်တွေ့ကျတယ်။ သူများက မှန်တယ်လို့ ပြောတိုင်း မှန်တယ်ဆိုပြီး လက်ခံတဲ့ ဘာသာ မဟုတ်ဘူး။ ဥပမာအနေနဲ့ ပြောရရင် . . . သားတို့သမီးတို့က ဆာလောင်ငတ်မွတ်နေတဲ့ သူတစ်ယောက်ကို ကြင်ကြင်နာနာနဲ့ ထမင်းအဝကျွေးလိုက်မယ်ဆိုရင် အဲဒီသူဟာ အသက်ရှည်သွားမယ်၊ ရုပ်အဆင်း ပြည့်ဖြိုးသွားမယ်၊ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာသွားမယ်။ အဲဒီသူဟာ အဲဒီလို အကျိုးတွေ ရသွားသလိုပဲ လှူလိုက်တဲ့ သားတို့သမီးတို့မှာလည်း အဲဒီအကျိုးတွေ မတောင်းရဘဲနဲ့ ပြန်ရကြမှာ သေချာတယ်။ ဒါ့အပြင် သူများကို ကူညီလှူဒါန်းတတ်သူကို လူအများကလည်း ချစ်ခင်နှစ်သက်ကြတယ်။ ကိုယ်ပြောလိုက်တဲ့ စကားကိုလည်း လေးလေးစားစားနဲ့ နားထောင်ပြီး လိုက်နာ ဆောင်ရွက်တတ်ကြတယ်။ ဒါကြောင့် သားတို့သမီးတို့ဟာ စိတ်ထားဖြူဖြူစင်စင်နဲ့ အလှူဒါနတွေကို တတ်နိုင်သလောက် လုပ်သွားကြရမယ်"

www.dhammaransi.com

သင်ခန်းစာ (၂၂)

သင်ခန်းစာခေါင်းစဉ် ။ ။ သြကာသ ကန်တော့ချိုးဆိုင်ရာ သိမှတ်ဖွယ်ရာများ (၁)

သင်ယူမှုဦးတည်ချက် ။ ။ သြကာသ ကန်တော့ချိုးဆိုင်ရာ သိမှတ်ဖွယ်ရာများကို သိရှိပြီး စနစ်တကျ ရှိခိုးကန်တော့တတ်ကြစေရန်။

စာသင်ချိန် (၁) ။ ။ ၃၀ မိနစ်။

သင်ထောက်ကူပစ္စည်း ။ ။ စာရွက်လွတ်များ။

သင်ယူမှုလုပ်ငန်းစဉ်

- အောက်ပါမေးခွန်းများဖြင့် စာသင်ချိန်ကို စတင်ပါ။
  - သားတို့သမီးတို့ . . . နေ့တိုင်း ဘုရားရှိခိုးကြသလား။
  - ဘုရားရှိခိုးတဲ့အခါ ဘယ်လိုရွတ်ဆိုပြီး ရှိခိုးကြသလဲ။
    (သြကာသ ကန်တော့ချိုး)
- ထို့နောက် စုပေါင်း၍ သြကာသကန်တော့ချိုးကို ညီညာစွာ ရွတ်ဆိုကြပါစေ။ (အဖြတ်အတောက် မှန်ကန်စွာ ရွတ်ဆိုတတ်စေရန် ဆရာက ကူညီပေးပါ။)
- ပြီးနောက် အုပ်စု (၅)စု ဖွဲ့၍ အောက်ပါမေးခွန်းများကို အုပ်စုလိုက် ဆွေးနွေးတိုင်ပင်ကြစေကာ စာရွက်လွတ်တွင် ရေးကြပါစေ။
  - သြကာသ ကန်တော့ချိုးကို ဘယ်လို နားလည်လဲ။
  - သြကာသကန်တော့ချိုးနဲ့ ဘယ်သူတွေကို ရှိခိုးတာလဲ။ ဘာကြောင့် ရှိခိုးကြတယ်လို့ ထင်သလဲ။
- ဆွေးနွေးပြီးလျှင် အုပ်စုကိုယ်စားလှယ်တစ်ဦးစီက တင်ပြကြပါစေ။
- ကလေးများ တင်ပြသမျှကို ဆရာက မှတ်သားထားပြီး "နောက်စာသင်ချိန်မှာ သြကာသကန်တော့ ချိုးဆိုင်ရာ အကြောင်းအရာတွေကို လေ့လာကြမယ်"ဟု ပြော၍ စာသင်ချိန်ကို အဆုံးသတ်ပါ။

စာသင်ချိန် (၂) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ကျောင်းသားကိုင်စာအုပ်ပါ သြကာသ ကန်တော့ချိုးဆိုင်ရာ သိမှတ်ဖွယ်ရာများ အကြောင်းနှင့် သရုပ်ဖော်ပုံများ။

သင်ယူမှုလုပ်ငန်းစဉ်

- ကလေးများကို စာသင်ချိန်(၁)အတိုင်း အုပ်စု (၅)စုထား၍ သြကာသ ကန်တော့ချိုးဆိုင်ရာ သိမှတ်ဖွယ်ရာများကို ဖတ်ကြပါစေ။

သြကာသ ကန်တော့ချိုးဆိုင်ရာ သိမှတ်ဖွယ်ရာများ (၁)

သြကာသ ကန်တော့ချိုး

သြကာသ၊ သြကာသ၊ သြကာသ၊ ကာယကံ၊ ဝစီကံ၊ မနောကံ သဗ္ဗဒေါသ ခပ်သိမ်းသော အပြစ်တို့ကို ပျောက်ပါစေခြင်းအကျိုးငှာ ပထမ၊ ဒုတိယ၊ တတိယ၊ တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်မြောက်အောင် ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ ရတနာမြတ်သုံးပါး (နှင့်တကွ မိဘ၊ ဆရာသမား)တို့ကို အရိုအသေ အလေးအမြတ် လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။

ကန်တော့ရသော အကျိုးအားကြောင့် အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပတ္တိတရား

www.dhammaransi.com

လေးပါး၊ ဗျာသနတရားငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍ မင်္ဂလာတရား၊ ဖိုလ်တရား၊ နိဗ္ဗာန် တရားတော်မြတ်ကို ရပါလို၏၊ အရှင်ဘုရား။

သြကာသ ခေါ်ဆိုပုံ

သြကာသသည် ပါဠိစကားဖြစ်၏။ "ရှိခိုးပါရစေ၊ ခွင့်ပြုတော်မူပါ"ဟု ခွင့်တောင်းခြင်းကို သြကာသဟု ခေါ်သည်။ လေးနက်စေရန် သုံးကြိမ် ရွတ်ဆိုရခြင်း ဖြစ်သည်။

ကံသုံးပါး

၁။ ကာယကံ = ကိုယ်ဖြင့် ပြုလုပ်ခြင်းကို ကာယကံ ဟုခေါ်သည်။

၂။ ဝစီကံ = နှုတ်ဖြင့် ပြောဆိုခြင်းကို ဝစီကံ ဟုခေါ်သည်။

၃။ မနောကံ = စိတ်ဖြင့် ကြံစည်ခြင်းကို မနောကံ ဟုခေါ်သည်။

ရတနာမည်ပုံ

စိတ်နလုံးကို မွေ့လျော်စေတတ်၊ နှစ်သက်မြတ်နိုးခြင်းကို ဖြစ်စေတတ်သော သက်ရှိ၊ သက်မဲ့ အရာဝတ္ထု၊ ဟူသမျှသည် "ရတနာ" မည်၏။

စိန်၊ ရွှေ၊ ငွေ ကျောက်သံ ပတ္တမြားရတနာတို့သည် လောကရှိ လူအပေါင်းတို့၏ စိတ်နှလုံးကို နှစ်သက်စေတတ်၊ မွေ့လျော်ပျော်ရွှင်စေတတ်သောကြောင့် လောကီရတနာဟု ခေါ်ဆိုသည်။

ဘုရား၊ တရား၊ သံဃာတို့သည် လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့၏ စိတ်နှလုံးကို နှစ်သက်စေတတ်၊ မြတ်နိုးစေတတ်သောကြောင့် လောကုတ္တရာရတနာ ဟုခေါ်ဆိုသည်။

ဘုရား၊ တရား၊ သံဃာ

အလုံးစုံသော တရားတို့ကို အကုန်အစင် သိမြင်တော်မူသောကြောင့် ဘုရား ဟုခေါ်သည်။

အပါယ်ဆင်းရဲ၊ သံသရာဝဋ်ဆင်းရဲသို့ မကျရောက်အောင် စောင့်ရှောက်တတ်သော ဘုရားရှင်၏ အဆုံးအမကို တရားဟုခေါ်သည်။

ဘုရားရှင်၏ အဆုံးအမကို လိုက်နာကြ၍ အယူသီလတူမျှကြသော၊ သင်ယူ လက်ဆင့်ကမ်း ကျင့်သုံးလိုက်နာကြသော ရဟန်းတော်အပေါင်းကို သံဃာဟု ခေါ်သည်။

မာန်လျှော့

ရတနာသုံးပါး၊ မိဘ၊ ဆရာသမားတို့ကို မြင့်မြတ်ရာ၌ထား၍ မိမိ၌ရှိသော မာန်မာနတရားများကို လျှော့ချဖယ်ရှားထားခြင်းကို မာန်လျှော့သည်ဟု ခေါ်သည်။

ကန်တော့

ကိုယ်၊ နှုတ်၊ စိတ်တို့ဖြင့် ပြစ်မှားမိခဲ့သော် ထိုအပြစ်တို့ကို ကင်းပျောက်စေရန် လက်အုပ်မိုး၍ တောင်းပန်ဝန်ချခြင်းကို ကန်တော့သည် ဟုခေါ်သည်။

* ဖတ်ပြီးနောက် အုပ်စုကိုယ်စားလှယ်တစ်ဦးစီက နားလည်သည့်အတိုင်း ပြန်ပြောကြပါစေ။ လိုအပ်ပါလျှင် ဆရာက ဖြည့်စွက်ရှင်းပြပေးပါ။ ထို့နောက် အောက်ပါ မေးခွန်းများကိုမေးပါ။
  - သြကာသရဲ့ အဓိပ္ပာယ်ကို ဘယ်လို နားလည်သလဲ။
  - သြကာသကို ဘာကြောင့် သုံးကြိမ်ရွတ်ဆိုကြတာလဲ။
  - ကံသုံးပါးက ဘာတွေလဲ။
  - ဘာတွေကို ရတနာလို့ ခေါ်တာလဲ။ ဘာကြောင့်လဲ။

www.dhammaransi.com

- ရတနာမြတ်သုံးပါးက ဘာတွေလဲ။
- သူတို့ကို ဘာကြောင့် ရတနာမြတ်သုံးပါးလို့ ခေါ်တာလဲ။ ဘာကြောင့် ကန်တော့ကြတာလဲ။
- မာန်လျှော့ဆိုတာကို ဘယ်လိုနားလည်သလဲ။
- ကန်တော့တယ်ဆိုတာ ဘာကို ပြောတာလဲ။

စာသင်ချိန် (၃) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ထိခြင်းငါးပါးဖြင့် ရှိခိုးခြင်း ကဗျာ။

သင်ယူမှုလုပ်ငန်းစဉ်

- ထိခြင်းငါးပါးကို မှတ်မိခြင်း ရှိမရှိ ကလေးများအား ပြန်လည် မေးမြန်းပြီး အောက်ပါ "ထိခြင်းငါးပါးဖြင့် ရှိခိုးခြင်း" ကဗျာကို (ဆရာက သင်ပုန်းတွင် ရေးထားပါ။) စုပေါင်း၍ ပြန်လည်ရွတ်ဆိုကြပါစေ။

ထိခြင်း ငါးပါးဖြင့် ရှိခိုးခြင်း
လက်အုပ်ကိုပင် ကြာငုံသွင်၊ အရင်ပြုလုပ်ပါ။
ခြေချ လက်ချ၊ ဒူး တံတောင်ချ၊
နဖူးချကာ ဦးချပါ။

- ထို့နောက် သြကာသကန်တော့ချိုးကို ညီညီညာညာ ပြန်လည်ရွတ်ဆိုစေ၍ ထိခြင်းကြီးငါးပါးဖြင့် လက်တွေ့ ရှိခိုး ဦးချကြပါစေ။
- ပြီးနောက် ဆရာက အောက်ပါမေးခွန်းကို ဆက်မေးပါ။ ဖြေဆိုချင်သော ကလေးများကို လက်ထောင်ခိုင်းပြီး အလှည့်ကျ ဖြေကြပါစေ။
  - ရတနာမြတ်သုံးပါးနဲ့ မိဘ၊ ဘိုးဘွား၊ ဆရာသမားတို့ကို သြကာသ ကန်တော့ချိုးနဲ့ ဘာကြောင့် ရှိခိုးကြတယ်လို့ ထင်သလဲ။
- ကလေးများပြောသမျှကို ဆရာက သင်ပုန်းတွင် မှတ်တမ်းတင်ထားပြီး လိုအပ်လျှင် ဖြည့်စွက်၍ အနှစ်ချုပ်ပေးပါ။

စာသင်ချိန် (၄) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ စာရွက်အပိုင်းလေးများ။

သင်ယူမှုလုပ်ငန်းစဉ်

- အောက်ပါမေးခွန်းဖြင့် စာသင်ချိန်ကို စတင်ပါ။ ကလေးတိုင်းကို စာရွက်ပိုင်းလေးများ ဝေပေးပြီး အဖြေကို ရေးကြပါစေ။
  - ရတနာမြတ်သုံးပါး၊ မိဘ၊ ဘိုးဘွား၊ ဆရာသမားတို့ကို ကန်တော့ရတဲ့အတွက် သားတို့သမီးတို့မှာ ချက်ချင်း ဘယ်လို ခံစားရမယ်၊ ဘယ်လိုအကျိုးတွေ ရရှိမယ်လို့ ထင်သလဲ။
- အားလုံးရေးပြီးပါက အတန်းရှေ့ထွက်၍ ဖတ်ပြပြီး သင်ပုန်းပေါ်တွင် ကပ်ကြပါစေ။
- နောက်ဆုံးတွင် ဆရာက "ရတနာမြတ်သုံးပါး၊ မိဘ၊ ဘိုးဘွား၊ ဆရာသမားတို့ကို သြကာသကန်တော့ချိုးနဲ့ ရှိရှိသေသေ စနစ်တကျ ဘယ်လို ရှိခိုးရမယ်ဆိုတာ သိသွားကြပြီ၊ ဒီတော့ နေ့စဉ်နေ့တိုင်း ရှိခိုးကြပါ။ နေ့စဉ်နေ့တိုင်း ရှိခိုးကြတဲ့ သားလိမ္မာသမီးလိမ္မာလေးတွေ ဖြစ်ကြလိမ့်မယ်လို့ ယုံကြည်ပါတယ်"ဟု ပြော၍ သင်ခန်းစာကို အနှစ်ချုပ်ပါ။

www.dhammaransi.com

သင်ခန်းစာ (၂၃)

သင်ခန်းစာခေါင်းစဉ် ။ ။ သြကာသ ကန်တော့ချိုးဆိုင်ရာ သိမှတ်ဖွယ်ရာများ (၂)

သင်ယူမှုဦးတည်ချက် ။ ။ သြကာသ ကန်တော့ချိုးဆိုင်ရာ သိမှတ်ဖွယ်ရာများကို သိရှိပြီး ယုံယုံကြည်ကြည် ဘုရားရှိခိုးကြစေရန်။

စာသင်ချိန် (၁) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ကျောင်းသားကိုင်စာအုပ်ပါ သရုပ်ဖော်ပုံများ။

သင်ယူမှုလုပ်ငန်းစဉ်

- "သားတို့သမီးတို့ဟာ ရတနာသုံးပါးနဲ့ မိဘဆရာသမားတို့ကို သြကာသကန်တော့ချိုးနဲ့ ဘာကြောင့် ကန်တော့ကြတယ်ဆိုတာတွေ၊ သြကာသကန်တော့ချိုးဆိုင်ရာတွေ အတော်များများကို သိသွားကြပြီ၊ ဒီတစ်ခါတော့ ကန်တော့ခြင်းကြောင့် ရရှိတဲ့အကျိုးတရားတွေကို လေ့လာကြည့်ရအောင်"ဟု ပြော၍ စာသင်ချိန်ကို စတင်ပါ။
- ထို့နောက် ကျောင်းသားကိုင်စာအုပ်ပါ သရုပ်ဖော်ပုံများ (အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရန်သူမျိုး ငါးပါး၊ ဗျသနတရား ငါးပါးပုံများ)ကို တစ်ပုံချင်းစီ ထောက်ပြ၍ အောက်ပါ မေးခွန်းများကိုမေးပါ။
  - ဒီပုံက ဘာဖြစ်နေတဲ့ ပုံလို့ထင်လဲ။ အဲဒီအကြောင်းအရာကို ကြားဖူးလား/သိလား။ အဲဒီပုံထဲမှာ ဘယ်သူတွေကို တွေ့လဲ။ ဘာလုပ်နေကြတာလဲ။
- ပြီးလျှင် အောက်ပါစကားလုံးများကို ကြားဖူးခြင်း ရှိ၊ မရှိနှင့် မည်သို့နားလည်ကြောင်းကို မေးပါ။
  - အပါယ်လေးပါး၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်၊ ကပ် သုံးပါး၊ ရန်သူမျိုး ငါးပါး၊ ဝိပတ္တိတရား လေးပါး၊ ဗျသနတရားငါးပါး၊ မင်္ဂလာ၊ ဖိုလ်၊ နိဗ္ဗာန်။
    (စကားလုံးများကို မိတ်ဆက်ပေးခြင်းသာ ဖြစ်သည်။)
- "သားတို့သမီးတို့ . . . နောက်စာသင်ချိန်မှာ အထက်က စကားလုံးတွေရဲ့ အဓိပ္ပာယ်တွေကို လေ့လာကြရမယ်"ဟု ပြော၍ စာသင်ချိန်ကို အဆုံးသတ်ပါ။

စာသင်ချိန် (၂) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ကျောင်းသားကိုင်စာအုပ်ပါ သြကာသကန်တော့ချိုးဆိုင်ရာ သိမှတ်ဖွယ်ရာများအကြောင်းနှင့် သရုပ်ဖော်ပုံများ။

သင်ယူမှုလုပ်ငန်းစဉ်

- "စာသင်ချိန်(၁)က စကားလုံးတွေရဲ့ အဓိပ္ပာယ်တွေကို ကျောင်းသားကိုင်စာအုပ်ထဲမှာ ဖတ်ကြည့်ကြရမယ်။ မဖတ်တတ်တဲ့ စကားလုံးတွေကို သေသေချာချာ မှတ်ထားပါ။ ပြီးရင် ဆရာနဲ့ ပြန်ဆွေးနွေးကြမယ်"ဟု ပြော၍ ကလေးများ နားလည်သည်အထိ ဖတ်ကြပါစေ။

သြကာသ ကန်တော့ချိုးဆိုင်ရာ သိမှတ်ဖွယ်ရာများ (၂)

အပါယ်

ချမ်းသာကင်း၍ ကုသိုလ်ကောင်းမှု ပြုခွင့်မရသောအရပ်ကို အပါယ် ဟုခေါ်သည်။

အပါယ် လေးပါး

၁။ ငရဲ (ချမ်းသာမရှိ ဒုက္ခသာရှိသော ဘုံဌာန)

www.dhammaransi.com

၂။ တိရစ္ဆာန် (ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ ကြက်၊ ငှက်၊ ငါး၊ လိပ် စသော ကုန်းနေ၊ ရေနေ၊ ခြေလေးချောင်း၊ ခြေနှစ်ချောင်း သတ္တဝါတို့နှင့် မြွေစသော အခြေမရှိ သတ္တဝါများ)
၃။ ပြိတ္တာ (ချမ်းသာသုခတို့မှ ကင်းဝေးသော တစ္ဆေ၊ မှင်စာ၊ သရဲ၊ သဘက်၊ ကျတ်ကောင်)
၄။ အသူရကာယ် (လူနှင့်အလွန် ဝေးကွာသောမြစ်ကမ်း၊ သမုဒ္ဒရာ၊ တောတောင်တို့၌ နေရသော ပြိတ္တာအကြီးစား)

ကပ်

ပျက်စီးချိန်၊ ဘေးဆိုး ကျရောက်ချိန်ကို ကပ် ဟု ခေါ်သည်။

ကပ် သုံးပါး

၁။ သတ္တန္တရကပ် (ဓား၊ လုံ၊ လေး၊ မြား၊ သေနတ်၊ အမြောက် စသော လက်နက်များနှင့် သတ်ဖြတ်ကြ၍ သေကျေ ပျက်စီးရာ ကာလ)
၂။ ရောဂန္တရကပ် (အနာရောဂါ နိပ်စက်၍ သေကျေပျက်စီးရာ ကာလ)
၃။ ဒုဇ္ဘိက္ခန္တရကပ် (အစာရေစာ ငတ်မွတ်ခေါင်းပါး၍ သေကျေပျက်စီးရာ ကာလ)

ရပ်ပြစ်

မင်၊ ဖိုလ်၊ နိဗ္ဗာန်တို့ကို မရနိုင်ခြင်း ဟုဆိုအပ်သော အပြစ်များရှိသည့် အရပ်ကို ရပ်ပြစ် ဟုခေါ်သည်။

ရပ်ပြစ် ရှစ်ပါး

၁။ ငရဲ
၂။ တိရစ္ဆာန်
၃။ ပြိတ္တာ
၄။ အသညသတ်နှင့် အရူပဗြဟ္မာ (ခန္ဓာကိုယ်ရှိသော်လည်း စိတ်မရှိသော ဗြဟ္မာနှင့် စိတ်သာရှိ၍ ခန္ဓာကိုယ်မရှိသော ဗြဟ္မာများ။ ၄င်းတို့သည် ဘုရားပွင့်သော်လည်း တရားမနာနိုင်ကြ၍ ရပ်ပြစ်ရှစ်ပါး၌ ကျရောက်နေသူများဖြစ်ကြသည်။)
၅။ ပစ္စန္တရစ် (ဘုရားရှင်နှင့် ရဟန်းတော်များ မရောက်နိုင်သော အစွန်အဖျား အရပ်ဒေသ)
၆။ မိစ္ဆာဒိဋ္ဌိ (တရားမှန်ကို မသိဘဲ မှားသော အယူရှိသူ)
၇။ တရားကို နားလည်လောက်သော ဉာဏ်မရှိသူ
၈။ သာသနာပ ကာလ၌ လူဖြစ်ရသူ။

ရန်သူ

မိမိအကျိုး ပျက်ပြားအောင် ပြုလုပ်သောသူကို ရန်သူ ဟုခေါ်သည်။

ရန်သူမျိုး ငါးပါး

၁။ ဇရဲ
၂။ မီး
၃။ မင်းဆိုး
၄။ ခိုးသူ
၅။ အမွေခံ သားသမီးဆိုး။

ဝိပတ္တိ

ဖောက်ပြန်ခြင်းကို ဝိပတ္တိ ဟုခေါ်သည်။

www.dhammaransi.com

ဝိပတ္တိတရား လေးပါး

၁။ ကာလဝိပတ္တိ (မင်းဆိုး၊ မင်းယုတ် အုပ်စိုးသောကာလ)
၂။ ဂတိဝိပတ္တိ (အပါယ်လေးပါးဌ ဖြစ်ရခြင်း)
၃။ ဥပဓိဝိပတ္တိ (ကိုယ်အင်္ဂါကြီးငယ် ချို့တဲ့ခြင်း)
၄။ ပယောဂဝိပတ္တိ (လုပ်ဆောင်မှု မှားယွင်းခြင်း)

ဗျသန

ပျက်စီးဆုံးပါးခြင်းကို ဗျသန ဟုခေါ်သည်။

ဗျသနတရား ငါးပါး

၁။ ဉာတိဗျသန (ဆွေမျိုးသားချင်းများ ပျက်စီးခြင်း)
၂။ ဘောဂဗျသန (စည်းစိမ်ဥစ္စာပျက်စီးခြင်း)
၃။ ရောဂဗျသန (အနာရောဂါနှိပ်စက်၍ ပျက်စီးခြင်း)
၄။ သီလဗျသန (ကိုယ်ကျင့်သီလပျက်စီးခြင်း)
၅။ ဒိဋ္ဌိဗျသန (အယူလွဲမှား၍ ပျက်စီးခြင်း)

မင်္ဂ၊ ဖိုလ်

နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော တရားလမ်းကို မင်္ဂ ဟုခေါ်သည်။

မင်္ဂ၏ အကျိုးတရားကို ဖိုလ် ဟုခေါ်ပါသည်။

နိဗ္ဗာန်

ဒုက္ခခပ်သိမ်းတို့၏ ကုန်ဆုံးရာ အေးငြိမ်းချမ်းသာသော သဘောကို နိဗ္ဗာန် ဟုခေါ်သည်။

- ကလေးများ မဖတ်တတ်သော စကားလုံးများကို ဆရာက ရွတ်ဆိုပြပြီးနောက် ကလေးများကို ဖတ်တတ်သည်အထိ သင်ပေးပါ။
- ဥပမာ - သတ္တန္တရကပ် = သတ်တန်တရ ကပ်။
  ဒုဿီကန္တရကပ် = ဒုစ်ဘိက်ခန်တရ ကပ်။

- အောက်ပါမေးခွန်းများကို မေးပါ။
  - အပါယ် ဆိုတာ ဘာလဲ။ အပါယ် ဘယ်နှမျိုး ရှိသလဲ။
  - ကပ် ဆိုတာ ဘာလဲ။ ကပ် ဘယ်နှမျိုး ရှိသလဲ။
  - ရပ်ပြစ် ဆိုတာ ဘာလဲ။ ရပ်ပြစ် ဘယ်နှမျိုး ရှိသလဲ။
  - ရန်သူ ဆိုတာ ဘာလဲ။ ရန်သူ ဘယ်နှမျိုး ရှိသလဲ။
  - ဝိပတ္တိ ဆိုတာ ဘာလဲ။ ဝိပတ္တိ ဘယ်နှမျိုး ရှိသလဲ။
  - ဗျသန ဆိုတာ ဘာလဲ။ ဗျသန ဘယ်နှမျိုး ရှိသလဲ။
  - မင်္ဂ၊ ဖိုလ်ရဲ့ အဓိပ္ပာယ်က ဘာလဲ။
  - နိဗ္ဗာန်ရဲ့ အဓိပ္ပာယ်က ဘာလဲ။

www.dhammaransi.com

စာသင်ချိန် (၃) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ မဲလိပ် ငါးလိပ်။

သင်ယူမှုလုပ်ငန်းစဉ်

- ကလေးများကို အုပ်စု (၅)စု ဖွဲ့ပါ။ ပြီးနောက် အပါယ်လေးပါး၊ ကပ် သုံးပါး၊ ရပ်ပြစ် ရှစ်ပါး၊ ရန်သူမျိုး ငါးပါးနှင့် ဝိပတ္တိတရား လေးပါး၊ ဗျာသနတရား ငါးပါးအမည်များဖြင့် မဲလိပ် ငါးလိပ် လုပ်ပြီး မဲနှိုက်ကြပါစေ။ ကျရာခေါင်းစဉ် အလိုက် အောက်ပါမေးခွန်းများကို အုပ်စုလိုက် ဆွေးနွေးကြပါစေ။
  - အပါယ်လေးပါးက ဘာတွေလဲ၊ ဘာကြောင့် မရောက်ချင်တာလဲ။
  - ကပ်သုံးပါးက ဘာတွေလဲ၊ ဘာကြောင့် ကင်းလွတ်ချင်တာလဲ။
  - ရပ်ပြစ်ရှစ်ပါးက ဘာတွေလဲ၊ ဘာကြောင့် ကင်းလွတ်ချင်တာလဲ။
  - ရန်သူမျိုး ငါးပါးနှင့် ဝိပတ္တိတရား လေးပါးက ဘာတွေလဲ၊ ဘာကြောင့် ကင်းလွတ်ချင်တာလဲ။
  - ဗျာသနတရားငါးပါးက ဘာတွေလဲ၊ ဘာကြောင့် ကင်းလွတ်ချင်တာလဲ။
- အုပ်စုအားလုံး ဆွေးနွေးပြီးလျှင် အုပ်စုကိုယ်စားလှယ်တစ်ဦးစီက အတန်းရှေ့ ထွက်၍ တင်ပြကြပါစေ။
- ထို့နောက် ဆရာက "ဒီမကောင်းတဲ့ အဖြစ်တွေကနေ ကင်းလွတ်ပြီး မင်၊ ဖိုလ်၊ နိဗ္ဗာန်ကို ရောက်ရှိရန် ရည်ရွယ်ချက်နဲ့ ရှိခိုး ကန်တော့်ကြခြင်း ဖြစ်တယ်"ဟု ပြော၍ စာသင်ချိန်ကို အဆုံးသတ်ပါ။

စာသင်ချိန် (၄) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ စာရွက်လွတ်များ။

သင်ယူမှုလုပ်ငန်းစဉ်

- ကလေးများကို စာသင်ချိန် (၃)အတိုင်း အုပ်စု (၅)စု ထားပါ။ ထို့နောက် အောက်ပါမေးခွန်းကိုမေး၍ အုပ်စုလိုက် ဆွေးနွေးပြီး အဖြေကို စာရွက်လွတ်တွင် ရေးကြပါစေ။
  - ရှိခိုးရုံနဲ့ အပါယ်လေးပါး၊ ကပ်သုံးပါးစတဲ့ မကောင်းတဲ့ အဖြစ်တွေကနေ လွတ်ပြီး မင်၊ ဖိုလ်၊ နိဗ္ဗာန်ကို ရရှိနိုင်သလား။ ဘာတွေ လက်တွေ့လုပ်ဖို့ လိုသလဲ။
    (မျှော်မှန်းအဖြေ = အလှူဒါန ပြုခြင်း(ဒါန)၊ သီလ စောင့်ထိန်းခြင်း(သီလ)၊ တရားအားထုတ်ခြင်း (ဘာဝနာ) အလုပ်တွေကို ကြိုးစား လုပ်ဆောင်ရမယ် . . . စသည်)
- ပြီးလျှင် အုပ်စုကိုယ်စားလှယ် တစ်ဦးစီက တင်ပြကြပါစေ။
- ထို့နောက် ဆရာက "သားတို့သမီးတို့ . . . ရတနာသုံးပါးနဲ့ မိဘ၊ ဘိုးဘွား၊ ဆရာသမားတို့ကို သြကာသ ကန်တော့ချိုးနဲ့ ကန်တော့တဲ့အခါ သူတို့ရဲ့ ဂုဏ်ကျေးဇူးတွေကို အစဉ်အောက်မေ့ပြီး ထိခြင်းငါးပါးနဲ့ ကန်တော့ကြရမယ်။ အဲဒီလို ကန်တော့ရတဲ့အတွက်ကြောင့် မကောင်းတဲ့ အဖြစ်တွေအားလုံးမှ ကင်းလွတ်ကြပါစေ။ ဒုက္ခအားလုံး ကင်းငြိမ်းတဲ့ နိဗ္ဗာန်ကိုလည်း ရရှိနိုင်ကြပါစေ၊ နိဗ္ဗာန်ကို ရရှိစေမယ့် ကောင်းတဲ့အလုပ်တွေကိုလည်း လုပ်ဆောင်နိုင်ကြပါစေ"ဟု ဆုတောင်းပေး၍ သင်ခန်းစာကို အနှစ်ချုပ်ပါ။

www.dhammaransi.com

သင်ခန်းစာ (၂၄)

သင်ခန်းစာခေါင်းစဉ် ။ ။ ပေါက်ပင်နှင့် ညောင်ပင်

သင်ယူမှုဦးတည်ချက် ။ ။ မိမိအကျိုး ပျက်စီးစေမည့်အရာများကို ကြိုတင်ကာကွယ်တားဆီး သင့်ကြောင်း သိရှိစေရန်။

စာသင်ချိန် (၁) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ စာရွက်လွတ်များ။

သင်ယူမှုလုပ်ငန်းစဉ်

- "သားတို့သမီးတို့ . . . သစ်ပင်ကြီးတစ်ပင်အပေါ်မှာ အခြားအပင်တစ်ပင် ကပ်ပေါက်နေတာကို မြင်ဖူးသလား။ ဘာပင်တွေဖြစ်မလဲ"ဟု မေးကာ စာသင်ချိန်ကို စတင်ပါ။
- ကလေးများ ပြောသမျှ အပင်အားလုံးကို ဆရာက သင်ပုန်းပေါ်တွင် မှတ်တမ်းတင်ထားပါ။
- ထို့နောက် ကလေးများကို အုပ်စု (၅)စု ဖွဲ့ပါ။ ပြီးနောက် "နဂိုရှိပြီးသားအပင်ကို အခြားအပင်က လာကပ်ပေါက်ရင် အဲဒီအပင် ဘာဖြစ်သွားမလဲ၊ လာကပ်ပေါက်တဲ့ အပင်က ဘယ်လို ဖြစ်လာမလဲ" ဟု မေး၍ ကလေးများ အုပ်စုလိုက် ဆွေးနွေးကြပါစေ။ ကလေးများ၏ ဆွေးနွေးမှု ရလဒ်များကို အောက်ပါ နမူနာပုံစံအတိုင်း ဖော်ပြကြပါစေ။

မူလအပင်	ကပ်ပေါက်တဲ့ အပင်

- ဆွေးနွေးပြီးလျှင် ကိုယ်စားလှယ်တစ်ဦးစီက အတန်းရှေ့ထွက်၍ တင်ပြကြပါစေ။
- ထို့နောက် ကလေးများအား "သားတို့သမီးတို့ ဆွေးနွေးထားတဲ့ အကြောင်းအရာနဲ့ ပတ်သက်တဲ့ ဇာတ်လမ်းလေး တစ်ပုဒ်ကို နောက်တစ်ချိန်မှာ လေ့လာကြမယ်"ဟု ပြော၍ စာသင်ချိန်ကို အဆုံးသတ်ပါ။

စာသင်ချိန် (၂) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ကျောင်းသားကိုင်စာအုပ်ပါ ဇာတ်လမ်းနှင့် သရုပ်ဖော်ပုံများ။

သင်ယူမှုလုပ်ငန်းစဉ်

- ဇာတ်လမ်းကို ကလေးများကိုယ်တိုင် ဖတ်ကြပါစေ။

ပေါက်ပင်နှင့် ညောင်ပင်

ရှေးလွန်လေပြီးသောအခါ ဘုရားအလောင်းတော်သည် ရွှေဟင်္သာမျိုးဌ မင်းဖြစ်လေ၏။ ရွှေဟင်္သာမင်းသည် စိတ္တာကုဋ္ဌတောင် ရွှေဂုဟာနေထိုင်၍ ဟိမဝန္တာတောရှိ ရေအိုင်ကြီးအနီးတွင် ပေါက်လျက်ရှိသည့်သလေးစပါးများကို သွားရောက်စားသောက်လေ့ရှိသည်။ စိတ္တာကုဋ္ဌတောင်နှင့် ဟိမဝန္တာကြားတွင် ပေါက်ပင်ကြီးတစ်ပင်ရှိ၏။ ရွှေဟင်္သာမင်းသည် အသွားအပြန်ခရီးများ၌ ထိုပေါက်ပင်တွင် တစ်ခဏမျှ နားနေတတ်၏။ အချိန်ကြာလာသောအခါ ရွှေဟင်္သာမင်းသည် ထိုပေါက်ပင်ရှိ ရုက္ခစိုးနတ်နှင့် မိတ်ဆွဖြစ်လာသည်။

www.dhammaransi.com

တစ်နေ့သ၌ ငှက်မတစ်ကောင်သည် ညောင်သီးမှည့်ကိုစားလာ၍ ပေါက်ပင်ခွကြားတွင် ခေတ္တနားနေရင်း ကျင်ကြီးစွန့်ချခဲ့ရာ အချိန်တန်သောအခါ ကျင်ကြီးတွင်ပါလာသော ညောင်စေ့မှ အပင်ပေါက်လာ၏။ ညောင်ပင်သည် တဖြည်းဖြည်းကြီးထွားလာကာ အနီရောင်ရွက်ညွှန့်ကလေးများဖြင့် တင့်တယ်လျက်ရှိသည်။

တစ်နေ့တွင် ရွှေဟင်္သာမင်းသည်ပေါက်ပင်၌နားနေစဉ် ထိုညောင်ပင်ငယ်ကို မြင်တွေ့လေလျှင် အန္တရာယ်ကို ကြိုမြင်သဖြင့် ပေါက်ပင်စောင့်နတ်အား "အဆွေ . . . ညောင်ပင်တို့မည်သည် အရွယ် ရောက်လာလျှင် မိမိမှိုခိုရာ သစ်ပင်ကို ဖျက်ဆီးတတ်၏၊ ထို့ကြောင့် ဤညောင်ပင်ကို ကြီးခွင့်မပေးလင့်၊ သင့်ဗိမာန်ကို သူမဖျက်ဆီးနိုင်မီ ဦးစွာ နှုတ်ပစ်ပါလော့"ဟု သတိပေး၏။

သို့သော် ပေါက်ပင်စောင့်နတ်သည် ရွှေဟင်္သာမင်း၏ သတိပေးစကားကို အလေးမထားဘဲ "အဆွေဟင်္သာမင်း . . . ညောင်ပင်ငယ်လေးသည် ငှက်ကို မှီခို၍ ရှင်သန်ကြီးထွားလာရ၏။ ဤညောင်ပင်ငယ်လေး ကြီးချင်သလောက် ကြီးပါစေ၊ မိဘများသည် သားသမီးတို့၏ မှီခိုအားထားရာ ဖြစ်သကဲ့သို့ ငါသည်လည်း ဤညောင်ပင်ငယ်လေး၏ မှီခိုအားထားရာ ဖြစ်ပါမည်၊ နောင်သောအခါ ဤညောင်ပင်လေးသည် ငါ၏ မှီခိုအားထားရာ တစ်ဖန် ဖြစ်လာပေလိမ့်မည်"ဟု ပြန်ပြောလိုက်၏။ ရွှေဟင်္သာမင်းလည်း သတိပေးစကားကို မနာယူသော မိတ်ဆွေ ပေါက်ပင်စောင့်နတ်ကို ထားရစ်ခဲ့ပြီး မိမိနေထိုင်ရာ အရပ်သို့ ပြန်သွားလေ၏။ ထိုအချိန်မှစ၍ ပေါက်ပင်သို့ လာရောက်နားခိုခြင်းလည်း မရှိတော့ပေ။

ညောင်ပင်ငယ်သည် နှစ်ကာလ ကြာမြင့်လေလျှင် အကိုင်းအခက်တို့ဖြင့် တဖြည်းဖြည်း ကြီးထွားလာရာ ပေါက်ပင်ကို ဝါးမျိုသွားလေ၏။ ပေါက်ပင်မှာလည်း အခက်အလက်များ အပိုင်းပိုင်း ပြတ်ကျသွားသဖြင့် ပေါက်ပင်စောင့်နတ်၏ ဘုံဗိမာန်သည် ပျက်စီးရလေသည်။ ထို့နောက် ညောင်ပင်ကို အပိုင်စားရသော ညောင်ပင်စောင့်နတ်တစ်ပါးလည်း ဘုံဗိမာန်နှင့်တကွ ဖြစ်ပေါ်လာ၏။

နောက်ဆုံးတွင် ပေါက်ပင်ပျောက်၍ ညောင်ပင်ကြီးသာ ကျန်လေသည်။ ထိုအခါ ပေါက်ပင်စောင့်နတ်သည် ဖြစ်လာမည့်ဘေးကိုမြင်၍ ပြောသော ရွှေဟင်္သာမင်း၏ သတိပေးစကားကို ပြန်လည်ကြားယောင်မိကာ မိတ်ဆွေ ရွှေဟင်္သာမင်း၏ စကားကို မနာယူခဲ့သည်မှာ မှားလေခြင်းဟု တွေး၍ ငိုကြွေးရှာလေတော့၏။

မှီငြမ်း။ ။ ပလာသဇာတ်၊ ပုံတော်စုံ ငါးရာငါးဆယ်ဇာတ်ဝတ္ထု၊ တတိယတွဲ၊ စာ - ၈၄။ ဇာ၊ ဋ္ဌ၊ ၃။ ၁၉၄-၁၉၇။

- အောက်ပါမေးခွန်းများကို မေးပါ။
  - ပေါက်ပင်ပေါ်မှာ ညောင်ပင်က ဘယ်လို ပေါက်လာတာလဲ။
  - ရွှေဟင်္သာမင်းက ပေါက်ပင်စောင့်နတ်ကို ဘယ်လို သတိပေးသလဲ။ ဘာကြောင့် အဲဒီလို သတိပေးတာလဲ။
  - ပေါက်ပင်စောင့်နတ်က ဘယ်လို ပြန်ပြောလိုက်သလဲ။
- ကလေးများ ဖြေပြီးလျှင် အောက်ပါမေးခွန်းနှစ်ခုကို ဘေးကသူငယ်ချင်း တစ်ယောက်နှင့် အပြန်အလှန် ဆွေးနွေးကြပါစေ။
  - ရွှေဟင်္သာမင်းရဲ့ သတိပေးစကားကို သားတို့သမီးတို့ဆိုရင်ရော လက်ခံကြမလား။ ဘာကြောင့်လဲ။
  - ပေါက်ပင်စောင့်နတ် ပြန်ပြောတဲ့အကြောင်းအရာတွေကို သားတို့သမီးတို့ဆိုရင်ရော လက်ခံကြမလား။ ဘာကြောင့်လဲ။
- ပြီးနောက် ကလေး(၂)ဦးခန့်က တစ်တန်းလုံးကို ပြန်လည်တင်ပြကြပါစေ။
- နောက်ဆုံးတွင် ဆရာက မိမိအကျိုးကို ပျက်စီးစေမည့် အရာမှန်သမျှကို သတိနှင့် ကြိုတင်၍ ကာကွယ်တားဆီးသင့်ကြောင်း အနှစ်ချုပ်ပြောပြပါ။

www.dhammaransi.com

စာသင်ချိန် (၃) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ စာရွက်လွတ်များ။

သင်ယူမှုလုပ်ငန်းစဉ်

- "သားတို့သမီးတို့ . . . ဇာတ်လမ်းထဲက ပေါက်ပင်စောင့်နတ်ဟာ ကျရောက်လာမယ့် အန္တရာယ်ကို ကြိုတင်မကာကွယ်ခဲ့လို့ ပျက်စီးခဲ့ရတယ်ဆိုတာ သိခဲ့ရပြီးပြီ"ဟု ပြော၍ စာသင်ချိန်ကို စတင်ပါ။
- ကလေးများကို စာသင်ချိန် (၁)အတိုင်း အုပ်စု (၅)စု ထားပါ။ ထို့နောက် အောက်ပါမေးခွန်းကို မေး၍ အုပ်စုလိုက် ဆွေးနွေးကြပါစေ။
  - သားတို့ သမီးတို့ကို ပျက်စီးစေမယ့် အရာတွေက ဘာတွေလဲ။ အဲဒါတွေကို ဘယ်လိုရှောင်မလဲ။
- ပြီးလျှင် ကိုယ်စားလှယ်တစ်ဦးစီက တင်ပြကြပါစေ။
- တင်ပြချက်များထဲမှ အရေးကြီးသောအချက်များကို ဆရာက မှတ်သား၍ လိုအပ်လျှင် ဖြည့်စွက် အနှစ်ချုပ်ပါ။

စာသင်ချိန် (၄) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ မရှိ။

သင်ယူမှုလုပ်ငန်းစဉ်

- "သားတို့သမီးတို့ကို ပျက်စီးစေမယ့် အကြောင်းအရာတွေကို ဘယ်လို ကာကွယ်ကြမလဲဆိုတာ ဆွေးနွေးခဲ့ပြီးပြီ၊ နောက်ထပ် ဖြစ်ရပ်လေးတွေကို စဉ်းစားသုံးသပ်ပြီး ဖြေကြည့်ရအောင်"ဟု ပြော၍ စာသင်ချိန်ကို စတင်ပါ။
- ပြီးခဲ့သော စာသင်ချိန်မှ အုပ်စုအတိုင်းထား၍ အောက်ပါဖြစ်ရပ်များကို ကလေးတစ်ဦးက တစ်ခုချင်းစီ ဖတ်ပြပါ။ ပြီးလျှင် မေးခွန်းကို အုပ်စုလိုက် ဆွေးနွေးကြပါစေ။
- ဖြစ်ရပ် (၁)

  မောင်မောင်နဲ့ စိုးကျော်တို့ဟာ အလွန်ခင်ကြတဲ့ သူငယ်ချင်းတွေ ဖြစ်ကြတယ်။ သူတို့ဟာ ပဋ္ဌမတန်း ကျောင်းသားလေးများ ဖြစ်ကြတယ်။ သူတို့ရွာမှာ ပဋ္ဌမတန်းမရှိတော့ အခြားရွာကို ကျောင်းသွားတက်ရတယ်။ သူတို့နစ်ယောက်မှာ မောင်မောင်က စာကြိုးစား၊ ကျောင်းမှန်မှန်တက်လို့ စာတော်တယ်။ စိုးကျော်ကတော့ ခဏခဏ ကျောင်းပြေးတယ်။ စာလည်း မကြိုးစားဘူး။ တစ်နေ့မှာ စိုးကျော်က မောင်မောင့်ကို သူနဲ့အတူ ကျောင်းပြေးဖို့ ခေါ်တယ်။ မောင်မောင်က ကျောင်းပြေးဖို့ လုံးဝဆန္ဒမရှိဘူး။ ဒါပေမယ့် စိုးကျော်ဟာ ငယ်ငယ်ကတည်းက ပေါင်းလာတဲ့ သူငယ်ချင်း ဖြစ်နေတော့ မောင်မောင့်အတွက် ငြင်းဖို့လည်း ခက်နေတယ်။
  - မောင်မောင် ဘယ်လိုလုပ်မယ် ထင်သလဲ။ ဘာကြောင့်လဲ။
- ဖြစ်ရပ် (၂)

  ချစ်စုဟာ မနက်ဖြန် လပတ်စာမေးပွဲအတွက် စာကျက်ဖို့ ပြင်ဆင်နေတယ်။ အဲဒီအချိန်မှာ ချစ်စု အစ်မရဲ့သူငယ်ချင်းတွေ ရောက်လာပြီး သီချင်းတွေ အကျယ်ကြီးဖွင့်၊ စကားတွေလည်း အကျယ်ကြီး ပြောနေကြတယ်။ အဲဒီအခါမှာ ချစ်စုလည်း စာကျက်လို့ မရတော့ဘဲ စိတ်တိုလာတယ်။
  - ချစ်စု ဘာလုပ်မယ် ထင်သလဲ။ ဘာကြောင့်လဲ။
- ပြီးလျှင် အုပ်စုကိုယ်စားလှယ်တစ်ဦးစီက တင်ပြကြပါစေ။ (တင်ပြချက်အပေါ်တွင် မူတည်ပြီး မိမိအကျိုးကို မထိခိုက်အောင် ကာကွယ်သည့်အခါတွင် အခြားသူ၏ အကျိုးကိုလည်း ထိခိုက်စေခြင်း ရှိ၊ မရှိကိုပါ ထည့်သွင်းစဉ်းစားနိုင်အောင် ဆရာက မေးခွန်းများဖြင့် ပံ့ပိုးပေးပါ။)
- နောက်ဆုံးတွင် ဆရာက "သားတို့သမီးတို့ . . . မိမိအကျိုးကို ထိခိုက်လာနိုင်တဲ့ ကိစ္စတွေကို ဖြေရှင်းတဲ့အခါမှာ သူတစ်ပါးအကျိုးရော၊ မိမိအကျိုးပါ မထိခိုက်အောင် ဖြေရှင်းသင့်တယ်"ဟု ပြော၍ သင်ခန်းစာကို အနှစ်ချုပ်ပါ။

www.dhammaransi.com

သင်ခန်းစာ (၂၅)

သင်ခန်းစာခေါင်းစဉ် ။ ။ မဟာဓန သူဌေးသား

သင်ယူမှုဦးတည်ချက် ။ ။ နောင်တ ဆယ်ပါးကို သိရှိနားလည်ပြီး လုပ်သင့်လုပ်တိုက်သော အလုပ်များကို အချိန်အခါ အခွင့်အရေးပေးခိုက်တွင် လုပ်ဆောင်တတ်စေရန်။

စာသင်ချိန် (၁) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ မရှိ။

သင်ယူမှုလုပ်ငန်းစဉ်

- "သားတို့သမီးတို့ . . . ချမ်းသာချင်ကြလား။ ဘာကြောင့်လဲ။ မချမ်းသာချင်တဲ့ သူရောရှိလား။ ဘာကြောင့်လဲ"ဟု မေး၍ စာသင်ချိန်ကို စတင်ပါ။
- ထို့နောက် အောက်ပါမေးခွန်းများကို မေး၍ မိမိဘေးမှ သူငယ်ချင်းနှင့် နှစ်ယောက်တစ်တွဲ အပြန်အလှန် ဆွေးနွေးကြပါစေ။
  - ဆင်းရဲတာကနေ ချမ်းသာသွားတဲ့သူတွေ ရှိသလား။ ဘာကြောင့် သူတို့ ချမ်းသာသွားကြတာလဲ။
    (မျှော်မှန်းအဖြေ = ပွဲစားလုပ်လို့၊ အမွေရလို့၊ အလုပ်ကောင်းရလို့၊ အလုပ်ကြိုးစားလို့၊ ရှေးဘဝက ကုသိုလ်ကောင်းမှု ပြုခဲ့လို့၊ ထီပေါက်လို့၊ သူဌေးနဲ့ ရလို့ . . . စသည်)
  - ချမ်းသာတာကနေ ဆင်းရဲသွားတဲ့သူတွေရော တွေ့ဖူးလား။ ဘာကြောင့် ဆင်းရဲသွားကြတာလဲ။
    (မျှော်မှန်းအဖြေ = ဥပဒေနဲ့ မလွတ်ကင်းတဲ့အလုပ် လုပ်လို့၊ လောင်းကစားလုပ်လို့၊ အလုပ် မလုပ်လို့၊ အသောက်အစား အပျော်အပါးများလို့၊ အလိမ်ခံရလို့၊ ပညာမတတ်လို့၊ ဆုံးဖြတ်ချက် မှားလို့ . . . စသည်)
- ဆွေးနွေးပြီးလျှင် အတန်းရှေ့ထွက်၍ တစ်တွဲစီ အလှည့်ကျ ပြောကြပါစေ။ ထို့နောက် ဆရာက အထက်ပါ မျှော်မှန်းအဖြေများ ပါဝင်အောင် အနှစ်ချုပ်ပေးပါ။

စာသင်ချိန် (၂) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ကျောင်းသားကိုင်စာအုပ်ပါ ဇာတ်လမ်းနှင့် သရုပ်ဖော်ပုံများ။

သင်ယူမှုလုပ်ငန်းစဉ်

- "သားတို့သမီးတို့ . . . အခု ဇာတ်လမ်းလေးတစ်ပုဒ် ဖတ်ကြည့်ရအောင်။ ဇာတ်လမ်းထဲက အဓိက ဇာတ်ကောင်ဟာ ဘယ်လို လူမျိုးလဲ၊ ဘာတွေ လုပ်ခဲ့သလဲ၊ ဘာဖြစ်သွားလဲ ဆိုတာ ပြန်ဆွေးနွေးကြမယ်"ဟု ဆိုကာ ကလေးများကိုယ်တိုင် ဖတ်ကြပါစေ။

မဟာဓန သူဌေးသား

ဘုရားရှင်လက်ထက်တော်အခါက ဗာရာဏသီမြို့၌ ကုဋေရှစ်ဆယ် ကြွယ်ဝချမ်းသာသော သူဌေးကြီး ဇနီးမောင်နှံတွင် "မဟာဓန"ဟု ခေါ်သည့် သားတစ်ယောက်ရှိသည်။ မိခင်ဖခင်တို့သည် သားငယ်ကို ချစ်မြတ်နိုးလှသဖြင့် မည်သည့်ပညာကိုမျှ မသင်စေဘဲ အတီးအမှုတ် အကအခုန်စသည့် အပျော်အပါးတို့ဖြင့်သာ အချိန်ကုန်စေသည်။ သူဌေးကြီးက "တို့မှာ စည်းစိမ်ဥစ္စာရတနာတွေ အများကြီးရှိတယ်၊ ဘာအလုပ်မှမလုပ်ဘဲ သားငယ် အလိုရှိသမျှ သုံးနိုင်တယ်"ဟု တွေး၍ သားငယ်အား မည်သည့်အလုပ်မျှ လုပ်ကိုင်စေခြင်း မရှိပေ။ မဟာဓန အရွယ်ရောက်လာသည့်အခါ မိမိတို့ကဲ့သို့ပင် ကုဋေရှစ်ဆယ်ကြွယ်ဝ ချမ်းသာသော သူဌေးသမီးတစ်ယောက်နှင့် လက်ထပ် ထိမ်းမြားပေးလေသည်။

နှစ်ဖက်မိဘများ ကွယ်လွန်သွားသောအခါ မဟာဓနသူဌေးသားမှာ ကုဋေတစ်ရာ့ခြောက်ဆယ် ကြွယ်ဝလာလေ

www.dhammaransi.com

သည်။ သို့သော် စီးပွားဥစ္စာတိုးပွားကြောင်း မည်သည့်အလုပ်ကိုမျှ မလုပ်ဘဲ အတီးအမှုတ် အကအခုန်စသည့် အပျော်အပါးများဖြင့်သာ အချိန်ကုန်နေခဲ့၏။ တစ်နေ့တွင် သူဌေးသားသည် အခြွေအရံများနှင့် ထွက်လာရာ လမ်းတွင် အရက်သမားများနှင့် ဆုံမိကြသည်။ အရက်သမားများက သူဌေးသားကို မိုခိုစားသောက်လိုသည့်အတွက် "သူဌေးမင်း သက်တော်ရာကျော် ရှည်ပါစေ"စသည်ဖြင့် နှုတ်ဆက်မိတ်ဖွဲ့ကြသည်။

မိမိ၏ အလုပ်အကျွေးများကလည်း "အရက်ဟာ လောကမှာ အကောင်းဆုံး အဖျော်ယမကာ ဖြစ်ပေတယ် အရှင့်သား"ဟု ပြောပြကြသဖြင့် သူဌေးသားသည် မြည်းစမ်းသောက်ကြည့်ရာမှ အရက်စွဲသွားလေသည်။ ထိုအချိန်မှစ၍ သူဌေးသားသည် အရက်သမားများနှင့်ပေါင်း၍ သောက်စားမူးယစ်နေသည်။ ပစ္စည်းဥစ္စာများကိုလည်း စည်းကမ်းမရှိသုံးဖြုန်းပစ်သည့်အတွက် မိဘအမွေများအားလုံး ကုန်ခန်းသွားလေ၏။ ထို့နောက် ဇနီးဘက်မှရရှိသော အမွေများကိုလည်း သုံးဖြုန်းပစ်ပြန်သည်။

အမွေအားလုံး ကုန်သွားသောအခါ လယ်ယာ၊ ကျွဲနွား၊ ခြံမြေ၊ အဝတ်အထည်၊ အိုး၊ ခွက် စသည်တို့ကို ရောင်းချစားသောက်ပစ်ပြန်သည်။ အသက်အရွယ်ကြီးရင့်လာချိန်တွင် ရောင်းချစားသောက်စရာ မရှိတော့သဖြင့် အိမ်ကိုပင် ရောင်းလိုက်ကြရသည်။ ထို့ကြောင့် နေစရာမရှိတော့ဘဲ သူတစ်ပါး၏ အိမ်ဘေးတွင် မှီခို၍ နေကြရ၏။ စားစရာလည်းမရှိ၊ စီးပွားလည်း မရှာတတ်သဖြင့် တောင်းရမ်းစားသောက်ကာ အသက်မွေးရတော့သည်။ တစ်နေ့တွင် မဟာဓနတို့ ဇနီးမောင်နှံသည် ဘုရားရှင်၏ ဆွမ်းစားဇရပ်သို့ ရောက်လာကာ ကိုရင်ငယ်များ စွန့်သော ဆွမ်းကျန်၊ ဟင်းကျန်များကို တောင်းရမ်း စားသောက်နေရသည့် အဖြစ်ကို ဘုရားရှင် မြင်တော်မူသောအခါ ပြုံးတော်မူသည်။

ထိုအခါ အရှင်အာနန္ဒာက ပြုံးတော်မူသော အကြောင်းရင်းကို မေးလျှောက်သောအခါ "ချစ်သားအာနန္ဒာ . . . ဒီသူဌေးသားဟာ ပထမအရွယ်မှာစီးပွားရှာခဲ့ရင် ဟောဒီဇရာဏသိမြို့မှာ ပထမတန်းစား သူဌေးကြီးတစ်ဦး ဖြစ်နိုင်တယ်၊ ဒုတိယအရွယ်မှာ စီးပွားရှာခဲ့ရင် ဒုတိယတန်းစား သူဌေးကြီး ဖြစ်နိုင်တယ်၊ တတိယအရွယ်မှာ စီးပွားရှာခဲ့ရင် တတိယတန်းစား သူဌေးကြီး ဖြစ်နိုင်သေးတယ်၊ လူဘောင်ကနေ ရှောင်ခွာပြီး ရဟန်းပြုရင်လည်း ဇနီးမောင်နှံနစ်ဦးစလုံး အကျွတ်တရား ရနိုင်တယ်၊ ခုတော့ သူဟာ လူလောကစည်းစိမ်ချမ်းသာကိုရော လောကုတ္တရာချမ်းသာကိုပါ လက်လွှတ်ဆုံးရှုံးရပြီ၊ သူဟာ အရွယ်ရှိတုန်း အချိန်အခါ အခွင့်အရေးပေးတုန်းမှာ လုပ်သင့်တဲ့ အလုပ်တွေကို မလုပ်ခဲ့ဘူး၊ ဒါ့ကြောင့် အကျိုးစီးပွားမှန်သမျှ ဆုံးရှုံးခဲ့ရတယ်၊ အခုတော့ သူတို့နစ်ဦးဟာ ငါးမရှိတဲ့ ညွှန်အိုင်မှာ အတောင်ကျွတ်တဲ့ ကြိုးကြာ အိုလို ငေးမှိုင်နေရတယ်၊ ရှေးဖြစ်ဟောင်း ချမ်းသာတွေကို ညည်းတွား အောက်မေ့ပြီးသာ နေရတော့တယ်"ဟု မိန့်ကြားတော်မူသည်။

မှိငြမ်း။ ။ မဟာဓနသူဌေးသားဝတ္ထု။ ဓမ္မပဒဝတ္ထု၊တတိယတွဲ၊ ၃၁၄။ ဓမ္မ၊ ၄၊ ၂။ ၈၁။

- အောက်ပါမေးခွန်းများ မေးပါ။
  - သူဌေးသားရဲ့အမည် ဘယ်လိုခေါ်လဲ။
  - သူဌေးသားဟာ ဘာကြောင့် ပညာမသင်ခဲ့ရတာလဲ။
  - မဟာဓနသူဌေးသားဟာ ဘယ်သူတွေနဲ့ မိတ်ဆွေဖြစ်သွားလဲ။
  - မဟာဓနသူဌေးသားဟာ နောက်ဆုံးမှာ ဘာဖြစ်သွားလဲ။ ဘာကြောင့်လဲ။
  - မြတ်စွာဘုရားက မဟာဓနသူဌေးသား၏ အဖြစ်ကိုမြင်ပြီး အရှင်အာနန္ဒာကို ဘယ်လို မိန့်တော်မူခဲ့သလဲ။
  - ဒီဇာတ်လမ်းထဲက မဟာဓနသူဌေးသားလို မဖြစ်အောင် သားတို့သမီးတို့အနေနဲ့ ဘာတွေ ကြိုတင်ပြီး လုပ်ကြမလဲ။

www.dhammaransi.com

စာသင်ချိန် (၃) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ နောင်တ ဆယ်ပါး ရေးထားသော စာရွက်ကြီး။

သင်ယူမှုလုပ်ငန်းစဉ်

- "သားတို့သမီးတို့ . . . အရွယ်ရှိတုန်း၊ အချိန်အခါ အခွင့်အရေးပေးတုန်းမှာ လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်တွေကို မလုပ်ရင် နောင်တရတတ်တယ်ဆိုတာ မဟာဓန သူဌေးသားဇာတ်လမ်းထဲမှာ သိခဲ့ပြီးပြီ"ဟု ပြော၍ စာသင်ချိန်ကို စတင်ပါ။
- ထို့နောက် မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော (စာရွက်ကြီးပေါ်တွင် ရေးထားသော) နောင်တ ဆယ်ပါးကို ဆရာက ပြောပြပါ။

နောင်တ ဆယ်ပါး

၁။ ငယ်ရွယ်စဉ် ဥစ္စာကို ရှာဖွေစုဆောင်းမှု မပြုခြင်း။
၂။ ငယ်ရွယ်စဉ် အသက်မွေးဝမ်းကျောင်းအတတ်ကို သင်ယူမထားခြင်း။
၃။ ကောက်ကျစ်မှု၊ ကုန်းချောစကားပြောဆိုမှု၊ ကြမ်းကြုတ်မှု၊ လာဘ်စားမှု၊ ရုန့်ရင်းစကားပြောဆိုမှုကို ပြုမိခြင်း။
၄။ သူ့အသက်သတ်မှုကို ပြုမိခြင်း။
၅။ သူတစ်ပါးသားမယား၌ ပြစ်မှားမှု ပြုမိခြင်း။
၆။ စားဖွယ်သောက်ဖွယ်များစွာရှိလျက် အလှူဒါန မပြုမိခြင်း။
၇။ တတ်နိုင်ပါလျက် မိဘကို မလုပ်ကျွေးမိခြင်း။
၈။ ဖခင်၏ ဆုံးမစကားကို နားမထောင်မိခြင်း။
၉။ သီလရှိသော ရဟန်းသံဃာတို့ကို မဆည်းကပ်၊ မလုပ်ကျွေးမိခြင်း။
၁၀။ ကိုယ်ကျင့်သီလကို လုံခြုံအောင် မစောင့်ထိန်းမိခြင်း။

(ဇာတက၊ ၁။ ၂၄၇။) (ဇာ၊ ၎၊ ၄။ ၁၇၈။)

- ပြီးလျှင် အောက်ပါမေးခွန်းများကို အုပ်စု (၅)စုအား မေး၍ ဆွေးနွေးစေပြီး ကိုယ်စားလှယ်တစ်ဦးစီက ပြောပြကြပါစေ။
  - မဟာဓနသူဌေးသား ရခဲ့တဲ့ နောင်တတွေဟာ နောင်တ ဆယ်ပါးထဲက ဘယ်လို နောင်တမျိုးတွေလဲ။
  - သားတို့သမီးတို့အတွက် ဘယ်လိုနောင်တတွေမဖြစ်ဖို့ အရေးကြီးတယ် ထင်သလဲ။
- ထို့နောက် ဆရာက နောင်တ ဆယ်ပါးလုံးသည် အရေးကြီးပြီး ရှောင်ရှားသင့်ကြောင်း ပြောပြ၍ စာသင်ချိန်ကို အနှစ်ချုပ်ပါ။

www.dhammaransi.com

စာသင်ချိန် (၄) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ နောင်တ ဆယ်ပါး ရေးထားသော မဲလိပ်များ။

သင်ယူမှုလုပ်ငန်းစဉ်

- "အခုဆိုရင် ကလေးတို့လည်း နောင်တ ဆယ်ပါးကို သိရှိသွားပြီ။ အဲဒီ နောင်တတွေ မဖြစ်ရအောင် သားတို့သမီးတို့ အနေနဲ့ ဒီအသက်အရွယ်ကစပြီး ဘာတွေ လုပ်ဆောင်သင့်တယ်ဆိုတာ ဆွေးနွေးကြရအောင်"ဟု ပြောရှိ စာသင်ချိန်ကို စတင်ပါ။
- ထို့နောက် ကလေးများကို အုပ်စု (၅)စု ဖွဲ့ပြီး နောင်တ ဆယ်ပါးထဲမှ အချက်နှစ်ချက်စီကို အုပ်စု ကိုယ်စားလှယ် တစ်ဦးစီအား မဲနှိုက်စေပြီးလျှင် မိမိတို့ကျရာ အချက်နှစ်ချက်ကို အောက်ပါမေးခွန်းများဖြင့် ဆွေးနွေးကြပါစေ။
  - အဲဒီအချက်တွေကိုသာ မရှောင်နိုင်ခဲ့ရင် နောင်အခါ ဘယ်လို ဆိုးကျိုးတွေ ရလာနိုင်မလဲ။
  - အဲဒီအချက်တွေကိုသာ ရှောင်နိုင်ခဲ့ရင် နောင်အခါ ဘယ်လို ကောင်းကျိုးတွေ ရလာနိုင်မလဲ။

- ကလေးများ ဆွေးနွေးပြီးနောက် မိမိတို့၏ ရလဒ်များကို အတန်းသားအားလုံးသို့ မျှဝေပြောပြ ကြပါစေ။
- နောက်ဆုံးတွင် ဆရာက "သားတို့သမီးတို့ . . . ဘဝမှာ ပြုသင့်တာတွေကို ပြုလုပ်မိဖို့၊ မပြုသင့်တာတွေကို ရှောင်ရှားဖို့ သတိထားကြရမယ်၊ ဘယ်အလုပ်ကိုလုပ်လုပ် နောင်တ ဆယ်ပါးကို ဆင်ခြင်ဖို့ လိုအပ်တယ်"ဟု ပြောရှိ သင်ခန်းစာကို အဆုံးသတ်ပါ။

www.dhammaransi.com

သင်ခန်းစာ (၂၆)

သင်ခန်းစာခေါင်းစဉ် ။ ။ အချိန်ကို စီမံခြင်း

သင်ယူမှုဦးတည်ချက် ။ ။ အချိန်ကို အကျိုးရှိရှိ အသုံးပြုတတ်စေရန်။

စာသင်ချိန် (၁) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ မရှိ။

သင်ယူမှုလုပ်ငန်းစဉ်

❁ အောက်ပါ မေးခွန်းများဖြင့် စာသင်ချိန်ကို စတင်ပါ။

- သားတို့သမီးတို့ တစ်နေ့တာ ဘာတွေ လုပ်ကြသလဲ။
- ဖေဖေမေမေတို့ရော တစ်နေ့တာ ဘာတွေ လုပ်ကြသလဲ။

❁ ကလေးတစ်ဦးချင်းစီ ဖြေစေပြီး မတူညီသောအချက်များကို ဆရာက သင်ပုန်းတွင် မှတ်တမ်းတင်ပေးပါ။

❁ ထို့နောက် အောက်ပါမေးခွန်းကို ဆက်မေးပါ။

(ပြောချင်သော ကလေးများ အလှည့်ကျ ပြောကြပါစေ။)

- ဓမ္မစကူးလ်ကို လာတဲ့လမ်းမှာ လူတွေ ဘာလုပ်နေတာ တွေ့ခဲ့သလဲ။

❁ ကလေးများ ပြောသမျှကို မှတ်တမ်းတင်ထားပြီး ဆရာက အောက်ပါအတိုင်း အနှစ်ချုပ်ပါ။

"သားတို့သမီးတို့ရော၊ ဖေဖေမေမေတို့ရော၊ လူတွေအားလုံးရော တစ်နေ့တာ အလုပ်တွေ လုပ်ကြရတယ်။ ဆရာတို့၊ သားတို့သမီးတို့ ကိုးကွယ်တဲ့ မြတ်စွာဘုရားရှင်ဟာလည်း တစ်နေ့တာမှာ အလုပ်တွေ အများကြီး လုပ်တယ်။ မြတ်စွာဘုရား ဘယ်လို လုပ်ခဲ့တယ်ဆိုတာကို လေ့လာကြည့်ရအောင်။"

သင်ယူမှုလုပ်ငန်းစဉ်

စာသင်ချိန် (၂) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ကျောင်းသားကိုင်စာအုပ်ပါ မြတ်စွာဘုရား၏ တစ်နေ့တာ လုပ်ငန်းစဉ်များ အကြောင်းနှင့် သရုပ်ဖော်ပုံများ။

သင်ယူမှုလုပ်ငန်းစဉ်

❁ မြတ်စွာဘုရား၏ တစ်နေ့တာ လုပ်ငန်းစဉ်များအကြောင်းကို ကလေးများ ကိုယ်တိုင် ဖတ်ကြပါစေ။

မြတ်စွာဘုရား၏ တစ်နေ့တာ လုပ်ငန်းစဉ်များ

ဗုဒ္ဓမြတ်စွာသည် နေ့စဉ်လုပ်ငန်းများကို သတ်မှတ်ပိုင်းခြားထားသည့် အစီအစဉ်အတိုင်း စနစ်တကျ ဆောင်ရွက်တော်မူလေ့ရှိ၏။ ခန္ဓာကိုယ်အတွက် လိုအပ်ချက်များကို ဖြည့်ပေးနေရသည့် အချိန်မှတစ်ပါး အခြားအချိန်များ၌ တစ်နေ့တာပတ်လုံး လောကအကျိုးပြု လုပ်ငန်းများကိုသာ ဆောင်ရွက်တော်မူလေ့ရှိ၏။ ဗုဒ္ဓမြတ်စွာသည် မိမိ၏ နေ့စဉ်လုပ်ငန်းများကို အောက်ပါအတိုင်း ငါးပိုင်းခွဲ၍ ဆောင်ရွက်တော်မူလေ့ရှိသည်။ ယင်းတို့မှာ -

၁။ နံနက်ပိုင်း လုပ်ငန်းစဉ်
၂။ နေ့လယ်ပိုင်း လုပ်ငန်းစဉ်
၃။ ညဦးပိုင်း လုပ်ငန်းစဉ်
၄။ သန်းခေါင်ယံညဦးလယ်ပိုင်း လုပ်ငန်းစဉ်
၅။ မိုးသောက်ယံညဦးနှောင်းပိုင်း လုပ်ငန်းစဉ် တို့ဖြစ်သည်။

နံနက်ပိုင်း လုပ်ငန်းစဉ်များကို နံနက် ၄ နာရီမှ နေ့လယ် ၁၂ နာရီအထိပိုင်းခြားနိုင်သည်။ မြတ်စွာဘုရားသည်

www.dhammaransi.com

နံနက် ၄ နာရီ၌ ကျွန်းစက်အနားယူရာမှ ထတော်မူသည်။ ထို့နောက် ကိုယ်လက် သန့်စင်ခြင်း၊ မျက်နှာသစ်ခြင်း၊ သွားတိုက်ခြင်းစသည်တို့ကို ပြုလုပ်၍ ၁ နာရီနီးပါး ဖလသမာပတ်ဝင်စားတော်မူသည်။ နံနက် ၅ နာရီခန့်မှ ၆ နာရီခန့်အထိ အကူအညီလိုအပ်နေသူရှိ၊ မရှိ လောကကြီး တစ်ခုလုံးကို တန်ခိုးတော်ဖြင့် ကြည့်တော်မူ၏။ ၆ နာရီခန့်တွင် သင်္ကန်းကို သပ်ရပ်စွာ ဝတ်ရုံတော်မူ၍ ဆွမ်းခံကြွတော်မူသည်။ မြတ်စွာဘုရားသည် တစ်ခါတစ်ရံ တစ်ပါးတည်း ကြွတော်မူ၍ တစ်ခါတစ်ရံ နောက်ပါသံဃာတော်များစွာဖြင့် ကြွတော်မူ၏။ ဆွမ်းခံကြွရင်း လူတို့အား တရားဒေသနာများ ဟောကြားတော်မူသည်။

နေ့လယ်ပိုင်း လုပ်ငန်းစဉ်များကို ဆွမ်းဘုဉ်းပေးပြီးသော နေ့လယ် ၁၂ နာရီခန့်မှ ညနေ ၆ နာရီခန့်အထိ ပိုင်းခြားနိုင်၏။ ရှေးဦးစွာ မြတ်စွာဘုရားသည် ရဟန်းတော်များ မေးလျှောက်သော အမေးပုစ္ဆာများကို ဥပမာများနှင့်တကွ ကျိုးကြောင်းပြကာ ဖြေရှင်းပေးတော်မူသည်။ ထို့နောက် ခေတ္တ အနားယူတော်မူသည်။ အနားယူပြီးသောအခါ လောက တစ်ခုလုံးကို တန်ခိုးတော်ဖြင့် ကြည့်ရှုတော်မူ၏။ ထိုသို့ကြည့်သောအခါ တရားဟောသင့်သူတစ်ယောက်ကို ဖြစ်စေ၊ အများကိုဖြစ်စေ မြင်တော်မူလျှင် မည်မျှဝေးလံသော ဒေသဖြစ်စေကာမူ ကြွရောက်၍ တရားဟောတော်မူသည်။ ညနေပိုင်းတွင် မိမိထံ လာရောက်တရားနာသူများကို တရားဟောတော်မူသည်။

ည၌ဦးပိုင်း လုပ်ငန်းစဉ်များကို ညနေ ၆ နာရီခန့်မှ ည ၁၀ နာရီခန့်အထိ ပိုင်းခြားနိုင်သည်။ နေဝင်ချိန်တွင် ရေချိုးတော်မူသည်။ ညချမ်းအချိန်တွင် တရားအားထုတ်ပြီး ပြန်ကြွလာကြသော ရဟန်းတော်များ မေးမြန်းသည့် ပုစ္ဆာပြဿနာများကို ဖြေကြားတော်မူကာ လိုအပ်သည်များကို လမ်းညွှန်ပေးတော်မူသည်။ ရဟန်းတော်များ၏ အခက်အခဲပြဿနာများကို ဂရုပြု နားထောင်တော်မူပြီးနောက် မေးမြန်းသင့်သည်များကို ပြန်လည်မေးမြန်းကာ ဖြေရှင်းပေးတော်မူ၏။

သန်းခေါင်ယံ ည၌လယ်ပိုင်း လုပ်ငန်းစဉ်များကို ည ၁၀ နာရီခန့်မှ ၂ နာရီခန့်အထိ ပိုင်းခြားနိုင်သည်။ လူခြေတိတ်ချိန်ဖြစ်သဖြင့် မြတ်စွာဘုရားထံသို့ နတ်ပြဟ္မာများ လာရောက်ဖူးမြော်ကြကာ ပုစ္ဆာပြဿနာများ မေးလျှောက်၍ တရားတော်များ နာယူပါက ပြေလည်အောင် ဖြေရှင်းဟောကြားပေးတော်မူသည်။

မိုးသောက်ယံ ည၌နှောင်းပိုင်း လုပ်ငန်းစဉ်များကို ည ၂ နာရီခန့်မှ ၄ နာရီခန့်အထိ ပိုင်းခြားနိုင်သည်။ ထိုအချိန်အတွင်း မြတ်စွာဘုရားသည် စကြံလျှောက်တရားရှမှတ်တော်မူပြီး ခေတ္တမျှ ကျွန်းစက်အနားယူတော်မူသည်။

မြတ်စွာဘုရားသည် တစ်နေ့လျှင် ၂ နာရီခန့်သာ ကျွန်းစက်အနားယူတော်မူ၍ နာရီများစွာ အလုပ်လုပ်တော်မူသည်။ ဤသို့ဖြင့် မြတ်စွာဘုရားသည် လေးဆယ့်ငါးနှစ်ပတ်လုံး သတ္တဝါအများ တရားအသိ အမြင်ရရှိရေး၊ လောကငြိမ်းချမ်းရေးအတွက် မနေမနား ကြိုးပမ်းအားထုတ်တော်မူခဲ့လေသည်။

မှီငြမ်း။ ။ ဗုဒ္ဓဝင်အမေးအဖြေ၊ တောင်မြို့. မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး၊ ၁၀၃-၁၀၇။ မဟာဗုဒ္ဓဝင် စတုတ္ထတွဲ၊ ၄၄ - ၅၁၊ ဒီ၊ ဋ္ဌ၊ ၁၊ ၄၈။ အနှစ်ချုပ်ဗုဒ္ဓဝါဒနှင့် ဗုဒ္ဓဝါဒအခြေခြေပြ၊ ဓမ္မာစရိယ ဦးမောင်မောင်လေး၊ ၁၅၈ - ၁၆၂။

❁ ကလေးများကို အုပ်စု(၅)စု ဖွဲ့၍ အုပ်စုတစ်ခုစီအား အောက်ပါမေးခွန်းတစ်ခုစီ ပေးကာ ဆွေးနွေးကြပါစေ။

- မြတ်စွာဘုရား၏ မနက်ပိုင်း လုပ်ငန်းစဉ်က ဘာတွေလဲ။
- မြတ်စွာဘုရား၏ နေ့လယ်ပိုင်း လုပ်ငန်းစဉ်က ဘာတွေလဲ။
- မြတ်စွာဘုရား၏ ည၌ဦးပိုင်း လုပ်ငန်းစဉ်က ဘာတွေလဲ။
- မြတ်စွာဘုရား၏ သန်းခေါင်းယံ ည၌လယ်ပိုင်း လုပ်ငန်းစဉ်က ဘာတွေလဲ။
- မြတ်စွာဘုရား၏ မိုးသောက်ယံ ည၌နှောင်းပိုင်း လုပ်ငန်းစဉ်က ဘာတွေလဲ။

❁ ကလေးများ ဆွေးနွေးပြီးနောက် ကိုယ်စားလှယ်တစ်ဦးစီက တင်ပြကြပါစေ။ လိုအပ်လျှင် ဆရာက ပြည့်စုံအောင် ဖြည့်စွက်ပြောပေးပါ။

www.dhammaransi.com

စာသင်ချိန် (၃) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ စာရွက်လွတ်များ။

သင်ယူမှုလုပ်ငန်းစဉ်

- စာသင်ချိန်(၂)အတိုင်း အုပ်စုကိုထားပါ။
- ဆရာက "မြတ်စွာဘုရားဟာ တစ်နေ့တာအချိန်ကို သတ္တဝါကောင်းကျိုး၊ လောက ကောင်းကျိုးအတွက် အကျိုးရှိအောင် စီမံဆောင်ရွက်တယ်ဆိုတာ သိပြီးပြီ။ ကလေးတို့ရော တစ်နေ့တာအချိန်ကို အကျိုးရှိအောင် ဘယ်လို အသုံးပြုမလဲဆိုတာ စဉ်းစားဆွေးနွေးကြည့်ရအောင်"ဟု ပြောပြီး အောက်ပါလုပ်ငန်းစဉ်များကို အုပ်စုတိုင်းအား စာရွက်လွတ်တစ်ရွက်စီပေး၍ ဆွေးနွေးကြပါစေ။
  (၁) မနက်ပိုင်း
  (၂) နေ့လယ်ပိုင်း
  (၃) ညပိုင်း
- ဥပမာ -



- ပြီးနောက် ဆွေးနွေးမှု ရလဒ်များကို သင်ပုန်းတွင် လာ၍ကပ်စေပြီး ကိုယ်စားလှယ်တစ်ဦးစီက တင်ပြကြပါစေ။ ကျန်အုပ်စုဝင်များက မိမိတို့ သိလိုသော အကြောင်းအရာများကို မေးမြန်းဆွေးနွေးကြပါစေ။
- ဆရာက ကလေးများ၏ တင်ပြချက်များကို မှတ်သားထား၍ အောက်ပါအတိုင်း အနှစ်ချုပ်ပါ။
  "မနက်ပိုင်း၊ နေ့လယ်ပိုင်း၊ ညပိုင်း လုပ်ရမယ့် အလုပ်တွေကို သိပြီးသွားပြီဆိုတော့ သားတို့သမီးတို့ရဲ့ တစ်နေ့တာ အချိန်ကို အကျိုးရှိရှိ အသုံးပြုပြီး အကျိုးရှိတဲ့ အလုပ်တွေကို လုပ်နိုင်အောင် ကြိုးစားရမယ်"

www.dhammaransi.com

စာသင်ချိန် (၄) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ တစ်ပတ်တာ အချိန်ဇယား နမူနာပုံစံ။

သင်ယူမှုလုပ်ငန်းစဉ်

❁ "သားတို့သမီးတို့ . . . မြတ်စွာဘုရားရဲ့ တစ်နေ့တာ အချိန်ကိုစိမံပုံ၊ သူငယ်ချင်းတွေရဲ့ တစ်နေ့တာအချိန်ကို အကျိုးရှိရှိလုပ်ဆောင်ပုံတွေကို သိခဲ့ရပြီ၊ အခုတော့ သားတို့သမီးတို့ လုပ်ရမယ့် အလုပ်တွေကို တစ်ပတ်တာ အချိန်ဇယား ဆွဲကြည့်ရအောင်"ဟု ပြော၍ အောက်ပါ အချိန်ဇယားပုံစံအတိုင်း ကလေးများ၏ မှတ်စုစာအုပ်ထဲတွင် ဆွဲကြပါစေ။

..... ၏ တစ်ပတ်တာ အချိန်ဇယားနမူနာပုံစံ

အချိန်	တနင်္ဂနွေ	တနင်္လာ	အင်္ဂါ	ဗုဒ္ဓဟူး	ကြာသပတေး	သောကြာ	စနေ
နံနက် ၆ - နေ့လည် ၁၂ နာရီ							
နေ့လယ် ၁၂ - ညနေ ၆ နာရီ							
ညနေ ၆ - ည ၁၂ နာရီ							

❁ ထို့နောက် ဆွဲထားသော အချိန်ဇယားကို ကလေးတစ်ဦးချင်းစီက အလှည့်ကျ တင်ပြကြပါစေ။

❁ နောက်ဆုံးတွင် ဆရာက "အခု သားတို့သမီးတို့ ဆွဲထားတဲ့ အချိန်ဇယားကို အိမ်ယူသွားကြပါ၊ ဆွဲထားတဲ့ အချိန်ဇယားအတိုင်း ကိုယ်တိုင် လက်တွေ့လုပ်ကြည့်ကြပါ"ဟု တိုက်တွန်း၍ စာသင်ချိန်ကို အဆုံးသတ်ပါ။

www.dhammaransi.com

သင်ခန်းစာ (၂၇)

သင်ခန်းစာခေါင်းစဉ် ။ ။ လုံ့လဝီရိယ ထားကြမယ်

သင်ယူမှုဦးတည်ချက် ။ ။ အချိန်ရှိခိုက် လုံ့လစိုက်၍ ကြိုးစားကြစေရန်။

စာသင်ချိန် (၁) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ စာရွက်လွတ်များ။

သင်ယူမှုလုပ်ငန်းစဉ်

- ကလေးများကို အုပ်စု (၅)စု ဖွဲ့ပါ။
- ဆရာက ကြိုတင်ရေးထားသော အောက်ပါစကားလုံးများကို သုံး၍ အချင်းချင်းတိုင်ပင်စေကာ ဇာတ်လမ်းတစ်ပုဒ် ဖြစ်အောင် ရေးကြပါစေ။ ဇာတ်လမ်းခေါင်းစဉ်ကိုလည်း တပ်ကြပါစေ။

  ရဟန်းတစ်ပါး၊ အတူနေရဟန်းများ၊ ဉာဏ်ကောင်း၊ ဇွဲလုံ့လနည်း၊ စာပေလေ့လာ၊ တရားအားထုတ်၊ တောအရပ်။
- ရေးပြီးလျှင် ကိုယ်စားလှယ်တစ်ဦးစီက မိမိတို့ ဇာတ်လမ်းကို အလှည့်ကျ ပြောကြပါစေ။
- ထို့နောက် ဆရာက "သားတို့သမီးတို့ အသုံးပြုထားတဲ့ စကားလုံးတွေပါတဲ့ ဇာတ်လမ်းတစ်ပုဒ်ကို လေ့လာကြည့်ကြမယ်"ဟု ပြော၍ စာသင်ချိန် အဆုံးသတ်ပါ။

စာသင်ချိန် (၂) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ကျောင်းသားကိုင်စာအုပ်ပါ ဇာတ်လမ်းနှင့် သရုပ်ဖော်ပုံများ။

သင်ယူမှုလုပ်ငန်းစဉ်

- ဇာတ်လမ်းကို ကလေးများကိုယ်တိုင် ဖတ်ကြပါစေ။

လုံ့လမရှိဘဲ ချီးကျူးခံချင်သူ

မြတ်စွာဘုရား လက်ထက်တော်အခါက သာဝတ္ထိပြည်၌ အရှင်တိဿ အမည်ရှိ ရဟန်းတစ်ပါး ရှိ၏။ သူသည် ငယ်ရွယ်စဉ်က ဖျတ်လတ်သန်မာ၍ ဉာဏ်ကောင်းသော်လည်း ဇွဲလုံ့လ နည်းပါးကာ ကြိုးစားလိုစိတ် မရှိပေ။ အမြဲတစေ ပေါ့ပေါ့ဆဆ နေတတ်ပြီး ပင်ပင်ပန်းပန်းလုပ်ရမည်ကိုလည်း ကြောက်၏။ ရဟန်းဖြစ်လာသောအခါတွင်လည်း စာပေလေ့လာခြင်း၊ တရားအားထုတ်ခြင်းမရှိဘဲ သက်သက်သာသာပင် နေလေ့ရှိသည်။

တစ်နေ့တွင် အရှင်တိဿ၏ သီတင်းသုံးဖော် မိတ်ဆွေရဟန်းများသည် အေးအေးချမ်းချမ်း တရားအားထုတ်နိုင်ရန် လူသူကင်းဝေးသော တောအရပ်သို့ ကြွသွားကြ၏။ ထိုအခါ အရှင်တိဿသည် "ငါဟာ သီတင်းသုံးဖော်တွေနဲ့အတူ တောထဲကို လိုက်သွားရင် ဇရတဝန်ကျောင်းတော်ကြီးမှာ နေရသလို သက်သောင့်သက်သာရှိမှာ မဟုတ်ဘူး၊ ပင်ပင်ပန်းပန်းဆင်းဆင်းရဲရဲ နေရလိမ့်မယ်"ဟု စိုးရိမ်ကာ လိုက်မသွားဘဲ နေရစ်ခဲ့လေသည်။

အချိန်အတန်ကြာသောအခါ တောထဲသို့ကြွ၍ တရားအားထုတ်သော ရဟန်းတို့သည် တရားထူးရရှိကာ ဇရတဝန်ကျောင်းတော်သို့ ပြန်ကြွလာကြ၏။ မိမိတို့ရရှိခဲ့သော တရားထူးများကို ဘုရားရှင်ထံတွင် ပြန်လည်လျှောက်တင်ကြရာ မြတ်စွာဘုရားရှင်သည် ထိုရဟန်းတို့၏ ကြိုးစားအားထုတ်မှုကို ကျေနပ်နှစ်သက်၍ အထူးတလည် ချီးကျူးတော်မူ၏။

ထိုအခါ အရှင်တိဿမှာ တောထဲသို့ လိုက်မသွားမိသည်ကို နောင်တရလျက် မိတ်ဆွေရဟန်းများကဲ့သို့ ဘုရားရှင်ထံမှ ချီးကျူးစကားကို လိုချင်နေမိ၏။ သို့ဖြစ်၍ ဘုရားရှင်၏ ချီးကျူးစကားကို ရလိုသဖြင့် တစ်ညလုံး စင်္ကြံလျှောက်

www.dhammaransi.com

ကာ ကမ္မဋ္ဌာန်းတရားပွားများ၍ နေလေသည်။ သို့သော် အမြဲတစေ ပေါ့ပေါ့ဆဆ သက်သောင့်သက်သာ နေခဲ့သူဖြစ်ရာ ဇွဲမရှိဘဲ မကြာခင်မှာပင် ငိုက်မျဉ်းလာ၏။ ငိုက်မျဉ်းရင်း စကြံလျှောက်ရာ စကြံအစွန်းရှိ ကျောက်ဖျာပေါ်သို့ လဲကျ၍ ပေါင်ရိုး ကျိုးသွားလေသည်။ နာကျင်လွန်းလှသဖြင့် ကျယ်လောင်စွာ အော်လိုက်သော အရှင်တိဿ၏ အသံကြောင့် သီတင်းသုံးဖော်ရဟန်းများ နိုးလာပြီး လာရောက်ပြုစုကြ၏။

သူ့ကို ဝိုင်းဝန်းပြုစုပေးနေကြစဉ် အရှင်တက်သွားသဖြင့် ရဟန်းတော်များသည် ပင့်ဖိတ်ထားသော ရွာသို့ မကြွရောက်နိုင်ကြတော့ပေ။ ထိုအကြောင်းကို ဘုရားရှင် သိတော်မူသောအခါ "ချစ်သား ရဟန်းတို့ . . . ငယ်ရွယ်စဉ် ကာယ၊ ဉာဏ ခွန်အားများနဲ့ ပြည့်စုံချိန်မှာ ဇွဲလုံ့လရှိရှိ ကြိုးစားသင့်ပါလျက် မကြိုးစားဘဲ ပျင်းရိ ထိုင်မှိုင်းနေတဲ့သူ၊ စိတ်ကူးတွေနဲ့သာ အချိန်ကုန်နေတဲ့သူဟာ ပညာဉာဏ်နဲ့သာ ရနိုင်တဲ့ တရားထူးတရားမြတ်ကို မရနိုင်"ဟု ရဟန်းတို့ အား ဆုံးမမိန့်ကြားလေ၏။

မိုဂြိမ်း။ ။ ပဓာနကမိုဂ်တိဿမထေရ်ဝတ္ထု၊ ဓမ္မပဒအဋ္ဌကထာ မြန်မာပြန်၊ ဓမ္မပဒဝဏ္ဏ၊ စတုတ္ထတွဲ၊ ၁၇၂-၁၇၃။ ဓမ္မ၊ ၄၊ ၂၊ ၂၅၇။

❁ အောက်ပါမေးခွန်းများကို မေးပါ။

- ဇာတ်လမ်းထဲက ရဟန်းရဲ့ဘွဲ့အမည်က ဘာလဲ။
- အရှင်တိဿရဲ့ အားသာချက်၊ အားနည်းချက်တွေက ဘာတွေလဲ။
- အရှင်တိဿဟာ မိတ်ဆွေရဟန်းတွေနဲ့ တောထဲ လိုက်မသွားတာ ဘာကြောင့်လဲ။
- တောထဲ တရားအားထုတ်တဲ့ ရဟန်းတွေကို ဘုရားရှင်က ဘယ်လိုချီးကျူးသလဲ။ ဘာကြောင့်လဲ။
- အရှင်တိဿက ဘာလို့ တရားအားထုတ်တာလဲ။
- အရှင်တိဿ တရားအားထုတ်နေရင်းနဲ့ ဘာဖြစ်သွားလဲ။ ဘာကြောင့်လဲ။
- ဘုရားရှင်က ဘယ်လို ဆုံးမသလဲ။
- မိတ်ဆွေရဟန်းတွေနဲ့အတူ တရား အားထုတ်ခဲ့မယ်ဆိုရင် အရှင်တိဿ ဘာဖြစ်နိုင်သလဲ။

စာသင်ချိန် (၃)	။	။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း	။	။ စာရွက်လွတ်များ။

သင်ယူမှုလုပ်ငန်းစဉ်

❁ "သားတို့သမီးတို့က ကျောင်းသား၊ ကျောင်းသူတွေဆိုတော့ အချိန်ရှိတုန်း၊ အခွင့်အရေးရတုန်းမှာ စာတော်တဲ့ ကလေးတွေ ဖြစ်အောင်၊ လူတော်လူကောင်းတွေဖြစ်အောင်၊ လိမ္မာယဉ်ကျေးသူဖြစ်အောင် ကြိုးစားကြရမယ်"ဟု ပြော၍ စာသင်ချိန်ကို စတင်ပါ။

❁ ထို့နောက် ကလေးများကို အုပ်စု (၅)စုဖွဲ့ပြီး ဆရာက "သားတို့သမီးတို့ . . . ဒီအသက်အရွယ်မှာ လုပ်သင့်လုပ် ထိုက်တဲ့ အလုပ်တွေက ဘာတွေလဲဆိုတာကို ဆွေးနွေးပြီး ရေးကြရမယ်"ဟု ပြော၍ စာရွက်လွတ်များ ဝေပေးပါ။

❁ ကလေးများ ဆွေးနွေးနေချိန်တွင် ဆရာက "စာတော်တဲ့ ကလေးတွေဖြစ်အောင်၊ လူတော်လူကောင်းတွေ ဖြစ် အောင်၊ လိမ္မာယဉ်ကျေးတဲ့သူတွေဖြစ်အောင် ဘာတွေ လုပ်သင့်သလဲ"ဟု မေးမြန်း၍ အချက်အလက် များများရ အောင် ပံ့ပိုးပေးပါ။

❁ ဆွေးနွေးထားသောအချက်များကို ကိုယ်စားလှယ်တစ်ဦးစီက အလှည့်ကျ ဖတ်ကြပါစေ။ ကျန်အဖွဲ့များက မတူညီ သော အချက်များကိုသာ ဖတ်ပြကြပါစေ။

❁ အားလုံး ဖတ်ပြီးလျှင် "လုပ်သင့်လုပ်ထိုက်သော အလုပ်များ"ခေါင်းစဉ်အောက်တွင် ကပ်ကြပါစေ။

www.dhammaransi.com

စာသင်ချိန် (၄) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ဇွဲ၊ လုံ့လနဲ့ ဝီရိယ တေးကဗျာ။

သင်ယူမှုလုပ်ငန်းစဉ်

- "သားတို့သမီးတို့ . . . လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်တွေ သိခဲ့ရပြီ။ အဲဒီ အလုပ်တွေကို မလုပ်ရင် ဘယ်လို ဆိုးကျိုးတွေ ရလာနိုင်သလဲ၊ လုံ့လဝီရိယထားပြီး လုပ်မယ်ဆိုရင် ဘယ်လို အကျိုးထူးတွေ ရလာနိုင်သလဲဆိုတာ စဉ်းစားပြီး ဆွေးနွေးကြရအောင်"ဟု ပြော၍ ကလေးအချင်းချင်း ဆွေးနွေးကြပါစေ။
- ဆွေးနွေးပြီးပါက သင်ပုန်းပေါ်တွင် ရေးထားသော အောက်ပါနမူနာပုံစံ၏ ခေါင်းစဉ်အောက်တွင် (မတူညီသော အချက်များကိုသာ) ရေးသားဖော်ပြကြပါစေ။

ပျင်းရိခြင်း၏ ဆိုးကျိုး	လုံ့လဝီရိယရှိခြင်း၏ ကောင်းကျိုး

- ထို့နောက် ဆရာက မြတ်စွာဘုရားဟောကြားခဲ့သော အောက်ပါ "ပျင်းရိခြင်း၏ ဆိုးကျိုးနှင့် လုံ့လဝီရိယရှိခြင်း၏ အကျိုး"တို့ကို ရှင်းပြပေးပါ။

ပျင်းရိခြင်း၏ ဆိုးကျိုး

မဖြစ်သေးသော စည်းစိမ်ဥစ္စာတို့ မဖြစ်ကုန်၊ ဖြစ်ပြီးသော စည်းစိမ်ဥစ္စာတို့သည်လည်း တစ်နေ့တခြား လျော့ပါးပျက်စီးကုန်၏။

လုံ့လဝီရိယ ရှိခြင်း၏ အကျိုး

မဖြစ်သေးသော စည်းစိမ်ဥစ္စာတို့ ဖြစ်ကုန်၏။ ဖြစ်ပြီးသော စည်းစိမ်ဥစ္စာတို့လည်း တိုးပွားကုန်၏။ (သိဂါလသုတ်)

- နောက်ဆုံးတွင် အောက်ပါ တေးကဗျာကို စုပေါင်းရွတ်ဆို၍ သင်ခန်းစာကို အဆုံးသတ်ပါ။

ဇွဲ၊ လုံ့လနဲ့ ဝီရိယ

လာပါသူငယ်ချင်း မပျင်းနဲ့လေ ... ကြိုးစားကြစို့ အတူတူပါ ...
အချိန်ရှိတုန်း ရွှင်ပြုံးဝမ်းသာ ... ဇွဲ လုံ့လနဲ့ ကြိုးစားမှာ ...
ဝီရိယ အစဉ်တွဲ ... တိုးတက်ဖို့ပဲ ... ကောင်းတဲ့အကျင့်ကို သင်ယူကာ ...
ကံကောင်းသူရော ...ဉာဏ်ကောင်းသူရော ... ဇွဲလုံ့လ အမြဲရှိရမှာ ...။ ။

www.dhammaransi.com

သင်ခန်းစာ (၂၈)

သင်ခန်းစာခေါင်းစဉ် ။ ။ လောကကို စောင့်ရှောက်သောတရား

သင်ယူမှုဦးတည်ချက် ။ ။ မကောင်းမှု ပြုလုပ်ရမည်ကို ရှက်တတ် ကြောက်တတ်စေရန်။

စာသင်ချိန် (၁) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ မရှိ။

သင်ယူမှုလုပ်ငန်းစဉ်

- အောက်ပါမေးခွန်းများကို ကလေးအားလုံးနှင့် ဉာဏ်ဖွင့်ဆွေးနွေးပါ။
  - ဘာတွေ လုပ်ရတာကို ရှက်ရမှာလဲ။
  - ဘာတွေ လုပ်ရတာကို ကြောက်ရမှာလဲ။
- ကလေးများ ပြောသမျှကို သင်ပုန်းတွင် မှတ်တမ်းတင်ထားပါ။
- ထိုအချက်များထဲမှ အရှက်ဆုံး (သို့) အကြောက်ဆုံး အလုပ်တစ်ခုစီကို စဉ်းစားရွေးချယ်စေပြီး ပြန်ပြောလိုသော ကလေး ၅/၆ ဦးခန့်ကို ပြောစေပါ။ ဘာကြောင့် အရှက်ဆုံးနှင့် အကြောက်ဆုံး ဖြစ်ရသည်ကိုလည်း ရှင်းပြကြပါစေ။

စာသင်ချိန် (၂) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ကျောင်းသားကိုင်စာအုပ်ပါ ဇာတ်လမ်းနှင့် သရုပ်ဖော်ပုံများ။

သင်ယူမှုလုပ်ငန်းစဉ်

- ဇာတ်လမ်းကို ကလေးများကိုယ်တိုင် ဖတ်ကြပါစေ။

လောကကို စောင့်ရှောက်သောတရား

ရှေးသရောအခါ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းကြီးနှင့် မိဖုရားကြီးတို့တွင် "မဟိသကုမာရ" နှင့် "စန္ဒကုမာရ"ဟု ခေါ်တွင်သည့် သားတော်နှစ်ပါး ထွန်းကားဖူး။ ထိုသားတော်နှစ်ပါး ပြေးနိုင်လွှားနိုင်သည့်အရွယ်သို့ ရောက်သောအခါ မိဖုရားကြီး နတ်ရွာစံသွားလေသည်။ ထိုအခါ မင်းကြီးက အခြားမိဖုရားတစ်ပါးကို မိဖုရားကြီးအရာ ထားလိုက်ဖူး။ ထိုမိဖုရားကြီးက "သူရိယကုမာရ"အမည်ရှိ သားတော်လေးတစ်ပါး ဖွားမြင်ဖူး။ မင်းကြီးသည် ဖွားမြင်စသားတော်လေး သူရိယကို ချစ်မြတ်နိုးလွန်းလှသဖြင့် မိဖုရားကြီးအား လိုရာဆုတောင်းခွင့်ပေးဖူး။ မိဖုရားကြီးက "အခုတော့ မတောင်းလိုသေးပါ။ နောင် အလိုရှိတဲ့အခါမှ တောင်းပါမယ်"ဟု ပြန်လျှောက်ထားလေဖူး။

သူရိယမင်းသားလေး အရွယ်ရောက်လာသောအခါ မိဖုရားကြီးက သားတော်လေး သူရိယကို ထီးနန်းလွှဲအပ်ပေးရန် မင်းကြီးအားတောင်းဆိုဖူး။ ထိုအခါ မင်းကြီးက သားတော်ကြီးနှစ်ပါး ရှိသေးသဖြင့် မသင့်တော်ဟုဆိုကာ ငြင်းပယ်လိုက်သည်။ သို့သော် မိဖုရားကြီးက "အရှင်မင်းကြီး . . . အရှင်မင်းကြီး ပေးထားတဲ့ ဆုကိုပဲ အကျွန်ုပ် တောင်းနေတာဖြစ်တယ်"ဟု ဆို၍ အကြိမ်ကြိမ် တောင်းဆိုဖူး။ နောက်ဆုံးတွင် မင်းကြီးသည် မိဖုရားကြီးတောင်းသော ဆုကို ပေးရန် သဘောတူလိုက်ရသည်။ သို့သော် သားတော်ကြီးနှစ်ပါး၏ အသက်အန္တရာယ် စိုးရိမ်ရသဖြင့် သူတို့ကို ခေါ်ကာ "သားတော်တို့ . . . ခမည်းတော် မရှိတော့တဲ့အခါမှ နန်းတော်သို့ ပြန်လာ၍ မင်းပြုပါ၊ အခုအချိန်မှာတော့ တောထဲသို့ သွား၍ နေကြဦး"ဟု မျက်ရည်စက်လက်ဖြင့် မှာကြားကာ လွှတ်လိုက်ဖူး။ သားတော်နှစ်ပါးတို့သည် ခမည်းတော် မင်းကြီးကို ရိုသေစွာကန်တော့၍ ထွက်လာကြစဉ် မင်းရင်ပြင်၌ ကစားနေသော သူရိယ မင်းသားလေးက သူလည်း လိုက်ပါရစေဟုဆိုကာ နောင်တော်နှစ်ပါးနှင့်အတူ တောထဲသို့ လိုက်ပါသွားသည်။

မင်းသားတို့ ဟိမဝန္တာတောထဲသို့ ရောက်သောအခါ အစ်ကိုကြီးမဟီသက ညီငယ်သူရိယ မင်းသားလေးကို "ညီလေး . . . ရေအိုင်ကို သွားပြီး ရေချိုးရေသောက်ပါ၊ ပြီးရင် အစ်ကိုတို့အတွက်လည်း ပဒုမ္မာကြာရွက်နဲ့ ရေခပ်ခဲ့ပါ"ဟု

www.dhammaransi.com

မှာ၍ လွှတ်လိုက်၏။

သူရိယမင်းသားလေးရောက်သွားသော ရေအိုင်ကို ဘီလူးကြီးတစ်ကောင်က စောင့်ရှောက်နေ၏။ ဤရေအိုင်သို့ လာ၍ ရေချိုး၊ ရေသောက်၊ ကြာပန်းခူးသူများကို ဖမ်းယူစားသောက်ရန် ဝေဿဝဏ်နတ်မင်းကြီးက ဘီလူးကြီးအား ခွင့်ပြုထား၏။ သို့သော် မစားမီ ရှေးဦးစွာ ဝေဿဝဏ်နတ်မင်းကြီး မေးခိုင်းထားသည့် "လောကကို စောင့်ရှောက်တဲ့ တရားက ဘာလဲ"ဟူသော မေးခွန်းကို ဘီလူးကြီးက အဖမ်းခံရသူများအား မေး၏။ ဖြေနိုင်သူကို လွှတ်ပေး၍ မဖြေနိုင်သူကို သတ်စားသည်။

သူရိယမင်းသားလေးသည် မစူးစမ်းမဆင်ခြင်ဘဲ ရေအိုင်အတွင်းသို့ ဆင်းလိုက်မိရာ ဘီလူးကြီး၏ ဖမ်းဆီးခြင်းကို ခံလိုက်ရ၏။ ထိုအခါ ဘီလူးကြီးက "လောကကို စောင့်ရှောက်တဲ့ တရားက ဘာလဲ"ဟု မင်းသားလေးအား မေးလေ၏။ မင်းသားလေးက "နေနဲ့လ"ဟု ဖြေရာ အဖြေမှားသဖြင့် ဘီလူးကြီးက မင်းသားလေးကို ဖမ်းထားလိုက်သည်။

အချိန်တန်၍ ညီငယ်လေးသူရိယ ပြန်မလာသောအခါ အစ်ကိုကြီးမဟီသက ညီလတ်စန္ဒကုမာရကို ထပ်မံစေလွှတ်လိုက်၏။ စန္ဒကုမာရမင်းသားလည်း ဘီလူးကြီး၏ ဖမ်းဆီးခြင်းကို ခံရပြန်သည်။ ဘီလူးကြီး၏မေးခွန်းကို စန္ဒကုမာရမင်းသားက "အရပ်လေးမျက်နှာ"ဟု ဖြေ၏။ လိုချင်သည့် အဖြေမဟုတ်သဖြင့် စန္ဒကုမာရမင်းသားကိုလည်း ဖမ်းထားလိုက်ပြန်သည်။

ညီတော်နှစ်ဦး ပြန်ရောက်မလာသည့်အတွက် အန္တရာယ်နှင့် ကြုံတွေ့နေပြီဟု အစ်ကိုကြီးမဟီသ တွေးမိသဖြင့် ရေအိုင်ရှိရာသို့ လိုက်လာလေ၏။ ရေအိုင်သို့ ရောက်သောအခါ ရေစပ်ညွှန်ပေါ်တွင် ညီနောင်နှစ်ပါးတို့၏ အဆင်းခြေရာများသာတွေ့ရ၍ အတက်ခြေရာများ မတွေ့ရသဖြင့် ဤရေအိုင်ကို ဘီလူး စောင့်လိမ့်မည်ဟု ဆင်ခြင်ကာ ရေအိုင်ထဲသို့ ချက်ချင်း မဆင်းသေးဘဲ အခြေအနေကို စောင့်ကြည့်နေသည်။

ထိုအခါ ဘီလူးကြီးက လယ်သမားဟန်ဆောင်၍ မဟီသမင်းသားကို ရေအိုင်ထဲသို့ဆင်းရန် ဖြားယောင်း၏။ မင်းသားလည်း လယ်သမား၏ အမူအရာကိုကြည့်၍ ဘီလူးမှန်းသိကာ မိမိညီတော်နှစ်ပါးကို ဖမ်းထားသည် မဟုတ်လောဟု မေးလေ၏။ ဘီလူးကြီးက ကျွန်ုပ်မေးသော မေးခွန်းကို မဖြေနိုင်သဖြင့် ဖမ်းထားသည်ဟု ပြန်ဖြေ လေရာ မဟီသမင်းသားက ဘီလူးကြီး၏ မေးခွန်းကို သိလိုကြောင်းမေးသည်။ ဘီလူးကြီးက "လောကကို စောင့်ရှောက်သော တရားက ဘာလဲ"ဟု မေး၏။ မင်းသားက "အရှက်နဲ့အကြောက် ဖြစ်တယ်"ဟု ဖြေဆို၍ ထိုတရားနှစ်ပါးကို အခြေပြုကာ ဘီလူးကြီးအား တရားဟော၏။

မဟီသမင်းသား၏ တရားကို ဘီလူးကြီး သဘောကျသွားကာ "သင်ရဲ့အဖြေ မှန်ပါတယ်၊ ဒါကြောင့် ညီငယ်နှစ်ယောက်ထဲက တစ်ယောက်ကို လွှတ်ပေးမယ်၊ အလိုရှိတဲ့ တစ်ယောက်ကို ရွေးချယ်ပါ"ဟု ဆိုလေရာ မဟီသမင်းသားက ညီငယ်လေး သူရိယကိုသာ ပေးပါဟု တောင်းဆို၏။

ထိုအခါ ဘီလူးကြီးက "အရှင်မင်းသား . . . သင်ဟာ လောကကို စောင့်ရှောက်တဲ့တရားကို သိပေမယ့် မကျင့်သုံးဘူး၊ သင်ဟာ ကြီးတဲ့သူကို အလေးမထားဘဲ ညီလတ်ကို ချန်ထားပြီး ညီငယ်ကိုသာ တောင်းဆိုတယ်"ဟု ကဲ့ရဲ့ပြောဆို၏။ ထိုအခါ မဟီသမင်းသားက "သူရိယမင်းသားဟာ ကျွန်ုပ်ရဲ့ အဖေတူ အမေကွဲ ညီဖြစ်တယ်၊ သူ့ကြောင့် ဒီဟိမဝန္တာတောထဲကို ကျွန်ုပ်တို့ ထွက်လာရခြင်း ဖြစ်တယ်၊ ဒါ့ကြောင့် ညီငယ်သူရိယကို ဘီလူးစားလိုက်ပြီလို့ ပြောရင် ကျွန်ုပ်တို့ကို ဘယ်သူကမှ ယုံကြည်မှာ မဟုတ်ဘူး၊ ဒီလိုကဲ့ရဲ့မှာကို စိုးရိမ်တဲ့အတွက် ညီငယ်ကိုသာ တောင်းရခြင်း ဖြစ်တယ်"ဟု ရှင်းပြလိုက်လေ၏။

ထိုအခါ ဘီလူးကြီးသည် မဟီသမင်းသား၏ အဖြေကို နှစ်ခြိုက်သဘောကျသဖြင့် "မင်းသား . . . သင်ဟာ လောကစောင့်တရားကို သိလည်းသိ ကျင့်လည်းကျင့်သုံးပါပေတယ်"ဟု ပြော၍ ညီတော်နှစ်ပါးလုံးကို လွှတ်ပေးလိုက်လေ၏။

www.dhammaransi.com

❁ အောက်ပါမေးခွန်းများကို မေးပါ။

- မင်းသားသုံးပါးရဲ့ အမည်တွေက ဘာလဲ။
- ဘီလူးကြီးမေးနေကျ မေးခွန်းက ဘာလဲ။
- ဘီလူးကြီးက ဘာကြောင့် အဲဒီမေးခွန်းကို မေးရတာလဲ။
- သူရိယက ဘယ်လို ပြန်ဖြေသလဲ။
- စန္ဒကုမာရက ဘယ်လို ပြန်ဖြေသလဲ။
- မဟိသက ဘယ်လို ပြန်ဖြေသလဲ။
- ဘယ်သူ့အဖြေကို ဘီလူးကြီးက သဘောကျသလဲ။ ဘာကြောင့်လဲ။
- မဟိသက ညီငယ်ကို ရွေးလိုက်တဲ့အတွက် ဘီလူးကြီးက ဘယ်လို ပြောသလဲ။
- ဘီလူးကြီး ပြောတာကို မဟိသက ဘယ်လို ပြန်ဖြေသလဲ။

စာသင်ချိန် (၃)	။	။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း	။	။ မရှိ။

သင်ယူမှုလုပ်ငန်းစဉ်

❁ "သားတို့သမီးတို့ . . . ဇာတ်လမ်းထဲမှာ မဟိသက လောကကိုစောင့်ရှောက်တဲ့ တရားနှစ်ပါးကို ဘယ်လို ကျင့်သုံးခဲ့သလဲ"ဟု မေး၍ စာသင်ချိန်ကို စတင်ပါ။

❁ ပြီးနောက် ကလေးများကို အုပ်စု (၅)စု ဖွဲ့ပြီး အောက်ပါမေးခွန်းကို ဆွေးနွေးကြပါစေ။

- အရှက်နဲ့ အကြောက်တရားနှစ်ပါးဟာ လူတွေအတွက် ဘာကြောင့် လိုအပ်တာလဲ။
  (မျှော်မှန်းအဖြေ = မကောင်းတဲ့အလုပ်တွေကို မလုပ်မိဖို့၊ လုပ်တဲ့အလုပ်ဟာ သူများကို မထိခိုက်စေဖို့၊ အခြားသူတွေရဲ့ အထင်သေးတာကို မခံရဖို့၊ ဥပဒေနဲ့မလွတ်ကင်းတဲ့ အလုပ်တွေကို မလုပ်မိဖို့၊ စင်စင်ကြယ်ကြယ် အသက်မွေးနိုင်ဖို့၊ ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုပြုမူနေထိုင်တတ်ဖို့ . . . စသည်)

❁ အုပ်စုကိုယ်စားလှယ်တစ်ဦးစီက တင်ပြကြပါစေ။

❁ ထို့နောက် လိုအပ်လျှင် ဆရာက ဖြည့်စွက်ဆွေးနွေးပြီး အောက်ပါအတိုင်း အနှစ်ချုပ်ပေးပါ။

"သားတို့သမီးတို့ . . . လူတစ်ယောက်ဟာ အရှက်နဲ့ အကြောက်တရားနှစ်ပါး မရှိဘူးဆိုရင် မကောင်းမှုတွေလုပ်ဖို့ ရှက်ရမှန်းမသိ၊ ကြောက်ရမှန်းမသိဖြစ်ပြီး ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးရဲ့ ယဉ်ကျေးမှုဓလေ့ထုံးစံတွေကို ထိခိုက်တဲ့ အရာတွေကို လုပ်မိတတ်တယ်"

www.dhammaransi.com

စာသင်ချိန် (၄) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ဟိရိသြတ္တပ္ပ ကဗျာ။

သင်ယူမှုလုပ်ငန်းစဉ်

- "သားတို့သမီးတို့ . . . လောကကို စောင့်ရှောက်တဲ့ အရှက်တရားနဲ့ အကြောက်တရားဟာ လူတစ်ယောက်အတွက် ဘယ်လောက် အရေးကြီးတယ်ဆိုတာ သိသွားကြပြီ"ဟု ပြော၍ စာသင်ချိန်ကို စတင်ပါ။
- ထို့နောက် ဆရာက အောက်ပါမေးခွန်းကိုမေး၍ အဖြေကို ကလေးများ၏ မှတ်စုစာအုပ်တွင် ရေးကြပါစေ။
  - လောကကို စောင့်ရှောက်တဲ့ တရားနှစ်ပါးကို နေ့စဉ်ဘဝမှာ ဘယ်လိုကျင့်သုံး နေထိုင်သွားကြမလဲ။
- ရေးပြီးလျှင် ပြောပြချင်သော ကလေးများ အလှည့်ကျ ပြောကြပါစေ။
- ထို့နောက် အောက်ပါကဗျာကို ရွတ်ဆိုကြပါစေ။

ဟိရိ သြတ္တပ္ပ

လာပါထိုင်ပါ ကလေးတို့ရယ် . . .
ဆရာပြောပြမယ် . . .
လောကအလယ် တင့်တယ်ရေး၊
နေထိုင်တတ်ဖို့တွေး။
ဉာဏ်ပညာနှင့် ဆင်ခြင်ကာ၊
ပြောဆိုလုပ်ကိုင်ပါ။
မကောင်းမှုတွေကို လုပ်မည်ကြံ၊
ရှက်ကြ ကြောက်ကြရန်၊
လူ့လောကကို တင့်အောင်သ
ဟိရိသြတ္တပ္ပ။ ။

- နောက်ဆုံးတွင် ဆရာက ကဗျာ၏ ဆိုလိုရင်းကို မေးမြန်းဆွေးနွေးပြီး သင်ခန်းစာဦးတည်ချက်နှင့် ချိတ်ဆက်၍ အနှစ်ချုပ်ပေးပါ။

www.dhammaransi.com

သင်ခန်းစာ (၂၉)

သင်ခန်းစာခေါင်းစဉ် ။ ။ သေးတာမက်လို့ ကြီးတာပျောက်

သင်ယူမှုဦးတည်ချက် ။ ။ အရေးကြီးသည့်အရာနှင့် အရေးမကြီးသည့်အရာကို ခွဲခြားနားလည်ပြီး အရေးကြီးသည့်အရာကို ဦးစားပေး လုပ်ဆောင်ကြစေရန်။

စာသင်ချိန် (၁) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ စကားလုံးများ ရေးသားထားသော မဲလိပ်များ။

သင်ယူမှုလုပ်ငန်းစဉ်

- အောက်ပါစကားလုံးများ ရေးထားသောမဲလိပ်များကို ကလေးအရေအတွက်ပေါ် မူတည်၍ ကြိုတင်ပြုလုပ်ထားပါ။ တစ်ဦးစီကို မဲလိပ်တစ်လိပ်စီ ပေးပါ။ မဲလိပ်တွင်ပါသော စကားလုံးကို အသုံးပြု၍ ဝါကျဖွဲ့စေပြီး မှတ်စုစာအုပ်တွင် ရေးပါစေ။
  - ဗာရာဏသီ၊ အကြံပေးအမတ်ကြီး၊ ခိုးဆိုးလုယက်သူများ၊ လျှောက်တင်၊ စခန်းချ၊ စစ်သည်တော်များ၊ မြင်းစားခွက်၊ မျောက်တစ်ကောင်၊ ကျသွားသောပဲစေ့၊ အလွန်စိတ်ဆင်းရဲသော၊ ပညာမဲ့သူ၊ လက်လွှတ်၊ မိုးတွင်းကာလ၊ ရုပ်သိမ်း၊ အကြံပေးချက်။
- ဝါကျဖွဲ့ပြီးပါက တူသောစကားလုံး ရထားသူများ အချင်းချင်း အုပ်စုဖွဲ့ကြပါစေ။
- ကိုယ်စားလှယ်တစ်ဦးစီက မိမိအုပ်စုမှ ဝါကျများကို ဖတ်ပြပါစေ။
- ပြီးနောက် ဆရာက "သားတို့သမီးတို့ ဝါကျဖွဲ့ခဲ့တဲ့ စကားလုံးတွေပါတဲ့ ဇာတ်လမ်းတစ်ပုဒ်ကို နောက်တစ်ချိန်မှာ လေ့လာကြမယ်"ဟု ပြော၍ စာသင်ချိန် အဆုံးသတ်ပါ။

စာသင်ချိန် (၂) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ကျောင်းသားကိုင်စာအုပ်ပါ ဇာတ်လမ်းနှင့် သရုပ်ဖော်ပုံများ။

သင်ယူမှုလုပ်ငန်းစဉ်

- ဇာတ်လမ်းကို ကလေးများ ဖတ်ကြပါစေ။

သေးတာမက်လို့ ကြီးတာပျောက်

ရှေးအခါက ဗာရာဏသီပြည့်ရှင် ဗြဟ္မဒတ်မင်းကြီးတွင် အကြံပေးပညာရှိအမတ်ကြီးတစ်ယောက် ရှိ၏။ မင်းကြီးသည် အမတ်ကြီး၏ အကြံပေးချက်များအတိုင်း လေးလေးစားစား လိုက်နာဆောင်ရွက်လေ့ရှိသည်။

တစ်နေ့သ၌ တိုင်းပြည်အစွန်အဖျားတွင် ခိုးဆိုးလုယက်သူများ သောင်းကျန်းနေကြောင်း ထိုအရပ်ရှိ စစ်မှုထမ်းများက မင်းကြီးထံ စာသဝဏ်လွှာဖြင့် လျှောက်တင်ကြ၏။ ထိုအချိန်သည် စစ်ချီရန် မသင့်တော်သည့် မိုးတွင်းကာလ ဖြစ်နေသည်။ သို့သော် မင်းကြီးသည် ထိုအရပ်သို့ စစ်ချီရန် ဥယျာဉ်အတွင်း၌ စစ်စခန်းချထား၏။ အကြံပေးပညာရှိ အမတ်ကြီးသည်လည်း မင်းကြီးနှင့်အတူ ဥယျာဉ်၌ ရှိနေသည်။

တစ်နေ့တွင် စစ်သည်တော်များသည် မြင်းများကို အစာကျွေးရန် ပဲပြုတ်များကို မြင်းစားခွက်တွင် ထည့်ထားကြ၏။ ထိုအခါ မျောက်တစ်ကောင်သည် ပဲပြုတ်များကို နှိုက်၍ ပါးစပ်အပြည့် ထည့်သည့်အပြင် လက်ခုပ်ထဲတွင်လည်း အပြည့်ထည့်ကာ သစ်ပင်ပေါ်သို့ တက်ပြေးသွား၏။ ထို့နောက် သစ်ကိုင်းပေါ်ထိုင်၍ စားမည့်ဆဲဆဲတွင် လက်ထဲမှ ပဲစေ့တစ်စေ့သည် မြေကြီးပေါ်သို့ ကျသွားလေရာ မျောက်သည် လက်ထဲမှ ပဲစေ့များကို လွှတ်ချကာ မြေပြင်သို့ဆင်း၍ ကျသွားသော ပဲစေ့ကို ရှာသည်။ သို့သော် ပဲစေ့မှာ လွင့်စဉ်သွားသဖြင့် ရှာမတွေ့တော့ပေ။ ထိုအခါ မျောက်သည်

www.dhammaransi.com

သစ်ပင်ပေါ်သို့ ပြန်တက်ကာ အလွန်စိတ်ဆင်းရဲသော အမူအရာဖြင့် ထိုင်နေ၏။

မင်းကြီးသည် မျောက်၏ အမူအရာကိုမြင်သောအခါ အမတ်ကြီးကိုခေါ်၍ မေး၏။ အမတ်ကြီးက "မြတ်သော မင်းကြီး . . . အများကို မကြည့်ဘဲ အနည်းကို ကြည့်မိတဲ့ ပညာမဲ့သူတွေဟာ ဒီမျောက်လိုပဲ မိုက်မဲတဲ့လုပ်ရပ်ကို လုပ်တတ်ကြပါတယ်၊ မျောက်ဟာ ပဲစေ့တစ်စေ့အတွက် ပဲစေ့ အများကြီးကို ဆုံးရှုံးလိုက်ရတယ်၊ အနည်းငယ်သော အကျိုး ကိုသာ မြင်မိတဲ့သူဟာ အကျိုးများစွာကို လက်လွှတ်ရတတ်ပါတယ်၊ ဒီလိုပဲ အခုချိန်ဟာ မိုးတွင်းကာလဖြစ်လို့ နယ်စွန် နယ်ဖျားကို စစ်ချီရင် ဆုံးရှုံးမှု များနိုင်တယ်။ ဒါ့ကြောင့် စစ်မချီသင့်သေးပါ"ဟု လျှောက်တင်လိုက်၏။

မင်းကြီးသည် အမတ်ကြီး၏ အကြံပေးစကားကို လက်ခံကာ စစ်ချီရန် ပြင်ဆင်ထားသော တပ်များကို ရုပ်သိမ်း၍ နေပြည်တော်သို့ ပြန်သွားလေတော့၏။

မိုးပြိမ်း။ ။ ကဉ္စာယမုဋ္ဌိဇာတ်၊ ပုံတော်စုံ ငါးရာငါးဆယ် ဇာတ်ဝတ္ထု၊ ဒုတိယတွဲ၊ ၁၁၈။ ဇာ၊ ၄၊ ၂၊ ၆၇-၆၈။

❁ အောက်ပါမေးခွန်းများကို မေးပါ။

- စစ်သည်တော်တွေက ဘာအတွက် ကုလားပဲတွေ ပြုတ်ထားတာလဲ။ ဘယ်သူက ယူစားသလဲ။
- ပဲစေ့တစ်စေ့ ကျသွားတဲ့အခါ မျောက်က ဘယ်လို ပြုမူသလဲ။
- ပဲစေ့ရှာမတွေ့တဲ့အခါ မျောက် ဘယ်လိုဖြစ်သွားသလဲ။
- မျောက်ရဲ့အမူအရာကိုကြည့်ပြီး မင်းကြီး မေးတဲ့အခါ အမတ်ကြီးက ဘယ်လို လျှောက်တင်သလဲ။
- နောက်ဆုံး မင်းကြီးက ဘယ်လိုဆုံးဖြတ်ချက်ချလိုက်သလဲ။
- မျောက်နေရာမှာ ကလေးတို့သာဆိုရင် ဘာလုပ်မလဲ။

စာသင်ချိန် (၃) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ မျောက်ပုံပြင် ကဏ္ဍ။

သင်ယူမှုလုပ်ငန်းစဉ်

❁ အောက်ပါကဏ္ဍကို ကလေးများ စုပေါင်း ရွတ်ဆိုကြပါစေ။

အရေးကြီးတာ ဦးစားပေး
နေ့စဉ်နေ့စဉ်တိုင်း အလုပ်လုပ်ကာ
သား/သမီးတို့ တွေမှာ ပညာရှာ။
တွေးတောစရာ သိပ်ကိုများ
နှိုင်းယှဉ်လို့ စဉ်းစား။
ဦးစားပေးပြီး လုပ်ဆောင်ပါ
အရေးကြီးသည့်ကိစ္စသာ။
ဆုံးရှုံးနစ်နာ မဖြစ်စေရေး
ဉာဏ်ပညာနဲ့ ဆင်ခြင်ပေး
အရေးကြီးတာကို ဦးစားပေး။

❁ ထို့နောက် အုပ်စု(၂)စု ဖွဲ့ကာ တစ်စုက အမူအရာလုပ်ပြီး ကျန်တစ်စုက ကဏ္ဍကို လက်ခုပ်တီး၍ ရွတ်ဆိုပါစေ။ (အလှည့်ကျ လုပ်ကြပါစေ။)

❁ ပြီးလျှင် ကဏ္ဍပါ အကြောင်းအရာများကို နားလည်သည့်အတိုင်း ပြောကြပါစေ။

❁ ပြီးနောက် အောက်ပါမေးခွန်းကို မေးပါ။

- သား‌တို့သမီးတို့ဘဝမှာ အရေးကြီးတဲ့ အရာတွေက ဘာတွေလဲ၊ အရေးမကြီးတဲ့ အရာတွေက ဘာတွေလဲ။

www.dhammaransi.com

- ❁ ကလေးများအားလုံး ပြန်လည်ပြောပြကြပါစေ။ ကလေးများပြောသည့်အထဲမှ မတူညီသော အချက်များကို ဆရာက သင်ပုန်းတွင် မှတ်တမ်းတင်ထားပါ။ ပြီးလျှင် "အရေးကြီးတဲ့အချက်တွေက ဘာကြောင့် အရေးကြီးတာလဲ၊ အရေးမကြီးတဲ့အချက်တွေက ဘာကြောင့် အရေးမကြီးတာလဲ"ဟူသော မေးခွန်းကို ဖြေကြပါစေ။
- ❁ ထို့နောက် လိုအပ်လျှင် ဆရာက ဖြည့်စွက်ဆွေးနွေး၍ စာသင်ချိန်ကို အဆုံးသတ်ပါ။

စာသင်ချိန် (၄) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ မရှိ။

သင်ယူမှုလုပ်ငန်းစဉ်

- ❁ ဆရာက အောက်ပါဖြစ်ရပ် နှစ်ခုကို တစ်ခုချင်းစီ ပြောပြပါ။
- ❁ ဖြစ်ရပ် တစ်ခုပြောပြီးတိုင်း ကလေးများနှင့် အမေးအဖြေ ပြုလုပ်ပါ။

ဖြစ်ရပ် (၁)

တောထဲမှာ ယုန်လေးတစ်ကောင်ရှိတယ်။ သူနေတဲ့နေရာမှာ သူ့ရဲ့အစာဖြစ်တဲ့ မုန်လာဥတွေက တဖြည်းဖြည်းနဲ့ ရှားလာတယ်။ ဒါပေမယ့် အဲဒီနေရာမှာ သူ့အနေနဲ့ သက်သောင့်သက်သာ၊ လွတ်လွတ်လပ်လပ်၊ ပျော်ပျော်ရွှင်ရွှင်တော့ နေလို့ရတယ်။ ဒီလိုနဲ့ တစ်နေ့မှာ ယုန်လေးဆီကို အဝေးကကြီးကန်း တစ်ကောင်ရောက်လာပြီး "ဒီနေရာနဲ့ ဝေးတဲ့တောအုပ်တစ်ခုမှာ မုန်လာဥတွေ အများကြီးရှိတယ်။ စိတ်ကြိုက် စားလို့ရတယ်။ ဒါပေမယ့် ခရီးကဝေးပြီး ကြမ်းတယ်။ လမ်းမှာ မုဆိုးနဲ့တွေ့ပြီး သေသွားနိုင်တယ်"လို့ ပြောတယ်။

- ယုန်လေး ဘယ်လိုဆုံးဖြတ်မယ်ထင်လဲ။ ဘာကြောင့်လဲ။
- သားတို့သမီးတို့သာ ယုန်လေးနေရာမှာဆိုရင် ဘယ်လိုဆုံးဖြတ်မလဲ။ ဘာကြောင့်လဲ။

ဖြစ်ရပ် (၂)

မောင်မောင်ဟာ ဂိမ်းကစားတာ ဝါသနာပါတယ်။ ကျောင်းက ပြန်ရောက်တာနဲ့ ဂိမ်းကစားတော့တာပဲ။ စာမေးပွဲမှာ အမှတ်မကောင်းလို့ အဖေအမေဆူတာကို ခဏခဏ ခံရတယ်။ တစ်နေ့ မောင်မောင့်အဖေက ကျောင်းဖွင့်တဲ့ရက်မှာ ဂိမ်းမကစားဘဲ နေနိုင်ရင် နွေရာသီကျောင်းပိတ်ရက် ရောက်ရင် အကောင်းစားဂိမ်းစက် တစ်ခု ဝယ်ပေးမယ်လို့ ပြောတယ်။

- မောင်မောင် ဘယ်ဟာကို ရွေးချယ်မယ်ထင်လဲ။ ဘာကြောင့်လဲ။
- သားတို့သမီးတို့သာ မောင်မောင်နေရာမှာဆိုရင် ဘယ်လိုဆုံးဖြတ်မလဲ။ ဘာကြောင့်လဲ။

❁ ကလေးများနှင့် အမေးအဖြေ လုပ်ပြီးလျှင် "သားတို့သမီးတို့ဘဝမှာ အရေးကြီးတဲ့အလုပ်၊ အရေးမကြီးတဲ့ အလုပ်တွေဆိုတာ ရှိကြတယ်၊ ဒီတော့ အရေးကြီးတဲ့အလုပ်၊ အရေးမကြီးတဲ့ အလုပ်တွေကို ခွဲခြားနားလည်ကာ အရေးကြီးတဲ့ အလုပ်တွေကို ကြိုးစားလုပ်ဆောင်သွားကြရမယ်"ဟု ပြော၍ သင်ခန်းစာကို အဆုံးသတ်ပါ။

www.dhammaransi.com

သင်ခန်းစာ (၃၀)

သင်ခန်းစာခေါင်းစဉ် ။ ။ ဆုံးဖြတ်ချက် မခိုင်မာသူ

သင်ယူမှုဦးတည်ချက် ။ ။ ဆုံးဖြတ်ချက်တစ်ခုကို သေချာစွာ စဉ်းစားပြီးမှ ချမှတ်တတ်စေရန်။

စာသင်ချိန် (၁) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ မရှိ။

သင်ယူမှုလုပ်ငန်းစဉ်

- "သားတို့သမီးတို့ . . . သင်ခန်းစာ(၂၉)၊ စာသင်ချိန် (၄)မှာ ယုန်ကလေးအကြောင်းနဲ့ မောင်မောင် အကြောင်းတွေကို ဆွေးနွေးခဲ့ကြတာ မှတ်မိလား။ သူတို့နေရာမှာ ဝင်ပြီးတော့ သားတို့သမီးတို့ ဘာလုပ်ခဲ့ရလဲ"ဟူသော မေးခွန်းဖြင့် စာသင်ချိန်ကို စတင်ပါ။
- ထို့နောက် အောက်ပါမေးခွန်းများကို မေးမြန်းဆွေးနွေးပါ။
  - သားတို့သမီးတို့ တစ်ခုခုလုပ်တော့မယ်ဆိုရင် အရင်ဆုံး ဘာလုပ်ရသလဲ။ (ဆုံးဖြတ်ချက် ချရတယ်)
  - ဆုံးဖြတ်ရခက်တဲ့ ကိစ္စတွေရော ကြုံဖူးလား။ နောက်ဆုံး ဘယ်လို ဆုံးဖြတ်ခဲ့ကြသလဲ။ (ကိုယ်တွေ့အဖြစ်အပျက်များကို ပြောပြရန် ဆရာက တိုက်တွန်းပေးပါ)။
  - သားတို့သမီးတို့ . . . ဆုံးဖြတ်ချက်ပြင်ခဲ့ရတာမျိုး ရှိဖူးလား။
  - ဆုံးဖြတ်ချက်ကို ခဏခဏပြင်နေ၊ ပြောင်းနေတဲ့ သူတွေရော တွေ့ဖူးလား။ သူတို့ရဲ့စိတ်က ဘယ်လိုရှိမယ်ထင်လဲ။
- ထို့နောက် ဆရာက "ဆုံးဖြတ်ချက် မခိုင်မာသူဆိုတဲ့ ဇာတ်လမ်းတစ်ပုဒ်ကို လေ့လာကြမယ်"ဟု ပြော၍ စာသင်ချိန်ကို အဆုံးသတ်ပါ။

စာသင်ချိန် (၂) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ကျောင်းသားကိုင်စာအုပ်ပါ ဇာတ်လမ်းနှင့် သရုပ်ဖော်ပုံများ။

သင်ယူမှုလုပ်ငန်းစဉ်

- "သားတို့သမီးတို့ . . . ဒီဇာတ်လမ်းထဲမှာ မင်းသားကြီး၊ မင်းသားငယ်နဲ့ သူဌေးတွေ ပါတယ်၊ သူတို့ ဘာတွေ လုပ်သလဲ၊ နောက်ဆုံး သူတို့ ဘာတွေ ဖြစ်သွားကြသလဲ ဆိုတာကို သေသေချာချာ မှတ်ပြီးတော့ ဖတ်ကြည့်ကြရအောင်"ဟု ပြော၍ ဇာတ်လမ်းကို ဖတ်ကြပါစေ။

ဆုံးဖြတ်ချက် မခိုင်မာသူ

လွန်လေပြီးသောအခါက ဗာရာဏသီပြည့်ရှင် ဘုရင်ကြီးဌ သားတော်နှစ်ပါး ရှိ၏။ သားတော်ကြီးအား အိမ်ရှေ့မင်းအရာ ပေး၍ သားငယ်ကို စစ်သူကြီးအရာ ပေးထားသည်။

တစ်နေ့တွင် ဘုရင်ကြီးသည် ရုတ်တရက် နာမကျန်းဖြစ်၍ နတ်ရွာစံလေ၏။ ထိုအခါ မှူးမတ်များက သားတော်ကြီးကို ဘုရင်အဖြစ် တင်မြှောက်ကြသည်။ သို့သော် သားတော်ကြီးက "ကျွန်ုပ် ဘုရင် မလုပ်ချင်"ဟု ဆိုကာ ငြင်း၏။ "ဒါဆိုရင် အိမ်ရှေ့စံအဖြစ်နဲ့ နေပါ"ဟု တောင်းပန်ကြသော်လည်း လက်မခံပေ။ ပညာရှိမှူးမတ်တို့နှင့် ဆွေတော်မျိုးတော်တို့က အသေအချာ စဉ်းစားဆုံးဖြတ်ရန် ပြောကြ၏။ ဦးရီးတော်ကလည်း "ဘုရင်အဖြစ်ဆိုတာ လူသာမန်တွေ ရတာမဟုတ်ဘူး၊ သင်က မလိုချင်ဘူးဆိုတော့ အတော်ထူးဆန်းတာပဲ၊ အခု မလိုချင်ဘူးဆိုပေမယ့် နောင်တစ်ချိန်ကျရင် လိုချင်နေဦးမယ်၊ သေသေချာချာ စဉ်းစားဆုံးဖြတ်ပါ"ဟု သတိပေး၏။

www.dhammaransi.com

ဦးရိုးတော်နှင့် ပညာရှိမှူးမတ်တို့က မည်သို့ပင် တိုက်တွန်းကြသော်လည်း ဘုရင်အဖြစ်ကို အလိုမရှိကြောင်း၊ ဘဝကို အေးဆေးသက်သာစွာ နေသွားလိုကြောင်းပြောကာ တောရွာလေးတစ်ရွာတွင် အေးအေးဆေးဆေး သွား၍ နေလေသည်။ ပညာရှိမှူးမတ်တို့နှင့် တိုင်းသူပြည်သားတို့သည် မင်းသား၏ စွန့်လွှတ်နိုင်စွမ်းကို ချီးကျူးအံ့သြ၍ လေးစားကြည်ညိုကြ၏။ ဤသို့ဖြင့် မင်းသားငယ်စစ်သူကြီးသည် ဘုရင်ဖြစ်လာလေသည်။

မင်းသား သွားရောက်နေထိုင်သောရွာ၌ ဘုရင့်ထံတွင် နှစ်စဉ် အခွန်ငွေ ၁၀၀ ဆက်သနေရသော သူဌေးတစ်ဦးရှိ၏။ မင်းသားရောက်၍ မကြာမီ ထိုသူဌေးသည် ရွာသို့ရောက်လာသူမှာ မင်းသားဖြစ်ကြောင်း သိရသဖြင့် အခွန်ရှောင်ရန် စိတ်ကူးရသွားကာ မင်းသားကို သွားရောက်ချဉ်းကပ်၍ အလုပ်အကျွေးပြုသည်။ စားသောက်ဖွယ်ရာ၊ နေရာထိုင်ခင်း၊ အသုံးအဆောင် စသည်တို့ကို ထောက်ပံ့ပေး၏။ ထို့နောက် ဘုရင့်ထံ ဆက်သနေရသည့် အခွန်ငွေကို ကင်းလွတ်ခွင့် ရလိုကြောင်းတောင်းပန်ရာ မင်းသားက ညီငယ်ဘုရင့်ထံ စာရေး၍ အကြောင်းကြားပေးလိုက်သည်။

ညီငယ်ဘုရင်ကလည်း မိမိ၏ နောင်တော်အား အလုပ်အကျွေးပြုနေသည်ကို ထောက်ထားကာ ကင်းလွတ်ခွင့်ပြုလိုက်၏။ ထိုသတင်းသည် တခဏချင်း ပျံ့နှံ့သွားလေရာ ထိုရွာအနီးဝန်းကျင်မှ သူဌေးများကလည်း မင်းသားကို ချဉ်းကပ်ပြုစု၍ အခွန်ရှောင်ရန် ကြိုးစားကြ၏။ မင်းသားကလည်း မိမိကို ပြုစုသောသူဌေးများ အခွန်ကင်းလွတ်ခွင့် ရရန် ညီငယ်ဘုရင်ထံတွင် ခွင့်တောင်းပေးပြန်သည်။ ဤသို့ဖြင့် မင်းသားသည် ပစ္စည်းဥစ္စာအခြွေအရံများ တဖြည်းဖြည်း တိုးပွားလာသည်ကို နှစ်သက်သဘောကျလာ၏။

တစ်နေ့တွင် သူဌေးများက "အရှင်မင်းသား . . . ဒီတစ်နယ်လုံးကို အခွန်ကင်းလွတ်ခွင့်ပြုရန် ဘုရင့်ထံ တောင်းဆိုပေးပါ။ အရှင်မင်းသားကိုသာ ကျွန်ုပ်တို့ အခွန်ဘဏ္ဍာ ဆက်သလိုပါတယ်"ဟု မင်းသားထံ ချဉ်းကပ်၍ ပြောကြရာ မင်းသားကလည်း သဘောတူလက်ခံပြီး ညီငယ်ဘုရင်ထံ တောင်းဆိုပေး၏။ နောင်တော်၏ တောင်းဆိုချက်ကို ညီငယ်ဘုရင်ကလည်း မငြိမငြင်ပင် ခွင့်ပြုသည်။

ထိုအခါ ဘုရင့်ထံ အခွန်မဆောင်ရအောင် ကူညီပေးသည့် မင်းသားကို သူဌေးများက သူထက်ငါ သာအောင် ပြုစုထောက်ပံ့ကြ၏။ နောက်ဆုံးတွင် တိုင်းပြည်အတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များသည် ဘုရင့်ထံ အခွန်မဆက်သလိုသဖြင့် မင်းသားကိုသာ သွားရောက်ပြုစုထောက်ပံ့ကြ၏။ ဤသို့ဖြင့် မင်းသားမှာ တစ်နေ့တခြား လောဘတက်လာကာ တစ်မြို့ပြီးတစ်မြို့ အခွန်ကင်းလွတ်ခွင့်ပြုရန် ညီငယ်ဘုရင်ထံ တောင်းဆိုသည်။ သဘောကောင်း၍ ကျေးဇူးသိတတ်သော ညီငယ်ဘုရင်ကလည်း နောင်တော် တောင်းသမျှကို လိုက်လျောခွင့်ပြုပေး၏။

ဤသို့ဖြင့် မင်းသားသည် နယ်များ၊ မြို့များကို အပိုင်စားရရုံဖြင့် မကျေနပ်နိုင်တော့ဘဲ တိုင်းပြည် အုပ်ချုပ်သော ဘုရင် ဖြစ်ချင်လာ၏။ သို့ဖြစ်၍ မင်းသားသည် သူဌေးများ၏ အကူအညီကိုယူကာ လက်နက်လူသူ စုဆောင်း၍ မင်းနေပြည်တော်သို့ စစ်ချီလေသည်။ နေပြည်တော်အနီးသို့ ရောက်သောအခါ "စစ်တိုက်မည်လော၊ တိုင်းပြည်ကို ပေးမည်လော"ဟူသော အမှာစကို ညီငယ်ဘုရင်ထံ ပို့စေ၏။

ထိုအခါ သဘောထားပြည့်ဝ၍ အမြော်အမြင်ရှိသော ညီငယ်ဘုရင်သည် "ညီအစ်ကို အချင်းချင်း စစ်တိုက်၍ တိုင်းပြည်လုသည်မှာ မဖြစ်သင့်"ဟု တွေးမိကာ နောင်တော်မင်းသားကို စစ်မတိုက်လိုကြောင်း၊ တိုင်းပြည်ကိုသာ ယူစေလိုပါကြောင်း အကြောင်းပြန်၍ တိုင်းပြည်ကို အပ်နှင်းလိုက်၏။

နောင်တော်မင်းသားသည် ဘုရင်အဖြစ်ကို ရရှိခဲ့သော်လည်း ပညာရှိအမတ်တို့နှင့် တိုင်းသူပြည်သားတို့က သူ့ကို လေးစားကြည်ညိုခြင်း အလျဉ်းမရှိကြပေ၊ သူပြောသမျှကိုလည်း အယုံအကြည် မရှိကြဘဲ "ဆုံးဖြတ်ချက် မခိုင်မာသူ"ဟု ပြစ်တင်ကဲ့ရဲ့ကြလေသည်။ တိုင်းသူပြည်သားတို့၏ လေးစားယုံကြည်မှု မရသောကြောင့် နောင်တော်မင်းသား ဘုရင်သည် အမြဲမပြတ် စိုးရိမ်ကြောင့်ကြလျက် တိုင်းပြည်ကို အုပ်ချုပ်သွားရလေသည်။

မှီငြမ်း။ ။ ကာမဏတ်၊ ပုံတော်စုံ ငါးရာငါးဆယ်ဇာတ်ဝတ္ထု၊ စတုတ္ထတွဲ၊ ၃၅။ ဇာ၊ ၄၅၊ ၄၊ ၁၆၈။

www.dhammaransi.com

❁ အောက်ပါမေးခွန်းများကို မေးပါ။

- ဘုရင်ကြီးက သားတော်နှစ်ပါးကို ဘယ်လို ရာထူးတွေ ပေးခဲ့သလဲ။
- ဘုရင်ကြီး နတ်ရွာစံသွားတဲ့အခါမှာ မှူးမတ်တွေက ဘယ်သူ့ကို ဘုရင်အဖြစ် တင်မြှောက်သလဲ။
- သားတော်ကြီးက ဘယ်လိုဆုံးဖြတ်ခဲ့သလဲ။
- ဦးရီးတော်က သားတော်ကြီးကို ဘယ်လို ဆုံးမ သတိပေးခဲ့သလဲ။
- သားတော်ကြီးက ဘုရင်မလုပ်ဘဲ ဘယ်လိုဘဝမျိုးနဲ့ နေထိုင်ချင်သလဲ။
- သားတော်ကြီးက ဘုရင်အဖြစ်ကို လက်မခံတော့ ဘယ်သူ ဘုရင်ဖြစ်လာသလဲ။
- မင်းသားကြီး သွားနေတဲ့ရွာက သူဌေးဟာ မင်းသားကြီးကို ဘာကြောင့် ချဉ်းကပ်ခဲ့သလဲ။ ဘယ်လို ချဉ်းကပ်ခဲ့သလဲ။
- မင်းသားကြီးက သူဌေးတွေကို ဘယ်လိုကူညီခဲ့သလဲ။
- မင်းသားကြီးက ညီငယ်ဘုရင်ထံမှ အဆင့်ဆင့် ဘယ်လိုတောင်းဆိုခဲ့သလဲ။
- မင်းသားကြီး ဘုရင်ဖြစ်လာသောအခါ တိုင်းသူပြည်သားတွေက ဘယ်လို ပြုမူပြောဆိုကြသလဲ။

စာသင်ချိန် (၃)	။	။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း	။	။ မရှိ။

သင်ယူမှုလုပ်ငန်းစဉ်

❁ "သားတို့သမီးတို့ . . . ပြီးခဲ့တဲ့ စာသင်ချိန်မှာ ဆုံးဖြတ်ချက်မခိုင်တဲ့ မင်းသားကြီးအကြောင်း သိပြီးပြီ၊ ဒီတစ်ခါတော့ ဆုံးဖြတ်ချက်ချရမယ့် လုပ်ငန်းလေးတွေ လုပ်ကြည့်ရအောင်"ဟု ပြော၍ စာသင်ချိန်ကို စတင်ပါ။

❁ ဆရာက ကလေးများကို အုပ်စု (၅)စု ဖွဲ့၍ အောက်ပါဖြစ်ရပ်နှစ်ခုကို တစ်ခုချင်းစီ ဖတ်ပြပြီး မေးခွန်းများကို ဆွေးနွေးကြပါစေ။

ဖြစ်ရပ် (၁)

ကန်လေးတစ်ခုထဲမှာ ငါးလေးသုံးကောင်ဟာ စုပြီး ပျော်ပျော်ရွှင်ရွှင် နေထိုင်ကြတယ်။ အဲဒီ ကန်လေးထဲမှာ ငါးလေးတွေအတွက် အစာကလည်း ပေါမှုပေါ။ တစ်နေ့မှာ ငါးလေးတစ်ကောင်က "ဒီနစ်မှာ မိုးခေါင်နိုင်တယ်။ ရေခမ်းပြီး ခြောက်သွေ့နိုင်တယ်။ ဟိုဘက်က ကန်ကြီးထဲကို ပြောင်းကြမယ်"လို့ သူငယ်ချင်းနှစ်ကောင်ကို တိုင်ပင်တယ်။

- ငါးလေးတွေ ဘယ်လို ဆုံးဖြတ်ချက် ချမယ်ထင်သလဲ။
- သားတို့သမီးတို့သာ ငါးလေးတွေနေရာမှာဆိုရင် ဘယ်လို ဆုံးဖြတ်မလဲ။ ဘာကြောင့်လဲ။

ဖြစ်ရပ် (၂)

ဇော်ဇော်ဟာ နွေရာသီကျောင်းပိတ်ရက်မှာ သူသိပ်ပြီး တက်ချင်တဲ့ ကွန်ပျူတာသင်တန်း တက်ဖို့ရှိတယ်။ ဒါပေမယ့် အဲဒီနွေရာသီပိတ်ရက်မှာပဲ သူ့ဆွေမျိုးတွေက ပုဂံကို ဘုရားဖူးသွားဖို့ ရှိနေတယ်။ ဇော်ဇော်ကိုလည်း လိုက်ဖို့ ခေါ်နေတယ်။ သူ့စိတ်ထဲမှာလည်း လိုက်ချင်နေတယ်။

- ဇော်ဇော် ဘယ်လို ဆုံးဖြတ်မယ်ထင်လဲ။
- သားတို့သမီးတို့သာ ဇော်ဇော်နေရာမှာဆိုရင် ဘယ်လို ဆုံးဖြတ်မလဲ။ ဘာကြောင့်လဲ။

❁ အုပ်စုကိုယ်စားလှယ်တစ်ဦးစီက ပြန်လည်တင်ပြကြပါစေ။

❁ ဆရာက ကလေးများ၏ ဆွေးနွေးတင်ပြချက်များပေါ် မူတည်၍ လိုအပ်လျှင် ဖြည့်စွက်အနှစ်ချုပ်ပါ။

www.dhammaransi.com

စာသင်ချိန် (၄)	။	။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း	။	။ မရှိ။

သင်ယူမှုလုပ်ငန်းစဉ်

- စာသင်ချိန်(၃) အတိုင်း အုပ်စုကို ထား၍ အောက်ပါမေးခွန်းကို ဆွေးနွေးကြပါစေ။
  - ဆုံးဖြတ်ချက် တစ်ခုခု ချတော့မယ်ဆိုရင် ဘယ်လိုအချက်တွေကို ထည့်သွင်း စဉ်းစားရမလဲ။
    (ဆုံးဖြတ်ချက်ချရမည့် ကိစ္စနှင့်ပတ်သက်၍ သေချာသိထားရန်၊ အကျိုးဆက်ကို ကြိုတင်တွက်ဆထားရန်၊ အများနှင့်ဆိုင်သော ကိစ္စဖြစ်လျှင် အများသဘောကို ထည့်တွက်ရန်၊ အလျင်စလို မဆုံးဖြတ်ရန်၊ စိတ်ငြိမ်ငြိမ်ထား၍ ဆုံးဖြတ်ရန်၊ အတွေ့အကြုံရှိသူများထံက အကြံဉာဏ်များ ရယူရန် . . . စသည်)
- အုပ်စုကိုယ်စားလှယ်တစ်ဦးစီက တင်ပြပါစေ။
- ဆွေးနွေးတင်ပြသည်များကို ဆရာက မှတ်သားထားပြီး "ဆုံးဖြတ်ချက်တစ်ခုကို အလျင်စလို မချမှတ်သင့်ဘူး၊ ကိုယ့်ဆုံးဖြတ်ချက်ရဲ့ နောက်ဆက်တွဲ ကောင်းကျိုး၊ ဆိုးကျိုးတွေကို ထည့်သွင်း စဉ်းစားရမယ်၊ ပြီးတော့ အားလုံး အတွက် အကောင်းဆုံး ဖြစ်နိုင်မယ့် ဆုံးဖြတ်ချက်တစ်ခုကိုပဲ ချမှတ်သင့်တယ်၊ ဆုံးဖြတ်ပြီးရင်လည်း ကိုယ်ဆုံးဖြတ်ထားတဲ့အတိုင်း ဖြစ်မြောက်အောင် ဆောင်ရွက်ရမယ်"ဟု ပြောကာ သင်ခန်းစာကို အဆုံးသတ်ပါ။

www.dhammaransi.com

သင်ခန်းစာ (၃၁)

သင်ခန်းစာခေါင်းစဉ် ။ ။ ပညာရှိခေါင်းဆောင်

သင်ယူမှုဦးတည်ချက် ။ ။ အရာရာကို ပညာဆင်ခြင်ဉာဏ်ဖြင့် နှိုင်းချိန် ပြုလုပ်သင့်ကြောင်း သိရှိစေရန်။

စာသင်ချိန် (၁) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ စာရွက်လွတ်များ။

သင်ယူမှုလုပ်ငန်းစဉ်

- ကလေးများကို အုပ်စု (၅) စုဖွဲ့၍ အောက်ပါမေးခွန်းကို ဆွေးနွေးကြပါစေ။
  - သားတို့သမီးတို့ စိတ်ထဲမှာ ပညာရှိလို့ ယူဆထားတဲ့သူတွေ ရှိလား၊ ဘယ်သူတွေလဲ။
    ဘာကြောင့် ယူဆထားတာလဲ။
- ဆရာသတိပြုရန်။ ။ ကလေးများ ဆွေးနွေးနေချိန်တွင် "စာအုပ်တွေထဲမှာ ဖတ်ထားဖူးတာတွေကိုရော၊ ပြောသံကြားဖူးတာတွေကိုရော၊ စိတ်ထဲမှာ ထင်တာတွေ အားလုံးကို ရေးနိုင်တယ်၊ သားတို့သမီးတို့ အိမ်ကသူတွေလည်း ဖြစ်နိုင်တယ်၊ ရပ်ကွက်ထဲက၊ မြို့ထဲက၊ ရွာထဲကသူတွေလည်း ဖြစ်နိုင်တယ်" စသည်ဖြင့် ပြောပါ။ ဥပမာ - "မေမေ" ဟုရေးထားလျှင် မေမေကို ပညာရှိလို့ ရေးထားရခြင်း အကြောင်းပြချက်များကို ဆွေးနွေးဖော်ထုတ်ပေးပါ။
- အုပ်စုကိုယ်စားလှယ်တစ်ဦးစီက အလှည့်ကျ တင်ပြပါစေ။
- ထို့နောက် ဆရာက "သားတို့သမီးတို့ တစ်ဦးချင်းစီက ပညာရှိလို့ ယူဆထားသူတွေ၊ ဘာကြောင့် သူတို့ကို ပညာရှိလို့ ယူဆရတယ်ဆိုတဲ့ အကြောင်းတွေကို သိခဲ့ကြပြီ၊ နောက်စာသင်ချိန်မှာ ဇာတ်နိပါတ်တော်ထဲက ပညာရှိခေါင်းဆောင်တစ်ယောက်အကြောင်းကို လေ့လာကြည့်ရအောင်"ဟု ပြော၍ စာသင်ချိန်ကို အဆုံးသတ်ပါ။

စာသင်ချိန် (၂) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ကျောင်းသားကိုင်စာအုပ်ပါ ဇာတ်လမ်းနှင့် သရုပ်ဖော်ပုံများ။

သင်ယူမှုလုပ်ငန်းစဉ်

- "သားတို့သမီးတို့ . . . ဇာတ်လမ်းတစ်ပုဒ်ကို ဖတ်ကြည့်ကြမယ်၊ ဖတ်ပြီးရင် ဒီဇာတ်လမ်းထဲက ပညာရှိက ဘယ်သူလဲ၊ သူ့ကို ဘာကြောင့် ပညာရှိလို့ ပြောနိုင်တာလဲဆိုတာ ပြန်ဆွေးနွေးကြမယ်"ဟု ပြော၍ ဇာတ်လမ်းကို ဖတ်ကြပါစေ။

ပညာရှိခေါင်းဆောင်

ရှေးအခါက ရွာတစ်ရွာတွင် အသိဉာဏ်ပညာနှင့်ပြည့်စုံသော ကုန်သည်တစ်ယောက် ရှိသည်။ တစ်နေ့တွင် ထိုကုန်သည်သည် ကုန်ရောင်းကုန်ဝယ် ပြုလုပ်ရန် နောက်ပါလှည်းသမားများနှင့်အတူ ခရီးထွက်လာ၏။ ခရီးမထွက်မီ သူ၏လှည်းသမားများကို "နေရာအသစ်တစ်ခုရောက်ရင် မစားဖူးတဲ့အသီး၊ အရွက်၊ သစ်မြစ်၊ သစ်ဖုတွေကို ကျွန်ုပ်ကို အသိမပေးဘဲ မစားကြပါနဲ့"ဟု သတိပေးတားမြစ်ထားသည်။ ဤသို့ဖြင့် လှည်းကုန်သည်တို့သည် တောအုပ်ကြီးတစ်ခုအနီးသို့ ရောက်လာလေသည်။

ထိုတောအုပ်အစပ်ရှိ ရွာအဝင်တွင် အပင်တစ်ပင်၏ ပင်စည်၊ အခက်၊ အရွက်၊ အပွင့်၊ အသီး အားလုံးတို့မှာ သရက်ပင်နှင့် အသွင်သဏ္ဌာန်တူသည်။ အသီး၏ အနံ့အရသာသည်လည်း သရက်သီးနှင့် တူသည်။ သို့သော် ထိုအပင်

www.dhammaransi.com

သည် အဆိပ်ပင်ဖြစ်သဖြင့် စားမိလျှင် တခဏချင်းပင် သေစေနိုင်သည်။ ရွာသားများသည် အဆိပ်သီးကို စားမိ၍ သေဆုံးသွားကြသော ခရီးသွားများ၏ ပစ္စည်းဥစ္စာတို့ကို ယူလိုသောကြောင့် ထိုအပင်ကို ခုတ်လဲခြင်း မပြုကြပေ။

နောက်တစ်နေ့တွင် ယခင်ကုန်သည်များကဲ့သို့ ယခုလှည်းကုန်သည်အားလုံးတို့သည်လည်း အဆိပ်သီးကို စားမိ၍ သေဆုံးနေကြလိမ့်မည်ဟု ရွာသားများက ထင်နေကြ၏။ သို့သော် ခရီးဆက်လက်ထွက်ခွာရန် ပြင်ဆင်နေကြသော လှည်းကုန်သည်တို့ကို တွေ့မြင်ရ၍ အလွန်အံ့သြသွားကြလေသည်။ ထိုအခါ ရွာသားများက လှည်းကုန်သည်တို့ကို "ဒီအပင်က အသီးကို မစားမိကြဘူးလား"ဟု မေးရာ "ကျွန်ုပ်တို့ ခေါင်းဆောင်က အဆိပ်သီးလို့ ပြောတဲ့အတွက် မစားတာပါ"ဟု ပြန်ဖြေကြ၏။ ထိုအခါ ရွာသူကြီးကလည်း ခေါင်းဆောင်ကုန်သည်ကို "ဘယ်လို သုံးသပ်မိလို့ အဆိပ် သီးမှန်း သိရတာလဲ"ဟု မေးလေသည်။

ခေါင်းဆောင်ကုန်သည်က "အချက်နှစ်ချက်ကြောင့် ဒီအပင်ဟာ သရက်ပင် မဟုတ်ဘူးဆိုတာ သိရတာပါ။ ပထမတစ်ချက်က ဒီအပင်ဟာ လူတွေ အလွယ်တကူ တက်လို့ရတဲ့ အပင်ဖြစ်တယ်၊ ဒုတိယတစ်ချက်က ဒီအပင်ဟာ ရွာနဲ့မနီးမဝေးမှာ ရှိတယ်၊ စားလို့ရတဲ့အသီးဖြစ်ရင် အသီးတွေဟာ ဒီလောက် ပြွတ်သိပ်နေမှာ မဟုတ်ဘူး၊ လူတွေ တက်ချည်၊ ဆင်းချည် ပြုလုပ်ကြလို့ အကိုင်း၊ အခက်၊ အရွက်တွေလည်း အချို့နေရာတွေမှာ ကျိုးကြေပျက်စီးနေကြလိမ့်မယ်၊ အခုတော့ မပျက်စီးဘဲ အကောင်းပကတိ ရှိနေကြလို့ ရွာသားတွေက ဒီအသီးကို ဆွတ်ယူစားသုံးခြင်း မရှိကြဘူး၊ ဒါကြောင့် အဆိပ်သီးလို့ သုံးသပ်မိတယ်၊ ဒီအချက် နှစ်ချက်ကြောင့် ကျွန်ုပ်ရဲ့ နောက်ပါလှည်းကုန်သည်တွေကို မစားကြဖို့ တားမြစ်ရခြင်းဖြစ်တယ်"ဟု ပြန်လည်ဖြေကြားလိုက်သည်။

ရွာသားများသည် ခေါင်းဆောင်ကောင်းပီသစွာဖြင့် လက်အောက်ငယ်သားများ၏ အကျိုးကို ဆောင်ရွက်တတ်သော ပညာရှိလှည်းကုန်သည်အား လေးစားသွားကြ၏။ ပညာရှိလှည်းကုန်သည်သည်လည်း ရွာသားများကို စင်ကြယ်သော အသက်မွေးမှုဖြင့် စီးပွားရှာကြရန် ပြောဆိုဆုံးမ၍ အဆိပ်ပင်ကိုလည်း ခုတ်လဲပစ်ရန် ပြောကြားခဲ့သည်။ ပညာရှိခေါင်းဆောင်ကောင်းတို့မည်သည် အများအကျိုးကို ဉာဏ်ပညာဖြင့် ချင့်ချိန်၍ ဆောင်ရွက်တတ်ကြသူများ ဖြစ်ကြပေသည်။

မိုဇြမ်း။ ။ ကိုဖလဇာတ်၊ ပုံတော်စုံ ငါးရာငါးဆယ်ဇာတ်ဝတ္ထု၊ ပထမတွဲ။ ၂၃၀။ ဇာ၊ ဌ၊ ၁။ ၂၈၈။

- အောက်ပါမေးခွန်းများကို မေးပါ။
  - ခေါင်းဆောင်က လှည်းသမားတွေကို ဘယ်လို မှာထားသလဲ။
  - လှည်းသမားတွေ တွေတဲ့အပင်က ဘယ်လို အပင်မျိုးလဲ။
  - လှည်းသမားတွေက အဲဒီအပင်က အသီးကို ဘာကြောင့် မစားကြတာလဲ။
  - သရက်ပင်နဲ့တူတဲ့အပင်ကို ရွာသားတွေက ဘာကြောင့် မခုတ်လဲကြတာလဲ။
  - လှည်းသမားတွေ အသက်ဘေးက လွတ်သွားတာ ဘာကြောင့်လဲ။
  - ခေါင်းဆောင်က ဘယ်လို အချက်တွေကို သုံးသပ်ပြီး အဆိပ်သီးလို့ ပြောနိုင်တာလဲ။
  - ဘယ်အချက်တွေအရ ဒီဇာတ်လမ်းထဲက ခေါင်းဆောင်ကို ပညာရှိလို့ ယူဆနိုင်တာလဲ။

www.dhammaransi.com

စာသင်ချိန် (၃) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ မရှိ။

သင်ယူမှုလုပ်ငန်းစဉ်

- ကလေးများကို အုပ်စု(၅) စုဖွဲ့ပါ။
- ပညာရှိခေါင်းဆောင် ဇာတ်လမ်းကို ကလေးများကိုယ်တိုင် ပြန်လည် ဖတ်ရှုကြပါစေ။
  (စာဖတ်ပြီးလျှင် လုပ်ဆောင်ရမည့်အချက်များကို "သားတို့သမီးတို့ . . . ဇာတ်လမ်းထဲက ပါဝင်သူတွေထဲမှာ ဘယ်သူတွေကို အတုယူသင့်သလဲ၊ ဘယ်သူတွေကို ရှောင်ရှားသင့်သလဲ၊ ဘာကြောင့်လဲဆိုတာ ရှင်းရှင်းလင်းလင်း ပြောပြရမယ်"ဟု ကြိုတင်ပြောပြထားပါ။)
- တစ်ယောက်ချင်းစီဖတ်ပြီး စဉ်းစားထားသမျှကို အုပ်စုတွင်းမှာ ပြန်လည်ဆွေးနွေး ညှိနှိုင်းကြပါစေ။ နောက်ဆုံးတွင် အုပ်စုတွင်း ဆွေးနွေးညှိနှိုင်းထားသည်များကို အုပ်စုကိုယ်စားလှယ်တစ်ဦးစီက ပြောပြပါစေ။

စာသင်ချိန် (၄) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ခေါင်းဆောင်ကောင်း တေးကဗျာ။

သင်ယူမှုလုပ်ငန်းစဉ်

- ကလေးများကို နှစ်ယောက်တစ်တွဲ တွဲပါ။
- အတွဲအားလုံးက အောက်ပါမေးခွန်းကို အပြန်အလှန် ဆွေးနွေးကြပါစေ။
  - သင်သာ ခေါင်းဆောင်တစ်ဦး ဖြစ်မယ်ဆိုရင် ဘယ်လို ခေါင်းဆောင်မျိုးဖြစ်အောင် ကြိုးစားမလဲ။
  - သင်သာ နောက်လိုက်တစ်ဦးဖြစ်မယ်ဆိုရင် ဘယ်လို နောက်လိုက်မျိုး ဖြစ်ချင်သလဲ။
- နှစ်ယောက်တစ်တွဲ ဆွေးနွေးပြီးလျှင် အတွဲနှစ်တွဲပေါင်းပြီး အဖြေချင်း တူ မတူကို လေးယောက်တစ်တွဲ အပြန်အလှန် ဆွေးနွေးကြပါစေ။ ကိုယ်စားလှယ်တစ်ဦးစီက အလှည့်ကျ ပြန်လည်တင်ပြပါစေ။
- ပြီးနောက် အောက်ပါ တေးကဗျာကို သီဆိုပြီး သင်ခန်းစာကို အဆုံးသတ်ပါ။

ခေါင်းဆောင်ကောင်း

ခေါင်းဆောင်တို့မည်သည်
ဦးဆောင်ကာကွယ်သည်
ဆုံးဖြတ်ချက်တွေ အခိုင်အမာချ ရဲဝံ့ပြတ်သားစွာ
တွန်းလှန်ခုခံသည် အသိဉာဏ်အဖြေမှန်ဆီ
စဉ်းစားသုံးသပ် တွက်ချက်စီစစ်ကာ
အများအကျိုးတွေ ဖြစ်ထွန်းရာ
မြင်အောင်ကြည့်တတ်တာ ခေါင်းဆောင်ကောင်းတွေပါ။ ။

www.dhammaransi.com

သင်ခန်းစာ (၃၂)

သင်ခန်းစာခေါင်းစဉ်	။	။ ဒေါ်ဦးဇွန်း
သင်ယူမှုဦးတည်ချက်	။	။ ဒေါ်ဦးဇွန်းအကြောင်းကို သိရှိစေရန်နှင့် အဘိုးအဘွားများကို ကူညီစောင့်ရှောက်တတ်စေရန်။
စာသင်ချိန် (၁)	။	။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း	။	။ ဘိုးဘိုးဘွားဘွား တန်ဖိုးထားတေးကဗျာ။

သင်ယူမှုလုပ်ငန်းစဉ်

- အောက်ပါမေးခွန်းများကို မေးပါ။
  - သားတို့သမီးတို့ကို မွေးဖွားပေးခဲ့တာ ဘယ်သူတွေလဲ။
  - ဖေဖေ မေမေတို့ကို ဘယ်သူတွေက မွေးဖွားပေးခဲ့တာလဲ။
  - သားတို့ သမီးတို့ကို အခု ဘယ်သူတွေက ပြုစုစောင့်ရှောက်နေသလဲ။
- "ကျေးဇူးရှိတဲ့ အဘိုးအဘွားတွေကို သားတို့သမီးတို့က ဘယ်လို ပြုစုစောင့်ရှောက်ပေးခဲ့ဖူးသလဲ"ဟူသော မေးခွန်းကို မေး၍ ကလေးများ ပြောသမျှ သင်ပုန်းပေါ်တွင် မှတ်တမ်းတင်ပေးပါ။
- အောက်ပါ ကဗျာကို စုပေါင်း၍ ရွတ်ဆိုကြပါစေ။

ဘိုးဘိုးဘွားဘွား တန်ဖိုးထား
ဘိုးဘိုးပြောတဲ့ ရှေးစကား
တို့တွေနာကြား တန်ဖိုးထား။
ဘွားဘွားပြောတဲ့ ရှေးစကား
တို့တွေနာကြား တန်ဖိုးထား။
ဘိုးဘွားဆိုတာ ရတနာ
အတွေ့အကြုံများပေတာ။
စေတနာကို အရင်းပြု
သက်ကြီးရွယ်အို စောင့်ရှောက်မှု။
တို့တွေပြုတဲ့ ဒီကုသိုလ်
ကောင်းမှုအမြဲ တည်စေလို။
စိတ်များကိုကွယ် ဖြူအောင်ထား
ကူညီကြစို့ တို့ဘိုးဘွား။

www.dhammaransi.com

စာသင်ချိန် (၂) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ကျောင်းသားကိုင်စာအုပ်ပါ ဒေါ်ဦးဇွန်းအကြောင်းနှင့် သရုပ်ဖော်ပုံ။

သင်ယူမှုလုပ်ငန်းစဉ်

❁ အောက်ပါမေးခွန်းများကို မေးပါ။
- အဘိုးအဘွားတိုင်းမှာ ပြုစုစောင့်ရှောက်တဲ့သူ ရှိသလား။
- ဘယ်လို ဘိုးဘွားတွေမှာ ပြုစုစောင့်ရှောက်မှု လိုအပ်နေတာလဲ။
- အဲဒီလို ဘိုးဘွားတွေကို ပြုစုစောင့်ရှောက်တဲ့ နေရာကို ဘယ်လို ခေါ်သလဲ။
- မြန်မာနိုင်ငံမှာ ဗုဒ္ဓဘာသာဘိုးဘွားရိပ်သာကို စတင်တည်ထောင်ခဲ့တဲ့သူကို သိသလား၊ ဘယ်သူလဲ။

❁ "အခု တို့တတွေအားလုံး သူ့အကြောင်း ဖတ်ကြည့်ကြမယ်"ဟုဆိုကာ ကလေးများကိုယ်တိုင် ဖတ်ကြပါစေ။

ဒေါ်ဦးဇွန်း

မြန်မာနိုင်ငံ၌ ဗုဒ္ဓဘာသာဘိုးဘွားရိပ်သာများကို စတင်တည်ထောင်ခဲ့သူမှာ ဒေါ်ဦးဇွန်းဖြစ်သည်။ ဒေါ်ဦးဇွန်းသည် ပဉ္စမသင်္ဂီယနာတင် မင်းတုန်းမင်းကြီးလက်ထက် ရတနာပုံနေပြည်တော်၌ မြန်မာသက္ကရာဇ် ၁၂၃၀ ပြည့်နှစ် ဝါခေါင်လဆန်း ၅ ရက် သောကြာနေ့တွင် ပိုးကုန်သည်ကြီး အဘဦးအိ၊ အမိ ဒေါ်မျိုင်တို့မှ ဖွားမြင်သည့် တစ်ဦးတည်းသော သမီးဖြစ်သည်။

ဒေါ်ဦးဇွန်းသည် ဘာသာတရားလေးစားသည့် မိဘများ၏ ဆုံးမသွန်သင်မှုကြောင့် ငယ်စဉ်ကပင် ဘာသာရေးကို အထူးကိုင်းရှိုင်းသော အမျိုးကောင်းသမီးဖြစ်ခဲ့၏။ ပုဗ္ဗာရုံကျောင်းအမ ဝိသာခါထုံး နလုံးမူကာ ခုနစ်နှစ်အရွယ်ကပင် ငါးပါးသီလကို နေ့စဉ်စောင့်ထိန်း၍ ဥပုသ်ရက်တို့၌ ရှစ်ပါးသီလကို အမြဲမပြတ် ဆောက်တည်ခဲ့သည်။ မင်္ဂလာတရားတော်နှင့်အညီ ခြိုးခြံစွာ ကျင့်သုံးနေထိုင်၍ ရက်ရောစွာ ပေးကမ်းလှူဒါန်းတတ်သည်။ မာန်မာနမရှိဘဲ မိမိကိုယ်ကိုယ် နှိမ့်ချ၍ နေလေ့ရှိသည်။ မိဘကျေးဇူးကို အထူးသိတတ်သည်။ အသက် ၁၆ နှစ်အရွယ်မှစ၍ ဒေါ်ဦးဇွန်းသည် မိသားစု လုပ်ငန်းဖြစ်သော ပိုးကုန်သည်အလုပ်ကို ဦးစီးလုပ်ကိုင်ခဲ့၏။ ပိုးထည်အရောင်းအဝယ်ကိစ္စနှင့် အမြို့မြို့အနယ်နယ်သို့ ကူးသန်းသွားလာရသောကြောင့် မိတ်ဆွေများ၍ လူပေါင်းဆန့်ကာ ဗဟုသုတကြွယ်ဝသည်။

ဒေါ်ဦးဇွန်း အသက် ၂၂ နှစ်အရွယ်ရောက်သောအခါ မိဘများကွယ်လွန်ခဲ့သည်။ ဒေါ်ဦးဇွန်းသည် အိမ်ထောင်မပြုခဲ့ပေ။ အသက် ၃၀ အရွယ်တွင် မန္တလေးမြို့ ပတ္တမြားဆရာတော်ဘုရားကြီးအား အုတ်ကျောင်း ဆောက်လုပ်လှူဒါန်းခဲ့သည်။ ထိုအချိန်မှစ၍ ပတ္တမြားအုတ်ကျောင်းအမ ဒေါ်ဦးဇွန်းဟူ၍ လူသိများလာသည်။ အသက် ၄၆ နှစ်အရွယ်တွင် ပိုးထည်ရောင်းဝယ်ရေးကိစ္စဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိစဉ် ထင်ရှားသောဘုရားများကို လှည့်လည်ဖူးမြော်ပြီး ဗရင်ဂျီသာသနာပြု ခရစ်ယာန်သီလရှင်ကျောင်းသို့လည်း သွားရောက်ကြည့်ရှုလေ့လာခဲ့သည်။ ထိုကျောင်းတွင် ဗုဒ္ဓဘာသာ ဘိုးဘွားများကို ကောင်းမွန်စွာ ပြုစုစောင့်ရှောက်ထားသော်လည်း ဘုရားရှိခိုးခြင်း၊ ဥပုသ်စောင့်ခြင်း စသည်တို့ကို မပြုလုပ်ရဘဲ ခရစ်ယာန်ဘာသာထုံးစံအတိုင်း ဝတ်ပြုရသည်ကို တွေ့မြင်ခဲ့ရသည်။ ထိုအခါ ဗုဒ္ဓဘာသာဘိုးဘွားများ မိမိဘာသာကို လွတ်လပ်စွာ ကိုးကွယ်ကျင့်သုံးခွင့် ရရှိစေရန် စောင့်ရှောက်ရေးဌာနတစ်ခု ဖွင့်လှစ်မည်ဟု ဆုံးဖြတ်လိုက်၏။

ထို့နောက် မန္တလေးမြို့သို့ ပြန်ရောက်သောအခါ စစ်ကိုင်းတောင်ရိုး အရိယမဂ္ဂင်ချောင်ဆရာတော်ဘုရားကြီးအား လျှောက်ထား၍ မင်းကွန်းခေါင်းလောင်းကြီးအနီးတွင် ဘိုးဘွားရိပ်သာကို ၁၂၇၈ ခုနစ်တွင် စတင်တည်ထောင်ခဲ့သည်။ ရှေးဦးစွာ အဘိုးအိုတစ်ယောက်၊ အဘွားအိုနှစ်ယောက်ကို လက်ခံ၍ ဒေါ်ဦးဇွန်းကိုယ်တိုင် အဖော်မိန်းကလေးတစ်ဦးနှင့် ဝတ်ကြီးဝတ်ငယ်ပြု၍ ကျွေးမွေးစောင့်ရှောက်ခဲ့၏။ ၁၂၈၀ ပြည့်နှစ် ရောက်သောအခါ အဘိုးအဘွား ၂၀ ခန့်ကို စောင့်ရှောက်နိုင်ခဲ့သည်။ ထိုနှစ်တွင် အလှူပါဝင်လိုသူများထံမှ အလှူငွေလက်ခံကာ ဘိုးဘွားရိပ်သာအသင်းကို စတင်တည်ထောင်ခဲ့သည်။

www.dhammaransi.com

ဒေါ်ဦးဇွန်းသည် မင်းကွန်းဗုဒ္ဓဘာသာ ဘိုးဘွားရိပ်သာလုပ်ငန်းကို တည်ထောင်ခဲ့ပြီးနောက် ၁၂၈၉ ခုနှစ်တွင် သထုံမြို့၊ မြသပိတ်တောင်ခြေ၌လည်းကောင်း၊ ၁၂၉၀ ပြည့်နှစ်တွင် ပေါင်းတည်မြို့၌ လည်းကောင်း၊ ၁၂၉၅ ခုနှစ်တွင် ရန်ကုန်မြို့၊ နှင်းဆီကုန်း၌လည်းကောင်း၊ ၁၂၉၉ ခုနှစ်တွင် ပခုက္ကူမြို့၌ လည်းကောင်း ဘိုးဘွားရိပ်သာများ တည်ထောင်ခဲ့သည်။ ထို့နောက် သူ၌ရှိရှိသမျှသော ပစ္စည်းအားလုံး စုစုပေါင်း နှစ်သိန်းဖိုးခန့်ကိုလည်း ဘိုးဘွားရိပ်သာများသို့ လှူဒါန်းလိုက်လေသည်။ အသက် ၆၀ အရွယ်တွင် ပေါင်းတည်ဘိုးဘွားရိပ်သာ၌ သီလရှင်အဖြစ် ခံယူလိုက်သည်။ ဘွဲ့အမည်မှာ ဘွားသုမာလာဖြစ်သော်လည်း ဒေါ်ဦးဇွန်း ဟူသော အမည်ဖြင့်ပင် လူသိများသည်။

ဒေါ်ဦးဇွန်း၏ ကိုယ်ကျိုးစွန့်သော လုပ်ငန်းများကို အင်္ဂလိပ်အစိုးရက အသိအမှတ်ပြုသည့်အနေဖြင့် တိုင်းကျိုးပြည်ကျိုးဆောင်ဘွဲ့ကို ချီးမြှင့်သည်။ မီးရထား၊ မီးသင်္ဘောတို့ဖြင့် မြန်မာနိုင်ငံအနှံ့အပြား ပထမတန်းမှ အခမဲ့ စီးနင်းသွားလာခွင့်ကိုလည်း ပေးထားခဲ့သည်။

ဒေါ်ဦးဇွန်းသည် အမျိုးသမီးတစ်ယောက်ဖြစ်သော်လည်း ဘိုးဘွားရိပ်သာများကို အောင်မြင်စွာ တည်ထောင်နိုင်ခဲ့သည်မှာ သူတစ်ပါးအပေါ် ကူညီစောင့်ရှောက်ချင်သော မေတ္တာ၊ ကရုဏာစိတ် ကြီးမားခြင်း၊ သက်ကြီးရွယ်အို များကို ဘုရားရိပ်၊ တရားရိပ်တွင် အေးအေးချမ်းချမ်း နေစေချင်သော စိတ်စေတနာ ကြီးမားခြင်းတို့ကြောင့် ဖြစ်သည်။ သူသည် ဘိုးဘွားများအတွက် စည်းစိမ်နှင့် လုပ်အားကို ၂၈ နှစ်လုံးလုံး ပေးအပ်ဆောင်ရွက်ခဲ့ပြီးနောက် ၁၃၀၆ ခုနှစ် ကဆုန်လပြည့်ကျော် ၅ ရက်နေ့၊ အသက် ၇၆ နှစ်အရွယ်၌ မင်းကွန်းဘိုးဘွားရိပ်သာတွင် ကွယ်လွန်ခဲ့သည်။

ဘိုးဘွားရိပ်သာများ၏မိခင် ကျောင်းအမကြီးဒေါ်ဦးဇွန်း၏ စိတ်ဓာတ်မြင့်မြတ်မှု၊ စွမ်းဆောင်နိုင်မှုတို့ကို ဂုဏ်ပြုသောအားဖြင့် ထုလုပ်ထားသော သူ၏ ကြေးရုပ်တုတို့ကို သူတည်ထောင်ခဲ့သော ဘိုးဘွားရိပ်သာများတွင် တွေ့ရှိနိုင်ပေသည်။

မှိုငြမ်း။ ။ ဒေါ်ဦးဇွန်း၊ မြန်မာ့စွယ်စုံကျမ်း။ ဘွားဦးဇွန်း၊ တက္ကသိုလ်စိန်တင်။ ပထမမြန်မာများ၊ မင်းယုဝေ။

❁ အောက်ပါမေးခွန်းများ မေးပါ။

- ဒေါ်ဦးဇွန်းဟာ ဗုဒ္ဓဘာသာဘိုးဘွားများအတွက် ဘိုးဘွားရိပ်သာကို ဘာကြောင့် တည်ထောင်ခဲ့သလဲ။
- ပထမဆုံး ဘိုးဘွားရိပ်သာက ဘယ်နေရာမှာ တည်ရှိသလဲ။ ဘယ်ခုနှစ်မှာ တည်ထောင်ခဲ့သလဲ။
- ရန်ကုန်မြို့ နှင်းဆီကုန်း ဘိုးဘွားရိပ်သာကို ဘယ်နခုနှစ်မှာ တည်ထောင်ခဲ့တာလဲ။
- အင်္ဂလိပ်အစိုးရက ဒေါ်ဦးဇွန်းကို ဘာဘွဲ့ချီးမြှင့်ခဲ့သလဲ။ ဘာကြောင့်လဲ။
- ဒေါ်ဦးဇွန်းရဲ့ လေးစားဂုဏ်ယူစရာကောင်းတဲ့ စိတ်နေစိတ်ထားတွေက ဘာတွေလဲ။
- ဒေါ်ဦးဇွန်းကို အခုအထိ သတိတရရှိနေကြတာ ဘာကြောင့်လဲ။

စာသင်ချိန် (၃) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ မရှိ။

သင်ယူမှုလုပ်ငန်းစဉ်

❁ "သားတို့သမီးတို့ ပြုစုစောင့်ရှောက်ပေးချင်တဲ့ ဘိုးဘွားတစ်ဦးရဲ့ အကြောင်းနဲ့ ဘာကြောင့် ပြုစုစောင့်ရှောက်ပေးချင်ရသလဲဆိုတဲ့ အကြောင်းကို စာ ဆယ်ကြောင်းခန့် ရေးသားကြရမယ်"ဟု ပြော၍ မှတ်စုစာအုပ်တွင် ရေးသားကြပါစေ။

❁ ဖတ်ပြချင်သော ကလေး ၄/၅ ဦးခန့်က ဖတ်ပြကြပါစေ။ လိုအပ်လျှင် ဆရာက ဖြည့်စွက်ဆွေးနွေး၍ စာသင်ချိန်ကို အနှစ်ချုပ်ပါ။

www.dhammaransi.com

စာသင်ချိန် (၄) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ မရှိ။

သင်ယူမှုလုပ်ငန်းစဉ်

❁ အောက်ပါမေးခွန်းကို မေးပါ။ အဖြေကို ကလေးတစ်ဦးချင်းစီက မှတ်စုအုပ်တွင် ရေးသားဖြေဆို၍ တင်ပြကြပါစေ။ ကလေးများ တင်ပြ ရာတွင် မတူသော အချက်များကိုသာ တင်ပြရန် ဆရာက ညွှန်ကြားထားပါ။

- မိမိရဲ့ အဘိုး၊ အဘွားကို (သို့မဟုတ်) ရပ်ရွာအတွင်းမှာရှိတဲ့ အဘိုး၊ အဘွားတွေကို ဘယ်လို ပြုစုစောင့်ကြမလဲ။

❁ နောက်ဆုံးတွင် ဆရာက "သားတို့သမီးတို့ရဲ့ အဘိုး၊ အဘွားတွေကို ပြုစုစောင့်ရှောက်မယ့် အစီအစဉ်တွေဟာ သိပ်ကောင်းပါတယ်၊ လက်တွေ့လည်း အဘိုး၊ အဘွားတွေကို အကောင်းဆုံး ပြုစုစောင့်ရှောက်နိုင်တဲ့သူတွေ ဖြစ်အောင် ကြိုးစားကြပါ"ဟု ပြော၍ သင်ခန်းစာကို အဆုံးသတ်ပါ။

www.dhammaransi.com

သင်ခန်းစာ (၃၃)

သင်ခန်းစာခေါင်းစဉ် ။ ။ သီလကို ချစ်မြတ်နိုးသော လုလင်ပျို

သင်ယူမှုဦးတည်ချက် ။ ။ ဗုဒ္ဓဘာသာတစ်ယောက် နေ့စဉ်စောင့်ထိန်းရမည့် သီလကို စောင့်ထိန်းကြစေရန်။

စာသင်ချိန် (၁) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ မရှိ။

သင်ယူမှုလုပ်ငန်းစဉ်

- "သားတို့သမီးတို့ . . . ဗုဒ္ဓဘာသာတစ်ယောက် နေ့စဉ် စောင့်ထိန်းရမယ့် သီလ ဘယ်နှပါးရှိသလဲ။ သီလစောင့်ထိန်းတယ်ဆိုတာကိုရော ဘယ်လိုနားလည်သလဲ"ဟု မေး၍ စာသင်ချိန်ကို စတင်ပါ။
- ကလေးများပြောသော အချက်များကို သင်ပုန်းတွင် မှတ်တမ်းတင်ပေးပါ။
- ထို့နောက် ဆရာက အောက်ပါမေးခွန်းကို ဆက်မေး၍ ကလေးတစ်ဦးချင်းစီက မိမိအတွေ့အကြုံများကို ပြောကြပါစေ။
  - ကလေးတို့ကိုယ်တိုင်ရော ဘာသီလတွေ စောင့်ထိန်းဖူးသလဲ။ ဘယ်လို စောင့်ထိန်းကြသလဲ။ ဘယ်နေရာတွေမှာ စောင့်ထိန်းကြတာလဲ။ ဘယ်အချိန်တုန်းက စောင့်ထိန်းခဲ့တာလဲ။
- ကလေးများပြောပြီးသောအခါ ဆရာက "သားတို့သမီးတို့လိုပဲ သီလစောင့်ထိန်းခဲ့တဲ့ လူငယ်လေးတစ်ယောက် အကြောင်းကို နောက်တစ်ချိန်မှာ ဆက်လက်လေ့လာကြမယ်"ဟု ပြော၍ စာသင်ချိန်ကို အဆုံးသတ်ပါ။

စာသင်ချိန် (၂) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ကျောင်းသားကိုင်စာအုပ်ပါ ဇာတ်လမ်းနှင့် သရုပ်ဖော်ပုံများ။

သင်ယူမှုလုပ်ငန်းစဉ်

- ကလေးများ ဇာတ်လမ်းကို ဖတ်ကြပါစေ။

သီလကို ချစ်မြတ်နိုးသော လုလင်ပျို

ရှေးအခါက ဇာရာဇာသီပြည် ဒိသာပါမောက္ခဆရာကြီးထံတွင် တပည့်ငါးရာ ပညာသင်ကြားနေကြသည်။ ဆရာကြီးတွင် သမီးပျိုလေးတစ်ယောက် ရှိသည်။ ဆရာကြီးသည် သမီးလေးကို တပည့်များထဲမှ သီလနှင့်ပြည့်စုံသူ တစ်ဦးဦးနှင့် ထိမ်းမြားလက်ထပ်ပေးရန် ကြံစည်စဉ်းစားမိ၏။ ထို့ကြောင့် တစ်နေ့တွင် တပည့်အားလုံးကို ခေါ်၍ "တပည့်တို့ . . . ဆရာကြီးမှာ သမီးတစ်ယောက်ရှိတယ်၊ သူ့ကို တပည့်တို့ထဲက တစ်ယောက်ယောက်နဲ့ လက်ထပ် ထိမ်းမြားပေးချင်တယ်၊ ဒီတော့ တပည့်တို့က မိဘဆွေမျိုးတွေဆီ သွားပြီး သူတို့မသိအောင် အဖိုးတန် အဝတ်တန်ဆာတွေကို ယူခဲ့ကြရမယ်၊ ဘယ်သူမှ မသိအောင် ယူလာတဲ့ အဝတ်တန်ဆာတွေကိုပဲ ငါလက်ခံမယ်"ဟု ပြောဆိုမှာကြား လိုက်သည်။

တပည့်တို့သည် အဖိုးတန် အဝတ်တန်ဆာတို့ကို ယူလာပြီး ဆရာကြီးထံ အပ်နှံကြသည်။ ဆရာကြီးက တပည့်များယူလာသော အဖိုးတန်အဝတ်တန်ဆာအသီးသီးတို့ကို နာမည်နှင့်တွဲ၍ အသေအချာ မှတ်သားထားလိုက်၏။ သို့သော် တပည့်တစ်ယောက်သည်ကား မည်သည့်ပစ္စည်းမျှ ယူမလာဘဲ လက်ဗလာဖြင့် ပြန်လာခဲ့သည်။ ထိုအခါ ဆရာကြီးက "အမောင် . . . ဘာအဝတ်တန်ဆာမှ ယူမလာပါလား၊ ဘာဖြစ်လို့လဲ"ဟု မေးရာ လုလင်က "ဆရာကြီး . . . ဆရာကြီးက ဘယ်သူမှမသိဘဲ ယူလာတဲ့ အဖိုးတန်အဝတ်တန်ဆာကိုသာ လက်ခံမယ် ပြောတယ်၊ ဒီလုပ်ရပ်ဟာ မကောင်းဘူး၊ မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာမရှိတဲ့အတွက် မယူခဲ့ခြင်းဖြစ်ပါတယ်"ဟု ရှင်းပြလိုက်သည်။

ဆရာကြီးလည်း အလွန်နှစ်သက် သဘောကျသွားကာ လုလင်ကို "အမောင် . . . ဆရာကြီးမှာ ပစ္စည်း

www.dhammaransi.com

ဥစ္စာမရှိလို့ မဟုတ်၊ ကိုယ်ကျင့်သီလ ပြည့်စုံသူကိုသာ သမီးနဲ့ လက်ထပ်ပေးချင်တဲ့အတွက် တပည့်တို့ရဲ့ ကိုယ်ကျင့်သီလကို စမ်းသပ်ကြည့်ခြင်းသာ ဖြစ်တယ်"ဟု ဆိုလေသည်။ ထို့နောက် ဆရာကြီးသည် တပည့်အားလုံးကို ခေါ်၍ "တပည့်တို့ ယူလာတဲ့ပစ္စည်းတွေကို ပြန်ယူသွားပြီး မိဘဆွေမျိုးတွေဆီ ပြန်အပ်ကြပါ"ဟု ပြောလိုက်လေသည်။

နောက်ဆုံးတွင် ဆရာကြီးသည် သီလကို ချစ်မြတ်နိုးသော လုလင်နှင့် သူ၏သမီးကို ထိမ်းမြားလက်ထပ်ပေးလိုက်၏။ လုလင်ပျိုသည် ကိုယ်ကျင့်သီလကို လုံခြုံအောင် စောင့်ထိန်းခဲ့သောကြောင့် ဆရာကြီး၏ သမီးကို လက်ထပ်ခွင့်ရခဲ့သည်။ ဆရာကြီး၏ တပည့်နှင့်သမီးတို့ ဇနီးမောင်နံသည် တစ်သက်လုံး ကိုယ်ကျင့်သီလကို စောင့်ထိန်းကာ ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်သွားကြလေသည်။

မိုဠိဳင်းဳ။ ။ သီလဝိမံသနဇာတ်၊ ပုံတော်စုံ ငါးရာငါးဆယ်ဇာတ်ဝတ္ထု။ ဒုတိယတွဲ၊ ၆၇၄။ ဇာ၊ ဌ၊ ၃။ ၁၆။

❁ အောက်ပါ မေးခွန်းများကို မေးပါ။

- ဆရာကြီးက သူ့သမီးကို ဘယ်လိုလူမျိုးနဲ့ လက်ထပ်ပေးချင်သလဲ။
- ဆရာကြီးက သူ့တပည့်တွေရဲ့ ကိုယ်ကျင့်တရားကို ဘယ်လိုစမ်းသပ်ခဲ့သလဲ။
- တပည့်တစ်ယောက်က ဘာပစ္စည်းမှ ယူ မလာတာ ဘာကြောင့်လဲ။
- ပစ္စည်း ယူ မလာတဲ့ တပည့်ရဲ့ ဖြေရှင်းချက်ကို ဆရာကြီးက ဘယ်လို ပြန်ပြောခဲ့သလဲ။
- လုလင်ပျိုဟာ ဆရာကြီးရဲ့ သမီးနဲ့ ဘာကြောင့် လက်ထပ်ခွင့်ရခဲ့သလဲ။
- ဒီဇာတ်လမ်းကနေ ဘယ်လို သင်ခန်းစာတွေ ရခဲ့သလဲ။

စာသင်ချိန် (၃) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ စာရွက်ပိုင်းများ။

သင်ယူမှုလုပ်ငန်းစဉ်

❁ "သားတို့သမီးတို့ . . . ကိုယ်ကျင့်သီလကို စောင့်ထိန်းခဲ့တဲ့ လုလင်တစ်ယောက် အကြောင်းကို သိခဲ့ပြီးပြီ၊ ဒီတစ်ခါတော့ ဗုဒ္ဓဘာသာဝင်တွေဟာ နေ့စဉ် ဘယ်လိုသီလ စောင့်ထိန်းသင့်တယ်ဆိုတာ ဆက်လက်ဆွေးနွေးကြရအောင်"ဟု ပြော၍ စာသင်ချိန်ကို စတင်ပါ။

❁ ကလေးများကို အုပ်စု(၅)စု ဖွဲ့ပြီး အောက်ပါမေးခွန်းကို မေးပါ။

- သားတို့သမီးတို့ . . . ငါးပါးသီလကို ဘယ်လိုနည်းတွေနဲ့ နေ့စဉ် စောင့်ထိန်းကြမလဲ။

❁ ထို့နောက် အုပ်စုဝင်တိုင်းအား စာရွက်ပိုင်းများ ပေးဝေပြီး တစ်ဦးချင်းစီ၏ ထင်မြင်ယူဆချက်များကို စာရွက်ပိုင်းတွင် ရေးကြပါစေ။ စာရွက်ပိုင်းတစ်ခုတွင် တစ်ချက်သာ ရေးရန်နှင့် တစ်ဦးကို တစ်ချက်ထက် ပိုပြီးရေးနိုင်ကြောင်း ဆရာက ပြောပေးပါ။ ထို့နောက် ငါးပါးသီလ၏ အမည်တစ်ခုစီကို ငါးနေရာခွဲ၍ ကြိုတင်ကပ်ထားပါ။

❁ ပြီးနောက် ရေးထားသော စာရွက်ပိုင်းများကို အုပ်စုဝင်အချင်းချင်း ဆွေးနွေးကြပါစေ။ အကြောင်းအရာတူသော အချက်များကို ကိုယ်စားလှယ်က စုစည်း၍ (ဆရာ ကြိုရေးထားသော) ဆိုင်ရာသီလခေါင်းစဉ်အောက်တွင် ကပ်ကြပါစေ။

❁ ထို့နောက် ခေါင်းစဉ်နှင့် အချက်အလက်များ ကိုက်ညီမှု ရှိ၊ မရှိကို ဆရာက ကလေးများအားလုံးနှင့် မေးမြန်းဆွေးနွေး အတည်ပြုပေး၍ စာသင်ချိန်ကို အဆုံးသတ်ပါ။

www.dhammaransi.com

စာသင်ချိန် (၄)	။	။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း	။	။ စာရွက်လွတ်များ၊ သီလ၏ ဂုဏ်ကျေးဇူး လက်စာ။

သင်ယူမှုလုပ်ငန်းစဉ်

- "သားတို့သမီးတို့ . . . ဗုဒ္ဓဘာသာတစ်ယောက်အနေနဲ့ နေ့စဉ်စောင့်ထိန်းရမယ့် သီလနဲ့ ပတ်သက်တဲ့ အချက်တွေကို ဆွေးနွေးခဲ့ပြီးပြီ၊ ကလေးတို့ဆွေးနွေးခဲ့တဲ့ အချက်တွေကို နေ့စဉ်စောင့်ထိန်းလို့ ရသလား၊ စောင့်ထိန်းနေတဲ့သူတွေကိုရော တွေ့ဖူးသလား"ဟု မေး၍ စာသင်ချိန်ကို စတင်ပါ။
- ထို့နောက် အုပ်စု(၅)စုဖွဲ့၍ အောက်ပါမေးခွန်းကို အုပ်စုတွင်း ဆွေးနွေးပြီး စာရွက်လွတ်တွင် ရေးကြပါစေ။
  - ငါးပါးသီလကို နေ့စဉ်စောင့်ထိန်းမယ်ဆိုရင် ဘယ်လိုအကျိုးကျေးဇူးတွေ ရနိုင်သလဲ။ မစောင့်ထိန်းဘူးဆိုရင် ဘယ်လို ဆိုးကျိုးတွေ ဖြစ်နိုင်မလဲ။
  - ငါးပါးသီလ စောင့်ထိန်းတဲ့အခါမှာ ဘာတွေရော လုပ်ဖို့လိုသေးလဲ။ (အခြားသူများကို ကြင်နာသနား မေတ္တာထားရမယ်၊ ပေးကမ်းလှူဒါန်းရမယ်၊ ကိုယ်ချင်းစာတရား ထားရမယ်၊ မှန်ကန်သော စကားကို ပြောဆိုရမယ်၊ သေရည်သေရက်စတဲ့ မူးယစ်စေတတ်တဲ့အရာတွေကို မရောင်းရဘူး၊ စင်စင်ကြယ်ကြယ် အသက်မွေးရမယ်။)
- ပြီးလျှင် ကိုယ်စားလှယ်တစ်ဦးစီက တင်ပြပါစေ။ (ကလေးများတင်ပြသော အချက်များကို ဆရာက မှတ်သားထားပါ။)
- အားလုံး တင်ပြပြီးသောအခါ ဆရာက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေး၍ "သီလရနံ့ဟာ ပန်းတွေရဲ့ အနံ့ထက် မွှေးကြိုင်တယ်။ လူတစ်ယောက်ဟာ သီလအဝတ်ကို ခါးဝတ်ပုဆိုးလို ဝတ်ဆင်ထားမယ်ဆိုရင် အချိန်တိုင်း လှပနေမယ်။ ပြီးတော့ သီလစောင့်တဲ့သူဟာ အပါယ်မရောက်ဘူး၊ နတ်ပြည်သို့ ရောက်ရတယ်၊ ဒါကြောင့် သီလဟာ စိတ်ချလက်ချ ယုံယုံကြည်ကြည် စောင့်ထိန်းကိုးကွယ်ရမယ့်အရာ ဖြစ်တယ်"ဟု ရှင်းပြ၍ အောက်ပါလက်စာကို စုပေါင်းရွတ်ဆိုကာ သင်ခန်းစာကို အဆုံးသတ်ပါ။

သီလ၏ ဂုဏ်ကျေးဇူး လက်စာ

သီလရနံ့ မွှေးပျံ့ကြိုင်စွာ၊
သီလဆင်သိုင်း ရှုတိုင်းလှပါ။
သီလစောင့်ငြား မလားပါယ်ရွာ၊
မြတ်သီလ စိတ်ချ ကိုးကွယ်ရာ။

(မဟာစည် ဆရာတော်ဘုရားကြီး)

www.dhammaransi.com

သင်ခန်းစာ (၃၄)

သင်ခန်းစာခေါင်းစဉ် ။ ။ ပေးအပ်သော တာဝန်

သင်ယူမှုဦးတည်ချက် ။ ။ မိမိ၏ တာဝန်ကိုသိရှိပြီး ကျေပွန်စွာ ထမ်းဆောင်တတ်စေရန်။

စာသင်ချိန် (၁) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ မရှိ။

သင်ယူမှုလုပ်ငန်းစဉ်

- ဆရာက အောက်ပါမေးခွန်းကို မေး၍ စာသင်ချိန်ကို စတင်ပါ။
  - သားတို့သမီးတို့ ဘာတာဝန်တွေ ယူခဲ့ဖူးသလဲ။ (ကျောင်းနှင့်အိမ် နှစ်ခုလုံးမှာ)
- ဆရာက ကလေးများ ပြောသမျှကို သင်ပုန်းတွင် မှတ်တမ်းတင်ထားပါ။ ပြီးလျှင် ကလေးများကို အုပ်စု(၅)စုဖွဲ့၍ အောက်ပါမေးခွန်းကို ဆွေးနွေးကြပါစေ။
  - ကိုယ့်တာဝန်တွေကို ပြီးမြောက်အောင် ဘယ်လို လုပ်ဆောင်ခဲ့သလဲ။
- ကိုယ်စားလှယ်တစ်ဦးစီက ပြောပြပါစေ။ လိုအပ်လျှင် ဆရာက ဖြည့်စွက်ဆွေးနွေး၍ "သားတို့သမီးတို့မှာ အလုပ်တာဝန်တွေ ရှိတယ်၊ အဲဒီအလုပ်တာဝန်တွေကို ပြီးမြောက်အောင်လည်း လုပ်ဆောင်ခဲ့ကြတယ်၊ သားတို့ သမီးတို့လိုပဲ ကျေးသားငယ်လေးတစ်ကောင်ဟာ သူ့တာဝန်တွေကို ဘယ်လို လုပ်ဆောင်သွားသလဲဆိုတာ နောက်တစ်ချိန်မှာ လေ့လာကြည့်ကြရအောင်"ဟု ပြော၍ စာသင်ချိန်(၂)ကို ဆက်ပါ။

စာသင်ချိန် (၂) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ကျောင်းသားကိုင်စာအုပ်ပါ ဇာတ်လမ်းနှင့် သရုပ်ဖော်ပုံများ။

သင်ယူမှုလုပ်ငန်းစဉ်

- ဇာတ်လမ်းကို ဖတ်ကြပါစေ။

ပေးအပ်သော တာဝန်

ဘရာဇာသီပြည်၌ ဗြဟ္မဒတ်မင်းကြီး၏ မိဖုရားကြီးသည် အဗ္ဘန္တရသရက်သီးကို စားသုံးလိုသော ချင်ခြင်းပြင်းပြလှသဖြင့် နေထိုင်မကောင်းဖြစ်ကာ အိပ်စက်နေလေ၏။ ထိုအခါ မင်းကြီးသည် မိဖုရားရှိရာသို့ လာရောက်၍ "မိဖုရားကြီး . . . သင့်မှာ ဘယ်လိုဝေဒနာမျိုး ခံစားနေရသလဲ"ဟု မေးမြန်းလေရာ မိဖုရားကြီးက "အရှင်မင်းကြီး . . . ကျွန်တော်မျိုးမမှာ ဘာရောဂါမှ မရှိပါဘူး၊ အဗ္ဘန္တရသရက်သီးကို စားသုံးလိုတဲ့ ချင်ခြင်း ဖြစ်နေပါတယ်" ဟု ပြန်လျှောက်လေသည်။ မင်းကြီးလည်း မိဖုရားကြီးစားလိုသော အဗ္ဘန္တရသရက်သီး ရနိုင်မည့်နည်းလမ်းကို မှူးမတ်တို့နှင့် တိုင်ပင်လေ၏။ မှူးမတ်တို့က ဥယျာဉ်တော်တွင် ရှာ၍ရနိုင်ကြောင်း လျှောက်တင်ကြ၏။ သို့သော်လည်း ဥယျာဉ်တော်တွင် တစ်လုံးတစ်လေမျှ မတွေ့ရပေ။ နောက်ဆုံးတွင် မင်းကြီးသည် ပုဏ္ဏားပညာရှိများကို ခေါ်ယူကာ အဗ္ဘန္တရသရက်သီး ရှိနိုင်ရာအရပ်ကို စုံစမ်းရလေတော့သည်။

ပုဏ္ဏားများက "အရှင်မင်းကြီး . . . နတ်တွေပဲ သုံးဆောင်ခွင့်ရတဲ့ အဲဒီအဗ္ဘန္တရ သရက်ပင်ဟာ ဟိမဝန္တာအရပ်ရှိ ရွှေဂူအတွင်းမှာ ရှိတယ်လို့ အစဉ်အဆက် ပြောသံကြားဖူးပါတယ်ဘုရား၊ အဲဒီအရပ်ကို လူသားတွေ သွားရောက်နိုင်မှာ မဟုတ်လို့ သရက်သီးကို ယူဆောင်ရန် အရှင်မင်းကြီးရဲ့ ကျေးသားငယ်ကို လွှတ်တော်မူပါဘုရား"ဟု လျှောက်တင်ကြ၏။ ထိုကျေးသားငယ်မှာ လိမ္မာယဉ်ကျေး၍ ခွန်အားဗလနှင့်လည်း ပြည့်စုံသည်။ မင်းကြီးက အဗ္ဘန္တရ သရက်သီးကို ယူဆောင်စေသောခါ "အရှင်မင်းကြီး . . . ပေးအပ်သောတာဝန်ကို ကျွန်တော်မျိုး ကျေပွန်အောင် ဆောင်ရွက်ခဲ့ပါမယ်"

www.dhammaransi.com

ဟု ကျေးသားငယ်က ကတိပေးဏ်။ ထို့နောက် မင်းကြီးသည် ကျေးသားငယ်အား စားသောက်ဖွယ်တို့ကို ကျွေးမွေး၍ လွှတ်လိုက်လေသည်။

ကျေးသားငယ်သည် ဟိမဝန္တာသို့ ရောက်သောအခါ အဦးဆုံးတွေ့ရသော ကျေးသားများအား အဗ္ဘန္တရသရက် သီးရိုရာအရပ်ကို မေးမြန်းလေဏ်။ ထိုကျေးသားတို့က မသိကြသဖြင့် သိနိုင်လောက်သော အခြားကျေးသားများထံ လမ်းညွှန်လိုက်ကြသည်။ ထိုကျေးသားတို့ကလည်း မိမိတို့ မသိဟုဆိုကာ နောက်ထပ် ကျေးသားများထံသို့ လမ်းညွှန်ကြပြန်ဏ်။ ဤသို့ အဆင့်ဆင့်မေးမြန်းလာရာ ခုနစ်နေရာမြောက် ရောက်သောအခါမှ အဗ္ဘန္တရသရက်သီး ရိုရာအရပ်ကို တိတိကျကျ သိရလေသည်။

ထိုအခါ ကျေးသားများက "အဆွေ . . . အဗ္ဘန္တရသရက်သီးဆိုတာ ဝေဿဝဏ်နတ်မင်းကြီးရဲ့ အသုံးအဆောင်ဖြစ်တယ်။ အဲဒီသရက်ပင်ကို သံကွန်ချာ ခုနစ်ထပ်နဲ့ ဖုံးအုပ်ထားတဲ့အပြင် ဘီလူးကြီးတွေကလည်း စောင့်ကြပ်နေကြတယ်။ အဲဒီအရပ်ကို သွားတဲ့ ဘယ်လိုသက်ရှိသတ္တဝါမှ အသက်ချမ်းသာရာ မရဖူးဘူး၊ အဝီစိငရဲကြီးနဲ့တူတဲ့ အရပ်ကို မသွားချင်ပါနဲ့ အဆွေ"ဟု တားမြစ်ကြဏ်။ ထိုသို့ ကျေးသားတို့က စိုးရိမ်တကြီး တားမြစ်ကြသော်လည်း ကျေးသားငယ်သည် ပေးအပ်လိုက်သော တာဝန်အတွက် အန္တရာယ်ဟူသမျှကို ရင်ဆိုင်မည်ဟု ဆုံးဖြတ်လိုက်လေသည်။

ကျေးသားငယ်သည် အဗ္ဘန္တရသရက်ပင်နှင့် မနီးမဝေးသို့ ရောက်သောအခါ ကျေးသားတို့ ပြောသည့်အတိုင်းတွေ့ရလေဏ်။ ကျေးသားငယ်လည်း နေ့ခင်းဦး အခွင့်မသာသဖြင့် ညသန်းခေါင်ကျော် ဘီလူးကြီးတို့ အိပ်ချိန်လောက်တွင် သရက်ပင်ခြေရင်းမှကပ်လျက် တိုးဝင်ဏ်။ ထိုအခါ သံကွန်ချာလူပ်၍ "ချွင်ချွင်"ဟု အသံထွက်သွားလေရာ ဘီလူးကြီးများ နိုးလာကြသဖြင့် ကျေးသားငယ်ကို ဖမ်းလိုက်ကြလေတော့သည်။

ဘီလူးကြီးများက "ကျွတ်ကျွတ်ဝါးစားပစ်မယ်၊ စိစိညက်ညက်ကျေအောင် ချေပစ်မယ်၊ ရင်ကိုခွဲ အသည်းကို မီးကင်မယ်"စသည်ဖြင့် ကြုံးဝါးကြသော်လည်း ကျေးသားငယ်သည် ကြောက်ရွံ့ထိတ်လန့်ခြင်း အလျင်းမရှိဘဲ "နေကြပါဦး . . . သင်တို့ဟာ ဘယ်သူ့ အမှူထမ်းတွေ ဖြစ်ပါသလဲ"ဟု မေးလိုက်သည်။ ဘီလူးကြီးများကလည်း "ငါတို့ဟာ ဝေဿဝဏ်နတ်မင်းကြီးရဲ့ အမှူထမ်းတွေ ဖြစ်ပါတယ်"ဟု ပြောဏ်။ ထိုအခါ ကျေးသားငယ်က "အကျွန်ုပ်လည်း ဗာရာဏသီမင်းကြီးရဲ့ အမှူထမ်းဖြစ်ပါတယ်၊ အဗ္ဘန္တရသရက်သီးကို ယူဆောင်ခဲ့ဖို့ မင်းကြီးက တာဝန်ပေးလို့ ဒီကို အကျွန်ုပ်လာခဲ့ရခြင်း ဖြစ်ပါတယ်၊ ဘီလူးကြီးတို့ ရက်ရက်စက်စက် သတ်ဖြတ်ရင်လည်း သေရဲပါတယ်၊ လူကြီးမိဘ၊ ဆရာသမားတွေ ပေးအပ်တဲ့ တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်သူဟာ သေရင်လည်း နတ်ပြည်ရောက်မှာ သေချာတယ်"ဟု ပြောလေသည်။ ဘီလူးကြီးတို့သည် ကျေးသားငယ်၏ စကားကို နှစ်သက်မိသဖြင့် လွှတ်ပေးလိုက်ဏ်။

သို့သော် ကျေးသားငယ်သည် မပြန်သေးဘဲ "ကျွန်ုပ်လာရတဲ့ ရည်ရွယ်ချက် ပြည့်ဝဖို့ သရက်သီးတစ်လုံး ရလိုပါသေးတယ်"ဟု တောင်းဆိုသည်။ ထိုအခါ ဘီလူးကြီးတို့က အဗ္ဘန္တရသရက်သီးကို ဝေဿဝဏ်နတ်မင်းကြီး ပိုင်သဖြင့် မိမိတို့မှာ ပေးခွင့်မရှိကြောင်း ဝမ်းနည်းစွာ ပြောဆို၍ ရနိုင်ရာအရပ်တစ်ခုကို ညွှန်ပြလိုက်ကြပြန်လေဏ်။ ဤသို့ဖြင့် ကျေးသားငယ်သည် တောကျောင်းတစ်ကျောင်း၌ သီတင်းသုံးတော်မူသော ဝေဿဝဏ်နတ်မင်းကြီး၏ဆရာ ဇောတိရသ ရသေ့ကြီးထံ၌ ဆည်းကပ်ရပြန်လေဏ်။ ရသေ့ကြီးကလည်း "ရပါစေမယ်"ဟု ကတိပေး၍ ဝေဿဝဏ် နတ်မင်းကြီးက အဗ္ဘန္တရသရက်သီးလေးလုံး ပို့လှူလိုက်သောအခါ နှစ်လုံးကို ဘုဉ်းပေးတော်မူဏ်။ တစ်လုံးကို ကျေးသားငယ်စားရန် ပေးဏ်။ ကျန်တစ်လုံးကို ဆိုင်းငယ်တွင် ထည့်လျက် ကျေးသားငယ်၏ လည်ပင်း၌ ဆွဲ၍ ပေးလိုက်လေဏ်။

ကျေးသားငယ်သည် ဟိမဝန္တာအရပ်မှ တစ်ရှိန်ထိုးပျံသန်းခဲ့၍ အဗ္ဘန္တရသရက်သီးကို ဗာရာဏသီမင်းကြီးအား ဆက်သခြင်းဖြင့် ပေးအပ်သော တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့လေသည်။

မှီငြမ်း။ ။ အဗ္ဘန္တရကတ်၊ ၅၅၀ ဇာတ်တော်မှ အသိအလိမ္မာ သင်ခန်းစာများ၊ ဝဏ္ဏသီရိ၊ ၉၁။ ဇာ၊ ၄၊ ၂၊ ၁၅၂။

www.dhammaransi.com

- အောက်ပါမေးခွန်းများကို မေးပါ။
  - ဗြဟ္မဒတ်မင်းကြီးရဲ့ မိဖုရားက ဘာကြောင့် နေမကောင်းဖြစ်တာလဲ။
  - မင်းကြီးက အဗ္ဘန္တရသရက်သီးကို အရင်ဆုံး ဘယ်လို ရှာဖွေစေခဲ့သလဲ။
  - အဗ္ဘန္တရသရက်သီးကိုရှာဖို့ ပုဏ္ဏားပညာရှိများက မင်းကြီးကို ဘယ်လို အကြံပေးခဲ့သလဲ။
  - ကျေးသားငယ်က ဘယ်လို အရည်အချင်းတွေနဲ့ ပြည့်စုံသလဲ။
  - မင်းကြီးရဲ့တာဝန်ပေးချက်ကို ကျေးသားငယ်က ဘယ်လိုကတိပေးခဲ့သလဲ။
  - ကျေးသားငယ်က အဗ္ဘန္တရသရက်ပင်ကို အဆင့်ဆင့် ဘယ်လို ရှာဖွေခဲ့သလဲ။
  - အဗ္ဘန္တရသရက်သီးကိုရဖို့ ကျေးသားငယ်က ဘယ်လို ကြိုးစားခဲ့သလဲ။
  - ဘီလူးကြီးတွေက ကျေးသားငယ်ကို ဖမ်းမိသွားတဲ့အခါ ဘယ်လို ကြံဉာဏ်ခဲ့သလဲ။ ကျေးသားငယ်က ဘယ်လို ပြုမူပြီး ဘယ်လိုပြန်ပြောခဲ့သလဲ။
  - ဘီလူးကြီးတွေက ကျေးသားငယ်ကို ဘာကြောင့် လွှတ်ပေးလိုက်တာလဲ။
  - ကျေးသားငယ်က အဗ္ဘန္တရသရက်သီး လိုချင်ကြောင်း ပြောတဲ့အခါ ဘီလူးကြီးတွေက ဘယ်လို လမ်းညွှန်ခဲ့သလဲ။
  - ဝေဿဝဏ်နတ်မင်းကြီးရဲ့ဆရာ ဇောတိရသ ရဿေကြီးက ဘယ်လိုလုပ်ဆောင်ပေးခဲ့သလဲ။
  - ကျေးသားငယ်ဟာ အဗ္ဘန္တရသရက်သီးကို မင်ကြီးထံ ဘာကြောင့် ဆက်သနိုင်ခဲ့တာလဲ။

စာသင်ချိန် (၃) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ မဲလိပ်များ၊

သင်ယူမှုလုပ်ငန်းစဉ်

- အောက်ပါစကားလုံးများကို ဆရာက မဲလိပ်များ ကြိုတင်ပြုလုပ်ထား၍ ကလေးများကို အုပ်စု(၈)စု ဖွဲ့ပြီး တစ်အုပ်စုလျှင် တစ်လိပ်စီ နှိုက်ကြပါစေ။
  - ဘုရင်ကြီး၊ မိဖုရား၊ မှူးမတ်များ၊ ပုဏ္ဏားပညာရှိများ၊ ကျေးသားငယ်၊ ဘီလူးများ၊ အခြားကျေးသားများ၊ ဇောတိရသ ရဿေကြီး။
- စာသင်ချိန်(၂)တွင်ပါသော ဇာတ်လမ်းကို ပြောပြရန် ဆရာက ကလေးတစ်ဦးကို ဦးစွာရွေးချယ်ပါ။ ဇာတ်လမ်းကို အသံနေအသံထားဖြင့် ပြောနိုင်ရန် ဆရာက ကူညီပေးပါ။
- ကလေးအားလုံးကို ဇာတ်လမ်းပြန်ဖတ်စေပြီး မိမိတို့အုပ်စု တာဝန်ကျသော ဇာတ်ကောင်နေရာကို လေ့လာကြပါစေ။ ပြီးနောက် ဇာတ်လမ်းပြောသူက ပြောနေစဉ် အုပ်စုဝင်အားလုံးက မိမိတို့ကျရာနေရာတွင် ထွက်၍ အမူအရာဖြင့် အသံတိတ်သရုပ်ဆောင်ရမည်ဖြစ်ကြောင်း ဆရာက မှာထားပါ။ အားလုံး အဆင်သင့်ဖြစ်လျှင် ဇာတ်လမ်းပြောသူက စပြော၍ ကလေးအားလုံး သရုပ်ဆောင်ကြပါစေ။
- ဇာတ်လမ်းကို သရုပ်ဆောင်ပြီးလျှင် ဆရာက "ဒီဇာတ်လမ်းကို သားတို့သမီးတို့ ကိုယ်တိုင်သရုပ်ဆောင်ရတဲ့အပေါ်မှာ ဘယ်လို ခံစားရသလဲ၊ ကိုယ်တာဝန်ယူရတဲ့အပိုင်းကို တာဝန်ကျအောင် ဘယ်လို ညှိနှိုင်းခဲ့သလဲ"ဟု မေးကာ ကလေးများအဖြေပေါ် မူတည်၍ အနှစ်ချုပ်ပေးပါ။

www.dhammaransi.com

စာသင်ချိန် (၄) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ မရှိ။

သင်ယူမှုလုပ်ငန်းစဉ်

- အောက်ပါမေးခွန်းများကို မေး၍ အဖြေကို မှတ်စုစာအုပ်တွင် ရေးကြပါစေ။
  - သားတို့သမီးတို့ အခုအချိန်မှာ လုပ်ဆောင်ရမယ့်တာဝန်တွေ ဘာတွေရှိသလဲ။
  - သားတို့သမီးတို့ လုပ်ရမယ့်တာဝန်တွေကို ဘယ်လိုထမ်းဆောင်သွားကြမလဲ။
  - တာဝန်တွေကို ကျေပွန်အောင် ထမ်းဆောင်မယ်ဆိုရင် ဘယ်လို အကျိုးကျေးဇူးတွေ ရရှိနိုင်သလဲ။
- အားလုံးရေးပြီးလျှင် အဖြေများကို ပြောပြချင်သော ကလေးများက အတန်းရှေ့ထွက်၍ ပြောပြကြပါစေ။
- ထို့နောက် ဆရာက မတူညီသော အချက်များကို မှတ်သားထား၍ အောက်ပါအတိုင်း သင်ခန်းစာကို အနှစ်ချုပ်ပါ။

"သားတို့သမီးတို့ ဖြေတာတွေ မှန်ပါတယ်။ လူရယ်လို့ ဖြစ်လာပြီဆိုရင် လုပ်ရမယ့် အလုပ်တွေ၊ ထမ်းဆောင်ရမယ့် တာဝန်ဝတ္တရားတွေဆိုတာ ရှိလာတယ်။ ကျောင်းသားဖြစ်ရင်လည်း ကျောင်းသားတစ်ယောက် လုပ်ရမယ့် အလုပ်တွေ၊ တာဝန်တွေ ရှိတယ်။ အဲဒီအလုပ်တွေ၊ တာဝန်တွေကို တက်တက်ကြွကြွ စိတ်ပါလက်ပါ ထမ်းဆောင်ကြရမယ်၊ တာဝန်ကျေပွန်အောင်လည်း ထမ်းဆောင်ကြရမယ်။ အဲဒီလို ထမ်းဆောင်မယ်ဆိုရင် စာလည်းတော်မယ်၊ ဆရာ၊ မိဘတွေကလည်း ချစ်ခင်ကြမယ်၊ ဘဝတစ်လျှောက်လုံးမှာလည်း တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်တတ်တဲ့ လူတွေဖြစ်လာပြီး အောင်မြင်မှုတွေလည်း အများကြီးရမယ်"

www.dhammaransi.com

သင်ခန်းစာ (၃၅)

သင်ခန်းစာခေါင်းစဉ် ။ ။ အကြံကောင်းက အများချမ်းသာ

သင်ယူမှုဦးတည်ချက် ။ ။ အကြံဉာဏ်ကောင်းခြင်း၏ အကျိုးကျေးဇူးများကို သိရှိစေရန်။

စာသင်ချိန် (၁) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ မရှိ။

သင်ယူမှုလုပ်ငန်းစဉ်

- "သားတို့သမီးတို့ . . . ဒုတိယတန်း သင်ခန်းစာ(၂၄)မှာ သင်ခဲ့တဲ့ မျောက်ကလေး ဖိုးဉာဏ်ကောင်း ဇာတ်လမ်းကို မှတ်မိလား၊ အဲဒီဇာတ်လမ်းထဲမှာ မျောက်ကလေး အသက်ဘေးက ဘယ်လို လွတ်သွားသလဲ။ ဘာကြောင့်လဲ"ဟု မေး၍ မှတ်မိသမျှ ပြောကြပါစေ။ လိုအပ်လျှင် ဆရာက ဖြည့်စွက်ပေးပါ။
- ပြီးနောက် ကလေးများကို အုပ်စု(၅)စုဖွဲ့၍ အောက်ပါမေးခွန်းများကို ဆွေးနွေးကြပါစေ။
  - အကြံဉာဏ်ကောင်းသူနဲ့ အကြံဉာဏ်မကောင်းသူမှာ ဘယ်လို ကွာခြားမှုတွေ ရှိနိုင်သလဲ။
- ဆွေးနွေးပြီးလျှင် ကိုယ်စားလှယ်တစ်ဦးစီက တင်ပြကြပါစေ။
- ဆရာက ကလေးများ တင်ပြချက်များကို မှတ်သားထားပြီး အောက်ပါအတိုင်း ပြော၍ စာသင်ချိန်ကို အဆုံးသတ်ပါ။
  "သားတို့သမီးတို့ ပြောသွားတဲ့ အချက်တွေထဲကအတိုင်း အကြံဉာဏ်ကောင်းသူတွေဟာ ဘယ်လို စဉ်စားလုပ်ဆောင်တတ်တယ်ဆိုတာ နောက်စာသင်ချိန်မှာ လေ့လာကြည့်ကြရအောင်"

စာသင်ချိန် (၂) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ကျောင်းသားကိုင်စာအုပ်ပါ ဇာတ်လမ်းနှင့် သရုပ်ဖော်ပုံများ။

သင်ယူမှုလုပ်ငန်းစဉ်

- ဇာတ်လမ်းကို ဖတ်ကြပါစေ။

အကြံကောင်းက အများချမ်းသာ

ရှေးနှစ်ပေါင်းများစွာက ဘုရင်တစ်ပါး၏ ဥယျာဉ်တော်ထဲတွင် အရိပ်အာဝါသ အလွန်ကောင်းမွန်၍ ကြီးမားထည်ဝါသော သစ်ပင်ကြီးတစ်ပင် ရှိလေသည်။ သစ်ပင်ကြီး၏ ပင်စည်သည် လုံးဝန်းဖြောင့်တန်း၍ အခက်အလက်များနှင့် ဝေဝေဆာဆာရှိလှသည်။ ဘုရင်ကြီးကိုယ်တိုင်က ထိုကဲ့သို့ ဝေဆာလှပနေသော သစ်ပင်ကြီးကို မြတ်နိုးလွန်းလှသဖြင့် မင်္ဂလာသစ်ပင်ကြီးအဖြစ် သတ်မှတ်ထား၏။

ရုက္ခစိုးနတ်မင်းကြီးတစ်ပါးသည် မိသားစုနှင့်အတူ ထိုမင်္ဂလာသစ်ပင်ကြီးတွင် ပျော်ပျော်ရွှင်ရွှင် နေထိုင်လျက်ရှိသည်။ အနီးဝန်းကျင်ရှိ ရုက္ခစိုးနတ်တို့က ထိုနတ်မင်းကြီးကို ထူးမြတ်သော ဘုံဗိမာန်ရှင်ကြီးအဖြစ် သတ်မှတ်၍ အထင်ကြီးလေးစားကြ၏။ ဘုံဗိမာန်ကြီးကိုလည်း တအံ့တသြ ချီးမွမ်းကြသည်။ ထိုမိတ်ဆွေရုက္ခစိုးနတ်များတွင် ဘုန်းတန်ခိုးအရှိန်အဝါနည်းပါးပြီး သမန်းမြက်ချုံကိုသာ ဗိမာန်ပြုနေရသော ရုက္ခစိုးနတ်တစ်ပါးလည်း ပါဝင်သည်။ သူသည် ရုက္ခစိုးနတ်မင်းကြီး၏ ဗိမာန်ကို မကြာခဏ လာရောက်လေ့ရှိသည်။

တစ်နေ့တွင် ဘုရင့်လက်သမားများသည် နန်းတော်ပြာသာဒ်ဆောင်အတွင်းမှ ဆွေးမြည့်နေသော တိုင်တစ်လုံးအတွက် မင်္ဂလာသစ်ပင်ကြီးကို ခုတ်လှဲရန် ကြံစည်ကြသည်။ သို့သော် ဘုရင်ကြီးကိုယ်တော်တိုင်က မင်္ဂလာသစ်ပင်အဖြစ် သတ်မှတ်ထားသည့်အတွက် မည်သူမျှ မခုတ်ရဲကြပေ။ သို့ဖြစ်၍ ဘုရင်ကြီးကို အကျိုးအကြောင်း လျှောက်တင်သောအခါ "ပြာသာဒ်ဆောင်က ပိုအရေးကြီးတယ်၊ မင်္ဂလာသစ်ပင်ကြီးကို ခုတ်လှဲစေ"ဟု ဆိုကာ ခုတ်လှဲ ခွင့်ပြုလိုက်၏။

www.dhammaransi.com

ဘုံဗိမာန်ရှင် ရုက္ခစိုးနတ်မင်းကြီးသည် ထိုအကြောင်းကို သိသွားသောအခါ အလွန်စိတ်ထိခိုက်၍ ငိုကြွေးနေလေသည်။ ထို့ကြောင့် မိမိဗိမာန်သို့ လာရောက်ကြသော မိတ်ဆွေနတ်များကိုလည်း ဖော်ဖော်ရွေရွေ နှုတ်မဆက်နိုင်ပေ။ မိတ်ဆွေနတ်များကလည်း မည်ကဲ့သို့ ကူညီပေးရမည်ကို မစဉ်းစားတတ်ကြဘဲ ရုက္ခစိုးနတ်မင်းကြီးအား ဖက်၍ ငိုကြလေသည်။

ထိုအချိန်တွင် သမန်းမြက်ချုံကို ဗိမာန်ပြုနေရသည့် ရုက္ခစိုးနတ် ရောက်လာသည်။ ရုက္ခစိုး နတ်မင်းကြီးနှင့် မိတ်ဆွေနတ်များ ငိုကြွေးနေသည့်အကြောင်းရင်းကို သိသွားသဖြင့် "နတ်မင်းကြီးတို့ . . . ဒီမင်္ဂလာသစ်ပင်ကြီးကို မခုတ်လဲစေရပါဘူး၊ မစိုးရိမ်ကြပါနဲ့"ဟု ဆိုလေသည်။ သို့သော်လည်း နတ်မင်းများက "ဒီလိုဘုန်းတန်ခိုး အရှိန်အဝါ နည်းပါးပြီး သမန်းမြက်ချုံကိုသာ ဗိမာန်ပြုနေရတဲ့နတ်က ဘာလုပ်ပေးနိုင်မှာလဲ"ဟု သံသယဖြစ်နေကြသည်။

နောက်တစ်နေ့ ဘုရင့်လက်သမားများ ရောက်လာသောအချိန်တွင် ရှေ့မှ ပုတ်သင်ညိုတစ်ကောင် ရုတ်တရက် ပေါ်လာသည်။ ထိုပုတ်သင်ညိုမှာ သစ်ပင်ကြီး၏ အမြစ်ကြားတွင် ဝင်ရောက် ပျောက်ကွယ်သွားသည်။ ထို့နောက် ပင်စည်အတွင်းမှတက်၍ ပင်စည်ထိပ်မှ ပြန်ထွက်လာကာ ခေါင်းဆတ် (ခေါင်းညိတ်) ပြလေသည်။ လက်သမားများလည်း ပုတ်သင်ညိုကို အံ့သြစွာ ငေးကြည့်ရင်း သူတို့မျက်စိကိုပင် သူတို့ မယုံနိုင်ကြချေ။ ထို့နောက် လက်သမားများက "ပုတ်သင်ညို တစ်ကောင်လုံးတောင် ဝင်ထွက်သွားလာနိုင်တဲ့ ဒီသစ်ပင်ကြီးဟာ ပြာသာဒ်ဆောင် ဆောက်ဖို့ အဆင်ပြေမှာ မဟုတ်ဘူး"ဟု ဆိုကာ ပြန်သွားကြလေသည်။

လက်သမားများ ထွက်သွားသောအခါ ပုတ်သင်ညိုယောင်ဆောင်ထားသော သမန်းချုံစောင့်နတ်ကို ရုက္ခစိုး နတ်မင်းကြီးက ဝမ်းသာအားရကြိုဆို၍ "မိတ်ဆွေ ရုက္ခစိုးနတ်အပေါင်းတို့ . . . ကျွန်ုပ်တို့ တစ်တွေဟာ ဘုန်းတန်ခိုးရှင်ကြီးတွေဖြစ်ပေမယ့် အကြံဉာဏ် မထုတ်တတ်ကြဘူး၊ ဒီသမန်းချုံစောင့်နတ် အကြံကောင်းသွားလို့သာ ကျွန်ုပ်တို့ ရုက္ခစိုးနတ်အားလုံး ဥယျာဉ်တော်ကြီးထဲမှာ အရင်ကလို အတူတကွ ပျော်ပျော်ရွှင်ရွှင် နေထိုင်ကြရတယ်"ဟု ပြောဆိုလိုက်လေသည်။

မှီငြမ်း။ ။ ကုသနာဠိဇာတ်၊ ပုံတော်စုံ ငါးရာငါးဆယ်ဇာတ်ဝတ္ထု၊ ပထမတွဲ။ ၄၆၇။ ဇာ၊ ၌၊ ၁။ ၄၆၆။

❁ အောက်ပါမေးခွန်းများကို မေးပါ။

- ဘုရင်ကြီးရဲ့ ဥယျာဉ်တော်ထဲမှာ ဘယ်လိုသစ်ပင်ကြီးရှိသလဲ။
- ဘုရင်ကြီးက အဲဒီ သစ်ပင်ကြီးကို ဘယ်လို သတ်မှတ်ပေးထားသလဲ။
- မင်္ဂလာသစ်ပင်ကြီးမှာ ဘယ်သူတွေ နေထိုင်ကြသလဲ။
- အဲဒီရုက္ခစိုးနတ်မင်းကြီးဆီကို မကြာခဏ ဘယ်သူလာသလဲ။
- ဘုရင်ကြီးက မင်္ဂလာသစ်ပင်ကို ခုတ်လဲဖို့ ဘာကြောင့် ခွင့်ပြုခဲ့သလဲ။
- မင်္ဂလာသစ်ပင်ကြီးကို ခုတ်လဲတော့မယ်ဆိုတာ သိသွားတဲ့အခါ ရုက္ခစိုးနတ်မင်းကြီး ဘယ်လို ခံစားရသလဲ။ မိတ်ဆွေနတ်တွေက ဘာလုပ်ပေးနိုင်ကြသလဲ။
- အဲဒီပြဿနာကို ဘယ်သူက ဖြေရှင်းပေးသလဲ။ ဘယ်လိုဖြေရှင်းသလဲ။
- နောက်ဆုံးမှာ ရုက္ခစိုးနတ်မင်းကြီးက မိတ်ဆွေ နတ်တွေကို ဘယ်လို ပြောခဲ့သလဲ။
- ဒီဇာတ်လမ်းထဲက ဘာတွေကို သင်ယူရရှိလိုက်သလဲ။

www.dhammaransi.com

စာသင်ချိန် (၃) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ မရှိ။

သင်ယူမှုလုပ်ငန်းစဉ်

- ကလေးများကို အုပ်စု(၂)စုဖွဲ့ပါ။ အုပ်စု(၁)စုစီက ကိုယ်စားလှယ်တစ်ဦးစီ ရွေးချယ်ပါ။
- ဆရာက အောက်ပါကြိုက်နှစ်သက်ရာ စကားလုံးတစ်လုံးရေးထားသော စာရွက်ပိုင်းတစ်ခုကို ကိုယ်စားလှယ်နှစ်ဦးအား ပြပါ။ (ကိုယ်စားလှယ်နှစ်ဦးအပြင် မည်သူ့ကိုမျှ မမြင်စေရပါ။)
  ဥပမာ - ဘုရင်ကြီး၊ သစ်ပင်ကြီး၊ ဥယျာဉ်၊ ရုက္ခစိုး၊ ဘုံဗိမာန်၊ လက်သမား၊ နန်းတော်ပြာသာဒ်၊ ပုတ်သင်ညို . . . စသည် . . . ။
- စကားလုံးကို သိပြီးသောအခါ အုပ်စုကိုယ်စားလှယ်နှစ်ဦးက မိမိတို့သက်ဆိုင်ရာ အုပ်စုဝင်များဘက်သို့ လှည့်၍ အသီးသီး အသံတိတ်သရုပ်ဆောင်ပြကြပါစေ။
- ကျန်အုပ်စုဝင်များက မိမိတို့ကိုယ်စားလှယ်က အသံတိတ် သရုပ်ဆောင်ပြသည်ကို အဓိပ္ပာယ်ဖော်၍ မည်သည့် အရာဖြစ်ကြောင်း ပြောရမည်။ အဦးဆုံး အဖြေမှန် ပေးနိုင်သောအုပ်စုကို နိုင်သည့်အဖွဲ့အဖြစ် ဆရာက ပြောထားပါ။ (အချိန်ရလျှင် ဤနည်းအတိုင်း စကားလုံးပြောင်း၊ ကိုယ်စားလှယ်ပြောင်း၍ ဆက်လက်ကစားနိုင်သည်။)
- ကိုယ်စားလှယ်လုပ်ခဲ့သူများအား "သရုပ်ဆောင်ရမယ့် စကားလုံးကို သိလိုက်ရတော့ ဘယ်လိုတွေးပြီး သရုပ်ဆောင်ခဲ့သလဲ"ဟု မေးပါ။
- ထို့နောက် ဆရာက "သားတို့သမီးတို့ရဲ့ ကိုယ်စားလှယ် အသံတိတ် သရုပ်ဆောင်ပြမှုကို ဘယ်လိုတွေးပြီး အဓိပ္ပာယ်ဖော်ခဲ့သလဲ"ဟု မေးပါ။
- "သားတို့သမီးတို့ . . . ဒီကစားနည်းထဲက ဘာတွေ သင်ယူရရှိခဲ့သလဲ။ ဒီကစားနည်းကို ကစားတဲ့အခါမှာ ဘာတွေ လုပ်ရသလဲ"
- ကလေးများဖြေပြီးလျှင် ဆရာက "သားတို့သမီးတို့ . . . ဘယ်အလုပ်ပဲဖြစ်ဖြစ် အရင်ဆုံးစဉ်းစားရတယ်၊ ပြီးမှ လက်တွေ့အကောင်အထည်ဖော် လုပ်ဆောင်ရတယ်ဆိုတာကို ဒီကစားနည်းလေးက သင်ခန်းစာပေးတာ ဖြစ်တယ်"ဟု ပြော၍ စာသင်ချိန်ကို အဆုံးသတ်ပါ။

စာသင်ချိန် (၄) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ စာရွက်လွတ်များ။

သင်ယူမှုလုပ်ငန်းစဉ်

- "သားတို့သမီးတို့ . . . အကြံဉာဏ်ကောင်းတွေ ရဖို့ဆိုရင် ဘာတွေ လုပ်ရမလဲ"ဟု မေး၍ စာသင်ချိန်ကို စတင်ပါ။ ကလေးများ ပြောသမျှကို ဆရာက သင်ပုန်းတွင် မှတ်တမ်းတင်ထားပါ။
- ပြီးနောက် အုပ်စု (၅)စု ဖွဲ့၍ အောက်ပါမေးခွန်းကို အုပ်စုလိုက်ဆွေးနွေးပြီး စာရွက်လွတ်တွင် ရေးကြပါစေ။
  - အကြံဉာဏ်ကောင်းရင် ဘယ်လို အကျိုးကျေးဇူးတွေ ရရှိနိုင်သလဲ။
- ဆွေးနွေးရေးသားထားသော စာရွက်များကို နံရံတွင် ကပ်စေကာ ကလေးအားလုံးကို လှည့်လည် ကြည့်ရှုစေပြီး အကြိုက်ဆုံးအချက်နှစ်ချက်ကို မှတ်သားလာရန် ဆရာက ပြောပါ။ မှတ်သားလာသော အချက်များကို အုပ်စုတစ်စုလျှင် နှစ်ဦးနှုန်းဖြင့် ပြန်ပြောကြပါစေ။
- ပြီးလျှင် ဆရာက လိုအပ်သည်များကို ဖြည့်စွက်ပေး၍ အောက်ပါအတိုင်း အနှစ်ချုပ်ကာ သင်ခန်းစာကို အဆုံးသတ်ပါ။

"တချို့လူတွေဟာ ပင်ကိုကတည်းက ဉာဏ်ကောင်းကြတယ်။ တချို့ကျတော့ ဉာဏ်ကောင်းဖို့အောင် ကြိုးစား

www.dhammaransi.com

ပြုပြင် ယူကြရတယ်၊ ဉာဏ်ကောင်းအောင် ပြုပြင်ယူဖို့ဆိုရင် အရင်ဆုံး ကိုယ့်ရဲ့ခန္ဓာကိုယ်နဲ့ ကိုယ်နေတဲ့ ပတ်ဝန်းကျင်ကို သန့်ရှင်းအောင် ထားရတယ်၊ စိတ်ကိုလည်း ကြည်လင်အောင် ထားရတယ်၊ ဘုရားဂုဏ်တော်တွေလည်း ပွားရတယ်၊ ဗဟုသုတတွေ တိုးပွားစေမယ့် စာအုပ်စာပေတွေ ဖတ်ရတယ်၊ ကိုယ့်ထက် တတ်သိနားလည်သူတွေရဲ့ ဆုံးမစကားကို နာယူမှတ်သားရတယ်၊ အဲဒီလို အမြဲမပြတ် လေ့လာဆည်းပူးနေမယ်ဆိုရင် အသိဉာဏ် ပညာတွေ တိုးပွားလာမယ်၊ အသိဉာဏ်ပညာတွေ တိုးပွားလာတာနဲ့အမျှ အကြံကောင်း၊ ဉာဏ်ကောင်းတွေလည်း ရရှိလာမှာ အမှန်ပဲ၊ အကြံကောင်း ဉာဏ်ကောင်းတွေနဲ့ လုပ်ဆောင်တဲ့ အလုပ်မှန်သမျှဟာ အောင်မြင်မှုရလဒ်တွေကို အများကြီး ရစေနိုင်မှာ ဖြစ်တယ်"

www.dhammaransi.com

သင်ခန်းစာ (၃၆)

သင်ခန်းစာခေါင်းစဉ် ။ ။ အရာရာကို ချင့်ချိန်ပါ

သင်ယူမှုဦးတည်ချက် ။ ။ အရာရာကို ပညာဉာဏ်ဖြင့် လုပ်ကိုင်တတ်စေရန်။

စာသင်ချိန် (၁) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ စာရွက်လွတ်များ။

သင်ယူမှုလုပ်ငန်းစဉ်

❁ "သားတို့သမီးတို့ဟာ ပညာဉာဏ်နဲ့ ပတ်သက်တဲ့ ဇာတ်လမ်းတွေ အများကြီး လေ့လာခဲ့ပြီးပြီ၊ ဘယ်ဇာတ်လမ်းတွေကို မှတ်မိလဲ" စသည်ဖြင့် ကလေးများအား မေးမြန်း၍ မှတ်မိသော ဇာတ်လမ်း တစ်ပုဒ် (သို့) နှစ်ပုဒ် ပြောပြကြပါစေ။

❁ ထို့နောက် လေးများအား နှစ်ယောက်တစ်တွဲ တွဲ၍ ထိုင်စေပြီး အောက်ပါ မေးခွန်းကို ကလေးအချင်းချင်း ဆွေးနွေးတိုင်ပင်ကြပါစေ။

- ပညာဆိုတာ ဘာကို ပြောတာလဲ။

❁ ဆွေးနွေးပြီးသောအခါ တစ်ဦးက ပြန်လည်တင်ပြပါစေ။ ကလေးများ၏ အဖြေကို ဆရာက မှတ်သားထားပါ။ (အချိန်ပေါ် မူတည်၍ တင်ပြကြပါစေ။)

❁ ကလေးများ ပြောပြီးသောအခါ ဆရာက အောက်ပါအတိုင်း ဖြည့်စွက်ပြောပြ၍ စာသင်ချိန်ကို အဆုံးသတ်ပါ။

"ဒုတိယတန်းတုန်းက သင်ခဲ့ရတဲ့ 'ပညာရှိ သမီးငယ်' ဇာတ်လမ်းမှာဆိုရင် သမီးငယ်လေးရဲ့ ပညာဉာဏ် ထက်မြက်မှု၊ ဗဟုသုတပြည့်စုံ ကြွယ်ဝမှုတို့ကြောင့် မိခင်ရဲ့ပြဿနာကို ဖြေရှင်းပေးနိုင်ခဲ့တယ်၊ 'မိုက်မဲသောသား' ဇာတ်လမ်းမှာ ဆိုရင်တော့ ပညာဆင်ခြင်ဉာဏ် မရှိတဲ့သားရဲ့ လုပ်ရပ်ဟာ ဖခင်ကိုတောင် သေသွားစေခဲ့တယ်၊ ဒါကြောင့်မို့လို့ ပညာဆိုတာ အရာရာမှာ အကောင်း အဆိုးကို ခွဲခြားသိမြင်နိုင်တဲ့ ဉာဏ် ဖြစ်တယ်၊ နောက်တစ်ချိန်မှာတော့ ပညာဉာဏ်မရှိတဲ့ သူဌေးသမီးတစ်ယောက် အကြောင်းကို ဆက်လက် လေ့လာကြမယ်"

စာသင်ချိန် (၂) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ကျောင်းသားကိုင်စာအုပ်ပါ ဇာတ်လမ်းနှင့် သရုပ်ဖော်ပုံများ။

သင်ယူမှုလုပ်ငန်းစဉ်

❁ ကလေးများကို အုပ်စု (၅) စုဖွဲ့ပါ။

❁ အုပ်စုအသီးသီးမှ ကျောင်းသားကိုင်စာအုပ်ပါဇာတ်လမ်းကိုဖတ်၍ ဆွေးနွေးပြီး ကိုယ်စားလှယ်တစ်ဦးစီက ဇာတ်လမ်းကို နားလည်သလိုပြန်ပြောကြပါစေ။

❁ အုပ်စုအားလုံး ပြောနေစဉ် ဆရာက ဇာတ်လမ်းကို ဖြည့်စွက်ပေးပါ။

အရာရာကို ချင့်ချိန်ပါ

ရှေးလွန်လေပြီးသောအခါက သာဝတ္ထိပြည်တွင် သူဌေးသမီးတစ်ယောက် ရှိသည်။ မိဘများက အလိုလိုက်ထားသောကြောင့် ထိုသူဌေးသမီးသည် ပညာဗဟုသုတ လေ့လာဆည်းပူးခြင်းမရှိဘဲ ဆော့ကစား၊ ပျော်ပါးခြင်းဖြင့်သာ အချိန်ကုန်နေ၏။

ဤသို့ဖြင့် သူဌေးသမီး အရွယ်ရောက်လာသောအခါ မိဘများက အိမ်ထောင် ချပေးချင်ကြသည်။ ထို့ကြောင့် အခြားမြို့တစ်မြို့မှ သူဌေးသားတစ်ယောက်နှင့် လက်ထပ်ပေးရန် စီစဉ်၍ မင်္ဂလာပွဲ ကျင်းပရန်လည်း ရက်သတ်မှတ်

www.dhammaransi.com

ထားလေသည်။

တစ်နေ့တွင် သူဌေးသမီးသည် မိမိအိမ်၌ နွားလားဥသဘ တစ်ကောင်အား တယုတယ ကျွေးမွေးနေသည်ကို မြင်၍ "သြော် . . . ကျောပေါ်မှာ ဘုကြီးရှိတဲ့နွားက မြင့်မြတ်လို့ တယုတယ ကျွေးမွေးနေတာဖြစ်ရမယ်"ဟု တွေးမိကာ ဘုရှိ သော နွားလားဥသဘကို မြင့်မြတ်သည်ဟု သတ်မှတ်လိုက်လေသည်။

တစ်နေ့တွင် သူဌေးသမီးသည် ကျောပေါ်တွင်ဘုရှိသော လူတစ်ယောက် အိမ်ရှေ့မှ ဖြတ်သွားသည်ကို တွေ့လိုက်သည်။ သို့ဖြစ်၍ သူဌေးသမီးသည် "ဘုရှိတဲ့နွားလားဥသဘဟာ မြင့်မြတ်သလို ဘုရှိတဲ့ ယောက်ျားဟာလည်း မြင့်မြတ်သူပဲ ဖြစ်ရမယ်၊ ဒီယောက်ျားဥသဘခြေရင်းမှာနေပြီး အလုပ်အကျွေးပြုရရင် ကောင်းမယ်"ဟု တွေးမိ၏။ ထို့ကြောင့် မိဘများမသိအောင် လက်ဝတ်ရတနာနှင့် ပစ္စည်းဥစ္စာအချို့ကို ယူ၍ ကျောပေါ်တွင် ဘုရှိသော ယောက်ျား နောက်သို့ လိုက်သွားလေသည်။

ထိုသို့ လိုက်ပြေးလာရင်း မှောင်လာသောအခါ သူတို့နှစ်ယောက်သည် ဇရပ်တစ်ဆောင်တွင် အနားယူ အိပ်စက်ကြသည်။ သူဌေးသမီးက ဘုရှိသော ယောက်ျား၏ ခြေရင်းတွင်အိပ်သည်။ ထိုအဖြစ်အပျက်ကို သိကြသော လူများက သူဌေးသမီးကို ဝိုင်းဝန်းအပြစ်တင်ကြ၏။ နောက်တစ်နေ့နံနက်တွင် သတို့သားလောင်းက သူဌေးသမီးကို လိုက်ရှာရင်း ဇရပ်သို့ရောက်လာသောအခါ ဘုရှိသည့် ယောက်ျား၏ ခြေရင်း၌ အိပ်နေသည်ကို တွေ့ရသည်။ အကျိုး အကြောင်းကို သိလို၍ သူဌေးသမီးကိုမေးရာ ဘုရှိသော ယောက်ျားကို မြင့်မြတ်သည်ဟု ထင်မှတ်၍ လိုက်ပြေးလာကြောင်း ပြောပြလေ၏။ သတို့သားလောင်းကလည်း အကြောင်းအကျိုးပြ၍ ပြစ်တင်ဆုံးမလေသည်။

ထိုအခါ သူဌေးသမီးသည် သူ၏ ပညာဉာဏ် နည်းပါးစွာ လုပ်လိုက်သည့်လုပ်ရပ်ကို နားလည် သဘောပေါက်သွားသည်။ ထို့ကြောင့် "ဒီနေ့ကစပြီး ပညာဗဟုသုတကို ကြိုးစားဆည်းပူးပါမယ်၊ အရာရာကိုလည်း ပညာဆင်ခြင်ဉာဏ်နဲ့ ချင့်ချိန်ဆောင်ရွက်ပါမယ်"ဟု သတို့သားလောင်းကို ကတိပေး၍မိဘများအိမ်သို့ ပြန်လိုက်သွားလေသည်။

မှီငြမ်း။ ။ ဝိဏာထူဏာဇာတ်။ ပုံတော်စုံငါးရာငါးဆယ် ဇာတ်ဝတ္ထု၊ ဒု၊ နာ-၃၄၅။ ဇာ၊ ၄၊ ၂၊ ၂၀၅။

❁ အောက်ပါမေးခွန်းများကို မေးပါ။

- သူဌေးသမီးလေးဟာ ငယ်စဉ်ကတည်းက ဘယ်လို နေထိုင်ခဲ့သလဲ။
- သူဌေးသမီးက နွားလားဥသဘကို ဘယ်လို မှတ်ယူခဲ့သလဲ။ ဘာကြောင့်လဲ။
- သူဌေးသမီးက မြင့်မြတ်တယ်လို့ မှတ်ယူတဲ့ ယောက်ျားက ဘယ်လို လူမျိုးလဲ။ ဘာကြောင့်လဲ။
- သူဌေးသမီးက ဘုရှိတဲ့ယောက်ျားကို မြင့်မြတ်တယ်လို့ ဘာကြောင့် မှတ်ယူတာလဲ။
- နောက်ဆုံးမှာ သူဌေးသမီးက သတို့သားလောင်းနဲ့ သူ့မိဘတွေကို ဘယ်လို ကတိပေးခဲ့သလဲ။

စာသင်ချိန် (၃) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ စာရွက်လွတ်များ။

သင်ယူမှုလုပ်ငန်းစဉ်

❁ ဆရာက "ဇာတ်လမ်းထဲမှာပါတဲ့သူဌေးသမီးဟာ ပညာဉာဏ်မရှိတဲ့အတွက် ဘယ်လို အမှားတွေ လုပ်ခဲ့သလဲ။ အကယ်၍ သူသာ ပညာဉာဏ်နဲ့ ပြည့်စုံခဲ့မယ်ဆိုရင် ဘယ်လို အကျိုးရလဒ်တွေ ရရှိနိုင်သလဲ"ဟု မေး၍ စာသင်ချိန်ကို စတင်ပါ။

❁ ထို့နောက် ကလေးများအား အုပ်စု (၅)စု ဖွဲ့ပါ။

❁ ပြီးလျှင် "ပညာဉာဏ်ရှိတဲ့သူဆိုတာ ဘယ်လိုလူမျိုးလဲ၊ ပညာဉာဏ်မရှိတဲ့သူဆိုတာ ဘယ်လို လူမျိုးလဲ"ဟု မေးကာ အုပ်စုလိုက် ဆွေးနွေးတိုင်ပင်ပြီး တစ်ဘက်ပါပုံစံအတိုင်း ရေးကြပါစေ။

www.dhammaransi.com

ပညာဉာဏ်ရှိသူ	ပညာဉာဏ်မရှိသူ

- ဆွေးနွေးထားသည်များကို အုပ်စုကိုယ်စားလှယ်တစ်ဦးစီက အတန်းရှေ့သို့ ထွက်၍ ပြောပြကြပါစေ။
- အုပ်စုကိုယ်စားလှယ်များ တင်ပြသွားသောအချက်များကို ဆရာက မှတ်သားထား၍ လိုအပ်သည်များကို ဖြည့်စွက် ဆွေးနွေးပြီး စာသင်ချိန်ကို အဆုံးသတ်ပါ။

စာသင်ချိန် (၄) ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ စာရွက်များ၊ ဘောပင်များ။

သင်ယူမှုလုပ်ငန်းစဉ်

- ဆရာက ဇာတ်လမ်းမှ သင်ယူရရှိသည့်အချက်များကို အခြေခံပြီး မေးခွန်းများ မေးမြန်းဆွေးနွေးခြင်းဖြင့် စာသင်ချိန်ကို စတင်ပါ။
- ထို့နောက် ကလေးများအား အုပ်စု (၅) စုဖွဲ့ပါ။
- "ပညာဉာဏ်နဲ့ပြည့်စုံဖို့ ဘာတွေလုပ်ဖို့ လိုအပ်မလဲ"ဟူသော မေးခွန်းကို သင်ပုန်းပေါ်တွင် ရေးထားပြီး အုပ်စုလိုက် စဉ်းစားဆွေးနွေးကြပါစေ။
- ဆွေးနွေးပြီးသောအခါ အုပ်စုတိုင်းကို စာရွက်တစ်ရွက်နှင့် ဘောပင်တစ်ချောင်းစီ ချထားပေးပါ။ ထို့နောက် အုပ်စုဝင် အားလုံးက တစ်ချက်စီ အလှည့်ကျ ရေးကြပါစေ။ (ဤနည်းဖြင့် အုပ်စုဝင်များအားလုံးက အချက်အလက်များ မထပ်အောင် ရေးသားရန် ဆရာက ကူညီပေးပါ။)
- ရေးသားပြီးနောက် အုပ်စုကိုယ်စားလှယ်တစ်ဦးစီက ပြန်လည်တင်ပြကြပါစေ။ ကလေးများ တင်ပြသော အချက်များကို ဆရာက သင်ပုန်းတွင် မှတ်တမ်းတင်ထားပြီး တူညီသော အချက်များကို စုစည်းပေးပါ။ ထပ်ဖြည့်လိုသော အချက်များရှိပါက ဆရာက ဖြည့်စွက်ရေးပေးပြီး အောက်ပါအတိုင်း အနှစ်ချုပ်၍ သင်ခန်းစာကို အဆုံးသတ်ပါ။

"သားတို့သမီးတို့ . . . အခု ပညာဉာဏ်နဲ့ ပြည့်စုံဖို့ ဘာတွေလုပ်ဖို့ လိုအပ်မလဲ ဆိုတာနဲ့ပတ်သက်ပြီး ဆွေးနွေး အဖြေရှာခဲ့ကြပြီးပြီ။ ကလေးတို့ အခု တင်ပြခဲ့တဲ့ အချက်တွေအတိုင်း လက်တွေ့လုပ်ဆောင်နိုင်တဲ့သူတွေ ဖြစ် အောင် ကြိုးစားကြပါ"

www.dhammaransi.com

သင်ခန်းစာ (၃၇)

သင်ခန်းစာခေါင်းစဉ် ။ ။ မကောင်းမှုဒဏ် ကိုယ့်ထံပြန်

သင်ယူမှုဦးတည်ချက် ။ ။ မကောင်းမှု၏ ဆိုးကျိုးကို သိရှိပြီး မကောင်းမှုပြုလုပ်လျှင် မကောင်းကျိုးကို ပြန်လည်ခံစားရကြောင်း သိရှိစေရန်။

စာသင်ချိန် (၁) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ စာရွက်ပိုင်းများ။

သင်ယူမှုလုပ်ငန်းစဉ်

- ဆရာက အောက်ပါစကားပုံများကို နှစ်ပိုင်းခွဲ၍ စာရွက်ပိုင်းများပေါ်တွင် ကြိုတင်ရေးထားပါ။ တစ်ပိုင်းကို သင်ပုန်းပေါ်တွင် ကပ်ပြီး ကျန်တစ်ပိုင်းကို စားပွဲခုံပေါ်တွင် တင်ထားပါ။ ထို့နောက် ဆရာက ကလေးတစ်ဦးစီကို ခေါ်ပြီး သင်ပုန်းတွင် ကပ်ထားသော စကားပုံ၏ ကျန်အပိုင်းကို ရွေးချယ်၍ ကပ်ပါစေ။ ကလေးတစ်ဦး ကပ်ပြီးတိုင်း မှန်မမှန် ကျန်ကလေးများ၏ သဘောတူညီမှု ယူပြီး စကားပုံ၏ အဓိပ္ပာယ်ကို ပြောကြပါစေ။
  (အောက်ပါစကားပုံများသည် နမူနာမျှသာ ဖြစ်၍ အောက်ပါစကားပုံများနှင့် ဆက်စပ်သော စကားပုံများ ထပ်ထည့်နိုင်သည်။)
  - ကိုယ်ကောင်းလျှင် ကိုယ်စံ ကိုယ်မကောင်းလျှင် ကိုယ်ခံ
  - မကောင်းမှုဟူသည် ဆိတ်ကွယ်ရာ မရှိ
  - သူများမကောင်းကြံ ကိုယ့်ဘေးဒဏ်ထိ
- ကလေးများဖြင့် ဆွေးနွေးပြီးသောအခါ အောက်ပါ မေးခွန်းများကို မေးမြန်းဆွေးနွေးပြီး စာသင်ချိန်ကို အဆုံးသတ်ပါ။
  - မကောင်းမှုဆိုတာ ဘယ်လိုအလုပ်မျိုးတွေလဲ။
  - မကောင်းမှု ပြုလုပ်ရင် ဘယ်လိုဆိုးကျိုးတွေ ဖြစ်လာမလဲ။

စာသင်ချိန် (၂) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ကျောင်းသားကိုင်စာအုပ်ပါ ဇာတ်လမ်းနှင့် သရုပ်ဖော်ပုံများ။

သင်ယူမှုလုပ်ငန်းစဉ်

- ဆရာက ကျောင်းသားကိုင် စာအုပ်တွင်ပါသော ပထမဆုံး ရုပ်ပုံကိုပြ၍ "ရုပ်ပုံထဲက ဇာတ်ကောင်တွေက ဘာတွေလဲ၊ သူတို့ ဘာလုပ်နေကြလဲ၊ ဘာဆက်ဖြစ်မယ်လို့ထင်လဲ"ဟု မေးမြန်းဆွေးနွေးပြီးနောက် ဇာတ်လမ်းကို ဖတ်ကြပါစေ။

မကောင်းမှုဒဏ် ကိုယ့်ထံပြန်

မြတ်စွာဘုရားရှင်လက်ထက်က "ကောက" အမည်ရှိ မုဆိုးတစ်ယောက်ရှိလေသည်။ တောလိုက်သွားသည့် အခါတိုင်း သူအားကိုးရသော ခွေးများကို ခေါ်သွားလေ့ရှိသောကြောင့် သူ့ကို "ကောက ခွေးမုဆိုး"ဟု ခေါ်ကြသည်။ သူသည် ဘုရား၊ တရားနှင့် ရဟန်းသံဃာတော်များကို ရိုသေလေးစားခြင်း မရှိချေ။

တစ်နေ့သ၌ကောကမုဆိုးသည် တောလိုက်သွားရန် ထွက်လာစဉ် ဆွမ်းခံကြွလာသော ရဟန်းတစ်ပါးကို တွေ့မြင်ရာ မုဆိုးက "ငါတော့်သူယုတ်မာကို မြင်လိုက်ရတယ်၊ ဒီနေ့ သားကောင်ရတော့မှာ မဟုတ်ဘူး"ဟု တွေးကာ စိတ်မကြည်မသာဖြင့် ဆက်၍သွားလေသည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် နေမြင့်သည်အထိ သားကောင်တစ်ကောင်မျှ

www.dhammaransi.com

မရပေ။ မုဆိုးလည်း ဒေါသတကြီးဖြင့် အိမ်ပြန်လာရာ နံနက်ကတွေ့ခဲ့သော ရဟန်းကိုပင် တွေ့ပြန်သည်။ ထိုအခါ ဒေါသမထိန်းနိုင်တော့ဘဲ "ဟေ့ . . . သူယုတ်၊ သင့်ကို အမဲလိုက်ခွေးစာ ကျွေးပစ်မယ်"ဟု ပြောဆိုလေသည်။

ရဟန်းက မုဆိုးကို တောင်းပန်သော်လည်း မုဆိုးက လက်မခံဘဲ ခွေးများနှင့် ရှူးတိုက်လေသည်။ ရဟန်းသည် အနီးအနားရှိ သစ်ပင်ပေါ်သို့ အလျင်အမြန် တက်ပြေးရာ ခွေးများ မလိုက်နိုင်တော့ပေ။ ထိုအခါ မုဆိုးက "သင် သစ်ပင်ပေါ်ရောက်နေပေမယ့် ငါ့လက်က လွတ်မှာ မဟုတ်ဘူး"ဟု ကြိမ်းဝါးပြောဆိုကာ ရဟန်း၏ ခြေဖဝါးကို မြားချွန်ဖြင့် ထိုးလေသည်။ ခြေထောက် တစ်ဖက် ရုတ်သွားလျှင် နောက်တစ်ဖက်ကို ထိုးပြန်၏။ ရဟန်းက မည်သို့ပင် တောင်းပန်သော်လည်း မုဆိုးသည် ဂရုမစိုက်ဘဲ မြားချွန်ဖြင့် ဆက်၍သာ ထိုးနေတော့သည်။

ထိုအချိန်တွင် ရဟန်းမှာ တစ်ကိုယ်လုံး မီးလောင်ထားသကဲ့သို့ ပြင်းထန်သောဝေဒနာကို ခံစားရသဖြင့် မိမိကိုယ်ကို သတိမထားနိုင်တော့ဘဲ အပေါ်ရုံသင်္ကန်းသည် ကိုယ်ပေါ်မှ လျှောကျသွားလေသည်။ ထိုသင်္ကန်းသည် ကောကမုဆိုးပေါ်သို့ ကျသွားကာ တစ်ကိုယ်လုံး လွှမ်းခြုံမိသွားသည်။ ထိုအခါ ခွေးများက ရဟန်းပြုတ်ကျလာသည်ဟု ထင်မှတ်ကာ မုဆိုးကို ဝိုင်း၍ ကိုက်စားပစ်လိုက်ကြလေသည်။

ဤသို့ဖြင့် ကောကမုဆိုးသည် ရဟန်းသံဃာကို ပြစ်မှားစော်ကားခဲ့သည့်အတွက် မကောင်းကျိုးကို ချက်ချင်း လက်ငင်း ခံစားသွားရလေသည်။ မကောင်းမှုဒဏ်သည် သူ့ထံသို့ ပြန်လည်ကျရောက်ခဲ့သည်။

မိုဋ်ငြမ်း။ ။ ကောကခွေးမုဆိုးဝတ္ထု၊ ဓမ္မပဒဝတ္ထု၊ မြန်မာပြန်၊ တတိယတွဲ၊ ၂၀၄။ ဓမ္မ၊ ၄။ ၂။ ၂၀။

❁ အောက်ပါမေးခွန်းများကို မေးပါ။

- မုဆိုးနာမည်က ဘယ်သူလဲ။ ဘာကြောင့် အဲဒီလိုခေါ်သလဲ။
- မုဆိုးဟာ ဆွမ်းခံကြွလာတဲ့ ရဟန်းတစ်ပါးကို မြင်တဲ့အခါ ဘယ်လို တွေးမိသလဲ။
- မုဆိုးဟာ ရဟန်းကို ဘယ်လို နှိပ်စက်သလဲ။
- ခွေးတွေဟာ ဘယ်သူ့ကို ကိုက်သတ်ခဲ့သလဲ။ ဘာကြောင့်လဲ။
- သားတို့၊ သမီးတို့ရော ဒီဇာတ်လမ်းကို ဖတ်ကြည့်ပြီး ဘာတွေ သင်ခန်းစာရလိုက်လဲ။

စာသင်ချိန် (၃) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ မရှိ။

သင်ယူမှုလုပ်ငန်းစဉ်

❁ ကလေးတို့တွေ့ဖူးတဲ့ မကောင်းတဲ့အကြံအစည်၊ အပြုအမူတွေကို ဖော်ပြပါ။ ရရှိသော အပြုအမူများကို သင်ပုန်းပေါ်တွင် မှတ်တမ်းတင်ပါ။

❁ ကလေးများအား အုပ်စု (၅) စု ဖွဲ့ပါ။

❁ ထို့နောက် သူတစ်ပါးအားမကောင်းကြံပါက မိမိတွင် မည်သို့သောဆိုးကျိုးများ သက်ရောက်နိုင်မည်ကို အုပ်စုလိုက် ဆွေးနွေးကြပါစေ။ ဆွေးနွေးချက်များကို စာရွက်လွတ်ပေါ်တွင်ရေးပြီး ကိုယ်စားလှယ်တစ်ဦးစီက ပြန်လည် တင်ပြပါစေ။ ထိုသို့တင်ပြပြီးသောအခါ အခြားအဖွဲ့အသီးသီးမှ မေးမြန်းလိုသော အချက်များကို ကျန်အုပ်စုဝင်များက ဖြေကြပါစေ။

❁ ထို့နောက် ဆရာက လိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေးပြီး စာသင်ချိန်ကို အဆုံးသတ်ပါ။

www.dhammaransi.com

စာသင်ချိန် (၄) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ သူထိုက်သူကဲ့ တေးကဗျာ။

သင်ယူမှုလုပ်ငန်းစဉ်

- ဆရာက "သူတစ်ပါးကို မကောင်းကြံရင် မိမိကိုယ်တိုင် လက်ရှိဘဝမှာပဲ မကောင်းကျိုးပြန်ခံစားရ တတ်တယ် ဆိုတာ ကလေးတို့ သိခဲ့ပြီးပြီ။ ဒီတော့ လက်တွေ့ဘဝမှာ သားတို့သမီးတို့အနေနဲ့ မကောင်းမှုတွေကို ဘယ်လို ရှောင်ကြဉ်သွားကြမလဲ"ဟု ကလေးများနှင့် မေးမြန်းဆွေးနွေးပါ။
- ထို့နောက် အောက်ပါတေးကဗျာကို ကလေးများ ရွတ်ဆိုကြပါစေ။ ကလေးများ ရွတ်ဆိုပြီးသောအခါ တေးကဗျာပါ အကြောင်းအရာများကို နားလည်သလို ပြန်လည်ပြောပြကြပါစေ။

သူထိုက်သူကဲ့

ပြုသူရဲ့ကံ အဆိုးအကောင်းဟာ သူထိုက်သူကဲ့ပါ
ခံစား၊ စံစား အမှန်တရား ဗုဒ္ဓဟောကြားထား၊
မကောင်းသော အတွေးအကြံ သူစိမ်း ကောကမုဆိုးဟာ
ပြုသမျှသူကဲ့ သူထံလာ ဇာတ်သိမ်းမကောင်းရှာပါ
တို့သူငယ်ချင်းတွေ . . . စိတ်ကောင်းထားကြလေ . . . ။
ကောကမုဆိုး အကြံစည်မျိုး အတုယူမမှတ်နဲ့လေ . . . ။ ။

- ကလေးများပြောပြီးသောအခါ ဆရာက "သူတစ်ပါးကို မကောင်းမှုပြုလုပ်ရင် ပြုလုပ်သူမှာ မကောင်းကျိုးကို ချက်ချင်း ပြန်ခံစားရတတ်တယ်။ ဒါကြောင့် ကလေးတို့ကိုယ်တိုင်လည်း မကောင်းမှုတွေကို ရှောင်ရှားပြီး ကောင်းတဲ့အပြုအမူတွေကို နေ့စဉ်ဘဝမှာ အမြဲတမ်း လုပ်ဆောင်နိုင်ကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်"ဟု ဆုတောင်းခြင်း သင်ခန်းစာကို အဆုံးသတ်ပါ။

www.dhammaransi.com

သင်ခန်းစာ (၃၈)

သင်ခန်းစာခေါင်းစဉ်	။	။ စဉ်းလဲသော ဗျိုင်း
သင်ယူမှုဦးတည်ချက်	။	။ စိတ်ထားမကောင်းလျှင် ဒုက္ခရောက်တတ်ကြောင်း သိရှိစေရန်။
စာသင်ချိန် (၁)	။	။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း	။	။ စာရွက်များ။

သင်ယူမှုလုပ်ငန်းစဉ်

❁ ကလေးများကို သစ်ရွက်ပုံ စာရွက်ပိုင်း တစ်ရွက်စီ ဝေပေးပါ။ ထို့နောက် အတန်းတွင်းရှိ သူငယ်ချင်း တစ်ဦး၏ စိတ်ထားကောင်းပုံကို ဖော်ပြနိုင်သော အပြုအမူတစ်ခုစီအား ရေးပြပါ။ ရေးပြီးသောအခါ "ကျွန်ုပ်တို့ တွေ့ဖူးသော စိတ်ထားကောင်းများ" ခေါင်းစဉ်အောက်ရှိ သစ်ပင်ပုံတွင် လာရောက်ကပ်ကြပါစေ။ (ထိုသစ်ပင်ပုံနှင့် သစ်ရွက်ပုံ စာရွက်များကို ဆရာက ကြိုတင်ပြင်ဆင်ထားပါ။)

ကျွန်ုပ်တို့ တွေ့ဖူးသော စိတ်ထားကောင်းများ



❁ "သားတို့၊ သမီးတို့ . . . စိတ်ထားမကောင်းသူတွေရဲ့ အပြုအမူတွေကို မြင်ဖူးလား။ စိတ်ထား မကောင်းခြင်းကြောင့် ဘာတွေ ဖြစ်လာနိုင်သလဲ" ဟူသော မေးခွန်းကို ကလေးများနှင့် မေးမြန်းဆွေးနွေးပါ။ ထို့နောက် "နောက်တစ်ချိန်မှာ စိတ်ထား မကောင်းတဲ့ ဗျိုင်းစဉ်းလဲ တစ်ကောင်အကြောင်း ဆက်ပြီးလေ့လာကြမယ်"ဟု ပြော၍ စာသင်ချိန်ကို အဆုံးသတ်ပါ။

www.dhammaransi.com

စာသင်ချိန် (၂) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ကျောင်းသားကိုင်စာအုပ်ပါ ဇာတ်လမ်းနှင့် သရုပ်ဖော်ပုံများ။

သင်ယူမှုလုပ်ငန်းစဉ်

❁ စဉ်းလဲသောဗျိုင်း ဇာတ်လမ်းကို ကဇေးများအသံတိတ် ဖတ်ကြပါစေ။

စဉ်းလဲသော ဗျိုင်း

ရှေးအခါက တောအရပ်တစ်နေရာတွင် ရေအိုင်တစ်အိုင်ရှိသည်။ ထိုအိုင်သည် ငါးမျိုးစုံတို့ မှီခိုနေထိုင်ရာ ဖြစ်သည်။ နွေရာသီရောက်သည်နှင့် ထိုရေအိုင်တွင် ရေခန်းလေရာ ဗျိုင်းတစ်ကောင်သည် ငါးများကို လှည့်စား၍ စားမည်ဟု ကြံစည်တွေးတောလျက် ရေစပ်နားသွား၍ ရပ်နေ၏။

ထိုအခါ ငါးတို့က "အဆွေဗျိုင်း . . . ဘာကို တွေးတောနေပါသနည်း"ဟု မေးကြရာ ဗျိုင်းက "ဤရေအိုင်၌ ရေနည်းနေသည်၊ အစာလည်း ရှားပါးလှသည်၊ နွေရာသီသည် များစွာကျန်နေသေးသည်၊ သင်တို့ကို တစ်ကောင်စီ နှုတ်သီးဖြင့် ကိုက်ချီ၍ ကြာမျိုးငါးပါးနှင့် ပြည့်စုံသော ရေအိုင်ကြီးတစ်ခုသို့ ရွှေ့ပြောင်းပေးလိုသည်၊ သင်တို့ ယုံကြည်မှုမရှိလျှင် ကျွန်ုပ်ပြောသည့် ထိုရေအိုင်ကြီးသို့ လိုက်ကြည့်ရန် သင်တို့အထဲမှ ငါးတစ်ကောင်ထည့်ပေးလိုက်ပါ"ဟု ပြောပြလေသည်။

ထိုအခါ ငါးများသည် သန့်စွမ်းသော ငါးတစ်ကောင်ကို ထည့်ပေးလိုက်ကြရာ ဗျိုင်းသည် ထိုငါးကို ကိုက်ချီ၍ ရေအိုင်ကြီးကို ပြပြီးလျှင် ငါးတို့ထံသို့ ပြန်ပို့လေသည်။ အိုင်ထဲမှ ငါးများသည် ထိုငါး၏ ပြောပြချက်အရ ဗျိုင်းအပေါ် ယုံကြည်မိကြ၏။ ထို့ကြောင့် သူတို့အားလုံးကို ထိုရေအိုင်ကြီးသို့ ပို့ပေးရန် သဘောတူကြလေသည်။

ထိုအချိန်မှစ၍ ဗျိုင်းသည် ငါးတစ်ကောင်စီကို ကိုက်ချီ၍ ရေအိုင်ကြီးအနီးမှ ရေခံတက်ပင်၏ ခွကြားတွင် နားကာ ငါးကို စားပြီး အရိုးများကို သစ်ပင်ရင်းသို့ ပစ်ချသည်။ ဤသို့ဖြင့် မကြာမီ ငါးများအားလုံးကုန်သွားကာ ပုစွန်လုံးတစ်ကောင်သာ ကျန်တော့၏။ ထိုအခါ ဗျိုင်းသည် ထိုပုစွန်လုံးကို စားလိုပြန်၍ "အသင်ပုစွန် . . . သင့်ကိုလည်း ငါသနားလှသည်၊ ငါးများကို ချီ၍လွှတ်သကဲ့သို့ သင့်ကိုလည်း ရေများသောအိုင်သို့ ငါချီ၍ လွှတ်မည်"ဟု ဆိုလေသည်။

ပုစွန်လုံးသည် သတိပညာနှင့် ပြည့်စုံသည်ဖြစ်၍ ဗျိုင်းကို မယုံပေ။ ပုစွန်လုံးက "အဆွေဗျိုင်း . . . ကျွန်ုပ်ကိုလည်း ဆောင်ယူပါလော့၊ သို့ရာတွင် ကျွန်ုပ်မှာ အခွံဖြင့် ဖုံးအုပ်သော ကိုယ်ရှိ၍ သင့်နှုတ်သီးဖြင့်ယူသော် မမြှိန်ဝင် ရှိချေမည်၊ ထို့ကြောင့် ကျွန်ုပ်၏လက်မဖြင့် သင်၏လည်ကို ခိုညှပ်၍ လိုက်ပါရစေ"ဟု ခွင့်တောင်းသည်။ ဗျိုင်းသည် ပုစွန်လုံး၏ အကြံအစည်ကို မရိပ်စားမိသဖြင့် သဘောတူခွင့်ပြုလိုက်သည်။ ထို့နောက် ဗျိုင်းသည် ပုစွန်လုံးကို သယ်ယူ၍ ရေအိုင်ကို ပြရုံသာပြကာ ရေခံတက်ပင်ပေါ်သို့ ယူလာခဲ့၏။

ဤတွင် ပုစွန်လုံးက "အဆွေဗျိုင်း . . . အဘယ့်ကြောင့် ဤနေရာသို့ သယ်ဆောင်လာသနည်း"ဟု ဆိုရာ ဗျိုင်းက "ရေခံတက်ပင်ရင်း၌ရှိသော ငါးရိုးများကိုကြည့်လော့၊ ငါသည် ငါးများကို စားခဲ့သကဲ့သို့ သင့်ကိုလည်း စားအံ့" ဟု ပြန်ပြောလေသည်။ ပုစွန်လုံးက "ငါးများသည် သတိပညာမဲ့ကြ၍သာ သင်စားခဲ့ရသည်၊ ငှါကိုကား စားခွင့်ရလိမ့်မည်မဟုတ်၊ သင့်ကိုပင်လျှင် ပျက်စီးခြင်းသို့ ရောက်စေအံ့"ဟု ဆို၍ ဗျိုင်း၏လည်ပင်းကို လက်မဖြင့် တင်းတင်းညှပ်ထား၏။ ဗျိုင်းသည် နာကျင်လွန်းသဖြင့် "အရှင်. . . သင့်ကိုမစားတော့ပါ၊ ငှါအား အသက်ချမ်းသာခွင့် ပေးပါ"ဟု ဆိုသည်။

ထိုအခါ ပုစွန်လုံးက "ငှါအား အိုင်ထဲသို့ လွှတ်ပေးလော့"ဟု ပြောသဖြင့် ဗျိုင်းသည် ရေအိုင်သို့ ပျံပြီးလျှင် ပုစွန်လုံးကို ရေစပ်၌ ချပေးသည်။ ပုစွန်လုံးသည် ဤဗျိုင်းစဉ်းလဲကို ငါချမ်းသာပေးသော် သူသည် ဤနည်းဖြင့် တစ်ပါးသောအိုင်မှ ငါးတို့ကို သတ်စားရာ၏ဟု တွေးလျက် ကြာရိုးကို ကတ်ကြေးဖြင့် ဖြတ်သကဲ့သို့ ဗျိုင်း၏လည်ပင်းကို လက်မဖြင့် တိခနဲ ညှပ်လိုက်ရာ စဉ်းလဲသောဗျိုင်းမှာ ဦးခေါင်း ပြတ်သွားလေတော့သည်။

မှီငြမ်း။ ။ ဝကဇာတ်၊ နိပါတ်တော်လာ ဇာတ်တော်ငါးရှဉ်ငါးဆယ်၊ မာဂဝဝဂ်၊ ၈၄-၈၅။ ဇာ၊ ဋ္ဌ၊ ၁၊ ၂၃၈-၂၄၀။

www.dhammaransi.com

❁ အောက်ပါမေးခွန်းများ မေးပါ။

- ဗျိုင်းက ရေစပ်နားမှာ ဘာကြောင့် ရပ်နေတာလဲ။
- ဗျိုင်းက ငါးတွေကို ဘာပြောသလဲ။
- ငါးတွေက ဗျိုင်းကို ဘာကြောင့် ယုံကြည်သလဲ။
- ဗျိုင်းက ငါးတွေကို ဘယ်နေရာဆီ ကိုက်ချီသွားသလဲ။ ဘာလုပ်သလဲ။
- ဗျိုင်းက ပုစွန်လုံးကို စားချင်လို့ ဘယ်လိုပြောသလဲ။ ပုစွန်လုံးကရော ဘာပြန်ပြောသလဲ။
- ဗျိုင်းက ပုစွန်လုံးကို စားခွင့်ရသလား။ ဘာကြောင့်လဲ။
- ငါးတွေက ဘာလို့ အသက်ဆုံးရှုံးရတာလဲ။ ဘာကြောင့်လဲ။
- ပုစွန်လုံးက ဗျိုင်းကို ဘာလို့ အသက်ချမ်းသာ မပေးသလဲ။
- သားတို့ သမီးတို့ရော ပုစွန်လုံးနေရာမှာဆိုရင် ဘယ်လိုလုပ်မလဲ။
- ဒီဇာတ်လမ်းကနေ သားတို့ သမီးတို့ ဘာသင်ခန်းစာတွေ ရလိုက်သလဲ။

စာသင်ချိန် (၃) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ မရှိ။

သင်ယူမှုလုပ်ငန်းစဉ်

❁ ဖတ်ပြီးသော ဇာတ်လမ်းကို ကလေးတစ်ဦးချင်းစီက အောက်ပါခေါင်းစဉ်များအတိုင်း အနှစ်ချုပ် ရေးသားပြီး တင်ပြလိုသော ကလေး ၄/၅ ဦးခန့်က တင်ပြကြပါစေ။ (အချိန်ပေါ်မူတည်၍ ကလေးအရေအတွက်ကို ဆရာက ရွေးချယ်ပေးပါ။)

- ဇာတ်လမ်း ခေါင်းစဉ်
- ဇာတ်လမ်းဖြစ်ပျက်ရာနေရာများ
- အချိန်ကာလ
- ဇာတ်ကောင်များ
- ဇာတ်လမ်းဖြစ်စဉ်
- နိဂုံး
- ဇာတ်လမ်းအမျိုးအစား (မျှော်မှန်းအဖြေ - ပညာပေးဇာတ်လမ်း)

❁ ကလေးများ ဇာတ်လမ်းအနှစ်ချုပ်ကို ရေးသားနေချိန်တွင် ဆရာက လှည့်လည် ကြည့်ရှုပြီး လိုအပ်သည်များကို ဆွေးနွေးခြင်းဖြင့် ဖော်ထုတ်ပေးပါ။ ကလေးတစ်ဦးစီက တင်ပြနေချိန်တွင် ဆရာနှင့် ကျန်ကလေးများက နားထောင်ပြီး မရှင်းလင်းသော အချက်များကို ဆရာက ကလေးများအား မေးမြန်းဆွေးနွေးကာ စာသင်ချိန်ကို အဆုံးသတ်ပါ။

www.dhammaransi.com

စာသင်ချိန် (၄) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ စာရွက်လွတ်များ။

သင်ယူမှုလုပ်ငန်းစဉ်

- ကလေးများကို အုပ်စု (၄) စုဖွဲ့၍ အောက်ပါမေးခွန်းကို အုပ်စုတွင်း ဆွေးနွေးရေးသားပါစေ။ ဆွေးနွေးရေးသားပြီးသော အချက်များကို အုပ်စုအချင်းချင်း လဲလှယ်၍ ဖတ်စေပြီး ဖြည့်စွက်လိုသည့် အချက်များကိုလည်း ရေးသားကြပါစေ။
  - စိတ်ထားမကောင်းသူ၊ ကောက်ကျစ်စဉ်းလဲသူတွေဟာ သူတစ်ပါးအပေါ် ဘယ်လို ကြံစည်ပြုမူတတ်ကြသလဲ။ အဲဒီလိုကြံစည်ပြုမူရင် ဘာတွေ ဖြစ်နိုင်မလဲ။
- အားလုံးရေးသားပြီးသောအခါ စာရွက်များကို သင့်လျော်သောနေရာတွင် ကပ်ပြီး ကလေးများကို လှည့်လည်ကြည့်ရှုကြပါစေ။ ထို့နောက် သဘောတူသည့် အချက်နှစ်ချက်ကို ရွာဖွေပြီး သဘောမတူသည့် အချက်များတွေရှိပါက အဘယ်ကြောင့် သဘောမတူသည်ကို ပြန်လည်တင်ပြပါစေ။
- နောက်ဆုံးတွင် ဆရာက "သားတို့သမီးတို့ . . . သူတစ်ပါးအပေါ် မကောင်းကြံရင် ကိုယ်လည်း ဒုက္ခရောက်တတ်တယ်၊ ဒါကြောင့် သူတစ်ပါးတို့အပေါ် စိတ်ကောင်းမွေးဖို့ အရေးကြီးတယ်၊ သူတစ်ပါးတို့က မိမိအပေါ် မကောင်းကြံလာရင်လည်း သူတစ်ပါးအကျိုး၊ မိမိအကျိုး မပျက်စီးအောင် ပြုမူလုပ်ဆောင်သွားရမယ်"ဟု ပြော၍ သင်ခန်းစာကို အဆုံးသတ်ပါ။

www.dhammaransi.com

သင်ခန်းစာ (၃၉)

သင်ခန်းစာခေါင်းစဉ်	။	အဘိဓမ္မာအခါတော်နေ့
သင်ယူမှုဦးတည်ချက်	။	အဘိဓမ္မာအခါတော်နေ့ အကြောင်းကို သိရှိစေရန်။
စာသင်ချိန် (၁)	။	၃၀ မိနစ်
သင်ထောက်ကူပစ္စည်း	။	မီးထွန်းပွဲတော် ကဗျာ။

သင်ယူမှုလုပ်ငန်းစဉ်

- အောက်ပါကဗျာ ရွတ်ဆိုစေခြင်းဖြင့် စာသင်ချိန်ကို စတင်ပါ။

မီးထွန်းပွဲတော်

သီတင်းကျွတ်ပြီ မီးထွန်းမည်၊
မီးပူဇော်ပွဲ နွဲကြမည်။
လမြတ်ရာသီ ချိန်ခါပေ၊
ဘိုးဘွားမိဘကန်တော့်ပွဲ။
မီးရောင်စုံထဲ အလှပြုင်၊
ဖြူနီဝါပြာ ဘယ်သူနိုင်။
မြိုင်မြိုင်ဆိုင်ဆိုင် ကူညီလို့၊
မီးပုံးပျံကြီး လွှတ်ကြစို့။ ။

- "သီတင်းကျွတ်လပြည့်နေ့မှာ ကလေးတို့ကိုယ်တိုင် ဘာတွေ လုပ်လေ့ရှိသလဲ၊ အခြားသူတွေရော ဘာတွေလုပ်ကြသလဲ။ ဗုဒ္ဓဘာသာဝင်တွေဟာ သီတင်းကျွတ်လပြည့်နေ့မှာ မီးထွန်းပွဲတော်ကို ဘာကြောင့် ကျင်းပတယ်လို့ ထင်သလဲ" ဟူသော မေးခွန်းများကို မေးမြန်းဆွေးနွေးပြီး ကလေးများပြောဆိုသော အချက်များကို သင်ပုန်းပေါ်တွင် မှတ်တမ်းတင်ပါ။ ထို့နောက် ဆရာက သီတင်းကျွတ်လပြည့်နေ့ကို မီးထွန်းပွဲတော် ကျင်းပတဲ့နေ့အပြင် အခြားဘာနေ့ အဖြစ်သတ်မှတ်တယ်ဆိုတာကို နောက်တစ်ချိန်မှာ ဆက်လက်ဆွေးနွေးမယ်"ဟု ပြောၿ၍ စာသင်ချိန်ကို အဆုံးသတ်ပါ။

www.dhammaransi.com

စာသင်ချိန် (၂) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ကျောင်းသားကိုင်စာအုပ်ပါ အဘိဓမ္မာအခါတော်နေ့အကြောင်းနှင့် သရုပ်ဖော်ပုံများ။

သင်ယူမှုလုပ်ငန်းစဉ်

❁ "သားတို့၊ သမီးတို့ သီတင်းကျွတ်လပြည့်နေ့မှာ ကျင်းပတဲ့ မီးထွန်းပွဲတော် အကြောင်းကို ဆွေးနွေးခဲ့ပြီးပြီ။ အဲဒီ သီတင်းကျွတ်လပြည့်နေ့ကို နောက်ထပ်နေထူးနေ့မြတ်အဖြစ် သတ်မှတ်ထားတာ ရှိသေးတယ်။ အခု အဲဒီနေ့ အကြောင်းကို ဆက်လေ့လာကြမယ်"ဟု ပြော၍ အဘိဓမ္မာအခါတော်နေ့အကြောင်းကို ကလေးများ ဖတ်ကြပါစေ။

အဘိဓမ္မာ အခါတော်နေ့

ဗုဒ္ဓဘာသာဝင် မြန်မာတို့သည် သီတင်းကျွတ်လပြည့်နေ့ကို "အဘိဓမ္မာအခါတော်နေ့"ဟု ခေါ်ကြသည်။ မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီးနောက် ခုနစ်ဝါမြောက်ဖြစ်သော မဟာသက္ကရာဇ် ၁၀၉ ခုနှစ်တွင် တာဝတိံသာနတ်ပြည်၊ ပင်လယ်ကသစ်ပင်ရင်း ပဏ္ဍုကမ္ဗလာ ကျောက်ဖျာထက်၌ မွေးကျေးဇူးဆပ်သည့်အနေဖြင့် မယ်တော်ဖြစ်ခဲ့ဖူးသည့် သန္တုသိတနတ်သားအမှူးရှိသော နတ်ပြဟ္မာအပေါင်းတို့အား အဘိဓမ္မာတရားတော်ကို အကျယ်နည်းဖြင့် ဝါတွင်းသုံးလပတ်လုံး ဟောကြားတော်မူခဲ့သည်။

မြတ်စွာဘုရားသည် အဘိဓမ္မာတရားဟောကြားနေစဉ် နတ်တို့၏ အာဟာရကို မမှီဝဲဘဲ လူတို့၏ အာဟာရကိုပင် ဘုဉ်းပေးတော်မူသည်။ နေ့စဉ် ဆွမ်းခံချိန်ရောက်လျှင် မြတ်စွာဘုရားရှင်သည် မိမိကိုယ်စား ဆက်လက် ဟောတော်မူရန် နိမ္မိတရုပ်ပွားတော်တစ်ဆူကို ဖန်ဆင်းထားခဲ့ပြီး မြောက်ကျွန်းသို့ ဆွမ်းခံကြွတော်မူ၏။ ထို့နောက် အနောတတ်အိုင်အနီးတွင် ဆွမ်းဘုဉ်းပေးတော်မူပြီးလျှင် နေ့ခင်းအချိန်၌ စန္ဒကူးတောသို့ ကြွရောက်သီတင်းသုံးတော်မူသည်။

ထိုအချိန်တွင် အရှင်သာရိပုတ္တရာမထေရ်သည် ဘုရားရှင်ထံ ချဉ်းကပ်၍ ဝတ်ကြီးဝတ်ငယ် ပြုတော်မူသည်။ မြတ်စွာဘုရားရှင်သည် နတ်ပြည်၌ ဟောကြားခဲ့သော အဘိဓမ္မာဒေသနာတော်ကို အရှင်သာရိပုတ္တရာမထေရ်အား အကျဉ်းမျှ ပြန်လည်ဟောကြားတော်မူ၏။ အရှင်သာရိပုတ္တရာမထေရ်သည် အဘိဓမ္မာဒေသနာအကျယ်ကို သိမြင်တော်မူသည်။ အရှင်သာရိပုတ္တရာမထေရ်သည် ဘုရားရှင်ထံမှ ကြားနာခဲ့ရသော အဘိဓမ္မာဒေသနာတော်ကို မိမိ၏ တပည့်ရဟန်း ၅၀၀ တို့အား မကျဉ်းမကျယ် ပြန်လည်ဟောကြားတော်မူသည်။

မြတ်စွာဘုရားက နတ်ပြဟ္မာအပေါင်းတို့နှင့် အရှင်သာရိပုတ္တရာကို ဟောတော်မူခြင်း၊ အရှင်သာရိပုတ္တရာက တပည့် ရဟန်း ၅၀၀ တို့အား အဘိဓမ္မာတရား ဟောကြားတော်မူခြင်းတို့သည် သီတင်းကျွတ်လပြည့်နေ့၌ ပြီးဆုံးခြင်းသို့ ရောက်လေသည်။ ထို့ကြောင့် သီတင်းကျွတ်လပြည့်နေ့ကို အဘိဓမ္မာအခါတော်နေ့ဟု သတ်မှတ်ကြခြင်းဖြစ်၏။ ထို့ပြင် သီတင်းကျွတ်လပြည့်နေ့သည် ရဟန်းသံဃာတော်များ ဝါတွင်းသုံးလပတ်လုံး ခရီးမသွားဘဲ မိမိကျောင်းတိုက်အတွင်း၌ ဝါဆိုဝါကပ်၍ နေတော်မူခြင်း ပြီးမြောက်သောနေ့လည်း ဖြစ်သည်။ ရဟန်းသံဃာတော်များ အချင်းချင်း အပြစ်ရှိက ထောက်ပြပြောဆိုကြရန် တောင်းပန်ကြသည့် မဟာပဝါရဏာနေ့လည်း ဖြစ်သည်။

မြတ်စွာဘုရားသည် တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရား ဟောကြားပြီး လူတို့နေရာ သက်္ကဿနဂိုရ်ပြည်သို့ သီတင်းကျွတ်လပြည့်နေ့ညတွင် နတ်ပြဟ္မာအပေါင်းခြံရံလျက် ပြန်လည်ဆင်းသက်တော်မူလာသည်။ ထိုသို့ ဆင်းသက်တော်မူရာတွင် နတ်ပရိသတ်တို့က လက်ယာဘက် ရွှေစောင်းတန်း၊ ဗြဟ္မာပရိသတ်တို့က လက်ဝဲဘက် ငွေစောင်းတန်း၊ မြတ်စွာဘုရားရှင်က အလယ် ပတ္တမြားစောင်းတန်းဖြင့် ကြွချီတော်မူလာသည်။

မြတ်စွာဘုရားရှင် လူပြည်သို့ ပြန်လည်သက်ဆင်းသည့်အချိန်တွင် ဆီမီးရောင် အစုံစုံတို့ဖြင့် ထူးထူးကဲကဲ ကြိုဆိုပူဇော်ကြသည်။ ထိုအချိန်မှစ၍ ယနေ့တိုင် ဗုဒ္ဓဘာသာဝင်တို့သည် သီတင်းကျွတ်လပြည့်နေ့တိုင်း မြတ်စွာဘုရားရှင်အား ဆီမီးထွန်းညှိပူဇော်ကြသည်။ ဗုဒ္ဓဘာဘာဝင် မြန်မာလူမျိုးတို့ကလည်း သီတင်းကျွတ်လပြည့်နေ့ (သို့မဟုတ်) အဘိဓမ္မာအခါတော်နေ့ကို နေ့ထူးနေ့မြတ်အဖြစ် အစဉ်အဆက် သတ်မှတ်လာခဲ့ကြပြီး မိဘ၊ ဘိုးဘွား၊

www.dhammaransi.com

ဆရာသမားတို့အား ပူဇော်ကန်တော့ခြင်း၊ အပြစ်ရှိက ဝန်ချတောင်းပန်ခြင်း၊ မြတ်စွာဘုရားရှင်အား ဆီမီးပူဇော်ခြင်း၊ ပရိတ်၊ ပဋ္ဌာန်းတရားတော်များ ရွတ်ဖတ် ပူဇော်ခြင်းစသော ကောင်းမှုမင်္ဂလာ အဖြာဖြာတို့ကို ပြုလုပ်လေ့ရှိကြသည်။

အဘိဓမ္မာအခါတော်နေ့အကြောင်း
လျှောက်တင်သံ

၁။ ခုနစ်ဝါမြောက်၊ ဘုန်းတောက်လျှံဝေ၊
ကရုဏာပွား၊ မြတ်ဖျားစိန္တေ၊
သတ္တဝါများ၊ သနားငဲ့ပေ၊
ဝတီနန်း၊ ကြွမြန်းလာခဲ့ချေ။

၂။ မြင်းမိုရ်မြင့်နန်း၊ တင့်ဆန်းပြည်သာ၊
မြရိပ်ဝါဝင်း၊ သာခင်းတည်စွာ၊
ကသစ်ပင်ရင်း၊ စီခင်းနေရာ၊
ကျောက်ဖျာထက်၊ စံလျက်တည်သောအခါ။

၃။ မယ်တော်နတ်မှူး၊ မြတ်ဦးထင်စွာ၊
နတ်ငြဟ္မာပေါင်း၊ ခ,ညောင်းယှဉ်နာ၊
သုံးလဝါတွင်း၊ ရှင်ရင်းမိန့်ရာ၊
မြတ်ဓမ္မ၊ သတ္တ ဘိဓမ္မာ။

၄။ နောင်တွင်မပျက်၊ အဆက်တည်ရာ၊
နိမ္မိတပွား၊ ဘုရားကြွလာ၊
လက်ျာရံဘီ၊ သာရိပုတ္တာ၊
တစ်ဆင့်ဟော၊ မြင့်မောဘိဓမ္မာ။

၅။ လူပြည်လူသား၊ နာကြားစေရာ၊
ရှင်တော်ညွှန်းပြ၊ ခွန်းဟမြွက်သာ၊
ပညာခေါင်ထိ၊ သာရိပုတ္တာ၊
လယ်အလတ်၊ မိန့်အပ် ဘိဓမ္မာ။

၆။ လင်းနိုဖြစ်ဖူး၊ သစ်ထူးဂုဏ်ရည်၊
ငါးရာရဟန်း၊ နာခန်းကြဲပြီ၊
ကျူးရင့်သံလွတ်၊ ဝါကျွတ်အမီ၊
ပြီးအဆုံး နိဂုံးပြုင်ခဲ့သည်။

၇။ သို့လျှင်နေ့ထူး၊ ကြဲဖွဲးလေရာ၊
ဘိဓမ္မာနေ့၊ မှတ်လေ့အခါ၊
ညီညာပေါင်းစု၊ ကောင်းမှုကြည်သာ၊
သံပြိုင်လွတ်၊ ဆိုရွတ် ဘိဓမ္မာ။

(မင်းကွန်းတိပိဋကဆရာတော်)

မှီငြမ်း။ ။ အဘိဓမ္မာအခါတော်နေ့ ကျူးရင့်သံများ၊ မင်းကွန်းတိပိဋကဆရာတော် ဘဒ္ဒန္တဝိစိတ္တာသာရာဘိဝံသ၊ ၇-၈။ အခါတော်နေ့များ၊ မာဂဓိ (သာစည်)၊ ၁၆၂-၁၆၄။ ဆယ့်နစ်ရာသီ မြန်မာ့ရိုးရာပွဲတော်များ၊ ဦးအေးနိုင် (ဘီအေ)။ ဘီ၊ ဌ၊ ၁၊ ၁၆-၁၈။

www.dhammaransi.com

❁ အောက်ပါမေးခွန်းများ မေးပါ။

- သီတင်းကျွတ်လပြည့်နေ့မှာ မြတ်စွာဘုရားက ဘယ်သူ့ကို တရားဟောတာလဲ။ ဘာအကြောင်းအရာကို ဟောတာလဲ။
- အဘိဓမ္မာတရားတော်ကို ဘာဖြစ်လို့ ဟောတာလဲ။ ဘယ်လောက်ကြာအောင် ဟောခဲ့တာလဲ။
- သီတင်းကျွတ်လပြည့်နေ့ကို ဘာနေ့တွေအဖြစ် သတ်မှတ်ခေါ်ဝေါ်ကြသေးလဲ။
- သီတင်းကျွတ်လပြည့်နေ့ကို အဘိဓမ္မာအခါတော်နေ့လို့ ဘာကြောင့် သတ်မှတ်ကြတာလဲ။
- သီတင်းကျွတ်လပြည့်နေ့ကို မဟာပဝါရဏာနေ့လို့ ဘာကြောင့် သတ်မှတ်ကြတာလဲ။
- ရဟန်းသံဃာတော်တွေအတွက် သီတင်းကျွတ်လပြည့်နေ့ကို မဟာပဝါရဏာနေ့အပြင် ဘာနေ့အဖြစ် သတ်မှတ်ကြသေးလဲ။ ဘာကြောင့်လဲ။
- အဘိဓမ္မာအခါတော်နေ့မှာ ဘာကြောင့် လူကြီးမိဘတွေကို ကန်တော့ကြတာလဲ။
- အဘိဓမ္မာတရားတော်တွေကို နာကြားရလို့ လူတွေအတွက် ဘာအကျိုးရှိမယ်လို့ ထင်သလဲ။

စာသင်ချိန် (၃) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ မရှိ။

သင်ယူမှုလုပ်ငန်းစဉ်

❁ ကလေးများကို အုပ်စု (၅)စု ဖွဲ့ပါ။

❁ ထို့နောက် ဓမ္မစကူးလ်မှာ အဘိဓမ္မာအခါတော်နေ့ပွဲ ကျင်းပပြုလုပ်မှာဖြစ်တဲ့အတွက် အုပ်စုလိုက်ဆွေးနွေး၍ အောက်ပါအချက်များ ပါဝင်စေလျက် အဘိဓမ္မာအခါတော်နေ့ ဖိတ်စာတစ်စောင် ရေးပါ။

- ကျင်းပရသည့် ရည်ရွယ်ချက်
- ကျင်းပမည့် နေရာ
- ကျင်းပမည့် နေ့
- ကျင်းပမည့် အချိန်
- ကျင်းပမည့် အစီအစဉ်

❁ ထို့နောက် အုပ်စုကိုယ်စားလှယ်တစ်ဦးစီက မိမိအုပ်စုရေးထားသော ဖိတ်စာကို ပြန်လည်တင်ပြစေပြီး အခြားအုပ်စုများက နားထောင်ကာ မရှင်းလင်းသော အချက်များ ရှိပါက မေးမြန်းဆွေးနွေး၍ သဘောတူညီမှု ယူကြပါစေ။

❁ အုပ်စုအားလုံး တင်ပြပြီးသောအခါ ဆရာက လိုအပ်သည်များကို ဖြည့်စွက်၍ စာသင်ချိန်ကို အဆုံးသတ်ပါ။

စာသင်ချိန် (၄) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ အဘိဓမ္မာ အခါတော် တေးကဗျာ။

သင်ယူမှုလုပ်ငန်းစဉ်

❁ "သားတို့ သမီးတို့က အဘိဓမ္မာအခါတော်နေ့ ဘာကြောင့်ဖြစ်ပေါ်တယ်ဆိုတာကို ဆွေးနွေးခဲ့ပြီးပြီ၊ အဘိဓမ္မာအခါတော်နေ့ရဲ့ထူးခြားချက်တွေကိုလည်း လေ့လာခဲ့ပြီးပြီ။ အခု အဘိဓမ္မာအခါတော်နေ့ကို ဖွဲ့ဆိုထားတဲ့ တေးကဗျာကို ဆိုကြည့်ကြရအောင်"ဟု ပြောပြီး ကလေးများကို ရွတ်ဆိုပါစေ။

www.dhammaransi.com

အဘိဓမ္မာ အခါတော်
အဘိဓမ္မာဒေသနာ
ဘုရားမြတ်စွာဟောပေရာ
တာဝတိံသာနတ်ပြည်မှာ။
တပြိုင်တည်းမှာ ဟောဖော်ကြား
သာရိပုတ္တရာမထေရ်အား
တဆင့်နာကြား သူငါများ။
သီတင်းကျွတ်ည လပြည့်ခါ
တရားမြတ်ကိုဟောပြီးရာ
သက်ဆင်းကြွမြန်း လူ့ပြည်ရွာ။
ပူဇော်ဖြာဖြာ မြတ်ဆီမီး
စောင်းတန်းသွယ်မှာ ရှုမငြီး
အဘိဓမ္မာ အခါတော်ကြီး။ ။

- ကလေးများ ကဗျာရွတ်ဆိုပြီးသောအခါ အဘိဓမ္မာနေ့တွင် ကလေးများကိုယ်တိုင် ပြုလုပ်မည့် ကုသိုလ်ကောင်းမှုများကို ကလေးတစ်ဦးချင်းစီက ပြောပါစေ။
- ကလေးများပြောပြီးသောအခါ "အခုလို နေ့ထူးနေ့မြတ်တွေမှာ ရဟန်းတော်များနဲ့ လူပုဂ္ဂိုလ်များပါ ကုသိုလ်ကောင်းမှုတခုခုကို ပြုလုပ်ကြတယ်။ ဒါကြောင့် ကလေးတို့ လုပ်မယ်လို့ပြောခဲ့တဲ့ ကုသိုလ်ကောင်းမှုတွေကို နေ့ထူးနေ့မြတ်တွေမှာ ပြုလုပ်ဆောင်ရွက်ကြပါ"ဟု ဆန္ဒပြုတိုက်တွန်းရင်း သင်ခန်းစာကို အဆုံးသတ်ပါ။

www.dhammaransi.com

သင်ခန်းစာ (၄၀)

သင်ခန်းစာခေါင်းစဉ် ။ ။ ကထိန်ပွဲ

သင်ယူမှုဦးတည်ချက် ။ ။ ကထိန်ပွဲ စတင်ဖြစ်ပေါ်လာပုံနှင့် ကထိန်ခင်း၍ ရသောအကျိုးကို သိရှိစေရန်။

စာသင်ချိန် (၁) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ မြန်မာဆယ့်နစ်လနှင့် ပွဲတော်အမည်ရေးထားသော ကတ်ပြားများ။

သင်ယူမှုလုပ်ငန်းစဉ်

- အောက်ပါလုပ်ငန်းဖြင့် စာသင်ချိန်ကို စတင်ပါ။
  မြန်မာဆယ့်နစ်လ အမည်များ ရေးသားထားသော ကတ်ပြားများနှင့် လအလိုက် ပွဲတော်များ ရေးသားထားသော ကတ်ပြားများကို ကလေးများအား ဝေပေးပါ။ ထို့နောက် ကလေးများသည် လ အမည်နှင့် ပွဲတော်တူရာကို ရှာ၍ နှစ်ယောက်တစ်တွဲ တွဲပါစေ။ (ကလေးအရေအတွက်အတိုင်း ကတ်ပြားများကို ဆရာက စီစဉ်ထားပါ။)
  - ဥပမာ

တန်ခူးလ	သင်္ကြန်ပွဲ	တန်ဆောင်မုန်းလ	ကထိန်ပွဲ

- နှစ်ယောက်တစ်တွဲ တွဲပြီးသောအခါ သင့်လျော်သောနေရာတွင်နေ၍ မိမိလက်ထဲရှိ လနှင့်ပွဲတော် အကြောင်းကို ဆွေးနွေးစေပြီး ပြန်လည်တင်ပြပါစေ။ (အထက်ပါအတိုင်း အတွဲအား လုံးတင်ပြပါစေ၊ လအမည်နှင့်ပွဲတော် တူညီနေသော အတွဲများသည် ရှေ့.ကတင်ပြသွားသောအတွဲနှင့် မတူသောအကြောင်းအရာများ ပါမှသာ ဖြည့်စွက်တင်ပြပါစေ။)
- အတွဲအား လုံး ပြောပြီးသောအခါ "နောက်စာသင်ချိန်မှာ တန်ဆောင်မုန်းလ ကထိန်ပွဲတော်အကြောင်းကို ဆက်လက်ဆွေးနွေးကြမယ်"ဟု ပြောပြီး စာသင်ချိန်ကို အဆုံးသတ်ပါ။

စာသင်ချိန် (၂) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ကျောင်းသားကိုင်စာအုပ်ပါ ကထိန်ပွဲအကြောင်းနှင့် သရုပ်ဖော်ပုံများ။

သင်ယူမှုလုပ်ငန်းစဉ်

- ကလေးများအားလုံး ကထိန်ပွဲအကြောင်းကို ဖတ်ကြပါစေ။

ကထိန်ပွဲ

အကျိုးပေး မြိမြိခိုင်ခံ့သော အလှူ။ ဘုရားအစရှိသော ပညာရှိတို့က ချီးကျူးသော အလှူမျိုးကို ကထိန်ဟု ခေါ်သည်။ မြတ်စွာဘုရားရှင်သည် ရဟန်းတော်များအား ကထိန်ခင်းရန် သီတင်းကျွတ်လပြည့်ကျော် တစ်ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ တစ်လ ခွင့်ပြုတော်မူခဲ့သည်။

ဘဒ္ဒဝဂ္ဂိညီနောင် ရဟန်းတော်အပါး ၃၀ ကို အကြောင်းပြု၍ ကထိန်စတင်ဖြစ်ပေါ်ခဲ့သည်။ ထိုရဟန်းတို့သည် ဝါကျွတ်သောအခါ မြတ်စွာဘုရားကို ဖူးမြော်ရန် ပါဝါမြို့.မှ မြတ်စွာဘုရား သီတင်းသုံးနေတော်မူရာ သာဝတ္ထိမြို့.သို့ လာခဲ့ကြ၏။ လမ်းခရီးတွင် လေကြီး၊ မိုးကြီး မိခဲ့ကြ၍ သင်္ကန်းများ မိုးရေစိုရွဲပြီး ရှဲ့.ညွှန်များဖြင့် ပေကျဲလျက် မြတ်စွာဘုရားကို ဝင်ရောက်ဖူးမြော်ကြသည်။ မြတ်စွာဘုရားရှင်သည် ထိုရဟန်းတို့ကို အကြောင်းပြု၍ ပထမ (ပုရိမ)ဝါမှ ထွက်ကြသော ရဟန်းတော်များကို သင်္ကန်းသစ်ရရှိရန် ကထိန်ခင်းခွင့်ပြုတော်မူခဲ့သည်။

www.dhammaransi.com

ထိုအချိန်မှစ၍ ဗုဒ္ဓဘာသာဝင်များသည် နှစ်စဉ် သီတင်းကျွတ်လပြည့်ကျော် တစ်ရက်မှ တန်ဆောင်မုန်း လပြည့်အထိ တစ်လအတွင်း ကထိန်သင်္ကန်း ကပ်လှူပွဲများကို ကျင်းပပြုလုပ်ခဲ့ကြသည်။ မြန်မာနိုင်ငံတွင် ကထိန်ပွဲတော်များကို မြို့ရွာအနှံ့အပြားဌ စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။ ထိုသို့ကျင်းပရာတွင် ကထိန်သင်္ကန်းအပြင် ကထိန်အရံပစ္စည်းများကိုလည်း ပဒေသာပင်များ ဖန်တီး၍ လှူဒါန်းကြသည်။ ထို့နောက် ပဒေသာပင်များကို မြို့ရွာအတွင်း ဆိုင်းသံဗုံသံ တည်ညံဖြင့် စည်ကားသိုက်မြိုက်စွာ လှည့်လည်၍ ကထိန်ပွဲကျင်းပမည့် ဘုန်းတော်ကြီးကျောင်းများသို့ ပို့ဆောင် လှူဒါန်းကြသည်။ လှူဒါန်းပြီးသောအခါ သံဃာတော်များထံမှ ကထိန်တရားနာယူ၍ လှူဒါန်းမှု အစုစုတို့ကို ရေစက်သွန်းချ အမျှအတန်း ပေးဝေကြသည်။

အလှူရှင်များ လှူဒါန်းပြီးသောကထိန်သင်္ကန်းကို သံဃာတော်များက ဝိနည်းစည်းကမ်းအတိုင်း ကထိန်ခင်း ခြင်းကိစ္စကို ဆက်လက်ဆောင်ရွက်ကြသည်။ ကထိန်ခင်းသော ရဟန်းတော်များမှာ အကျိုးငါးပါးကို ရရှိတော်မူကြသည်။

ထိုအကျိုးငါးပါးမှာ . . .

၁။ အခြားရဟန်းတစ်ပါးပါးကို မပန်ကြားဘဲ မြို့ရွာအတွင်းသို့ သွားနိုင်ခြင်း။

၂။ "မိမိအနီးမှာ ထားလျက် အသုံးပြုမည်"ဟု အဓိဋ္ဌာန်ပြုထားသော သင်္ကန်းသုံးထည်ကို မယူဘဲ မြို့ရွာ အတွင်းသို့ လွတ်လပ်စွာ သွားလာနိုင်ခြင်း။

၃။ "ထမင်းစားလာခဲ့ပါ" စသည်ဖြင့် မသင့်လျော်သော ပင့်ဖိတ်နည်းဖြင့် ဆွမ်းစားပင့်သော်လည်း ဘုဉ်းပေးနိုင် ခြင်း။

၄။ "မိမိအနီးမှာ ထားလျက် အသုံးပြုမည်"ဟု အဓိဋ္ဌာန်လည်းမပြု၊ "မိမိအသုံးမပြုတော့"ဟု ဝိကပ္ပနာလည်း မပြုသော သင်္ကန်းကို အလိုရှိတိုင်း သိမ်းထားနိုင်ခြင်း။

၅။ ကထိန်ခင်းရာ ကျောင်းတိုက်အတွင်း၌ ဖြစ်ပေါ်လာသော သင်္ကန်းများကို ကထိန်ခင်းသော ရဟန်းများသာ သုံးစွဲခွင့် ရရှိခြင်းတို့ဖြစ်သည်။

ကထိန်ခင်းသော ရဟန်းတော်များသည် အထက်ပါ အကျိုးငါးပါးကို သီတင်းကျွတ်လပြည့်ကျော် တစ်ရက်မှ တပေါင်းလပြည့်နေ့အထိ ငါးလရရှိတော်မူကြသည်။ ရဟန်းတော်များကဲ့သို့ ကထိန်သင်္ကန်း အလှူရှင်များလည်း အကျိုး ခြောက်ပါး ရရှိနိုင်သည်ဟု ရှေးပညာရှင်များက ဆိုကြသည်။

ထိုအကျိုးခြောက်ပါးမှာ. . .

၁။ သွားလေရာအရပ်တို့၌ အနောင့်အယှက်မရှိ ဘေးကင်းစွာသွားရခြင်း။

၂။ မိမိပိုင်ပစ္စည်းများကို ရန်သူတို့ မဖျက်ဆီးနိုင်ခြင်း။

၃။ စားကောင်းသောက်ဖွယ် အထူးပေါများ၍ အစားအတွက် ဘေးမဖြစ်နိုင်၊ အစာအဆိပ် မသင့်နိုင်ခြင်း။

၄။ မိမိပိုင်ပစ္စည်းများကို ကာလကြာမြင့်စွာ မေ့လျော့နေသော်လည်း မဆုံးပါးနိုင်ခြင်း။

၅။ စီးပွားရှာရာတွင် လွယ်ကူခြင်း။

၆။ ရုပ်ရည်အဆင်း လှပခြင်းတို့ဖြစ်သည်။

ထိုကဲ့သို့ ရဟန်းတော်များနှင့် လူပုဂ္ဂိုလ်များအတွက်ပါ အကျိုးများသော ကထိန်ခင်းခြင်းအလှူပွဲကို ပကာသန မဖက် ဖြူစင်သော စေတနာသက်သက်ဖြင့် ကျင်းပပြီး ကုသိုလ်ရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အကျိုးအမြတ်များ ပို၍ ထွန်းကားလာစေရန် ဗုဒ္ဓဘာသာဝင်အားလုံး ကြိုးစားဆောင်ရွက်သင့်ပေသည်။

မှီငြမ်း။ ။ ဆယ့်နှစ်ရာသီ မြန်မာ့ရိုးရာ ပွဲတော်များ၊ ဦးအေးနိုင် (ဘီအေ)။ ၀၊ ၅၊ ၄၊ ၁၄၇၊ ၂၁၃။ ၀၊ ၅၊ ၅၊ ၃၀၉။

- အောက်ပါမေးခွန်းများ မေးပါ။
  - ကထိန်ပွဲတော်ကို ဘယ်လမှာ ကျင်းပကြတာလဲ။
  - ကထိန်ရဲ့အဓိပ္ပာယ်က ဘာလဲ။

www.dhammaransi.com

- ကထိန်ဖြစ်ပေါ်လာရတဲ့အကြောင်းကို ပြောပြပါ။
- ကထိန်သင်္ကန်းကပ်လှူပွဲတွေကို ဘယ်ရက်တွေမှာ ပြုလုပ်ကြတာလဲ။
- ကထိန်သင်္ကန်းလှူရင် ဘယ်လိုအကျိုးတွေရနိုင်သလဲ။

❁ မေးခွန်းများမေးပြီးလျှင် ကထိန်သင်္ကန်းလှူခြင်းကြောင့် ရနိုင်သောအကျိုးတရား ခြောက်ပါးကို ကလေးများ၏ မှတ်စုစာအုပ်ထဲတွင် ကူးရေးကြပါစေ။

စာသင်ချိန် (၃) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ စာရွက်ကြီးများနှင့် ကထိန်ပွဲ ဓာတ်ကဗျာ။

သင်ယူမှုလုပ်ငန်းစဉ်

❁ ကလေးများအား အုပ်စု (၅) စုဖွဲ့၍ "ကထိန်ခင်းမယ်ဆိုရင် ဘာတွေလုပ်ဖို့ လိုအပ်မလဲ"ဆိုသည်ကို စဉ်းစားဆွေးနွေးပါစေ။ ဆွေးနွေးရေးသားချက်များကို အောက်ပါပုံစံအတိုင်း ရေးသားဖော်ပြပါစေ။ (မိမိအရပ်ဒေသနှင့်ကိုက်ညီသော ကထိန်ခင်းပုံအတိုင်း လိုအပ်သောအချက်များကို ထည့်သွင်း ရေးသားနိုင်ပါသည်။)



❁ ဆွေးနွေးထားသည်များကို အုပ်စုကိုယ်စားလှယ် တစ်ဦးစီက ပြန်လည်ပြောပြကြပြီး သင်ပုန်းပေါ်တွင် ကပ်ကြပါစေ။

❁ ထို့နောက် ကလေးများဆွေးနွေးထားသည်များကို ဆရာကအသိအမှတ်ပြုပြီး အောက်ပါကဗျာကို ရွတ်ဆိုစေခြင်းဖြင့် စာသင်ချိန်ကို အဆုံးသတ်ပါ။

ကထိန်ပွဲ

သာယာတဲ့ကောင်းကင် ကြည်ပြာပြာ
ဆီမီးမြိုင်မြိုင် အရောင်စုံဖြာ
တန်ဆောင်မုန်း ရာသီအခါ
ရွှင်ပျော်ပျော်ပြုံးကာ ကြည်လင်စွာ
ပီတိဝေဖြာ စိတ်နလုံးသာ ကြည်နူးမဂ်လာအခါ
မြန်မာ့ဓလေ့ ကုသိုလ် သဒ္ဓါပိုပို
လှူဖွယ်စုံစုံ ဗုဒ္ဓဘာသာရဲ့ ထူးခြားတဲ့အလှူ
ကထိန်ရာသီကထိန်ပွဲ နွဲကြပါစို့ကွယ်။

www.dhammaransi.com

စာသင်ချိန် (၄) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ စာရွက်လွတ်များ။

သင်ယူမှုလုပ်ငန်းစဉ်

- ကလေးများကို မိမိတို့ကြိုက်သော ပန်းအမည်များဖြင့် အုပ်စု (၅)စု ဖွဲ့ပါ။
- ထို့နောက် အုပ်စုတိုင်းကို စာရွက်လွတ်များပေး၍ ပဒေသာပင်ပုံ ဆွဲကြပါစေ။
- ပဒေသာပင်ပုံဆွဲပြီးလျှင် မိမိတို့လှုံ့ဆျင်သော လှုံ့ဖွယ်ပစ္စည်းများကို ပုံဆွဲ၍ ပဒေသာပင်တွင် ကပ်ကြပါစေ။

ဥပမာ -

ထီးလှုံ့ဆျင်သောကလေးက ထီးပုံဆွဲ၍ကပ်ပြီး ဖိနပ်လှုံ့ဆျင်သော ကလေးက ဖိနပ်ပုံဆွဲ၍ ကပ်ကြပါစေ။

- ပဒေသာပင်တွင် ပစ္စည်းအမျိုးစုံ ပါဝင်နိုင်အောင် ဆရာက အုပ်စုများကို လှည့်လည်ကြည့်ရှု ဆွေးနွေးပေးပါ။
- ကလေးများအားလုံး မိမိလှုံ့ဆျင်သော ပစ္စည်းများဖြင့် ပဒေသာပင်ကို ပုံဖော်ပြီးလျှင် ကထိန်သင်္ကန်း လှုံ့ဒါန်းခြင်း၏ အကျိုးခြောက်ပါးကို ပုံအောက်တွင် ရေးကြပါစေ။ ထို့နောက် ဆရာက "သားတို့သမီးတို့ . . . ကထိန်ပွဲဟာ ဗုဒ္ဓဘာသာတို့ရဲ့ ရိုးရာဓလေ့ပွဲတော်တစ်ခု ဖြစ်တယ်၊ ဒီရိုးရာပွဲတော်ဟာ အစဉ်အလာကြီးမားပြီး ဘာသာရေး၊ လူမှုရေး၊ ယဉ်ကျေးမှုတို့အပေါ် အများကြီး အကျိုးသက်ရောက်မှုရှိတယ်ဆိုတာ သိခဲ့ရပြီ။ ကထိန်သင်္ကန်း လှုံ့ဒါန်းခြင်းကြောင့် ရရှိတဲ့အကျိုးတွေကိုလည်း သိကြပြီ။ ကိုယ်တိုင်လည်း ဓမ္မစကူးလ် ကထိန်ပဒေသာပင်မှာ ချိတ်ဆွဲလှုံ့ဒါန်းမယ့် ပစ္စည်းတွေကိုလည်း စိတ်ကူးစဉ်းစားခဲ့ကြပြီးပြီ၊ ဒီတော့ သားတို့သမီးတို့ ဓမ္မစကူးလ် ကထိန်ပွဲတော်မှာ လှုံ့ဒါန်းချင်တဲ့ သင်္ကန်းတွေ၊ လှုံ့ဖွယ်ဝတ္ထုပစ္စည်းတွေကို ကိုယ်စီကိုယ်စီ ယူလာကြပြီး နောက်တစ်ပတ်ကျရင် ကထိန်ပွဲတော်ကို လက်တွေ့ဆင်နွှဲကြမယ်"ဟု ပြော၍ သင်ခန်းစာကို အဆုံးသတ်ပါ။

www.dhammaransi.com

ဓမ္မစကၠုလ်ေဖာင္ေဒးရွင္း